မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ (MSAS)

BUDDHIST ETHICS: CONCEPTS AND PHILOSOPHICAL INTERPRETATIONS

မိတ်ဆက်



အရှင် အရီယာလင်္ကာရ (နတ်မောက်)

အရှင်အရိယာလင်္ကာရ (နတ်မောက်)

မာတိကာ

မာတိကာ ၁

MSAS ၏ အမှာစာ ၈

စာပြုစုသူ၏ အမှာစာ ၁၂

(၁) ကျင့်ဝတ်ဒဿနဗေဒ (Ethics) ဆိုတာ ဘာလဲ။ ၁၆

ကျင့်ဝတ်ဒဿနဗေဒ (Ethics) နှင့် ကိုယ်ကျင့်တရား (Morality) ဆိုင်ရာ ဖွင့်ဆိုချက်များ ၁၆

ကိုယ်ကျင့်တရား (Morality) ၁၇

ကျင့်ဝတ်ပညာ (Ethics) ၁၇

ကျင့်ဝတ်ပညာ (Ethics) အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၁၇

Ethics ၏ အဓိက ဘာသာရပ်ခွဲ (အမျိုးအစား) လေးခု ၁၉

ကျင့်ဝတ်ပညာ ၏ အဓိက သီအိုရီများ (စံသတ်မှတ်ချက်ဆိုင်ရာ မူဘောင်များ) ၂၂

References ၂၄

(၂) ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒ၏ ဒဿနပိုင်းအခြေခံအုတ်မြစ်များ ၂၅

(Philosophical Foundations of Buddhist Ethics) ၂၅

၁။ ဖြစ်တည်မှုဗေဒဆိုင်ရာ အခြေခံအုတ်မြစ် - ဓမ္မသည် စကြဝဠာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ နိယာမဖြစ်ခြင်း ၂၅

၂။ အသိပညာဗေဒဆိုင်ရာ သဘာဝဝါဒနှင့် သိမြင်မှု ဓမ္မဓိဋ္ဌာန်ဝါဒ - အချက်အလက်နှင့် တန်ဖိုးကွဲပြားမှုစနစ်ကို ငြင်းပယ်ခြင်း ၂၆

စိတ်ပညာနှင့် ဖြစ်စဉ်ဗေဒဆိုင်ရာ ဆုံချက် - ကံကို ကျင့်ဝတ်ပြုပြင်ပြောင်းလဲခြင်းနှင့် စေတနာအဓိကဖြစ်ခြင်း ၂၇

စကြဝဠာအပြန်အလှန်ဆက်စပ်မှုနိယာမ - ကိုယ်ချင်းစာတရား (Empathy - အတ္တူပနာယိက) က ကိုယ်ကျင့်တရားကို မောင်းနှင်ခြင်း ၂၈

ဝိမုတ္တိခရီးလမ်းအတွင်း ပေါင်းစည်းတည်ရှိမှု - သီလ၊ သမာဓိ၊ ပညာ ၂၉

References ၃၀

(၃) ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒနှင့် အနောက်တိုင်းဒဿနဗေဒန နှိုင်းယှဉ်ချက် ၃၁

၁။ မက်တာကျင့်ဝတ် (Meta-Ethics) နှင့် စံပြုကျင့်ဝတ် (Normative Ethics) အကြား ချဉ်းကပ်မှု ကွဲလွဲခြင်း ၃၁

၂။ အနောက်တိုင်း စံပြုကျင့်ဝတ်စနစ်များ (Normative Ethics) အတွင်းသို့ သွတ်သွင်းခြင်း ၃၂

(က) စာရိတ္တကျင့်ဝတ်ဗေဒ (Virtue Ethics) ၃၂

(ခ) အကျိုးဆက်အခြေပြုကျင့်ဝတ်ဗေဒ (Consequentialism) ၃၃
(ဂ) တာဝန်သိကျင့်ဝတ်ဗေဒ (Deontology) ၃၄
၃။ ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ (Moral Phenomenology) ၃၅
ကျမ်းကိုးစာရင်း ၃၈
(၄) အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဓမ္မဓိဋ္ဌာန်ကျကျ မည်သို့ဆုံးဖြတ်မည်နည်း ၃၉
အစောပိုင်းဗုဒ္ဓဘာသာကျမ်းစာများလာ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများအပေါ် ဝေဖန်ပိုင်းခြားသည့် လေ့လာချက် ၃၉
ပထမစံနှုန်း - နောက်ကွယ်မှ စေတနာတွန်းအားကို ဆန်းစစ်ခြင်း ၄၁
ဒုတိယစံနှုန်း- လက်တွေ့အကျိုးဆက်ကို တိုင်းတာခြင်း ၄၃
စေတနာနှင့် အကျိုးဆက်အကြား ပဋိပက္ခ ၄၅
တတိယစံနှုန်း- မဟာပေတံသုံးရပ် (အာဓိပတေယျ) ၄၇
ကျင့်ဝတ်ဝေါဟာရများ၏ ဒဿနပိုင်းဆိုင်ရာ ကွဲပြားမှု ၄၈
နိဂုံး ၅၀
မှီငြမ်းကျမ်းကိုးများ ၅၁
(၅) ပုညနှင့် ကုသလတို့၏ ကွဲပြားသောအဓိပ္ပာယ်များ ၅၃
ပုည နှင့် ပါပ - သံသရာစက်ဝန်းအတွင်း လည်ပတ်နေသော လောကီကျင့်ဝတ် ၅၄
ကုသလ နှင့် အကုသလ - လွတ်မြောက်ရေးဆိုင်ရာ ကျင့်ဝတ် ၅၄
Spiro နှင့် King တို့၏ သီအိုရီကို ဝေဖန်ဆန်းစစ်ခြင်း ၅၅
ရဟန္တာပုဂ္ဂိုလ်၏ "ပုည-ပါပ ပဟီန" နှင့် "သမ္မန္နကုသလ" အခြေအနေ ၅၆
ကျမ်းကိုးစာရင်း (References) ၅၇
(၆) မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှု ၅၈
မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ- သိက္ခာသုံးပါးနှင့် အင်္ဂါရှစ်ပါး ၅၉
သမ္မာဒိဋ္ဌိ - မဂ္ဂင်စနစ်၏ ရှေ့ဆောင်နှင့် ကျင့်ဝတ်ဆိုင်ရာ အသိပညာအခြေခံ ၆၁
အကုသိုလ်တရား၏ အလွှာသုံးဆင့်နှင့် သုံးပါးတွဲကုထုံးစနစ် ၆၂
စေတနာအခြေခံကျင့်ဝတ်နှင့် စရိုက်ပြုပြင်ပြောင်းလဲရေး ၆၄
သီလနှင့်ပညာ၏ အပြန်အလှန်သန့်စင်မှု ၆၅
လောကီမဂ္ဂင်နှင့် လောကုတ္တရာမဂ္ဂင် ၆၆
လူမှုကျင့်ဝတ်ဆိုင်ရာ အရေးပါမှုနှင့် ဝေဖန်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း ၆၇
ရဟန္တာနှင့် ကျင့်ဝတ်၏အဆင့်အတန်း "ကောင်းမကောင်းလွန်ကျော်မှု" အယူအဆ ၆၉
ကိုယ်ပိုင်ဆင်ခြင်ဆုံးဖြတ်ခွင့်နှင့် ကျင့်ဝတ်ဆိုင်ရာတာဝန်ယူမှု ၇၀

နိဂုံး ၇၁
ကျမ်းကိုးစာရင်း (References) ၇၂
(၇) ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော လူမှုဘဝကို တည်ဆောက်ရာ၌ ငါးပါးသီလ၏ လက်တွေ့ကျသော အသုံးဝင်မှုများ *၇၄*
ကိုယ်ချင်းစာတရား (Empathy) နှင့် ကမ္ဘာလုံးဆိုင်ရာ လူသားဆန်မှု ၇၅
ဝါရိတ္တ (ရှောင်ကြဉ်ခြင်း) မှ စာရိတ္တ (ပျိုးထောင်ခြင်း) သို့ ကူးပြောင်းမှု ၇၅
အတိုင်းအတာမသိနိုင်သော ဘေးကင်းလုံခြုံမှု (Immeasurable Safety) နှင့် လူမှု ကတိပဋိညာဉ်(Social Contract) ၇၆
စိတ်ပိုင်းဆိုင်ရာ သန့်စင်မှုနှင့် လွတ်မြောက်ရေး အုတ်မြစ် ၇၇
လူမှုယုံကြည်မှု (Social Trust) နှင့် ခေတ်သစ်လူ့အခွင့်အရေး (Modern Human Rights) ၇၇
References ၇၈
(၈) စံပြုကျင့်ဝတ် (Normative Ethics) အဖြစ် "သီလ" ၏ အခန်းကဏ္ဍ *၇၉*
သီလ၏ အဓိပ္ပာယ်နှင့် ကျင့်ဝတ်ဆိုင်ရာ အသွင်ကူးပြောင်းမှု ၇၉
စည်းမျဉ်းများလား သို့မဟုတ် အတွင်းစိတ်သရုပ်လား (Rules vs. Inner Virtue) ၈၀
ကိုယ်တိုင်ဖြူစင်မှုမှသည် လူမှုရေး သဟဇာတဖြစ်မှုသို့ ၈၁
ဗုဒ္ဓဘာသာစံပြုကျင့်ဝတ်၏ ဒဿနပိုင်းဆိုင်ရာ ထူးခြားသော ရပ်တည်ချက် (Distinctive Philosophical Standpoint) ၈၁
ကျမ်းကိုးစာရင်း (References): ၈၃
(၉) ဗုဒ္ဓဘာသာကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှု (Motivation in Buddhist Ethics) *၈၄*
အပြန်အလှန် အမှီသဟဲပြုမှု (ပဋိစ္စသမုပ္ပါဒ် နိယာမ) ၈၅
အနုမာနဉာဏ်နှင့် စာနာမှု (Cognitive Empathy and Inference) ၈၆
အနုကမ္ပါအခြေခံသော အတွင်းသဘောပြောင်းလဲမှု ၈၉
ကိုယ်ကျိုးစီးပွားနှင့် လွတ်မြောက်မှုအကြား ပဋိပက္ခကို ဝေဖန်ပိုင်းခြားခြင်း ၉၁
သံသရာနှင့် စကြဝဠာဆွေမျိုးတော်စပ်မှု (Samsaric Kinship and Expanding Empathy) ၉၂
ဗောဓိသတ်ကျင့်စဉ်နှင့် ပရဟိတစိတ် ၉၂
References ၉၃
(၁၀) ဗုဒ္ဓဘာသာကျင့်ဝတ်ပညာတွင် ကံနှင့် ဘဝကူးပြောင်းမှုဝါဒ၏ အခန်းကဏ္ဍ *၉၅*
ဝေဒရိုးရာနှင့် သမဏရိုးရာတို့၏ ကွဲပြားမှု ၉၅
ဂျိန်းဝါဒနှင့် အာဇီဝကဝါဒတို့၏ ကံအမြင် ၉၆
ကံသည် သဘာဝနိယာမတစ်ရပ်ဖြစ်ခြင်း ၉၇

စေတနာသည် ကံ၏ အနှစ်သာရဖြစ်ခြင်း ၉၈

လွတ်လပ်သော ရွေးချယ်နိုင်စွမ်း (Free Will)နှင့် ကိုယ်ကျင့်တရားတာဝန်ယူမှု (Moral Agency) ၉၉

ကိုယ်ပိုင်အားထုတ်နိုင်စွမ်း အထောက်အထား ၁၀၁

ကိုယ်ကျင့်တရားတာဝန်ယူမှု၏ ဒဿနအခြေခံ..... ၁၀၁

ကျင့်ဝတ်စနစ်တွင် ဘဝကူးပြောင်းမှုဝါဒ၏ အခန်းကဏ္ဍ.....၁၀၂

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ကိုယ်ကျင့်တရားတာဝန်ယူမှု၏ အခြေခံအုတ်မြစ် ၁၀၃

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် စကြဝဠာဆိုင်ရာ တရားမျှတမှု..... ၁၀၃

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် သည်းခံနိုင်စွမ်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ပျိုးထောင်ခြင်း ၁၀၅

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ပရဟိတစိတ်ဓာတ်ကို လှုံ့ဆော်ခြင်း..... ၁၀၅

အနတ္တဝါဒနှင့် ဘဝကူးပြောင်းမှုဝါဒ — ဒဿနဆိုင်ရာ သဟဇာတဖြစ်မှု ၁၀၆

"ထိုသူလည်းမဟုတ်၊ အခြားသူလည်းမဟုတ်"(နစသောနစအညော) — မိလိန္ဒပဉ္ဉာ၏ အဖြေ... ၁၀၈

ကံပြုသူနှင့် ခံစားသူ — ပညတ်နှင့် ပရမတ် ၁၀၈

ဂိုဏ်းအသီးသီး၏ ဒဿနဆိုင်ရာ အဖြေများ ၁၀၉

ဘဝကူးပြောင်းမှုဖြစ်စဉ်၏ သဘောသဘာဝ ၁၁၁

နိဂုံး ၁၁၁

ကျမ်းကိုးစာရင်း (References)..... ၁၁၃

(၁၁) နောင်တမလွန်လောကမပါဘဲ လောကီဗုဒ္ဓဘာသာကျင့်ဝတ်စနစ် (Secular Buddhist Ethics) တည်ဆောက်နိုင်ပုံ ၁၁၆

"လက်တွေ့ကျသော လောင်းကြေး" (The Pragmatic Wager) ၁၁၆

သီလ၏ မျက်မှောက်ဘဝအကျိုးကျေးဇူးများ ၁၁၈

စစ်မှန်သောကျင့်ဝတ်၏ အရင်းခံ ကရုဏာတရား.....၁၂၀

ကိုးကားချက်များ.....၁၂၁

(၁၂) ဥပါယကောသလ္လ (Upāya-kauśalya) နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှု : မဟာယာနဗုဒ္ဓဘာသာ ကျင့်ဝတ်ပညာရှုထောင့်မှ ဆန်းစစ်လေ့လာချက် ၁၂၂

မူလဗုဒ္ဓဘာသာအတွင်းရှိ ဥပါယကောသလ္လ၏ အစောပိုင်းအရင်းအမြစ်များ.....၁၂၄

မဟာယာနအတွင်း အယူဝါဒဆိုင်ရာ အသွင်ကူးပြောင်းမှု ၁၂၅

ဥပါယနှစ်မျိုး — စံနှုန်းတွင်းဥပါယနှင့် စံနှုန်းလွန်ဥပါယ ၁၂၇

ကျမ်းဂန်လာ စံနှုန်းလွန်ဥပါယ (Upāya-ज्ञ)၏ သာဓကများနှင့် စေတနာ၏ ဗဟိုကျမှု.....၁၂၈

ဥပါယကောသလ္လသုတ်နှင့် မဟာကရုဏာသဘော်သူကြီး ပုံဝတ္ထု ၁၂၈

အခြားမဟာယာနကျမ်းများအတွင်း ဥပါယ၏ အသွင်အမျိုးမျိုး ၁၂၉

စေတနာ၏ ဦးစားပေးမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ ၁၃၀

ကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များနှင့် ဝေဖန်ဆန်းစစ်ချက် ၁၃၀
အခြေအနေအလိုက်ကျင့်ဝတ်နှင့် နှိုင်းယှဉ်ချက် ၁၃၀
ကံတရား၏ ဓမ္မဓိဋ္ဌာန်ကျမှု မပျက်ယွင်းခြင်း ၁၃၁
ဖခင်ဆန်သော ဩဇောလွမ်းမိုးမှုနှင့် အသိပညာကွာဟချက်နှစ်ရပ် ၁၃၂
အတုယူ တုပမှု၏ အန္တရာယ်နှင့် အလွဲသုံးစားပြုနိုင်ခြေ ၁၃၃
ခေတ်သစ်အသုံးချမှုနှင့် လက်တွေ့ကျင့်ဝတ်ဆိုင်ရာ သက်ရောက်မှုများ ၁၃၄
ကျမ်းကိုးစာရင်း (References) ၁၃၇
(၁၃) ဗုဒ္ဓဘာသာကျင့်ဝတ်ဗေဒ (Buddhist Ethics) ရှိ ဘုရားလောင်းကျင့်စဉ်နှင့် ပါရမီတော်တို့၏ ပရဟိတနှင့် ကိုယ်ကျင့်တရားဆိုင်ရာ စံပြပုံသဏ္ဌာန် *၁၃၉*
ဘုရားလောင်းသဘောတရား၏ သမိုင်းဆိုင်ရာ မူလဖစ်မြစ် ၁၄၀
ဗောဓိစိတ္တနှင့် ဘုရားလောင်းအဓိဋ္ဌာန် : ကျင့်ဝတ်၏ အခြေခံအုတ်မြစ် ၁၄၂
ပါရမီတော်များ - ပရဟိတဝါဒ၏ လက်တွေ့အကောင်အထည်ဖော်မှုစနစ် ၁၄၄
သူရဲကောင်းဆန်သော ပေးလှူမှုနှင့် အနက်ဖွင့်ဆိုမှုပြဿနာ ၁၄၆
ဥပါယကောသလ္လနှင့် ကျင့်ဝတ်ဆိုင်ရာ ပျော့ပျောင်းမှု ၁၄၈
ကိုယ်ကျင့်တရားဖြစ်စဉ်ဗေဒရှုထောင့်မှ ဘုရားလောင်းကျင့်ဝတ် ၁၄၈
ဝေဖန်ဆန်းစစ်ချက် ၁၄၉
ကိုးကားကျမ်းစာရင်း ၁၅၃
(၁၄) နာဂါဇုန၏ သုညတဒဿနနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရှုထောင့် *၁၅၅*
နတ္ထိကဝါဒစွပ်စွဲချက် - ကိုယ်ကျင့်တရားပျက်ပြားမှုပြဿနာ ၁၅၆
နာဂါဇုန၏ ခုခံချေပမှု- သစ္စာနှစ်ပါးမူဘောင်နှင့် ကျင့်ဝတ်၏ဖြစ်နိုင်ခြေ ၁၅၈
သုညတကျင့်ဝတ်၏ အားသာချက်နှင့် အားနည်းချက် ၁၆၀
သုညတနှင့် ကရုဏာတရား၏ ဆက်စပ်မှု ၁၆၂
နိဂုံး ၁၆၄
ကျမ်းကိုးစာရင်း ၁၆၅
(၁၅) အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ် (Fact and Value Distinction) *၁၆၈*
(အနောက်တိုင်း အသိပညာဗေဒနှင့် ဗုဒ္ဓဘာသာကျင့်ဝတ်စနစ် နှိုင်းယှဉ်ချက်) ၁၆၈
"ဖြစ်တည်မှုနှင့် ဖြစ်သင့်မှု" (Is-Ought) ပြဿနာ ၁၆၈
ပြတ်သားသော အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ်ကို ငြင်းပယ်ခြင်း ၁၆၉
အမှန်တရားနှင့် လူသားအကျိုးစီးပွား အပြန်အလှန် ဆက်စပ်ခြင်း ၁၆၉
စံပြလှုံ့ဆော်မှု (Normative Motivation) ၁၆၉
ကျင့်ဝတ်ဆိုင်ရာ သဘာဝဝါဒနှင့် ကိုယ်ကျင့်တရား ဓမ္မဓိဋ္ဌာန်ဝါဒ ၁၇၀

တန်ဖိုးများ (Values) ကို အတွေ့အကြုံအခြေပြု လူသားဖြစ်တည်မှုပေါ် (Empirical Facts)တွင် အခြေခံခြင်း ၁၇၁

ကျမ်းကိုးစာရင်း ၁၇၂

(၁၆) ခန္တီ နှင့် ကိုယ်ကျင့်ပညာ ၁၇၃

ခန္တီပါရမီ၏ အမျိုးအစားခွဲခြားမှု သုံးရပ် ၁၇၄

၁။ ဒုက္ခာဓိဝါသနခန္တီ ၁၇၄

၂။ အပကာရမဇ္ဈေခန္တီ ၁၇၅

၃။ ဓမ္မနိဇ္ဈာနက္ခန္တီ (Acceptance of Ontological Reality) ၁၇၆

စိတ်ပညာ ယန္တရားများနှင့် ဆင်ခြင်ပွားများမှုဆိုင်ရာ နည်းဗျူဟာများ ၁၇၇

ကံတရားအပေါ် အစားထိုးရှုမြင်ခြင်း ၁၇၈

လူမှုတရားမျှတမှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း ၁၇၈

Virtue Ethics နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကြံ့ခိုင်မှု (Virtue Ethics and Moral Resilience) ၁၇၉

ခန္တီသည် မတရားမှုကို ခေါင်းငုံ့ခံခြင်းလော ၁၈၀

လက်တွေ့လုပ်ဆောင်မှုနှင့် စိတ်ခံစားချက်ကို ခွဲခြားခြင်း ၁၈၀

အမှန်တရားနှင့် စည်းကမ်းအတွက် နှုတ်ဆိတ်မနေခြင်း ၁၈၁

လူမှုရေးမတရားမှုနှင့် စစ်ပွဲများကို ထိပ်တိုက်ဆန့်ကျင်ခြင်း (Confronting Social Injustice and Wars) ၁၈၂

ကရုဏာဖြင့် ယှဉ်ပြိုင်ခြင်း ၁၈၃

နိဂုံး ၁၈၄

References ၁၈၄

(၁၇) ပျော်ရွှင်မှု (သုခ) သည် ကျင့်ဝတ်ဆိုင်ရာ အယူအဆတစ်ခုလား။ ၁၈၆

အပိုင်း (က) - အနောက်တိုင်း ဒဿနိကဗေဒ ရှုထောင့်များ ၁၈၇

၁။ အရစ္စတိုတယ်၏ ရှုထောင့် (ပျော်ရွှင်မှုသည် အဆုံးစွန်သော ကောင်းကျိုး) ၁၈၇

၂။ အီမန်နျူရယ် ကန့်၏ ကတိကျေမှုဝါဒ (Deontology) ၁၈၇

၃။ အများအကျိုးပြုဝါဒ (Utilitarianism) ၏ စံသတ်မှတ်ချက် ၁၈၈

အပိုင်း (ခ) – ဗုဒ္ဓဘာသာကျင့်ဝတ်ရှိ 'သုခ' ၏ ထူးခြားချက်နှင့် အနတ္တဆိုင်ရာ ဆက်စပ်မှု ၁၈၉

၁။ သုခ၏ ကျင့်ဝတ်ဆိုင်ရာ သဘောသဘာဝ (Ethical Nature of Sukha) ၁၈၉

၂။ ကံ၊ ပုညနှင့် သုခ၏ ဆက်နွယ်မှု (Kamma, Puñña, and Sukha) ၁၈၉

၃။ 'အနတ္တ' (Anatta) နှင့် ဆက်စပ်သော အတွေးအခေါ် (The Anatta Dimension) ၁၉၀

၄။ လူမှုဗဟိုပြု သုခ (Social Dimension) ၁၉၁

၅။ အနောက်တိုင်း ကိုယ်ကျင့်တရား သီအိုရီများနှင့် နှိုင်းယှဉ်ချက် ၁၉၁

နိဂုံးချုပ် ၁၉၂

ကိုးကားချက်များ ၁၉၃

ဤဘာသာရပ်နှင့်ပတ်သက်၍ ဖတ်ရန်ညွှန်းဆိုသော စာအုပ်နှင့်ဆောင်းပါးများမှာ ၁၉၄

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

MSAS ၏ အမှာစာ

မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS) သည် ဗုဒ္ဓဘာသာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့လွန် (MA) တန်းအတွက် သင်ခန်းစာများကို မြန်မာဘာသာဖြင့် မိတ်ဆက်ပေးသည့် ဘာသာရပ်မိတ်ဆက် စာအုပ်လေးများကို စာဖတ်သူတို့၏ လက်ထဲသို့ ထည့်ပေးနိုင်ပါတော့မည်။ မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS) သည် အောက်ဖော်ပြပါ အဓိကရည်ရွယ်ချက်ငါးရပ်တို့ဖြင့် ဗုဒ္ဓစာပေလေ့လာရေး မဟာဝိဇ္ဇာဘွဲ့လွန်တန်းအတွက် သင်ခန်းစာများကို မြန်မာကျောင်းသားများအား မြန်မာဘာသာဖြင့် မိတ်ဆက်ပေးနိုင်ရန် စီစဉ်ခဲ့ကြပါသည်။ ထိုရည်ရွယ်ချက်ငါးရပ်တို့တွင် စာဖတ်သူများအတွက် ရည်ရွယ်ချက် (၂) ခုရှိပါသည်။ စာရေးသူများအတွက် ရည်ရွယ်ချက်သုံး (၃) ခု ရှိပါသည်။ စာဖတ်သူများအတွက် ရည်ရွယ်ချက်နှစ်(၂)ခုတို့မှာ

၁။ မြန်မာကျောင်းသားရဟန်းတော်များနှင့် သာသနာ့နွယ်ဝင်ဆရာလေးများ သီရိလင်္ကာနိုင်ငံတွင် ချဉ်းကပ်လေ့လာသည့် ဗုဒ္ဓစာပေလေ့လာရေး နည်းစနစ်များ (methodology) ကို ရှင်းလင်းလွယ်ကူစွာ နားလည်၍ လက်တွေ့နေ့စဉ်ဘဝတွင် အကျိုးရှိရှိအသုံးချနိုင်စေရန်နှင့် ၂။ မဟာဝိဇ္ဇာဘွဲ့လွန်တန်းကို တက်ရောက်လေ့လာနေကြသော မြန်မာရဟန်းတော်များနှင့် သာသနာ့နွယ်ဝင် ဆရာလေးများအတွက် ပညာရှင်များပို့ချပေးကြသည့် ဘာသာရပ်ကို စနစ်တကျ ပိုမိုနားလည်လာစေရန်နှင့် စာမေးပွဲအောင်မြင်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန်တို့ ဖြစ်ကြပါသည်။

စာရေးသူများအတွက် အဓိကရည်ရွယ်ချက် (၃) ခုတို့မှာ ၁။ ဘာသာရပ်တစ်ခုကို "ကျောင်းသားစိတ်" မှ "ပညာရှင်စိတ်"သို့ ကူးပြောင်းကာ ပညာရှင်ဆန်သည့် ချဉ်းကပ်နည်း (professional approach) ဖြင့် လေ့လာ၍ လူမှုန်နေရာမှုန်လုပ်ဆောင်ရမည့် လုပ်ငန်းကျွမ်းကျင်မှု (professionalism) ကို တည်ဆောက်နိုင်စေရန်၊ ၂၊ စာရေးသူများသည် စိတ်ဝင်စားရာနယ်ပယ်ကို စူးစမ်းရေးသားခြင်းဖြင့် သုတေသနစွမ်းရည် (research skills) မြှင့်တင်၍ အနာဂတ်တွင် ပိုမိုကောင်းမွန်သော သုတေသနစာတမ်းများ ရေးသားနိုင်စေရန်နှင့် ၃။ မြန်မာစာဖြင့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ရေးသားနိုင်စွမ်းတိုးတက်စေရန်၊ ခေတ်ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်း၊ မှန်ကန်၊ ကျစ်လျစ်သော မြန်မာစကားပြေအရေးအသားဖြင့် ရေးသားတတ်သည့် အလေ့အကျင့်ကောင်းများကို တည်ဆောက်နိုင်ရန်တို့ ဖြစ်ကြပါသည်။

ဤသင်ခန်းစာမိတ်ဆက် စာအုပ်လေးများ ဖြစ်ပေါ်လာခြင်းသည် ပါဝင်ဆောင်ရွက်ပေးကြသော ဆရာတော်များအားလုံးတို့၏ စိတ်အားထက်သန်မှု၊ အများအတွက် အချိန်ပေး၍ ကိုယ်ကျိုးစွန့်မှု၊ မအားလပ်သည့်ကြားမှ မလျှော့တမ်း ကြိုးစားအားထုတ်မှုတို့မှ ဖြစ်ပေါ်လာသည့် အကျိုးရလဒ်ဖြစ်ပါသည်။ ဘာသာရပ် အသီးသီးကို အချိန်ပေး၍ စိတ်ရှည်ရှည်ဖြင့် ရေးသားပေးကြသည့် စာရေးသူဆရာတော်များ အားလုံးကို MSAS အဖွဲ့အစည်းက အထူးပင်ကျေးဇူး တင်ရှိပါသည်။ မြန်မာကျောင်းသား ရဟန်းတော်များနှင့် သာသနာ့နွယ်ဝင်ဆရာလေးများ မဟာဝိဇ္ဇာတန်းကို တက်ရောက် လေ့လာရင်း အကြောင်းအရာများကို မြန်မာစာဖြင့် တစ်ဖက်တစ်လမ်းက အလွယ်တကူ လေ့လာနိုင်ရန် အချိန်မီ ဖြန့်ဝေနိုင်ခြင်းအတွက် MSAS တစ်ဖွဲ့လုံးက အထူးပင်ဝမ်းမြောက်မိပါသည်။ ဤသခ်ိန်းစာမိတ်ဆက်စာအုပ်လေးများသည် မြန်မာနိုင်ငံက စာသင်သားရဟန်းတော်များ သာသနာ့နွယ်ဝင်ဆရာလေးများနှင့် ဗုဒ္ဓစာပေကို စိတ်ဝင်စားကြသည့်

လူပုဂ္ဂိုလ်များအတွက်လည်း ဗုဒ္ဓစာပေကို ပညာရှင်ဆန်ဆန် လေ့လာချဉ်းကပ်နည်း၊ ခေတ်အမြင်ဖြင့် ချဉ်းကပ်လေ့လာခြင်းများအတွက် တစ်ထောင့်တစ်နေရာက အကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤဘာသာရပ်မိတ်ဆက်စာအုပ်လေးများ၏ မူပိုင်ခွင့်အားလုံး (copyright) သည် စာရေးသူအသီးသီးကသာ ပိုင်ဆိုင်ကြပါသည်။ စာအုပ်ထုတ်ဝေခြင်း၊ ပြန်လည်ကူးယူဖော်ပြခြင်း၊ အခြားသော စီးပွားဖြစ်အသုံးပြုများအတွက် စာရေးသူများကို email မှတဆင့် တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်တောင်းခံပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤသင်ခန်းစာမိတ်ဆက်များတွင် ပါရှိသည့် ပညာရပ်ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ဝေါဟာရအသုံးအနှုန်းအချို့သည် မြန်မာနိုင်ငံရှိ အစဉ်အလာစာပေလေ့လာရေးပုံစံနှင့် အနည်းငယ်ကွဲလွဲနေနိုင်ပါသည်။ စာပေလေ့လာပုံ၊ ချဉ်းကပ်ပုံ၊ အဓိပ္ပါယ်ဖွင့်ဆိုပုံ၊ စာပေအယူအဆ အနည်းငယ်ကွဲလွဲမှုများလည်း တွေ့ရှိရနိုင်ပါသည်။ ထိုကွဲလွဲမှုများ၏ နောက်ကွယ်က အဓိကအကြောင်းတရားကိုပါ ဝေဖန်ဆန်းစစ်၍ စိတ်နှလုံးတံခါးဖွင့်ကာ ဖတ်ရှုလေ့လာကြစေချင်ပါသည်။

စာရေးသူဆရာတော်လေးများသည် ပညာရှင်စာရေးဆရာများ မဟုတ်ကြပါ။ မိမိတို့၏ ပါရဂူ (PhD) သုတေသနကျမ်းကို ပြုစုကြလျက် တစ်ဖက်တစ်လမ်းက မြန်မာကျောင်းသားများ အဆင်ပြေစေရန် စေတနာအရင်းခံဖြင့် ဤသင်ခန်းစာမိတ်ဆက်များကို ရေးသားကြခြင်းဖြစ်ပါသည်။ စာအုပ်အဖြစ် ဖြန့်ဝေသည့်အခါတွင်လည်း မိမိတို့သုတေသနကျမ်းကိစ္စကို အချိန်ပေးနေရသည့်အတွက် ပြန်လည်မွမ်းမံခြင်းစသည်တို့ကို အချိန်လုံလုံလောက်လောက် မပေးနိုင်ခဲ့ကြပါ။ ထို့ကြောင့် ဤသင်ခန်းစာမိတ်ဆက် စာအုပ်လေးများတွင် အချို့သော အားနည်းချက်များကို

တွေ့မြင်ရနိုင်ပါသည်။ ထိုအားနည်းချက်၊ ချို့ယွင်းချက်များကို ခွင့်လွှတ်နားလည် ပေးကြပါရန် စာဖတ်သူများကို မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာဘိက္ခုသောပါက (ကထိက)

ဥက္ကဋ္ဌ

မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS)

26.06.2026.

စာပြုစုသူ၏ အမှာစာ

Ethics (ကိုယ်ကျင့်ဒဿန သို့မဟုတ် နီတိဗေဒ) ဆိုသည်မှာ "ဒဿနိကဗေဒ (Philosophy) " ဘာသာရပ်၏ အဓိက ဘာသာရပ်ခွဲကြီး တစ်ခု ဖြစ်ပါသည်။ လူသားတို့၏ တွေးခေါ်မှု သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ဒဿနိကဗေဒ (Philosophy) သည် ပညာရပ်အားလုံး၏ မိခင် (Mother of all sciences) အဖြစ် တည်ရှိနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ Philosophy ကို လေ့လာရာတွင် အဓိကအားဖြင့် အောက်ပါ နယ်ပယ်ကြီးများ ခွဲခြားထားပါသည်။

- Metaphysics (ရုပ်လွန် သဘာဝလွန် ဂမ္ဘီရဆန်းကြယ် ဗေဒ): လောကကြီးနှင့် ပကတိအမှန်တရား၏ မူလဇစ်မြစ်ကို ရှာဖွေခြင်း။
- Epistemology (အသိပညာဗေဒ): "ကျွန်ုပ်တို့ ဘယ်လို သိသလဲ" ဆိုသည့် အသိဉာဏ်၏ သဘောသဘာဝကို ဆန်းစစ်ခြင်း။
- Logic (ယုတ္တိဗေဒ): မှန်ကန်သော ဆင်ခြင်တွေးခေါ်မှု နည်းစနစ်များကို လေ့လာခြင်း။
- Axiology (တန်ဖိုးဆိုင်ရာ ဒဿန): လူသားတို့၏ တန်ဖိုးထားမှု စံနှုန်းများကို လေ့လာခြင်း။

အဆိုပါ Axiology ဟုခေါ်သော တန်ဖိုးဆိုင်ရာ ဒဿန၏ အရေးအကြီးဆုံးနှင့် လူ့ဘောင်အဖွဲ့အစည်းအတွက် လက်တွေ့အကျဆုံးသော ဘာသာရပ်ခွဲကြီးမှာ "Ethics" ပင် ဖြစ်ပါသည်။

လူသားတို့၏ ယဉ်ကျေးမှု သမိုင်းကြောင်း တစ်လျှောက်တွင် "မည်သို့ နေထိုင်ကျင့်ကြံသင့်သနည်း" ဟူသော ကျင့်ဝတ်ဒဿနဗေဒ (Ethics) ဆိုင်ရာ မေးခွန်းသည် ဒဿနိကဗေဒ၏ အရေးအကြီးဆုံးသော မေးခွန်းတစ်ခု ဖြစ်ခဲ့ပါသည်။ ခေတ်သစ်

အနောက်တိုင်း ဒဿနိကဗေဒတွင် ထိုမေးခွန်းကို ချဉ်းကပ်ရာ၌ အဓိက ရေစီးကြောင်းကြီး (၃) ခု ရှိပါသည်။ ယင်းတို့မှာ အကျိုးဆက်ကို မကြည့်ဘဲ မကောင်းမှုရှောင် ကောင်းမှုဆောင်ရမည့် တာဝန်ဝတ္တရားအဖြစ် ရှုမြင်သော ကန့် (Immanuel Kant) ၏ Kantian/Deontological Ethics၊ လုပ်ရပ်တစ်ခု၏ အမှားအမှန်ကို ၎င်းမှထွက်ပေါ်လာမည့် အကျိုးဆက်အပေါ် မူတည်၍ ဆုံးဖြတ်သော Bentham နှင့် Mill တို့၏ Consequentialism/Utilitarianism နှင့် စိတ်နှလုံး ဖြူစင်ကောင်းမွန်ရေးကို ပဓာနထားသော အရစ္စတိုတယ်၏ Virtue Ethics တို့ပင် ဖြစ်ပါသည်။

နိုင်ငံတကာ ပညာရှင်များစွာသည် ဗုဒ္ဓ၏ကျင့်ဝတ်ဒဿနဗေဒ (Buddhist Ethics) ကို အဆိုပါ အနောက်တိုင်း ရှုထောင့် တစ်ခုခုဖြင့်သာ ကန့်သတ်၍ သုံးသပ် ဝေဖန်လေ့ ရှိကြပါသည်။ သို့ရာတွင် ဗုဒ္ဓအဆုံးအမသည် ကျဉ်းမြောင်းသော ဘောင်တစ်ခုအတွင်း၌သာ ရှိမနေဘဲ၊ ထိုအနောက်တိုင်း အမြင် (၃) မျိုးလုံးကို လွှမ်းခြုံပေါင်းစပ်ထားနိုင်လောက်အောင် နက်ရှိုင်းကျယ်ပြန့်ကြောင်းကို ဤစာအုပ်တွင် တင်ပြထားပါသည်။

သီရိလင်္ကာနိုင်ငံ၊ ကေလနိယတက္ကသိုလ်၊ ဘွဲ့လွန်ပါဠိနှင့် ဗုဒ္ဓဘာသာ လေ့လာရေးဌာန (PGIPBS) တွင် "MABS 71: Buddhist Ethics: Concepts and Philosophical Interpretations" ဘာသာရပ်ကို လေ့လာဆည်းပူးခွင့် ရသောအခါ၊ ဤဘာသာရပ်သည် နိုင်ငံတကာ စာမျက်နှာတွင် သာသနာပြုမည့် မြန်မာသံဃာတော်များနှင့် သုတေသီများ လုံးဝ လက်မလွှတ်သင့်သော ဘာသာရပ်တစ်ခုဖြစ်ကြောင်း နက်ရှိုင်းစွာ ခံစားမိပါသည်။ ဤစာအုပ်အတွင်း၌ သီလ၊ မဂ္ဂင်ရှစ်ပါး၊ ပါရမီ၊ ကံနှင့် ဘဝသစ်မွေးဖွားခြင်း၊ ပဋိစ္စသမုပ္ပါဒ်၊ အနတ္တ စသည့် အခြေခံ ဗုဒ္ဓဘာသာ အယူအဆများကို သမားရိုးကျ အစဉ်အလာ ရှုထောင့်မှသာမက၊ ခေတ်သစ် အနောက်တိုင်း ဒဿနိကဗေဒ ရှုထောင့်များမှပါ နှိုင်းယှဉ် သုံးသပ်ထားပါသည်။ ထို့ပြင် 'ပုည' နှင့် 'ကုသလ' ကွဲပြားမှု၊ လောကုတ္တရာ ကျင့်ဝတ်စသည့်

အငြင်းပွားဖွယ်ရာ စိတ်ဝင်စားဖွယ် ခေတ်သစ် အနက်ဖွင့်ဆိုချက်များကိုပါ ထည့်သွင်း ဆွေးနွေးထားပါသည်။

မြန်မာနိုင်ငံရှိ သံဃာတော်များ၊ သုတေသီများနှင့် ကျောင်းသူကျောင်းသားများ အနေဖြင့် မိမိတို့ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သည့် ပဋ္ဌကတ်တော်လာ ကျင့်ဝတ်များကို နိုင်ငံတကာ ဒဿနိကဗေဒ စံနှုန်းများနှင့် ချိန်ထိုးလေ့လာနိုင်ရန်၊ Ethics ဘာသာရပ်ကို ဖတ်ရှုရာတွင် ပိုမို လွယ်ကူချောမွေ့စေရန် ဤစာအုပ်က တံတားတစ်စင်းသဖွယ် အကျိုးပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

စာဖတ်သူများအနေဖြင့် ကိုယ်ကျင့်တရား ကိုယ်ကျင့်ဒဿန ဟူသည် ပြင်ပမှ ပေးအပ်သော တာဝန်ဝတ္တရား (Deontology)၊ အကျိုးလိုရှာ လုပ်ဆောင်ခြင်း (Consequentialism) ဟူသော အဆင့်များမှသည် မိမိတို့၏ သန္တာန်၌ အလိုအလျောက် ဖြူစင်ကောင်းမွန်နေသော သူတော်ကောင်းစရိုက် (Virtue) သို့တိုင်အောင် အဆင့်ဆင့် တက်လှမ်းနိုင်ရေးအတွက် ဤစာအုပ်က အတွေးအမြင်သစ်များ ပေးစွမ်းနိုင်ပါစေကြောင်း ဆန္ဒပြုလျက်...

အရှင်အရိယာလင်္ကာရ နတ်မောက်

(PhD Researcher)

Aug 21, 2026

ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒ

(Buddhist Ethics)

MABS 71: Buddhist Ethics: Concepts and Philosophical Interpretations

(ဗုဒ္ဓဘာသာကျင့်ဝတ်: အယူအဆများနှင့် ဒဿနိကဗေဒ ရှုထောင့်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်များ)

(၁) ကျင့်ဝတ်ဒဿနဗေဒ (Ethics) ဆိုတာ ဘာလဲ။

ကျင့်ဝတ်ဒဿနဗေဒ (Ethics) နှင့် ကိုယ်ကျင့်တရား (Morality) ဆိုင်ရာ ဖွင့်ဆိုချက်များ

ကျင့်ဝတ်ပညာ (နီတိဗေဒ- Ethics) သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနိကဗေဒ (Moral Philosophy) ဆိုသည်မှာ ကိုယ်ကျင့်တရားအရ ကောင်းခြင်းနှင့် ဆိုးခြင်း၊ မှန်ကန်ခြင်းနှင့် မှားယွင်းခြင်းတို့ကို စနစ်တကျ လေ့လာဆန်းစစ်သော ဒဿနိကဗေဒ ဘာသာရပ်ခွဲတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ဒဿနိကဗေဒ၏ သက်တမ်းအရင့်ဆုံး ဘာသာရပ်ခွဲများအနက်မှ တစ်ခုဖြစ်ပြီး လူသားများ အချင်းချင်း မည်သို့ ပြုမူဆက်ဆံသင့်သည်၊ လူ့အဖွဲ့အစည်းအတွင်း မည်သို့ နေထိုင်သင့်သည် ဆိုသည့်အချက်များကို စိုးရိမ်မကင်းဘဲ ဝေဖန်ပိုင်းခြား လေ့လာဆန်းစစ်သော ပညာရပ်ဖြစ်ပါသည် ။

ဘာသာဗေဒအရ "ethics" ဟူသော စကားလုံးသည် ဂရိစကားလုံး *ēthikē* (မြစ်ဖျားခံရာ root word: *ēthos*) မှ ဆင်းသက်လာပြီး "စရိုက်လက္ခဏာ" (character)၊

"ဓလေ့ထုံးစံ" (custom) သို့မဟုတ် "အကျင့်စရိုက်" (habit) ဟု အဓိပ္ပာယ်ရပါသည် ။ အခြားတစ်ဖက်တွင် "morality" (ကိုယ်ကျင့်တရား) ဟူသော စကားလုံးသည် လက်တင်စကားလုံး *mores* သို့မဟုတ် *moralis* မှ ဆင်းသက်လာကာ "ရိုးရာဓလေ့ အပြုအမူ" (customary behaviour) သို့မဟုတ် "အမူအကျင့်" (manners) ဟု အဓိပ္ပာယ်ရပါသည်။

နေ့စဉ်သုံးစကားများတွင် ဤစကားလုံးနှစ်လုံးကို ဒွန်တွဲ၍ အလဲအလှယ်ပြုကာ အသုံးပြုလေ့ရှိကြသော်လည်း၊ ဒဿနပညာရှင်များကမူ ၎င်းတို့နှစ်ခုကြားတွင် အောက်ပါအတိုင်း အသုံးဝင်သော ကွဲပြားခြားနားချက်ကို ခွဲခြားပြသလေ့ရှိကြပါသည် -

ကိုယ်ကျင့်တရား (Morality)

သီးခြား လူအဖွဲ့အစည်း သို့မဟုတ် အသိုက်အဝန်းတစ်ခုအတွင်း လက်တွေ့မြေပြင်တွင် ကျင့်သုံးစောင့်ထိန်းနေကြသော စံနှုန်းများ၊ တန်ဖိုးများနှင့် ကျင့်ဝတ်စည်းမျဉ်းများကို ရည်ညွှန်းပါသည် ။

ကျင့်ဝတ်ပညာ (Ethics)

ထိုကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများကို ဝေဖန်ပိုင်းခြား၍ စနစ်တကျ ဒဿနဆန်ဆန် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ယင်းတန်ဖိုးများကို ရှင်းလင်းပြသရန်၊ ခိုင်လုံကြောင်း သက်သေပြရန် သို့မဟုတ် ဆင်ခြင်တုံတရားဖြင့် အတည်ပြုရန် အသုံးပြုသော ယုတ္တိဗေဒဆိုင်ရာ အခြေခံမူများနှင့် ဖွဲ့စည်းပုံများကို ရည်ညွှန်းပါသည်။

ကျင့်ဝတ်ပညာ (Ethics) အဓိပ္ပာယ်ဖွင့်ဆိုချက်များ

သမိုင်းတစ်လျှောက်လုံးတွင် အဓိကတွေးခေါပညာရှင်များသည် ကျင့်ဝတ်ပညာ (Ethics) ၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝကို အခြေခံအားဖြင့် ကွဲပြားသော နည်းလမ်းများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်-

★ **ဆိုကရေးတီး (Socrates - ပလေတိုမှတစ်ဆင့်)** - ကျင့်ဝတ်ပညာဆိုသည်မှာ ကောင်းမြတ်မှု (the good) ကို သိရှိနားလည်ခြင်းနှင့် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်တုံတရား (reason) ဖြင့် လမ်းညွှန်ထားသော ကောင်းမြတ်သည့် ကိုယ်ကျင့်တရား (virtue) ကို ကျင့်သုံးခြင်း ဖြစ်သည်။

★ **အရစ္စတိုတယ် (Aristotle)** - ကျင့်ဝတ်ပညာဆိုသည်မှာ လူသားတို့၏ ကြီးပွားချမ်းသာခြင်း (သို့မဟုတ်) အောင်မြင်ပြည့်စုံခြင်း (eudaimonia) သို့ ဦးတည်စေသော စရိုက်လက္ခဏာများနှင့် အကျင့်စရိုက်များ (virtues) ကို လေ့လာခြင်း ဖြစ်သည်။ **Eudaimonia (ယူဒိုင်းမိုးနီးယား) ဆိုတာ** မိမိရဲ့ ဗီဇစွမ်းအားတွေကို ကောင်းမွန်တဲ့ ကျင့်ဝတ်တွေနဲ့ ပေါင်းစပ်ပြီး ဘဝကို အကောင်းဆုံး မြှင့်တင်နေထိုင်ခြင်း ဖြစ်ပါတယ်။

★ **သောမတ်စ် အကွိုင်းနပ်စ် (Thomas Aquinas)** - သဘာဝနိယာမ (natural law) နှင့် ဘုရားသခင်၏ ဆင်ခြင်တုံတရား (divine reason) အပေါ် အခြေခံ၍ အမြင့်မြတ်ဆုံးသော ကောင်းကျိုး (ultimate good) ကို ရှာဖွေခြင်း ဖြစ်သည်။

★ **ဒေးဗစ် ဟျူးမ် (David Hume)** - ကျင့်ဝတ်ပညာသည် သန့်စင်သော ယုတ္တိဗေဒ (သို့) ဆင်ခြင်တုံတရား သက်သက်ထက် လူသားတို့၏ ခံစားချက်များ (sentiments)၊ ကိုယ်ချင်းစာတရား (empathy) နှင့် စိတ်ခံစားမှုများ (emotions) အပေါ်တွင် အခြေခံသည်။

★ **အီမန်နျူရယ် ကန့်တ် (Immanuel Kant)** - ခြွင်းချက်မရှိသော တာဝန်များနှင့် ဝတ္တရားများ (categorical imperatives) ကို ညွှန်ကြားသည့် အကျိုးအကြောင်းဆီလျော်သော (rational) စည်းမျဉ်းစနစ် ဖြစ်သည်။

★ **ဂျွန် စတူးဝပ် မေးလ် (John Stuart Mill)** - အများဆုံးသော လူဦးရေအတွက် အကြီးမားဆုံးသော ပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေခြင်း (အကျိုးရှိမှု သီအိုရီ - principle of utility) ဖြစ်သည်။

★ **ဂျီ အီး မိုး (G. E. Moore)** - မွေးရာပါ ကောင်းမြတ်ခြင်း (intrinsic goodness) နှင့် လုပ်ရပ်များ၏ မှန်ကန်မှုကို စနစ်တကျ လေ့လာခြင်း ဖြစ်သည်။

★ **အလက်စ်ဒဲယား မက်အင်တိုင်ယာ (Alasdair MacIntyre)** - ဘဝကို အဓိပ္ပာယ်ရှိစေသော ရိုးရာဓလေ့များနှင့် လူ့အဖွဲ့အစည်းများအတွင်း ကောင်းမြတ်သည့် ကိုယ်ကျင့်တရားများ သုစရိုက် (virtues) ကို ကျင့်သုံးခြင်း ဖြစ်သည်။

★ **ဖရက်ဒရစ် နစ်ရှေး (Friedrich Nietzsche)** - ရိုးရာကျင့်ဝတ်များကို ဝေဖန်သူဖြစ်ပြီး၊ ကျင့်ဝတ်ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ထူးချွန်ပြောင်မြောက်မှုကို ကန့်သတ်ချုပ်ချယ်ရန် ချမှတ်ထားသော ယဉ်ကျေးမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ တန်ဖိုးများအဖြစ် ရှုမြင်သည်။

Ethics ၏ အဓိက ဘာသာရပ်ခွဲ (အမျိုးအစား) လေးခု

Ethics ကို ဒဿနိကဗေဒအရ လေ့လာစူးစမ်းရာတွင် စိတ္တဇသဘော (abstraction) ၏ အဆင့်နှင့် လက်တွေ့အသုံးချမှုအပေါ် မူတည်၍ အဓိက ဘာသာရပ်ခွဲ လေးခုအဖြစ် သမားရိုးကျ ခွဲခြားထားသည်-

၁။ စံသတ်မှတ်ချက်ဆိုင်ရာ ကျင့်ဝတ်ပညာ (Normative Ethics / Prescriptive Ethics) ဤဘာသာရပ်ခွဲသည် လူတို့ လူ့အဖွဲ့အစည်းအတွင်း မည်သို့ ပြုမူနေထိုင်သင့်ကြောင်းကို ပြဋ္ဌာန်းပေးသည်။ မည်သည့်လုပ်ရပ်များသည် ကိုယ်ကျင့်တရားအရ လက်ခံနိုင်သည် သို့မဟုတ် လက်မခံနိုင်သည်ကို ဆုံးဖြတ်ရန်အတွက် ယေဘုယျ စည်းမျဉ်းများ၊ စံနှုန်းများနှင့် မူဝါဒများကို အဆိုပြုပေးကာ၊ "မည်သည့်အရာကို လုပ်ဆောင်ခြင်းက မှန်ကန်သနည်း" ကဲ့သို့သော လက်တွေ့ကျသည့် မေးခွန်းများကို တိုက်ရိုက် ဖြေရှင်းပေးသည်။

အနောက်တိုင်းတွင် ဩဇာအရှိဆုံး စံပြဩဇာအိုရီ သုံးမျိုးမှာ-

1. **Deontology (တာဝန်အခြေပြုကျင့်ဝတ်):** လုပ်ရပ်တစ်ခုသည် အကျိုးဆက် သို့မဟုတ် ရလဒ်ကို မငဲ့ဘဲ လုပ်ရပ်ကိုယ်တိုင်က တာဝန်ဝတ္တရား သို့မဟုတ် စည်းမျဉ်းများနှင့်အညီ မှန်/မှားဖြစ်သည်ဟု ယူဆသည် (ဥပမာ- Immanuel Kant)။
2. **Consequentialism / Utilitarianism (အကျိုးဆက်အခြေပြုကျင့်ဝတ်):** လုပ်ရပ်တစ်ခု၏ ကိုယ်ကျင့်တရားကို ရလဒ်အပေါ်တွင်သာ အခြေခံ၍ ဆုံးဖြတ်ပြီး၊ အကောင်းဆုံးသော အကျိုးဆက် သို့မဟုတ် အများဆုံးသော ပျော်ရွှင်မှုကို ရရှိရန် ရည်ရွယ်သည် (ဥပမာ- John Stuart Mill)။
3. **Virtue Ethics (သီလအခြေပြုကျင့်ဝတ်):** သီးခြားစည်းမျဉ်း သို့မဟုတ် ရလဒ်များထက် လူသားတို့၏ စရိုက်လက္ခဏာ ကောင်းမွန်မှုနှင့် သီလများကို ပျိုးထောင်ရန် အာရုံစိုက်သည် (ဥပမာ- Aristotle)။

၂။ မေတာ-ကျင့်ဝတ်ပညာ (Meta-ethics) တိကျသော လုပ်ရပ်များကို ပြဋ္ဌာန်းပေးခြင်းထက်၊ မေတာ-ကျင့်ဝတ်ပညာသည် လွန်စွာ စိတ္တဇဆန်ပြီး ကိုယ်ကျင့်တရားဆိုင်ရာ သဘောတရားများ၏ အဓိပ္ပာယ်၊ သဘောသဘာဝနှင့် မှန်ကန်ကြောင်း အကြောင်းပြချက်များကို လေ့လာဆန်းစစ်သည်။ ယင်းက အောက်ပါမေးခွန်းများကို မေးခွန်းထုတ်သည်- "ကောင်းသည်" သို့မဟုတ် "မှန်သည်" ဟူသော ဝေါဟာရများ၏ တကယ့်အဓိပ္ပာယ်မှာ အဘယ်နည်း။ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများသည် ပကတိအမှန်တရားများလော (Cognitivism) သို့မဟုတ် ပုဂ္ဂလဓိဋ္ဌာန်ဆန်သော စိတ်ခံစားမှု ဖော်ပြချက်များလော (Non-cognitivism/Emotivism)။ ကိုယ်ကျင့်တရားဆိုင်ရာ မူဝါဒများကို မည်သို့ အကြောင်းပြခိုင်လုံစေသနည်း။

၃။ အသုံးချ ကျင့်ဝတ်ပညာ (Applied Ethics) ဤဘာသာရပ်ခွဲသည် လက်တွေ့ဘဝ အခြေအနေများရှိ လက်တွေ့ကျသော ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာများနှင့် အငြင်းပွားဖွယ်ရာများကို ကိုင်တွယ်ဖြေရှင်းသည်။ (ဥပမာ - အဆုံးစီရင်ခွင့်၊ ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှု ကဲ့သို့သော) ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်၊ စီးပွားရေး ကျင့်ဝတ် ၊ဆိုက်ဘာ ကျင့်ဝတ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုစသည့် အထူးပြုနယ်ပယ်များရှိ ရှုပ်ထွေးသော အကျပ်အတည်းများကို ဖြေရှင်းရန်အတွက် စံသတ်မှတ်ချက်ဆိုင်ရာ ကျင့်ဝတ်ပညာ၏ မူဘောင်များကို အသုံးပြုသည်။

၄။ ဖော်ပြချက်ဆိုင်ရာ ကျင့်ဝတ်ပညာ (Descriptive Ethics / Comparative Ethics) အခြားသော ဘာသာရပ်ခွဲများနှင့်မတူဘဲ၊ ဖော်ပြချက်ဆိုင်ရာ ကျင့်ဝတ်ပညာသည် အကဲဖြတ်မှုထက် လက်တွေ့လေ့လာမှု (empirical) ကို အခြေခံသည်။ ၎င်းသည်

လူ့အဖွဲ့အစည်း၊ မနုဿဗေဒနှင့် စိတ်ပညာတို့မှ အသိအမြင်များကို အသုံးပြု၍ မတူညီသော ယဉ်ကျေးမှုများနှင့် သမိုင်းကာလများတစ်လျှောက်ရှိ လူတို့၏ လက်တွေ့ကိုယ်ကျင့်တရားဆိုင်ရာ ယုံကြည်မှုများနှင့် ကျင့်သုံးမှုများကို အကဲဖြတ်ဝေဖန်ခြင်းမပြုဘဲ ပကတိအတိုင်း လေ့လာပြီး ဖော်ပြပေးသည်။

ကျင့်ဝတ်ပညာ ၏ အဓိက သီအိုရီများ (စံသတ်မှတ်ချက်ဆိုင်ရာ မူဘောင်များ)

ဒဿနိကဗေဒပညာရှင်များသည် လူသားတို့၏ အပြုအမူများကို အကဲဖြတ်ရန်နှင့် အမှားအမှန်ကို ဆုံးဖြတ်ရန်အတွက် အခြေခံကျသော စံသတ်မှတ်ချက်ဆိုင်ရာ သီအိုရီများစွာကို ဖော်ဆောင်ခဲ့ကြသည်-

ကိုယ်ကျင့်သီလအခြေခံ ကျင့်ဝတ်ပညာ (Virtue Ethics - Character-Based)

ပလေတိုနှင့် အရစ္စတိုတယ်တို့မှ မြစ်ဖျားခံလာသော ဤသီအိုရီသည် တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာခြင်း သို့မဟုတ် ရလဒ်များကို တွက်ချက်ခြင်းထက် ကောင်းမွန်သော အကျင့်စရိုက်နှင့် အလေ့အကျင့်များကို ပျိုးထောင်ရေးအပေါ် အာရုံစိုက်သည်။ စစ်မှန်စွာ ကိုယ်ကျင့်သီလရှိသူ တစ်ဦးသည် (ရိုးသားခြင်း၊ ရဲရင့်ခြင်းနှင့် ကရုဏာထားခြင်းကဲ့သို့သော ကိုယ်ကျင့်သီလများကို ပုံသေယူကာ) အလိုအလျောက် သဘာဝကျကျပင် မှန်ကန်သောအရာကို လုပ်ဆောင်လိမ့်မည်ဟု အခိုင်အမာဆိုသည်။ ၎င်း၏ အဆုံးစွန်သော ပန်းတိုင်မှာ Eudaimonia ခေါ် လူသားတို့၏ ဘက်စုံကြီးပွားချမ်းသာခြင်းနှင့် ကောင်းမွန်စွာနေထိုင်ရခြင်း အခြေအနေဖြစ်သည်။

တာဝန်ဝတ္တရားအခြေခံ ကျင့်ဝတ်ပညာ (Deontology - Duty-Based)

အီမန်နျူရယ် ကန့်တ် ဦးဆောင်ခဲ့သော ဤသီအိုရီက ကျွန်ုပ်တို့သည် ခြွင်းချက်မရှိသော ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်များနှင့် စည်းမျဉ်းများ၏

ချည်နှောင်ခြင်းကို ခံထားရပြီး၊ အချို့သော လုပ်ရပ်များသည် ၎င်းတို့၏ အကျိုးဆက်များကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ ပင်ကိုအားဖြင့်ကို မှန်ခြင်း သို့မဟုတ် မှားခြင်း ဖြစ်သည်ဟု ဆိုသည်။ ဤဝါဒီတစ်ဦးအတွက်၊ "ကောင်းသောဆန္ဒ (good will)" ဖြင့် မိမိ၏တာဝန်ကို ထမ်းဆောင်ခြင်းသည်သာ ကိုယ်ကျင့်တရားတန်ဖိုး၏ တစ်ခုတည်းသော တိုင်းတာချက်ဖြစ်ပြီး၊ ယင်းကို များသောအားဖြင့် (တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ရမည့် ကိုယ်ကျင့်တရား စည်းမျဉ်းများဖြစ်သော) ခြွင်းချက်မရှိ လိုက်နာရမည့်တာဝန် (categorical imperative) မှတစ်ဆင့် ဖော်ပြလေ့ရှိသည်။

အကျိုးဆက်အခြေခံဝါဒ နှင့် အများအကျိုးပြုဝါဒ (Consequentialism and Utilitarianism - Outcome-Based):

အနာဂတ်ကို မျှော်ကြည့်သော ဤသီအိုရီသည် လုပ်ရပ်တစ်ခု၏ ကိုယ်ကျင့်တရားဆိုင်ရာ မှန်ကန်မှုကို ၎င်း၏ ရလဒ် သို့မဟုတ် အကျိုးဆက်များဖြင့်သာ အကဲဖြတ်သည်။ ဂျယ်ရမီ ဘင်သမ် နှင့် ဂျွန် စတူးဝပ် မေးလ် တို့က ဖော်ဆောင်ခဲ့ပြီး၊ ၎င်း၏ အဓိကမူဝါဒမှာ အသုံးဝင်မှု (utility) ဖြစ်သည်။ လုပ်ရပ်တစ်ခုသည် သက်ရောက်မှုခံရသူ အများစုအတွက် ပျော်ရွှင်မှုကို အမြင့်မားဆုံးဖြစ်စေပြီး ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေပါက ယင်းလုပ်ရပ်သည် မှန်ကန်သည်။

သဘာဝနိယာမ သီအိုရီ (Natural Law Theory)

သောမတ်စ် အက်ွိင်းနပ်စ် နှင့် ဆက်စပ်နေသော ဤသီအိုရီက မှားခြင်း၊ မှန်ခြင်းနှင့် သက်ဆိုင်သည့် အချို့သော ကိုယ်ကျင့်တရားဆိုင်ရာ နိယာမများသည် စကြာဝဠာတစ်ခွင်လုံးနှင့် သက်ဆိုင်ပြီး၊ ယင်းတို့ကို လူ့သဘာဝနှင့် အကြောင်းအကျိုးဆင်ခြင်တွေးတောခြင်းမှတစ်ဆင့် ရှာဖွေတွေ့ရှိနိုင်သည်ဟု ဆိုသည်။

ကိုယ်ကျင့်တရားဆိုင်ရာ နှိုင်းရဝါဒ (Ethical Relativism)

ဤရှုထောင့်က ကိုယ်ကျင့်တရားဆိုသည်မှာ ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ အခြေအနေနှင့် သမိုင်းဝင် အစဉ်အလာများအပေါ်တွင်သာ လုံးလုံးလျားလျား မူတည်နေသော နှိုင်းရသဘောတရားဖြစ်သည်ဟု ယူဆပြီး၊ စကြဝဠာတစ်ခွင်လုံးနှင့် သက်ဆိုင်သည့် ပကတိ ကိုယ်ကျင့်တရား စံနှုန်းဟူ၍ မရှိကြောင်း အခိုင်အမာဆိုသည်။

References

Aristotle. (2011). *The Nicomachean Ethics.*

Kant, I. (1998). *Groundwork of the Metaphysics of Morals.*

Mill, J. S. (1957). *Utilitarianism. London: Dent.*

MacIntyre, A. (1981). *After Virtue: A Study in Moral Theory.*

(၂) ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒ၏ ဒဿနပိုင်းအခြေခံအုတ်မြစ်များ
(Philosophical Foundations of Buddhist Ethics)

၁။ ဖြစ်တည်မှုဗေဒဆိုင်ရာ အခြေခံအုတ်မြစ် - ဓမ္မသည် စကြဝဠာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ နိယာမဖြစ်ခြင်း

ဗုဒ္ဓဘာသာကျင့်ဝတ်စနစ် (သီလ) ၏ အခြေခံအကျဆုံးသော ဖြစ်တည်မှုဗေဒဆိုင်ရာ အုတ်မြစ်မှာ "ဓမ္မ" (Dhamma/Dharma) ဖြစ်သည်ဟု Damien Keown က ထောက်ပြထားပါသည်။ သာမန်အားဖြင့် ကိုယ်ကျင့်တရားကို ဖန်ဆင်းရှင်၏ အမိန့်ပေးပြဋ္ဌာန်းချက်အဖြစ် ရှုမြင်လေ့ရှိသော်လည်း၊ Bhikkhu Bodhi ဆွေးနွေးထားသည့်အတိုင်း ဗုဒ္ဓဘာသာသည် အာဏာရှင်ဆန်သော ပြင်ပပညတ်ချက်များကို လက်မခံဘဲ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများကို စကြာဝဠာအရှိတရား၏ သဘာဝနောက်ခံအတွင်း၌သာ ထည့်သွင်းစဉ်းစားပါသည်။

ကိုယ်ကျင့်တရားနှင့်အညီ နေထိုင်ခြင်းဆိုသည်မှာ ဤစကြာဝဠာဆိုင်ရာ သဘာဝနိယာမနှင့် ဟန်ချက်ညီညီ ပေါင်းစပ်နေထိုင်ခြင်းဖြစ်ပြီး ယင်းသည်

ကောင်းမွန်သောဘဝနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို သဘာဝအလျောက် ဖြစ်ထွန်းစေပါသည်။ ဤအချက်ကို William Edelglass က ပိုမိုချဲ့ထွင်ကာ၊ ဓမ္မသည် ကိုယ်ကျင့်တရားလောကတွင် "ကံတရား" (Karma) ဟူသော သဘာဝအကြောင်းအကျိုး ဥပဒေသအဖြစ် ထင်ရှားကြောင်း ရှင်းလင်းထားပါသည်။ ဆိုလိုသည်မှာ ကံတရားသည် ဒိုင်လူကြီး သို့မဟုတ် ဖန်ဆင်းရှင်မလိုဘဲ အကြောင်းအကျိုး ဆက်စပ်မှုနိယာမအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (Autonomous) သဘောတရားဖြင့် လည်ပတ်နေသည့် ဖြစ်တည်မှုအမှန်တရား (Ontological reality) ပင် ဖြစ်ပါသည်။

၂။ အသိပညာဗေဒဆိုင်ရာ သဘာဝဝါဒနှင့် သိမြင်မှု ဓမ္မဓိဋ္ဌာန်ဝါဒ - အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ်ကို ငြင်းပယ်ခြင်း

ဓမ္မကို စကြဝဠာ၏ အခြေခံအဖြစ် လက်ခံထားခြင်းက ဗုဒ္ဓဘာသာ၏ အသိပညာဗေဒအပေါ်တွင်လည်း တိုက်ရိုက် သက်ရောက်မှုရှိပေသည်။ အနောက်တိုင်း ကိုယ်ကျင့်တရား ဒဿနဆိုင်ရာ မူဘောင်များတွင် "ဖြစ်တည်မှု အချက်အလက်" (empirical facts / "what is") နှင့် "ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်သင့်မှု တန်ဖိုး" (values / "what ought to be") အကြား ပြတ်သားစွာ စည်းခြားထားလေ့ရှိသော်လည်း၊ Asanga Tilakaratne ၏ လေ့လာချက်များအရ ရှေးဦးဗုဒ္ဓဘာသာသည် ဤကဲ့သို့ တင်းကျပ်သော ကွဲပြားမှုစနစ် (Dichotomy) ကို လုံးဝ လက်မခံပါ။ လူသားတို့၏ အတွေ့အကြုံ၊ အကျိုးစီးပွားများနှင့် ကင်းကွာနေသော "ဓမ္မဓိဋ္ဌာန်ကျသည့် အချက်အလက်" သီးသန့်မရှိနိုင်ဟု ဗုဒ္ဓဘာသာက ရှုမြင်ပါသည်။

ဘုရားရှင် ဟောကြားသော အနိစ္စနှင့် ပဋိစ္စသမုပ္ပါဒ် ကဲ့သို့သော လက်တွေ့အချက်အလက်များသည် "ဒုက္ခ" ဆိုသည့် တန်ဖိုးအကဲဖြတ်မှုနှင့် ပင်ကိုသဘာဝအားဖြင့်ခွဲခြား၍မရနိုင်အောင် တစ်သားတည်း ဆွန်တွဲနေပါသည်။ ထို့ကြောင့်

ဆင်းရဲဒုက္ခကို သိမြင်နားလည်ခြင်းဟူသော "အချက်အလက်" (facts) ကပင် ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသော "ကိုယ်ကျင့်တရားဆိုင်ရာ လှုံ့ဆော်မှု" ကို အလိုအလျောက် ဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့ အချက်အလက်(empirical facts) နှင့် တန်ဖိုး (values) ပေါင်းစပ်နေမှုကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် ခေတ်သစ် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများဖြစ်သော သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ပျက်စီးမှုများကို ဖြေရှင်းရာတွင် လက်တွေ့ကျသော ကိုယ်ကျင့်တရားဆိုင်ရာ မူဘောင်များကို ပံ့ပိုးပေးနိုင်စွမ်း ရှိလာပါသည်။

ထို့အပြင် အဘိဓမ္မာ ဖွင့်ဆိုချက်များကို အခြေခံ၍ Jay L. Garfield က သီလစရိုက်လက္ခဏာများကို "ဓမ္မတရားများ" သို့မဟုတ် စိတ်၏ ဖြစ်တည်မှုဆိုင်ရာ အစစ်အမှန် သဘာဝများအဖြစ် အမျိုးအစားခွဲခြားထားကြောင်း ဆိုပါသည်။ သို့ဖြစ်ရာ ကုသိုလ် (kusala) နှင့် အကုသိုလ် (akusala) သည် လူမှုရေးအရ ဖန်တီးထားသော သဘောတူညီချက်များ (Social constructs) သက်သက်မဟုတ်ဘဲ လူသားတို့၏ စိတ်ပညာဆိုင်ရာ အစစ်အမှန် ဖြစ်ရပ်မှန်များပေါ်တွင် အခြေခံထားသည့် သိမြင်မှုဆိုင်ရာ ဓမ္မဓိဋ္ဌာန်အမှန်တရားများ (Cognitive Judgements) ဖြစ်ကြောင်း အခိုင်အမာ ကောက်ချက်ချနိုင်ပါသည်။

စိတ်ပညာနှင့် ဖြစ်စဉ်ဗေဒဆိုင်ရာ ဆုံချက် - ကံကို ကျင့်ဝတ်ပြုပြင်ပြောင်းလဲခြင်းနှင့် စေတနာအဓိကဖြစ်ခြင်း

အချက်အလက် (empirical facts) နှင့် တန်ဖိုး (values) ကို ခွဲခြားမရနိုင်သော ဤဓမ္မဓိဋ္ဌာန်ကျမှုသည် လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ တွန်းအား (Psychological drive) ဖြစ်သော စေတနာ အပေါ်တွင် အခြေပြုလည်ပတ်လျက်ရှိပါသည်။ Richard F. Gombrich ထောက်ပြသည့်အတိုင်း၊ မြတ်စွာဘုရားရှင်၏ တော်လှန်သော ဒဿနအမြင်တစ်ခုမှာ အိန္ဒိယရိုးရာ ကံတရားအယူအဆကို အပြင်ပန်း ယဇ်ပူဇော်ခြင်း (Ritualistic action)

သက်သက်အဖြစ်မှ လုံးဝဥဿုံ စိတ်ပညာဆိုင်ရာ တွန်းအား (Psychologised drive) အဖြစ်သို့ ပြောင်းလဲလိုက်ခြင်း ဖြစ်ပါသည်။

ဘုရားရှင်က "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" (ရဟန်းတို့... ငါသည် စေတနာကိုသာ ကံဟု ခေါ်ဆိုပါသည်) ဟု ပြတ်သားစွာ ဟောကြားတော်မူခဲ့သည်။ ဤအယူအဆကြောင့် လုပ်ရပ်တစ်ခု၏ ကိုယ်ကျင့်တရားတန်ဖိုးသည် ၎င်း၏ ပြင်ပရလဒ် (Consequences) ထက် လုပ်ဆောင်သူ၏ ကိုယ်ကျင့်တရားဆိုင်ရာ စေ့ဆော်မှု (Moral Motivation) နှင့် အခြေခံ(မူလ)များ ပေါ်တွင်သာ မူတည်သွားပါသည်။ ဤသည်ကို Garfield က "ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ" (Moral Phenomenology) ဟု သတ်မှတ်ပြီး၊ ဗုဒ္ဓဘာသာကျင့်ဝတ်သည် ပြင်ပတာဝန်ဝတ္တရားများ လိုက်နာရုံသက်သက်မဟုတ်ဘဲ ပုဂ္ဂလဓိဋ္ဌာန် အတွေ့အကြုံ (First-person phenomenology) ၏ သိမြင်မှုဆိုင်ရာ မူဘောင် (Cognitive framework) တစ်ခုလုံးကို အသွင်ကူးပြောင်းပြောင်းလဲစေရန် ရည်ရွယ်ကြောင်း မီးမောင်းထိုးပြထားပါသည်။

စကြဝဠာအပြန်အလှန်ဆက်စပ်မှုနိယာမ - ကိုယ်ချင်းစာတရား (Empathy - အတ္တူပနာယိက) က ကိုယ်ကျင့်တရားကို မောင်းနှင်ခြင်း

စေတနာအပြင် သူတစ်ပါးအကျိုးစီးပွားကိုပါ ကာကွယ်စောင့်ရှောက်လိုသော အကျိုးပြုလုပ်ရပ်များ ဖြစ်ပေါ်လာစေရန် တိုက်ရိုက်လှုံ့ဆော်ပေးသည့် ပင်မတွန်းအားမှာ ကိုယ်ချင်းစာတရား (Empathy / အတ္တူပနာယိက-ဓမ္မပရိယာယ) ဖြစ်ကြောင်း Bhikkhu Bodhi က ရှင်းလင်းထားပါသည်။ ဤကျင့်ဝတ်ဆိုင်ရာ ဥပဒေသသည် စိတ်ခံစားမှု သက်သက်မဟုတ်ဘဲ၊ သက်ရှိသတ္တဝါမှန်သမျှ နာကျင်မှုကို မလိုလားခြင်းနှင့် ချမ်းသာကို ရှာဖွေခြင်းဟူသော လက်တွေ့ကျကျ တွေ့ကြုံရသည့် သဘာဝဖြစ်ရပ်မှန် (Empirical fact) အပေါ်တွင် အပြည့်အဝ အခြေခံထားပါသည်။

မိမိကိုယ်ကို စံနှုန်းအဖြစ်ထား၍ သူတစ်ပါးအပေါ် နှိုင်းယှဉ်ဆင်ခြင်ခြင်းအားဖြင့် အတ္တအခြေပြု စည်းဝိုင်းဘောင်များကို ပျော်ဝင်စေပြီး၊ စကြဝဠာအလုံးစုံဆိုင်ရာ ကရုဏာတရား (compassion) ကို ပုဂ္ဂိုလ်ရေးအကြိုက် သက်သက်မဟုတ်ဘဲ ကျိုးကြောင်းဆင်ခြင်ဉာဏ်အရ မရှိမဖြစ်လိုအပ်သော ဓမ္မဓိဋ္ဌာန်ကျသည့် ကျင့်ဝတ်စံနှုန်း (Normative standard) တစ်ခုအဖြစ် အခိုင်အမာ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

ဝိမုတ္တိခရီးလမ်းအတွင်း ပေါင်းစည်းတည်ရှိမှု - သီလ၊ သမာဓိ၊ ပညာ

အဆုံးစွန်အားဖြင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် ကမ္ဘာဦးအစကို ဆန်းစစ်နေသည့် ဒဿနသက်သက်မဟုတ်ဘဲ နိဗ္ဗာန် (Nirvana) သို့ မလွဲမသွေ ဦးတည်ထားသည့် လက်တွေ့ကျသော ရည်ရွယ်ချက်အခြေပြု (Teleological and pragmatic) ကျင့်စဉ် ဖြစ်ပါသည်။ အရိယာမဂ္ဂင်ရှစ်ပါးတွင် သီလသည် ပထမဆုံးသော ကျင့်စဉ်ကဏ္ဍဖြစ်ပြီး သမာဓိနှင့် ပညာ တို့ ပွင့်လင်းလာစေရန်အတွက် မရှိမဖြစ် လိုအပ်သော အခြေခံအုတ်မြစ် ဖြစ်သည်။

အချို့သော သမာရိုးကျ အဓိပ္ပာယ်ဖွင့်ဆိုသူများက ဖောင်ဥပမာ (Raft simile) ကို အခြေခံ၍ သီလကို နိဗ္ဗာန်သို့ ကူးမြောက်ရာတွင် ယာယီအသုံးပြုရုံသက်သက်ဖြစ်သော ကြားခံကိရိယာအဖြစ်သာ ရှုမြင်လေ့ရှိကြသည်။ ဤရှုထောင့်အရ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ် (ရဟန္တာ) သည် ကျင့်ဝတ်စည်းမျဉ်းများကို ကျော်လွန်သွားပြီ (Amoral state သို့ ရောက်သွားသည်) ဟု ယူဆဖွယ်ရှိသည်။ သို့သော် ဤအမြင်ကို Damien Keown က ပြင်းပြင်းထန်ထန် ဝေဖန်ထားပြီး၊ သီလသည် နိဗ္ဗာန်၏ "ခွဲခြား၍မရသော ဒွန်တွဲပါဝင်ပြီးသား အရည်အသွေး" (Constituent of Nirvana itself) ဖြစ်ကြောင်း ခိုင်လုံစွာ ထောက်ပြထားပါသည်။ "ပညာသည် သီလဖြင့် သန့်စင်ပြီး သီလသည် ပညာဖြင့် သန့်စင်သည်" ဟူသော ဒေသနာတော်နှင့်အညီ၊ နိဗ္ဗာန်ဆိုသည်မှာ ကိုယ်ကျင့်တရား

ကင်းမဲ့နေသော အခြေအနေမဟုတ်ဘဲ စစ်မှန်သော ဉာဏ်ပညာနှင့် ပြစ်မျိုးမဲ့မထင် စင်ကြယ်သွားသော ကိုယ်ကျင့်တရား (သီလ) တို့ ပြီးပြည့်စုံစွာ ပေါင်းစပ်တည်ရှိနေသော အမြင့်ဆုံး လွတ်မြောက်မှုအခြေအနေသာ ဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။

References

Bodhi, Bhikkhu. Dhamma Reflections.

Bodhi, Bhikkhu. The Noble Eightfold Path.

Edelglass, W. Buddhist Ethics and Western Moral Philosophy.

Garfield, J. L. Buddhist Ethics as Moral Phenomenology.

Gombrich, R. F. Theravāda Buddhism.

Jayatilleke, K. N. Ethics in Buddhist Perspective.

Keown, D. Buddhist Ethics: A Very Short Introduction.

Keown, D. Buddhist Ethics: Reconciling Virtue and Happiness.

Keown, D. The Nature of Buddhist Ethics.

Nagananda International Institute for Buddhist Studies (NIIBS). Introduction to Ethics.

NIIBS. Motivation in Buddhist Ethics.

NIIBS. The Buddhist Criteria of Ethics.

Tilakaratne, A. Buddhist Ethics 2: Thinking of Foundations and Justification.

Tilakaratne, A. Buddhist Philosophy: Volume 1.

(၃) ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒနှင့် အနောက်တိုင်းဒဿနဗေဒန နှိုင်းယှဉ်ချက်

၁။ မက်တာကျင့်ဝတ် (Meta-Ethics) နှင့် စံပြုကျင့်ဝတ် (Normative Ethics) အကြား ချဉ်းကပ်မှု ကွဲလွဲခြင်း

အနောက်တိုင်းနှင့် ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒ နှိုင်းယှဉ်လေ့လာမှုတွင် မက်တာကျင့်ဝတ်နှင့် စံပြုကျင့်ဝတ်တို့၏ ကွဲပြားချက်သည် အဓိကအစပျိုးရာ အမှတ်ဆုံ ဖြစ်သည်။ William Edelglass ၏ လေ့လာချက်အရ အနောက်တိုင်းတွေးခေါ်ရှင်များသည် ကျင့်ဝတ်ဆိုင်ရာ အခြေခံမူများ၏ အရင်းအမြစ်နှင့် အတည်ပြုချက်များ (Meta-ethics) အပေါ်တွင် သမိုင်းတစ်လျှောက် အာရုံစိုက်ခဲ့ကြသော်လည်း၊ ဗုဒ္ဓဘာသာတွေးခေါ်ရှင်များသည် ကိုယ်ကျင့်တရား၏ အရင်းအမြစ်ကို မေးခွန်းထုတ်ရန်အတွက် စနစ်တကျ ဒဿနပိုင်းဆိုင်ရာ ဆန်းစစ်မှု (meta-ethical theorising) ပြုလုပ်လေ့ မရှိခဲ့ပေ။

ဤသို့ မက်တာကျင့်ဝတ်ပိုင်းဆိုင်ရာ(Meta-Ethics) ဆွေးနွေးမှုများ ကင်းမဲ့နေခြင်းမှာ ဗုဒ္ဓဘာသာ၏ ဒဿနပိုင်း လိုအပ်ချက်ကြောင့် မဟုတ်ဘဲ၊ ဗုဒ္ဓဘာသာ၏ အရှိတရား (Ontology) ကိုယ်တိုင်က "အချက်အလက် (Fact)" နှင့် "တန်ဖိုး (Value)" ကို ခွဲခြားမထားသောကြောင့် ဖြစ်သည်ဟု သုံးသပ်နိုင်သည်။ ဗုဒ္ဓဘာသာသည် "ကောင်းခြင်း" နှင့် "ဆိုးခြင်း" ၏ စိတ္တဇဆန်သော မက်တာကျင့်ဝတ်ဆိုင်ရာ သဘောတရားများ (Abstract meta-ethical foundations) ကို အငြင်းပွားနေမည့်အစား၊ ဒုက္ခချုပ်ငြိမ်းရေးဟူသော လွတ်မြောက်မှုပန်းတိုင် (Soteriological goal) အတွက် လုပ်ရပ်နောက်ကွယ်မှ စိတ်ပိုင်းဆိုင်ရာ အရင်းအမြစ် (Psychological roots) များပေါ်တွင်သာ အခြေခံ၍ ကိုယ်ကျင့်တရားကို ဆုံးဖြတ်ပါသည်။ သို့ဖြစ်ရာ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ် (kusala) မူလများနှင့် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ် (akusala) မူလများသည် စိတ်ကူးယဉ် တန်ဖိုးများမဟုတ်ဘဲ လက်တွေ့ သိမြင်ခံစားနိုင်သော စိတ်ပညာဆိုင်ရာ အရှိတရားများ ဖြစ်သွားပေသည်။

၂။ အနောက်တိုင်း စံပြုကျင့်ဝတ်စနစ်များ (Normative Ethics) အတွင်းသို့ သွတ်သွင်းခြင်း

ဗုဒ္ဓဘာသာကျမ်းစာများတွင် အနောက်တိုင်းကဲ့သို့ သီးခြားလွတ်လပ်သော "ကိုယ်ကျင့်တရားဒဿန" (Moral Philosophy) မရှိခဲ့သော်လည်း၊ မကြာသေးမီ ဆယ်စုနှစ်များအတွင်း ပညာရှင်များသည် ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒကို အနောက်တိုင်း စံပြုကျင့်ဝတ်ပညာ (Normative Ethics) ၏ အဓိက မဏ္ဍိုင်ကြီး ၃ ရပ်နှင့် စနစ်တကျ နှိုင်းယှဉ်ဆန်းစစ်ခဲ့ကြပါသည်။

(က) စာရိတ္တကျင့်ဝတ်ဗေဒ (Virtue Ethics)

Damien Keown က ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒသည် အရစ္စတိုတယ်၏ စာရိတ္တကျင့်ဝတ်ဗေဒနှင့် သဘောတရားရေးရာ ခိုင်မာသော ဆင်တူနီးနွယ်မှု (Strong conceptual affinity) ရှိကြောင်း တင်ပြခဲ့သည်။ ဤစနစ်နှစ်ခုစလုံးသည် လူသားတို့၏ အမြင့်ဆုံးသော ပန်းတိုင် (Summum Bonum) ဗုဒ္ဓဘာသာ၏ နိဗ္ဗာန်နှင့် အရစ္စတိုတယ်ဝါဒ၏ ယူဒိုင်းမိုးနီးယား (Eudaimonia) သို့ ရောက်ရှိရန် ကိုယ်ကျင့်တရားဆိုင်ရာ သီလစရိုက်များကို တဆင့်ချင်း စနစ်တကျ ပျိုးထောင်သည့် ရည်ရွယ်ချက်အခြေပြု (Teleological) စနစ်များ ဖြစ်ကြသည်။ သို့သော် ၎င်းတို့၏ မက်တာဖစ်ဇစ် (metaphysical) ခံယူချက်များတွင် ကြီးမားသော ကွဲလွဲချက်များ ရှိနေသည်။ အရစ္စတိုတယ်၏ ကျင့်ဝတ်သည် လူမှုအသိုင်းအဝိုင်းအတွင်း လက်တွေ့ "လုပ်ဆောင်ရန်" (dispositions to act) လှုံ့ဆော်မှုအပေါ် အာရုံစိုက်ပြီး လူသားဗဟိုပြု (Anthropocentric) ဆန်သည်။ ဗုဒ္ဓဘာသာသည် အနတ္တ (no-self) ဝါဒကို အခြေခံထားသဖြင့် "ရှုမြင်ပုံစနစ်ကို ပြုပြင်ပြောင်းလဲရန်" (dispositions to perceive) အဓိကထားကာ သက်ရှိအားလုံးပါဝင်သော စကြဝဠာဗဟိုပြု (Biocentric) ကျင့်ဝတ်စနစ်အဖြစ် ပိုမိုကျယ်ပြန့်စွာ ရပ်တည်နေသည်။

(ခ) အကျိုးဆက်အခြေပြုကျင့်ဝတ်ဗေဒ (Consequentialism)

ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒကို စာရိတ္တကျင့်ဝတ်ဗေဒမှတစ်ဆင့် ရှုမြင်နိုင်သကဲ့သို့ပင်၊ Charles Goodman ကဲ့သို့သော ပညာရှင်များက ဆင်းရဲဒုက္ခကင်းဝေးရေး ဟူသော ရလဒ်ကို အလေးပေးသည့် "စရိုက်လက္ခဏာ အခြေပြု အကျိုးဆက်ဝါဒ" (Character Consequentialism) အဖြစ် ဖွင့်ဆိုရန် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် မဟာယာန အစဉ်အလာတွင် ဥပါယကောသလ္လ (upāya / ကျွမ်းကျင်လိမ္မာသော နည်းလမ်း) သဘောတရားအရ ဘုရားလောင်းများသည် ပိုမိုကြီးမားသော ကောင်းကျိုးအတွက်

သမရိုးကျ ကိုယ်ကျင့်တရား စည်းမျဉ်းများကို ချိုးဖောက်ခွင့်ရှိသည်ဟု ယူဆခြင်းက အနောက်တိုင်း အသုံးဝင်မှုဝါဒ (Utilitarianism) နှင့် ဆင်တူနေသည်။ သို့သော် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ၏ အစဉ်အလာများကို ရောထွေးရှုမရနိုင်ပါ။ မဟာယာန၏ Upāya သည် ရလဒ်ပိုင်းကို အလေးပေးကောင်း ပေးနိုင်သော်လည်း၊ ရှေးဦးဗုဒ္ဓဘာသာ ကျင့်ဝတ်သည် လုပ်ရပ်မပြုလုပ်မီ နောက်ကွယ်က စေတနာစိတ်ရင်း (cetanā / motive) ကိုသာ အဓိက ပထမဦးစားပေး စဉ်းစားပါသည်။ ရလဒ်မည်မျှပင် ကောင်းစေကာမူ အကုသိုလ်စိတ်ဖြင့် ပြုလုပ်ပါက ချမ်းသာဖွယ်ရာ ကမ္မဝိပါက ကို မဖြစ်ထွန်းစေနိုင်ပါ။ ထို့ကြောင့် ဗုဒ္ဓဘာသာကို အကျိုးဆက်ဝါဒ (Consequentialism) စစ်စစ်အဖြစ် သတ်မှတ်ရန်မှာ လုံလောက်သော ခိုင်လုံမှုမရှိပေ။

(ဂ) တာဝန်သိကျင့်ဝတ်ဗေဒ (Deontology)

ဗုဒ္ဓဘာသာ၏ ငါးပါးသီလကဲ့သို့သော ခြွင်းချက်မရှိ တရားသေ စောင့်ထိန်းရမည့် ကိုယ်ကျင့်တရား စည်းမျဉ်းများသည် အီမန်နျူရယ် ကန့်တ် (Immanuel Kant) ၏ ကိုယ်ကျင့်တရား တာဝန်ဝတ္တရား (Categorical imperatives) နှင့် ဖွဲ့စည်းပုံချင်း များစွာ တူညီနေပါသည်။ ကမ္မနိယာမကြောင့် ကျင့်ဝတ်ဆိုင်ရာ နောက်ဆက်တွဲရလဒ်များကို မလွဲမသွေ ခံစားရခြင်းက တာဝန်သိစောင့်ထိန်းမှုကို အားကောင်းစေသည်။ သို့သော် ကန့်တ်၏ စနစ်သည် တာဝန် (Duty) နှင့် စိတ်ခံစားမှု (Emotion) ကို ပြတ်သားစွာ ခွဲခြားထားသော်လည်း၊ ဗုဒ္ဓဘာသာတွင် ဆင်ခြင်တုံတရား (ပညာ) နှင့် ကောင်းမြတ်သော စိတ်ခံစားမှု (မေတ္တာ၊ ကရုဏာ) တို့သည် အပြန်အလှန် ပူးပေါင်းရမည့် မိတ်ဖက်များဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ကန့်တ်၏ ကျင့်ဝတ်သည် လွတ်လပ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် "လုပ်ဆောင်သူ" (Autonomous subject) ကို အခြေခံသော်လည်း၊ ဗုဒ္ဓဘာသာ၏ အနတ္တဝါဒအရ "အပြုအမူလုပ်ဆောင်သူ" ဆိုသည်မှာ

အကြောင်းတရားများကြောင့် ဖြစ်ပေါ်နေသော ရုပ်နာမ်ဖြစ်စဉ် အစဉ်အတန်း မျှသာဖြစ်သဖြင့် ကန့်တ်၏ မက်တာဖစ်ဇစ် အုတ်မြစ်နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေပါသည်။

၃။ ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ (Moral Phenomenology)

အထက်ပါအတိုင်း အနောက်တိုင်း စံပြုကျင့်ဝတ် မဏ္ဍိုင်ကြီးများနှင့် နှိုင်းယှဉ်ချက်များ ရှိနေသော်လည်း၊ ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒကို ဤအနောက်တိုင်း ပုံစံခွက်များအတွင်း အတင်းအဓမ္မ သွတ်သွင်းခြင်း (Forced conceptual assimilation) သည် ၎င်း၏ ထူးခြားဆန်းသစ်သော လက္ခဏာရပ်များကို ပျက်ယွင်းစေနိုင်သည်။ ထို့ကြောင့် Jay L. Garfield အကြံပြုထားသည့်အတိုင်း ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒအား "ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ" (Moral Phenomenology) အဖြစ် ချဉ်းကပ်ခြင်းကသာ အသင့်တော်ဆုံးနှင့် အတိကျဆုံး ဖြစ်ပါသည်။

ဤချဉ်းကပ်မှုအရ ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒ၏ အခြေခံအကျဆုံးသော ပန်းတိုင်မှာ ပြင်ပရလဒ်များကို တွက်ချက်ရန် (Consequentialism) သို့မဟုတ် ပြင်ပစည်းမျဉ်းများကို မျက်ကန်းတမ်း လိုက်နာရန် (Deontology) မဟုတ်ဘဲ၊ ပုဂ္ဂလဓိဋ္ဌာန် အတွေ့အကြုံ (First-person experience) ၏ ရှုမြင်ပုံစနစ်ကို အသွင်ကူးပြောင်းရန် ဖြစ်သည်။ "ငါ" ဟူသော စွဲလမ်းမှု (အတ္တဒိဋ္ဌိ) ကို ဉာဏ်ပညာဖြင့် ဖယ်ရှားနိုင်သောအခါ၊ မည်သည့် တွက်ချက်မှု သို့မဟုတ် တာဝန်ဝတ္တရားမျှ မပါဝင်သော စစ်မှန်သည့် သဘာဝစာနာကရုဏာစိတ်ဖြင့် ပြုလုပ်သော အပြုအမူကောင်းများသည် သဘာဝအလျောက် အလိုအလျောက် တိုက်ရိုက် စီးဆင်းထွက်ပေါ်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဗုဒ္ဓကျင့်ဝတ်ဒဿနဗေဒသည် ကျင့်ဝတ်ဆိုင်ရာ ဥပဒေသများကို လိုက်နာခြင်းသက်သက် မဟုတ်ဘဲ၊ အရှိတရားကို

မှန်ကန်စွာ မြင်တွေ့နိုင်ရန် စိတ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲသည့် ပြီးပြည့်စုံသော လွတ်မြောက်ရေးကျင့်စဉ် တစ်ရပ်အဖြစ် ခိုင်မာစွာ ကောက်ချက်ချအပ်ပါသည်။

အနောက်တိုင်း ဒဿနမှာ Ethics နှင့်စပ်လျဉ်းတဲ့ အမြင်သုံးမျိုး ရှိတယ်။

* ပထမအုပ်စုက ကိုယ်ကျင့်တရားဆိုတာ (အကျိုးဆက်ကို ကြည့်မနေဘဲ) မကောင်းမှု ရှောင်, ကောင်းမှုဆောင်ရမယ့် တာဝန်ဝတ္တရား ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ ဒါကို Deontological Ethics လို့ ခေါ်လေ့ ရှိပါတယ်။ 'deon' ဆိုတာက လိုက်နာရမယ့် ဝတ္တရားကို ဆိုလိုတာပါ။ ဂျာမာန် ဒဿနပညာရှင် Immanuel Kant ရဲ့ အတွေးအခေါ်ကို အခြေခံလို့ Kantian Ethics လို့လည်း ခေါ်လေ့ ရှိပါတယ်။

* ဒုတိယအုပ်စုကတော့ ကိုယ်ကျင့်တရားဆိုတာက ရလာမယ့် အကျိုးဆက်ကို အခြေခံပြီး အမှား-အမှန်ကို ဆုံးဖြတ်တာ ဖြစ်လို့ Consequentialism လို့ ခေါ်လေ့ ရှိတယ်။ အင်္ဂလိပ် အတွေးအခေါ်ပညာရှင် Jeremy Bentham တို့ John Stuart Mill တို့က ဒီအုပ်စုမှာ ပါတယ်။

* ဂရိအတွေးခေါ် ပညာရှင် အရစ္စတိုတယ်ရဲ့ "ချမ်းသာသုခ (eudaimonia) ဆိုသည်မှာ သူတော်ကောင်းတရားနှင့် အညီ ကျင့်ကြံပြုမူခြင်းပင် ဖြစ်သည်" ဆိုတဲ့ အယူအဆကို အခြေခံပြီး မိမိသန္တာန်မှာ စိတ်နှလုံး ဖြူစင်ကောင်းမွန်ရေးကို ပဓာနထားတဲ့ Virtue Ethics ကတော့ တတိယအုပ်စု ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာကို အနောက်တိုင်း ရှုထောင့်ကနေ လေ့လာသူတွေက ဗုဒ္ဓရဲ့ ကိုယ်ကျင့်အဘိဓမ္မာက ဘယ်အုပ်စုထဲမှာ ပါသလဲဆိုတာကို ဝေဖန်ဆန်းစစ်ပြီး စာတမ်းတွေ ပြုစုကြပါတယ်။ မိမိရဲ့ အမြင်ကတော့ ဗုဒ္ဓအဆုံးအမကို အနောက်တိုင်း ဒဿနရဲ့ အမြင် သုံးမျိုးလုံးကနေ ကြည့်လို့ရတယ်လို့ ယူဆပါတယ်။

နေတ္တိကျမ်းလာ စာဖတ်နည်းနဲ့ သုံးသပ်ကြည့်မယ်ဆိုရင် Consequentialism က အကျိုးတရားဆိုတဲ့ #ဖလ (fruit) ရှုထောင့်, Virtue Ethics' က အကျိုးရစေနိုင်မယ့် အကြောင်းတရား, နည်းလမ်းဆိုတဲ့ #ဥပါယ (means) ရှုထောင့်, Deontological Ethics က အကျိုးစီးပွားကို ရစေနိုင်ဖို့ ဆုံးမတိုက်တွန်းတဲ့ #အာဏာတ္တိ (Injunction) ရှုထောင့်လို့ ဆိုနိုင်ပါတယ်။

* မိဘတွေက အသိဉာဏ် နုသေးတဲ့ သားသမီး ငယ်လေးတွေကို ဆုံးမတဲ့ အခါ "မဆဲရဘူး, လိမ် မပြောရဘူး, လူကြီးသူမကို ရိုသေရမယ်", "သားသမီးကျင့်ဝတ်, တပည့်ကျင့်ဝတ် ဆိုတာ ဒါတွေပဲ" စသဖြင့် ရှောင်ရန်ဆောင်ရန်တွေကို တာဝန်တခု အနေနဲ့ လုပ်ဖို့ တိုက်တွန်းစေခိုင်းရပါတယ် (အာဏာတ္တိ ရှုထောင့်)။ ကလေးတွေကလည်း မိဘကို ချစ်ကြောက်ရိုသေတဲ့ စိတ်နဲ့ပဲ ခိုင်းတာကို လုပ်ကြပါတယ်။

* "ဒါတွေ လုပ်ရင် ဒီလို အကျိုးတွေကို ရမယ်" ဆိုတာကို အကျိုးသင့်အကြောင်းသင့် ဆင်ခြင် နားလည်နိုင်တဲ့ အရွယ် ရောက်လာတော့၊ "ဟိုဟာ မလုပ်နဲ့ ဒီဟာ မလုပ်နဲ့"လို့ စေခိုင်းတာ မျိုးထက်၊ အကျိုးဆက်တွေကို နားလည်အောင် ရှင်းပြပေးရပါတယ် (ဖလ ရှုထောင့်)။ ဥပမာ "လိမ် မပြောရဘူး" ဆိုပေမယ့် ကိုယ်က အမှန်အတိုင်း ပြောလိုက်လို့ တဖက်သား ဒုက္ခ ရောက်သွားမယ် ဆိုရင် "မှန်တိုင်း ပြောသင့်သလား" ဆိုတာက စဉ်းစားစရာ ဖြစ်လာတယ်။ အကျိုးဆက်ကို မှန်းဆ ဆင်ခြင်နိုင်စွမ်း မရှိခဲ့ရင်တော့ ရှေးလူကြီးသူမတွေ ဆုံးမထားတဲ့ ထုံးကိုပဲ လိုက်နာကြရပါတယ်။

* အကယ်၍ ကလေးတွေရဲ့ ရင်ထဲမှာ သူတော်ကောင်းတရားတွေ ကိန်းသွားပြီ ဆိုရင်တော့ မိဘဆရာသမားတွေကနေ ခိုင်းမှ မဟုတ်ဘဲ၊ အကျိုးရလဒ်တွေ ရမှရယ်လို့

မဟုတ်ဘဲ မကောင်းမှုကို ရှောင်ကြဉ်တာ ကောင်းမှုကို လုပ်ဆောင်တာက သူတို့ရဲ့ စရိုက်သဘာဝ ဖြစ်သွားပါလိမ့်မယ်။ ဒီတော့ စည်းကမ်းချက်တွေ, အကျိုးရလဒ်တွေကို သိပ်ဦးစားပေး မနေတော့ဘဲ၊ "မကောင်းမှုရှောင်, ကောင်းမှုဆောင်" ခြင်းရဲ့ အခြေခံအကြောင်းတရား ဖြစ်တဲ့ စိတ်ထား ဖြူစင် မြင့်မြတ်ရေးကို ရည်မှန်းရပါတယ် (ဥပါယ ရှုထောင့်)။

ပထမအဆင့်မှာ ရတနာသုံးပါး မိဘဆရာသမားတွေကို ကြည်ညိုစိတ်, ယုံကြည်စိတ် သဒ္ဓါတရားနဲ့ 'ရှောင်ရန် ဆောင်ရန်' ကို သိအောင် လုပ်ထားတဲ့ #သုတမယဉာဏ်ကို အခြေခံပါတယ်။ ဒုတိယအဆင့်မှာ အကျိုးအကြောင်းကို စဉ်စားဆင်ခြင်နိုင်တဲ့ #စိန္တာမယဉာဏ်ကို အခြေခံပါတယ်။ တတိယအဆင့်မှာတော့ ကိုယ့်ရင်ထဲမှာ သူတော်ကောင်း စိတ်ဓာတ် ကိန်းလာအောင် ပွားများ လေ့ကျင့်တဲ့ #ဘာဝနာမယဉာဏ်ကို အခြေခံပါတယ်။

ကျမ်းကိုးစာရင်း

Asanga Tilakaratne, *Buddhist Philosophy: Volume 1*

Asanga Tilakaratne, *Buddhist Ethics 2: Thinking of Foundations and Justification*

Bhikkhu Bodhi, *Dhamma Reflections*

Bhikkhu Bodhi, *The Noble Eightfold Path*

Damien Keown, *Buddhist Ethics: A Very Short Introduction*

Damien Keown, *Buddhist Ethics: Reconciling Virtue and Happiness*

Damien Keown, *The Nature of Buddhist Ethics*

Jay L. Garfield, *Buddhist Ethics as Moral Phenomenology*

K. N. Jayatilleke, *Ethics in Buddhist Perspective*

NIIBS, *Introduction to Ethics*

Richard F. Gombrich, *Theravāda Buddhism*

William Edelglass, *Buddhist Ethics and Western Moral Philosophy*

(၄) အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဓမ္မဓိဋ္ဌာန်ကျကျ မည်သို့ဆုံးဖြတ်မည်နည်း

အစောပိုင်းဗုဒ္ဓဘာသာကျမ်းစာများလာ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများအပေါ် ဝေဖန်ပိုင်းခြားသည့် လေ့လာချက်

How Are Right and Wrong Objectively Determined? The Ethical Criteria in the Early Buddhist Texts

ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများသည် ခေတ်ကာလ၊ ယဉ်ကျေးမှုနှင့် နေရာဒေသအလိုက် အမြဲပြောင်းလဲနေသော နှိုင်းရသဘောတရား (relative concept) သက်သက်သာ ဖြစ်ပါသလား။ ခေတ်သစ်အနောက်တိုင်း ကျင့်ဝတ်ဒဿနတွင် ကျင့်ဝတ်နှိုင်းရဝါဒ (ethical relativism) ကို ထောက်ခံသူများက ကောင်းခြင်းဆိုးခြင်းဟူသည် လူ့အဖွဲ့အစည်းတစ်ခုချင်းစီ၏ သဘောတူညီချက်ထက် ကျော်လွန်သော အခြေခံမရှိဟု ယူဆတတ်ကြပါသည်။ ဤစိန်ခေါ်မှုကို ဗုဒ္ဓဘာသာကျင့်ဝတ်ဒဿန၏ ရှုထောင့်မှ မည်သို့ဖြေဆိုနိုင်မည်နည်းဟူသော မေးခွန်းသည်

ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ (Buddhist ethics) ဟူသော ပညာရပ်နယ်ပယ်၏ အခြေခံအကျဆုံး ပြဿနာရပ်တစ်ခု ဖြစ်ပါသည် ။

အစောပိုင်းဗုဒ္ဓဘာသာကျမ်းစာများကို စိစစ်လေ့လာကြည့်လျှင် ကောင်းခြင်းဆိုးခြင်းကို ယဉ်ကျေးမှုအလိုက် သတ်မှတ်သည့် အယူအဆမျိုးကို လက်မခံသည့် အထောက်အထားများ ထင်ရှားစွာ တွေ့ရပါသည်။ ရစ်ချတ် ဂွမ်းဘရစ်ချ် (Richard Gombrich) က ထောက်ပြသည့်အတိုင်း မြတ်စွာဘုရားရှင်သည် ကံကို စေတနာအဖြစ် အနက်ပြန်ဆိုလိုက်ခြင်းဖြင့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးဖြတ်မှုကို လူတန်းစား၊ ဇာတ်နှင့် ယဇ်ပူဇော်မှုဆိုင်ရာ ပြင်ပအခမ်းအနားများမှ လွတ်မြောက်စေကာ လူသားတိုင်း၏ စိတ်အတွင်းသန္တာန်သို့ ရွှေ့ပြောင်းပေးခဲ့ပြီး၊ ဤသို့ဖြင့် ကျင့်ဝတ်တန်ဖိုးများကို ဇာတ်ဇာတိနှင့် ဓလေ့ထုံးတမ်းတို့မှ လွတ်ကင်းသော ဘုံဆိုင် (universal) စံနှုန်းများအဖြစ် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဗုဒ္ဓဘာသာကျမ်းစာများသည် ယဉ်ကျေးမှုအရ ပြောင်းလဲနိုင်သော အပိုင်းကိုလည်း ငြင်းဆိုထားခြင်း မရှိပါ။ ဝိနည်းသိက္ခာပုဒ်အချို့ကဲ့သို့သော အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းသဘောဆောင်သည့် စည်းကမ်းများသည် ဒေသနှင့်အခါအလိုက် ပြင်ဆင်နိုင်သော သဘောရှိသည်ဖြစ်ရာ၊ မြတ်စွာဘုရားရှင်ကိုယ်တိုင် ပရိနိဗ္ဗာန်မစံမီ သိက္ခာပုဒ်ငယ်များကို ပယ်ဖျက်နိုင်ခွင့် ပြုခဲ့ကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ လာရှိပါသည်။ သို့ရာတွင် စေတနာ၏ ကံအကျိုးပေးနိယာမကဲ့သို့သော အခြေခံသဘောတရားများမှာမူ အချိန်နေရာမရွေး တည်မြဲသော နိယာမသဘောဖြင့် ဟောကြားထားခြင်းဖြစ်ပါသည်။ ဤသို့ ပြောင်းလဲနိုင်သော စည်းမျဉ်းစည်းနှင့် တည်မြဲသော ကျင့်ဝတ်နိယာမကို ခွဲခြားနိုင်ခြင်းသည်ပင် ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်၏ ရင့်ကျက်မှုကို ပြသနေပါသည်။

သိသာထင်ရှားသော အချက်မှာ ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်စနစ်သည် ဖန်ဆင်းရှင်၏ အမိန့်တော် သို့မဟုတ် ဒဏ္ဍာရီများအပေါ် အခြေခံထားခြင်းမရှိဘဲ၊ စိတ်ပိုင်းဆိုင်ရာ သဘာဝနိယာမများနှင့် လက်တွေ့အကျိုးဆက်များအပေါ်တွင်သာ အခြေခံ၍ ဓမ္မဓိဋ္ဌာန်ကျကျ စမ်းသပ်စစ်ဆေးနိုင်ခြင်းပင် ဖြစ်ပါသည်။ ကေအန် ဇယတိလက (K. N. Jayatilleke) က ဗုဒ္ဓဘာသာကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် "ကျင့်ဝတ်ဆိုင်ရာ အချက်အလက်များကို စိတ်ပညာနှင့် အကြောင်းအကျိုးဆက်စပ်မှုရှုထောင့်မှ စိစစ်နိုင်သော" သဘောရှိကြောင်း ထောက်ပြခဲ့ပြီး၊ အာဘရာဟမ် ဗေးလက်စ် ဒေ စေအာ (Abraham Vélez de Cea) ကလည်း ပါဠိနိကာယ်များလာ ကောင်းမှု၏စံနှုန်းများသည် စိတ်အခြေခံသက်သက်မဟုတ်ဘဲ လုပ်ရပ်၏အကြောင်းအရာနှင့် မိမိသူတစ်ပါးတို့၏ ချမ်းသာသုခအပေါ် သက်ရောက်သည့် အကျိုးဆက်များပါ ပါဝင်သည့် ကိုယ်ကျင့်တရားဆိုင်ရာ အမှန်တရားဝါဒ (moral realism) ၏ လက္ခဏာများကို ဆောင်ကြောင်း ဆွေးနွေးခဲ့ပါသည်။ အာသင်္ဂ တိလကရတန (Asanga Tilakaratne) နှင့် ဒါမီယန် ကီအွန်း (Damien Keown) တို့၏ သုံးသပ်ချက်များအရလည်း အစောပိုင်းဗုဒ္ဓစာပေများတွင် လုပ်ရပ်တစ်ခု၏ အမှားအမှန်ကို တိုင်းတာရန် ခွဲခြမ်းစိတ်ဖြာနိုင်သော ဓမ္မဓိဋ္ဌာန်ကျသည့် စံနှုန်းများ စနစ်တကျ ရှိနေပါသည်။ ထိုစံနှုန်းများကို (၁) စေ့ဆော်မှုစံနှုန်း၊ (၂) အကျိုးဆက်စံနှုန်း၊ (၃) အာဓိပတေယျ ခေါ် မဟာပေတံသုံးရပ် ဟူ၍ သုံးပိုင်းခွဲကာ ကျမ်းစာအထောက်အထားများဖြင့် ဆန်းစစ်တင်ပြသွားမည် ဖြစ်ပါသည်။

ပထမစံနှုန်း - နောက်ကွယ်မှ စေတနာတွန်းအားကို ဆန်းစစ်ခြင်း

ဗုဒ္ဓဘာသာကျင့်ဝတ်တွင် ကိုယ်၊ နှုတ်၊ စိတ်ဟူသော တံခါးသုံးပေါက်မှ ဖြစ်ပေါ်လာသည့် လုပ်ရပ်တစ်ခု၏ ကျင့်ဝတ်ဆိုင်ရာတန်ဖိုးကို

အဓိကသတ်မှတ်ပြဋ္ဌာန်းပေးသော အချက်မှာ ထိုလုပ်ရပ်ကို မောင်းနှင်နေသည့် ကိုယ်ကျင့်တရားဆိုင်ရာ စေ့ဆော်မှု သို့မဟုတ် စေတနာပင် ဖြစ်ပါသည်။ နိဗ္ဗေဓိကသုတ် (AN 6.63) လာ —

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဝာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ရဟန်းတို့၊ စေတနာကိုသာ ကံဟူ၍ ငါဘုရား ဟောတော်မူ၏။ စေတနာရှိ၍ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကံကို ပြုလုပ်၏ ။

ဟူသော ဒေသနာသည် ဗုဒ္ဓဘာသာကျင့်ဝတ်၏ ပင်မကျောရိုး ဖြစ်ပါသည်။ ဤအနက်ပြန်ဆိုမှု၏ သမိုင်းဝင်အရေးပါမှုကို ဂွမ်းဘရစ်ချ်က "စကြဝဠာသမိုင်းတွင် အလှည့်အပြောင်းတစ်ရပ်" ဟူ၍ပင် တင်စားဖော်ပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကံကို ယဇ်ပူဇော်မှုအခမ်းအနားဆိုင်ရာ ပြင်ပလုပ်ရပ်အဖြစ် သတ်မှတ်သည့် ဗြာဟ္မဏအယူအဆကို ပယ်လှန်ကာ၊ ကျင့်ဝတ်ဆိုင်ရာ တာဝန်ခံမှုကို လူသားတစ်ဦးချင်းစီ၏ စိတ်ဆန္ဒနှင့် ရွေးချယ်မှုအပေါ် တည်စေလိုက်ခြင်းကြောင့် ဖြစ်ပါသည် ။

စေတနာကို အကဲဖြတ်ရာတွင် ဗုဒ္ဓဘာသာကျင့်ဝတ်သည် စိတ်၏အရင်းခံမူလ (မူလ) ခြောက်ပါးကို ခွဲခြမ်းစိတ်ဖြာမှု၏ အခြေခံအဖြစ် အသုံးပြုပါသည်။ သမ္မာဒိဋ္ဌိသုတ် (MN 9) တွင် ရှင်သာရိပုတ္တရာက အကုသိုလ်၏ အရင်းအမြစ်မှာ လောဘ၊ ဒေါသ၊ မောဟ သုံးပါးဖြစ်ပြီး၊ ကုသိုလ်၏ အရင်းအမြစ်မှာ အလောဘ၊ အဒေါသ၊ အမောဟ သုံးပါးဖြစ်ကြောင်း ရှင်းလင်းဟောကြားထားပါသည်။ လုပ်ရပ်တစ်ခုသည် လောဘ၊ ဒေါသ၊ မောဟဟူသော ညစ်နွမ်းသည့် စိတ်အခံများကို အခြေခံထားပါက ထိုလုပ်ရပ်သည် စိတ်ကို ညစ်နွမ်းစေပြီး ဆင်းရဲဒုက္ခကို ဦးတည်စေသောကြောင့် အကုသိုလ်ဖြစ်ပြီး၊ စွန့်ကြဲပေးကမ်းလိုစိတ် (အလောဘ)၊ မေတ္တာကရုဏာ (အဒေါသ) နှင့် အသိဉာဏ်ပညာ

(အမောဟ) တို့ကို အခြေခံထားပါက ကုသိုလ်ဖြစ်ပါသည်။ ပီတာ ဟာဗေး (Peter Harvey) က ဤမူလသုံးပါးစနစ်သည် လုပ်ရပ်များ၏ ကျင့်ဝတ်တန်ဖိုးကို ခွဲခြားရာတွင် စိတ်ပညာဆန်သော၊ စမ်းသပ်စစ်ဆေး၍ရသော အခြေခံတစ်ရပ်ကို ပေးစွမ်းကြောင်း သုံးသပ်ထားပါသည် ။

ဤစံနှုန်း၏ ဓမ္မဓိဋ္ဌာန်ကျမှုကို ထင်ရှားစေသည့် ကျမ်းစာအထောက်အထားမှာ ကေသမုတ္တိသုတ် (ကာလာမသုတ်၊ AN 3.65) ဖြစ်ပါသည်။ ထိုသုတ်တွင် မြတ်စွာဘုရားရှင်သည် ကာလာမသားတို့အား ရိုးရာအစဉ်အလာ၊ ကျမ်းဂန်စာပေ၊ ဆရာသမားတို့၏ ဩဇာအာဏာတို့ကို မျက်စိမှိတ်ယုံကြည်ရန် မလိုကြောင်း၊ ယင်းအစား လောဘ၊ ဒေါသ၊ မောဟတို့သည် လူ့သန္တာန်၌ ဖြစ်ပေါ်လာသောအခါ အကျိုးရှိရန်အတွက်လော အကျိုးမဲ့ရန်အတွက်လောဟု မိမိကိုယ်တိုင် လက်တွေ့ဆင်ခြင်သုံးသပ်ကြည့်ရန် တိုက်တွန်းထားပါသည်။ ဤသည်မှာ ကျင့်ဝတ်ဆိုင်ရာ အသိတရားကို ပြင်ပဩဇာအာဏာအပေါ် မှီခိုခြင်းမှ လွတ်မြောက်စေပြီး လူတိုင်းစမ်းသပ်နိုင်သော စိတ်ပညာဆိုင်ရာ တွေ့ရှိချက်များအပေါ် အခြေခံစေခြင်းဖြစ်ရာ၊ ဗုဒ္ဓဘာသာကျင့်ဝတ်၏ လက်တွေ့စမ်းသပ်နိုင်သည့် (empirically testable) သဘောကို ထင်ရှားစေပါသည် ။

ဒုတိယစံနှုန်း- လက်တွေ့အကျိုးဆက်ကို တိုင်းတာခြင်း

လုပ်ရပ်တစ်ခု၏ တန်ဖိုးကို ဆုံးဖြတ်ရာတွင် စေတနာသည် အဓိကမောင်းနှင်အား ဖြစ်သော်လည်း၊ ဗုဒ္ဓဘာသာကျင့်ဝတ်သည် အတွင်းစိတ်သက်သက်၌သာ ရပ်တန့်မနေဘဲ ပြင်ပလက်တွေ့လောကအပေါ် သက်ရောက်မှုကိုလည်း အလေးထားပါသည်။ ဤအချက်ကို ထင်ရှားစွာ ဖော်ပြသည့် ကျမ်းစာမှာ ရှင်အာနန္ဒာနှင့် ကောသလတိုင်း ပသေနဒိမင်းကြီးတို့ အစိရဝတီမြစ်ကမ်း၌ ဆွေးနွေးကြသည့် ဗာဟိတိကသုတ် (MN 88) ဖြစ်ပါသည်။ မင်းကြီးက

"ပညာရှိသမဏဗြာဟ္မဏတို့ ကဲ့ရဲ့အပ်သော ကိုယ်အမူအရာကား အဘယ်နည်း" ဟု မေးမြန်းရာ ရှင်အာနန္ဒာက အဆင့်ဆင့် ဖြေကြားသွားပုံမှာ ကျင့်ဝတ်ခွဲခြမ်းစိတ်ဖြာမှု၏ နမူနာကောင်းတစ်ရပ် ဖြစ်ပါသည်။ ကဲ့ရဲ့အပ်သော အပြုအမူဟူသည် အကုသိုလ်အပြုအမူ၊ အကုသိုလ်အပြုအမူဟူသည် အပြစ်တင်ဖွယ် (သာဝဇ္ဇ) အပြုအမူ၊ အပြစ်တင်ဖွယ်အပြုအမူဟူသည် ဆင်းရဲခြင်းအကျိုးရှိသော (ဒုက္ခဝိပါက) အပြုအမူဖြစ်ပြီး၊ အဆုံးစွန်အားဖြင့် —

မိမိကိုလည်း ဆင်းရဲစေခြင်းငှာ (အတ္တဗျာဗာဓာယ)၊ သူတစ်ပါးကိုလည်း ဆင်းရဲစေခြင်းငှာ (ပရဗျာဗာဓာယ)၊ နှစ်ဦးစလုံးကိုလည်း ဆင်းရဲစေခြင်းငှာ ဖြစ်သော၊ အကုသိုလ်တရားတို့ တိုးပွားး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်စေသော အပြုအမူမှန်သမျှသည် ပညာရှိတို့ ကဲ့ရဲ့အပ်သော အပြုအမူဖြစ်၏ ။

ဟူ၍ ဖွင့်ဆိုထားပါသည်။ ပြောင်းပြန်အားဖြင့် မည်သူ့ကိုမျှ မထိခိုက်စေဘဲ မိမိရော သူတစ်ပါးပါ ကောင်းကျိုးချမ်းသာ တိုးပွားစေသော လုပ်ရပ်မှန်သမျှသည် အပြစ်ကင်းသော (အနဝဇ္ဇ) ကုသိုလ်လုပ်ရပ် ဖြစ်ပါသည်။ *ဤသုတ်၏ ထူးခြားချက်မှာ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးဖြတ်မှုကို စိတ်ပညာဆိုင်ရာ ရှုထောင့် (ကုသလ-အကုသလ)၊ လူမှုရေးရှုထောင့် (သာဝဇ္ဇ-အနဝဇ္ဇ)၊ အကျိုးဆက်ရှုထောင့် (ဒုက္ခဝိပါက-သုခဝိပါက) ဟူသော ရှုထောင့်များစွာမှ ပေါင်းစပ်ချဉ်းကပ်ထားခြင်းဖြစ်ပြီး၊ ကျင့်ဝတ်ဆုံးဖြတ်မှုသည် အချက်တစ်ချက်တည်းအပေါ် မတည်မှီကြောင်း ပြသနေခြင်းပင် ဖြစ်ပါသည် ။*

ထိခိုက်နစ်နာမှုစံနှုန်း (harm criterion) ကို လက်တွေ့ကျင့်သုံးနည်းအဖြစ် အသေးစိတ်ညွှန်ကြားထားသည့် ကျမ်းစာမှာ မြတ်စွာဘုရားရှင်က သားတော်ရာဟုလာအား ဟောကြားတော်မူသော အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် (MN 61) ဖြစ်ပါသည်။ မှန်သည် အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်ရန်အတွက် ဖြစ်သကဲ့သို့ လုပ်ရပ်တစ်ခုကို မပြုလုပ်မီ၊

ပြုလုပ်နေဆဲနှင့် ပြုလုပ်ပြီးချိန်တိုင်း၌ "ဤလုပ်ရပ်သည် မိမိကို ထိခိုက်စေမည်လော၊ သူတစ်ပါးကို ထိခိုက်စေမည်လော၊ နှစ်ဦးစလုံးကို ထိခိုက်စေမည်လော" ဟု အမြဲမပြတ် အကဲဖြတ်ဆင်ခြင်ရန် လမ်းညွှန်ထားပါသည်။ ကီအွန်းက ဤသုတ်ကို ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်ဆိုင်ရာ ဆင်ခြင်ဉာဏ်လေ့ကျင့်ရေး (moral reflection) ၏ အခြေခံပုံစံအဖြစ် ညွှန်းဆိုပြီး၊ ဤဆင်ခြင်နည်းသည် စေတနာစစ်ဆေးမှုနှင့် အကျိုးဆက်မျှော်တွေးမှုကို လက်တွေ့ဘဝ၌ ပေါင်းစပ်ကျင့်သုံးစေသည့် နည်းလမ်းဖြစ်ကြောင်း သုံးသပ်ထားပါသည် ။

စေတနာနှင့် အကျိုးဆက်အကြား ပဋိပက္ခ

ဤနေရာတွင် ဒဿနပိုင်းဆိုင်ရာ မေးခွန်းတစ်ခု ထွက်ပေါ်လာပါသည်။ စေတနာကောင်းသော်လည်း ရလဒ်အနေဖြင့် သူတစ်ပါးကို မတော်တဆ ထိခိုက်နစ်နာသွားစေလျှင် ဗုဒ္ဓဘာသာက မည်သို့ ဆုံးဖြတ်မည်နည်း။ ဤပြဿနာကို နားလည်ရန် ဗုဒ္ဓခေတ် အိန္ဒိယဒဿနလောက၏ နောက်ခံကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပါလိသုတ် (MN 56) တွင် ဂျိန်းဘာသာဝင် ဒီဃတပဿီနှင့် မြတ်စွာဘုရားရှင်တို့၏ အချေအတင်ဆွေးနွေးမှုအရ၊ နိဂဏ္ဌနာဋပုတ္တ၏ ဂျိန်းဂိဏ်းသည် ကာယကံ (ရုပ်ပိုင်းဆိုင်ရာ လုပ်ရပ်) ကို အကြီးလေးဆုံး အပြစ်အဖြစ် သတ်မှတ်သော်လည်း၊ မြတ်စွာဘုရားရှင်ကမူ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးအနက် မနောကံ (စိတ်ပိုင်းဆိုင်ရာ လုပ်ရပ်) ကို အလေးနက်ဆုံးအဖြစ် ဟောကြားတော်မူပါသည်။ ဂျိန်းဝါဒသည် ရည်ရွယ်ချက် မည်သို့ပင်ရှိစေကာမူ ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်ကိုသာ အဓိကထား အပြစ်သတ်မှတ်သောကြောင့်၊ မတော်တဆ ပိုးမွှားကို နင်းမိသူပင်လျှင် ကံအညစ်အကြေးကို ရရှိသည်ဟု ယူဆပါသည်။ ဗုဒ္ဓဘာသာကမူ စေတနာမပါသော မတော်တဆမှုသည် ကံမမြောက်ဟု အတိအလင်း ခွဲခြားထားပါသည် ။

သို့ရာတွင် ဤသို့ စေတနာကို ဗဟိုပြုသည်ဟူ၍ အကျိုးဆက်ကို လုံးဝလျစ်လျူရှုသည်ဟု ကောက်ယူ၍ မရပါ။ ဗုဒ္ဓဘာသာကျင့်ဝတ်သည် မောဟ (အသိဉာဏ်ကင်းမဲ့မှု) ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဤပြဿနာကို ဖြေရှင်းပါသည်။ ရည်ရွယ်ချက်ကောင်းမွန်သော်လည်း ဆင်ခြင်တုံတရား ကင်းမဲ့စွာ (မောဟဖုံးလွှမ်း၍) ပြုလုပ်မိသောကြောင့် သူတစ်ပါးထိခိုက်နစ်နာရလျှင်၊ ထိုလုပ်ရပ်သည် အပြည့်အဝစင်ကြယ်သော ကုသိုလ်ဟူ၍ သတ်မှတ်နိုင်ရန် ခဲယဉ်းပါသည်။ အကြောင်းမှာ ကုသိုလ်စစ်စစ်ဖြစ်ရန် အလောဘ၊ အဒေါသတို့သာမက ကြိုတင်မျှော်တွေးဆင်ခြင်နိုင်စွမ်းဖြစ်သော အမောဟ (ဉာဏ်ပညာ) ပါ ပြည့်စုံရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ရာဟုလောဝါဒသုတ်လာ ဆင်ခြင်နည်းက ဤအချက်ကို ထောက်ခံပါသည်။ လုပ်ရပ်မပြုမီ အကျိုးဆက်ကို ကြိုတင်ဆင်ခြင်ရန် တာဝန်ပေးထားခြင်းသည် ကြိုတင်မျှော်တွေးနိုင်စွမ်းကိုပါ ကျင့်ဝတ်တာဝန်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားခြင်းပင် ဖြစ်ပါသည်။

ဗေးလက်စ် ဒေ စေအာ၏ ဆန်းစစ်ချက်သည် ဤနေရာတွင် အထူးအရေးပါပါသည်။ သူက ကီအွန်း၏ "ကုသိုလ်စိတ်အခံတစ်ခုတည်းဖြင့် ကောင်းမှုကို သတ်မှတ်နိုင်သည်" ဟူသော ရပ်တည်ချက်ကို ဝေဖန်ကာ၊ ပါဠိနိကာယ်များတွင် လုပ်ရပ်တစ်ခု၏ ကောင်းခြင်းကို စိတ်အခံ (mental states) သာမက လုပ်ရပ်၏ အကြောင်းအရာ (content) နှင့် မိမိသူတစ်ပါးတို့၏ ချမ်းသာသုခအပေါ် သက်ရောက်သော အကျိုးဆက် (consequences) များပါ ပေါင်းစပ်ဆုံးဖြတ်ကြောင်း၊ ထို့ကြောင့် အစောပိုင်းဗုဒ္ဓကျင့်ဝတ်သည် အဲရစ်စတိုတယ်ရဲ့ စာရိတ္တကျင့်ဝတ်ဗေဒ (virtue ethics) သက်သက်မဟုတ်ဘဲ အကျိုးဆက်ဝါဒ (utilitarianism) ၏ အင်္ဂါရုပ်များပါ ရောယှက်နေသော ထူးခြားသည့်စနစ်ဖြစ်ကြောင်း ကောက်ချက်ချခဲ့ပါသည်။ ဝီလျံ အီဒယ်ဂလပ်စ် (William

Edelglass) ကလည်း ဗုဒ္ဓဘာသာကျင့်ဝတ်ကို အနောက်တိုင်း ကျင့်ဝတ်သီအိုရီ တစ်ခုတည်း၏ ဘောင်အတွင်း အပြည့်အဝ သွတ်သွင်း၍မရကြောင်း ထောက်ပြထားပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် စေတနာဝါဒ (intentionalism) နှင့် အကျိုးဆက်ဝါဒ (consequentialism) တို့ကို ဉာဏ်ပညာဖြင့် ပေါင်းကူးပေးထားသော စနစ်ဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

တတိယစံနှုန်း- မဟာပေတံသုံးရပ် (အာဓိပတေယျ)

လက်တွေ့ဘဝတွင် အထက်ပါစံနှုန်းများကို ချိန်ထိုးရာ၌ အမြဲတမ်း ရှင်းလင်းပြတ်သားမှု ရှိချင်မှရှိပါမည်။ ကိုယ်ကျင့်တရားဆိုင်ရာ အကျပ်အတည်း (moral dilemmas) များ ကြုံတွေ့ရသောအခါ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် အာဓိပတေယျသုတ် (AN 3.40) တွင် မဟာပေတံ (အာဓိပတေယျ) သုံးရပ်ကို စံပြုရန် လမ်းညွှန်ထားပါသည် ။

ပထမမဟာပေတံမှာ အတ္တာဓိပတေယျ (မိမိကိုယ်ကို မဟာပေတံ အဖြစ်ထားခြင်း) ဖြစ်ပါသည်။ သုတ်၏ မူရင်းအနက်အရ ဆိုလိုသည်မှာ မိမိ၏ ကိုယ်ပိုင်အသိစိတ်နှင့် သိက္ခာကို ထောက်ထား၍ မသင့်လျော်သော အပြုအမူမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်။ ဤစံနှုန်းကို ကိုယ်ချင်းစာတရားရှုထောင့်မှ ချဲ့ထွင်ဖော်ပြထားသည့် ကျမ်းစာမှာ ဝေဠုဒ္ဒါရေယျသုတ် (SN 55.7) ဖြစ်ပြီး၊ "ငါ့အား မနှစ်သက်ဖွယ် မကြိုက်ဖွယ်ဖြစ်သော အရာကို သူတစ်ပါးအပေါ် အဘယ်ကြောင့် သက်ရောက်စေရမည်နည်း" ဟူသော ရွှေစည်းမျဉ်း (golden rule) ဆန်သည့် ဆင်ခြင်နည်းဖြင့် ကိုယ်ကျင့်သီလကို တည်ဆောက်ပုံ ဖော်ပြထားပါသည်။ ဒုတိယ မဟာပေတံမှာ လောကာဓိပတေယျ (လောကကို မဟာပေတံအဖြစ်ထားခြင်း) ဖြစ်ပြီး၊ မိမိလုပ်ရပ်အပေါ် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့မှုချီးမွမ်းမှုဟူသော လူမှုကျင့်ဝတ်စံနှုန်းများနှင့်

နှိုင်းယှဉ်ဆင်ခြင်ခြင်း ဖြစ်ပါသည်။ ဤစံနှုန်းသည် ဗာဟိတိကသုတ်လာ "ပညာရှိတို့ ကဲ့ရဲ့အပ်သော၊ ချီးမွမ်းအပ်သော" ဟူသည့် သာဝဇ္ဇ-အနဝဇ္ဇ ခွဲခြားမှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ တတိယနှင့် အမြင့်ဆုံး မဟာပေတံမှာ ဓမ္မာဓိပတေယျ (တရားဓမ္မကို မဟာပေတံအဖြစ်ထားခြင်း) ဖြစ်ပြီး၊ လုပ်ရပ်တစ်ခုသည် ကံနိယာမအပါအဝင် တရားဓမ္မ၏ နိယာမများနှင့် ညီညွတ်မှုရှိမရှိ၊ လွတ်မြောက်ရေးလမ်းစဉ်နှင့် လျော်ကန်မှုရှိမရှိကို အဆုံးစွန်ချိန်ထိုး ဆန်းစစ်ခြင်း ဖြစ်ပါသည် ။

ဤမဟာပေတံသုံးရပ်စနစ်၏ ဒဿနိကအရေးပါမှုမှာ ကျင့်ဝတ်ဆုံးဖြတ်မှုတွင် ပုဂ္ဂိုလ်ရေးအသိစိတ် (subjective conscience)၊ လူမှုရေးစံနှုန်း (social norm) နှင့် ဓမ္မနိယာမ (objective law) သုံးမျိုးလုံးကို အလွှာလိုက် ပေါင်းစပ်ထားခြင်းပင် ဖြစ်ပါသည်။ တိလကရတနက ထောက်ပြသည့်အတိုင်း ဤစနစ်တွင် လူမှုရေးစံနှုန်း (လောကာဓိပတေယျ) သည် အရေးပါသော်လည်း အဆုံးစွန်သော ဩဇာမဟုတ်ဘဲ၊ ဓမ္မကိုသာ အမြင့်ဆုံးစံအဖြစ် ထားရှိခြင်းကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် လူမှုသဘောတူညီမှုအပေါ် လုံးဝမှီခိုသည့် နှိုင်းရဝါဒအဖြစ်သို့ မကျရောက်ဘဲ ရှိနေခြင်း ဖြစ်ပါသည် ။

ကျင့်ဝတ်ဝေါဟာရများ၏ ဒဿနပိုင်းဆိုင်ရာ ကွဲပြားမှု

အစောပိုင်းဗုဒ္ဓစာပေများတွင် "အကောင်းနှင့်အဆိုး" ကို သာမန်ဘာသာရေးဝေါဟာရများထက် ပိုမိုနက်ရှိုင်းစွာ ခွဲခြားသုံးစွဲထားသည်ကို တွေ့ရပါသည်။ ဤဝေါဟာရကွဲပြားမှုများသည် စကားလုံးအလှသက်သက် မဟုတ်ဘဲ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးဖြတ်မှု၏ ရှုထောင့်အသီးသီးကို ထင်ဟပ်နေပါသည်။

အထင်ရှားဆုံးမှာ ကုသလနှင့် ပုညအကြား ကွဲပြားချက် ဖြစ်ပါသည်။ ပီဒီ ပြေမသီရိ (P. D. Premasiri) ၏ ရှေ့ဆောင်လေ့လာချက်အရ ပုည (ကောင်းမှု) ဟူသည် သံသရာလည်နေသရွေ့ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော လုပ်ရပ်များကို ညွှန်းဆိုပြီး၊ ကုသလ (ကျွမ်းကျင်မှု) မှာမူ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုနှင့် နိဗ္ဗာန်သို့ ဦးတည်မှုကို ညွှန်းဆိုသည့် ပိုမိုကျယ်ပြန့်နက်ရှိုင်းသော ဝေါဟာရ ဖြစ်ပါသည်။ ပုညသဘောဆောင်သော ကောင်းမှုများတွင် သံသရာ၌ ဆက်လက်ကောင်းစားလိုသော ဘဝတဏှာ အနည်းငယ် ရောယှက်နေနိုင်သေးသော်လည်း၊ ကုသလစစ်စစ်မှာမူ လောဘ၊ ဒေါသ၊ မောဟ အလျဉ်းမပါဘဲ လွတ်မြောက်ရေးသို့ တိုက်ရိုက်ဦးတည်နေသော စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ဖြစ်ပါသည်။ သို့ရာတွင် ဤနှစ်မျိုးကို လုံးဝဆန့်ကျင်ဘက် သဘောတရားနှစ်ခုအဖြစ် ပုံကြီးချဲ့ခြင်းမှာလည်း မှားယွင်းနိုင်ကြောင်း သတိပြုသင့်ပါသည်။

ထို့အတူ သာဝဇ္ဇ-အနဝဇ္ဇ (အပြစ်တင်ဖွယ်-အပြစ်ကင်း) ဝေါဟာရစုံတွဲသည် ပညာရှိတို့၏ ကဲ့ရဲ့ချီးမွမ်းမှုဟူသော ကျင့်ဝတ်၏ လူမှုရေးအတိုင်းအတာကို ထင်ဟပ်ပြီး၊ သုက္က-ကဏှ (ဖြူ-မည်း) ဝေါဟာရစုံတွဲမှာမူ ကိုယ်ကျင့်တရား၏ သန့်စင်မှုနှင့် ညစ်နွမ်းမှုဆိုင်ရာ စိတ်ပညာအတိုင်းအတာကို ထင်ဟပ်ပါသည်။ ဝိတ္ထာရကမ္မသုတ် (AN 4.232) တွင် ကံကို မည်းသောကံ မည်းသောအကျိုး၊ ဖြူသောကံ ဖြူသောအကျိုး၊ ဖြူမည်းရောသောကံ ဖြူမည်းရောသောအကျိုး၊ ကံကုန်ခြင်းသို့ ဦးတည်သော ဖြူလည်းမဟုတ် မည်းလည်းမဟုတ်သောကံ ဟူ၍ လေးမျိုးခွဲခြားထားရာ၊ နောက်ဆုံးအမျိုးအစားက ကျင့်ဝတ်၏ အဆုံးစွန်ရည်မှန်းချက်သည် ကောင်းကံဆိုးကံ နှစ်မျိုးလုံးကို ကျော်လွန်သော လွတ်မြောက်မှုဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ဤသို့

ရှုထောင့်စုံမှ ဝေါဟာရခွဲခြားသုံးစွဲမှုသည် ဗေးလက်စ် ဒေ စေအာ ထောက်ပြသော "စံနှုန်းစုံလင်မှု" (plurality of criteria) ကို ကျမ်းစာအဆင့်၌ပင် အတည်ပြုပေးနေပါသည် ။

နိဂုံး

ဤဆန်းစစ်တင်ပြခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်စနစ်၌ "အကောင်းနှင့်အဆိုး" ကို ဆုံးဖြတ်ရာတွင် အချိန်နှင့်နေရာအပေါ် မူတည်၍ လွှင့်မျောနေသည့် နှိုင်းရဝါဒကို တွေ့ရမည်မဟုတ်ပါ။ လုပ်ရပ်တစ်ခု၏ စိတ်ပိုင်းဆိုင်ရာ အရင်းခံစေတနာ၊ ထိုလုပ်ရပ်၏ မိမိသူတစ်ပါးအပေါ် သက်ရောက်သည့် လက်တွေ့အကျိုးဆက်၊ နှင့် ဝေခွဲရခက်သောအခါ မှီခိုအားထားရာ မဟာပေတံ (အာဓိပတေယျ) သုံးရပ်ဟူသော ဓမ္မဓိဋ္ဌာန်ကျသည့် စံနှုန်းများအပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နေသည်ကိုသာ တွေ့ရပါသည်။ စေတနာနှင့် အကျိုးဆက် ပဋိပက္ခဖြစ်နိုင်သော အခြေအနေများ၌လည်း မောဟ၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စံနှုန်းနှစ်ရပ်ကို ဉာဏ်ပညာက ပေါင်းကူးဆက်စပ်ပေးပါသည်။

ဤတွေ့ရှိချက်များအရ ကောက်ချက်သုံးရပ် ချနိုင်ပါသည်။ ပထမအချက်မှာ ဗုဒ္ဓဘာသာကျင့်ဝတ်သည် ဖန်ဆင်းရှင်၏ အမိန့်တော်ဝါဒ (divine command theory) မဟုတ်သကဲ့သို့ လူမှုသဘောတူညီမှုဝါဒလည်း မဟုတ်ဘဲ၊ စိတ်၏နိယာမနှင့် အကြောင်းအကျိုးဆက်စပ်မှုအပေါ် အခြေခံသည့် သဘာဝကျင့်ဝတ်စနစ် ဖြစ်ခြင်းပင်ဖြစ်ပါသည်။ ဒုတိယအချက်မှာ ထိုစနစ်သည် စံနှုန်းတစ်ခုတည်းအပေါ် မတည်မှီဘဲ စေတနာ၊ အကျိုးဆက်နှင့် ပညာရှိတို့၏ အကဲဖြတ်မှုတို့ကို ပေါင်းစပ်ထားသောကြောင့် ခေတ်သစ်အနောက်တိုင်း ကျင့်ဝတ်သီအိုရီ တစ်ခုတည်း၏ ပုံစံခွက်ထဲသို့ အပြည့်အဝ သွတ်သွင်း၍ မရခြင်း ဖြစ်ပါသည်။ တတိယအချက်မှာ ကာလာမသုတ်နှင့် ရာဟုလောဝါဒသုတ်တို့ လမ်းညွှန်သည့်အတိုင်း ဤစံနှုန်းများသည်

ယုံကြည်မှုသက်သက်ဖြင့် လက်ခံရမည့်အရာများ မဟုတ်ဘဲ လူတိုင်း မိမိကိုယ်တိုင် လက်တွေ့စမ်းသပ်စစ်ဆေးနိုင်သော အရာများဖြစ်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် လူသားတို့၏ စိတ်ပညာနှင့် အကြောင်းအကျိုးဆက်စပ်မှုကို အခြေခံထားသည့် အလွန်လက်တွေ့ကျသော ကျင့်ဝတ်ဒဿန (pragmatic moral philosophy) တစ်ရပ်အဖြစ် ခေတ်သစ်ပညာရပ်လောကတွင်ပါ ရပ်တည်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

မှီငြမ်းကျမ်းကိုးများ

[1] Vélez de Cea, Abraham. "The Criteria of Goodness in the Pāli Nikāyas and the Nature of Buddhist Ethics." Journal of Buddhist Ethics 11 (2004): 123–142.

[2] Tilakaratne, Asanga. Theravada Buddhism: The View of the Elders. Honolulu: University of Hawai'i Press, 2012.

[3] Gombrich, Richard F. What the Buddha Thought. London: Equinox Publishing, 2009.

[4] Mahāparinibbāna Sutta (DN 16). In The Long Discourses of the Buddha, translated by Maurice Walshe. Boston: Wisdom Publications, 1995.

[5] Jayatilleke, K. N. Ethics in Buddhist Perspective. Wheel Publication No. 175/176. Kandy: Buddhist Publication Society, 1972.

[6] Keown, Damien. Buddhist Ethics: A Very Short Introduction. Oxford: Oxford University Press, 2005; and Keown, Damien. The Nature of Buddhist Ethics. Basingstoke: Palgrave, 2001.

[7] Nibbedhika Sutta (AN 6.63). In The Numerical Discourses of the Buddha, translated by Bhikkhu Bodhi. Boston: Wisdom Publications, 2012.

[8] Sammādiṭṭhi Sutta (MN 9). In The Middle Length Discourses of the Buddha, translated by Bhikkhu Ñāṇamoli and Bhikkhu Bodhi. Boston: Wisdom Publications, 1995.

[9] Harvey, Peter. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press, 2000.

[10] Edelglass, William. "Buddhist Ethics and Western Moral Philosophy." In A Companion to Buddhist Philosophy, edited by Steven M. Emmanuel, 476–490. Chichester: Wiley-Blackwell, 2013.

[11] Premasiri, P. D. "Interpretation of Two Principal Ethical Terms in Early Buddhism." Sri Lanka Journal of the Humanities 2, no. 1 (1976): 63–74.

(၅) ပုညနှင့် ကုသလတို့၏ ကွဲပြားသောအဓိပ္ပာယ်များ

ဗုဒ္ဓဘာသာကျင့်ဝတ်ကို လေ့လာရာတွင် အနောက်တိုင်း ပညာရှင်များဖြစ်ကြသော Winston King ၏ *"In the Hope of Nibbāna"* နှင့် မနုဿဗေဒပညာရှင် Melford Spiro ၏ *"Buddhism and Society"* တို့က ဗုဒ္ဓဘာသာ၌ လမ်းကြောင်းနှစ်ခုရှိကြောင်း တင်ပြခဲ့ကြသည်။ ၎င်းတို့က ကောင်းမှုပြု၍ သံသရာကောင်းကျိုး (ပုည) ရှာဖွေသော လူဝတ်ကြောင်တို့၏ "ကမ္မဘာသာ" (Kammatic Buddhism) နှင့် ကံတရားကို ဖျက်ဆီးကာ နိဗ္ဗာန် (ကုသလ) သို့ ရွေးရှုသော ရဟန်းတို့၏ "နိဗ္ဗာန်ဘာသာ" (Nibbānic Buddhism) ဟူ၍ အချင်းချင်း ဖီလာဆန့်ကျင်နေသော စနစ်များ (Dichotomous systems) အဖြစ် ရှုမြင်ခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့စဉ်သုံးဝေါဟာရတွင် "ပုည" နှင့် "ကုသလ" ကို "ကုသိုလ်" ဟူသော စကားလုံးတစ်ခုတည်းဖြင့် ရောထွေးသုံးစွဲလေ့ရှိသော်လည်း၊ ရှေးဦးဗုဒ္ဓကျမ်းစာများ (Early Buddhist Texts - EBTs) ကို ဒဿနနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ

(Ethical) ရှုထောင့်မှ ဆန်းစစ်လျှင် အဆိုပါ ဝေါဟာရစုံတွဲ နှစ်ခုကြား၌ အလွန်သိသာထင်ရှားသော ကွာခြားချက်များ ရှိပါသည်။ သို့သော် ဤကွာခြားချက်သည် Spiro တို့ ဆိုသကဲ့သို့ ပဋိပက္ခဖြစ်နေခြင်းမဟုတ်ဘဲ၊ မည်သို့ အဆင့်ဆင့် အထောက်အကူပြုနေကြောင်း (Complementary nature) ကို Y. Karunadasa နှင့် P.D. Premasiri တို့၏ လေ့လာချက်များကို အခြေခံ၍ ဆန်းစစ်တင်ပြသွားမည် ဖြစ်ပါသည်။

ပုည နှင့် ပါပ - သံသရာစက်ဝန်းအတွင်း လည်ပတ်နေသော လောကီကျင့်ဝတ်

ပုည (ကောင်းမှုကံ) နှင့် ပါပ (မကောင်းမှုကံ) သည် ကံ၊ ကံ၏အကျိုးပေးမှုစနစ် (Kammic System) ကို အခြေခံပြီး တမလွန်ဘဝဆိုင်ရာ (Eschatological) ရည်ရွယ်ချက်များကို ကိုယ်စားပြုပါသည်။ ပုညသည် နောင်ဘဝတွင် သုဂတိဘုံသို့ ရောက်ရှိရေး (ဥပမာ - နတ်ပြည်၊ လူ့ပြည်) နှင့် ရုပ်ပိုင်းဆိုင်ရာ သုခချမ်းသာကို ရရှိရန် "စုဆောင်းရမည့် အရာ" (Accumulation) အဖြစ် ရှုမြင်ပါသည်။ ထို့ကြောင့် ပုညပြုလုပ်ရာတွင် နောင်အနာဂတ်၌ ကောင်းမွန်သော အကျိုးကို ပြန်လည်ရရှိလိုသည့် ရလဒ်ကို မျှော်လင့်တောင့်တသော ရည်ရွယ်ချက် (Teleological / Reward-oriented motivation) ပါဝင်နေလေ့ရှိပါသည်။ *ပုညာဘိသန္ဒသုတ် (AN 8.39)* တွင် မြတ်စွာဘုရားရှင်က သရဏဂုံတည်ခြင်းနှင့် ငါးပါးသီလ စောင့်ထိန်းခြင်းတို့ကို "ချမ်းသာကို ဖြစ်စေတတ်သော၊ နတ်ပြည်သို့ ရောက်စေတတ်သော ကောင်းမှုအယဉ် (ပုညာဘိသန္ဒ)" အဖြစ် ဟောကြားထားရာ၊ ဤသည်မှာ သံသရာစက်ဝန်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသော ရင်းနှီးမြှုပ်နှံမှုဆန်သော ကျင့်ဝတ် (Transactional Ethics) ဖြစ်ကြောင်း တွေ့ရပါသည်။

ကုသလ နှင့် အကုသလ - လွတ်မြောက်ရေးဆိုင်ရာ ကျင့်ဝတ်

ပုညသည် သံသရာစက်ဝန်းအတွင်း ကောင်းကျိုးရလဒ်များကို ဖန်တီးပေးနိုင်စွမ်း ရှိသော်လည်း၊ လွတ်မြောက်ရေးဟူသော အဆုံးစွန်ပန်းတိုင်အတွက်မူ လုံလောက်မှု မရှိပေ။

ထို့ကြောင့် သံသရာမှ ဖောက်ထွက်နိုင်ရန် ပိုမိုနက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ သန့်စင်မှုဖြစ်သည့် "ကုသလ" ၏ အခန်းကဏ္ဍကို ဆက်လက် ဆန်းစစ်ရန် လိုအပ်လာပါသည်။ ကုသလ ဆိုသည်မှာ ကိလေသာများကို ဖယ်ရှားရာတွင် "ကျွမ်းကျင်မှုရှိခြင်း၊ လိမ္မာပါးနပ်ခြင်း (Skillfulness)" သို့မဟုတ် ကျင့်ဝတ်ပိုင်းဆိုင်ရာ အပြစ်ကင်းစင်မှုနှင့် သိမြင်မှုဆိုင်ရာ စင်ကြယ်မှု (Ethico-cognitive purity) ကို ဆိုလိုပါသည်။ ၎င်းသည် အကျိုးရလဒ်ထက် လုပ်ရပ်၏ နောက်ကွယ်မှ "စိတ်၏ အခြေအနေ (Motivation)" ကို ပို၍အလေးပေးပါသည်။ *သမ္မာဒိဋ္ဌိသုတ် (MN 9)* တွင် ရှင်သာရိပုတ္တရာက "ကုသိုလ်နှင့် အကုသိုလ်" ကို ရှင်းလင်းရာတွင်၊ ဒုစရိုက် ၁၀ ပါးနှင့် သုစရိုက် ၁၀ ပါးကို အကုသိုလ်မူလ (လောဘ၊ ဒေါသ၊ မောဟ)၊ ကုသိုလ်မူလတရား (အလောဘ၊ အဒေါသ၊ အမောဟ) များဖြင့်သာ ချိတ်ဆက်ပြသသွားပြီး အကျိုးပေးမည့် တမလွန်ဘဝများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် ကုသလ၏ ရည်ရွယ်ချက်သည် ဆုလာဘ်မျှော်လင့်ချက်မပါဘဲ မျက်မှောက်၌ပင် ကိလေသာများကို လျှော့ချဖယ်ရှားရန် (Detachment) သက်သက်သာ ဖြစ်ပါသည်။

Spiro နှင့် King တို့၏ သီအိုရီကို ဝေဖန်ဆန်းစစ်ခြင်း

Spiro နှင့် King တို့သည် ဤကျင့်ဝတ်စနစ်နှစ်ခုကို လုံးဝ ဆန့်ကျင်ဘက်အဖြစ် (Mutually exclusive) တင်ပြခဲ့သော်လည်း၊ EBTs ကျမ်းစာများအရ ထိုသုံးသပ်ချက်သည် မှားယွင်းကြောင်း တွေ့ရသည်။ ပုည (Merit) နှင့် ကုသလ (Skillfulness) သည် ပဋိပက္ခဖြစ်နေခြင်းမဟုတ်ဘဲ၊ အဆင့်ဆင့် ကူးပြောင်းတက်လှမ်းရသော ယန္တရား (Transitional mechanism) များ ဖြစ်ကြသည်။ သာဓကအားဖြင့် သာမန်လူတစ်ဦး ဒါနပြုရာတွင် နတ်ပြည်ရောက်လိုသော "ဘဝရာဂ" ပါဝင်နေနိုင်သဖြင့် ၎င်းသည် "ပုည" အဆင့်သာ ဖြစ်သည်။ သို့သော် ထိုသို့ စွန့်ကြဲပေးကမ်းမှုများကို အဖန်ဖန်

ပြုလုပ်လာသောအခါ မိမိကိုယ်ကျိုး ငဲ့ကွက်မှု (လောဘ) သည် တဖြည်းဖြည်း ပါးလျလာပြီး၊ နောက်ဆုံးတွင် ဆုလာဘ်ကို မမျှော်လင့်တော့ဘဲ စွန့်လွှတ်ခြင်း (နေက္ခမ္မ) နှင့် မေတ္တာ၊ ကရုဏာ သက်သက်ဖြင့် ပြုလုပ်လာနိုင်ပါသည်။ ထိုအဆင့်ရောက်သောအခါ ပုဂ္ဂိုလ်သည် "ကုသလ" သို့ အသွင်ကူးပြောင်းသွားပါသည်။ ထို့ကြောင့် ကမ္မဘာသာနှင့် နိဗ္ဗာန်ဘာသာသည် သီးခြားစီ ကွဲထွက်နေသော လမ်းကြောင်းများ မဟုတ်ဘဲ၊ လောကီမှသည် လောကုတ္တရာသို့ တက်လှမ်းရာတွင် အဆင့်ဆင့် အထောက်အကူပြုသော (Complementary Continuum) ကျင့်ဝတ်စနစ်တစ်ခုတည်းသာ ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ရဟန္တာပုဂ္ဂိုလ်၏ "ပုဂ္ဂ-ပါပ ပဟီန" နှင့် "သမ္မန္နကုသလ" အခြေအနေ

ဤဝေါဟာရနှစ်ခုကြားရှိ အဆုံးစွန်သော ကွဲပြားချက်ကို ရဟန္တာ နှင့်ပတ်သက်သည့် အစောပိုင်း ဗုဒ္ဓဘာသာ၏ ခွဲခြမ်းစိတ်ဖြာချက်တွင် အထင်ရှားဆုံး တွေ့မြင်နိုင်သည်။ ရဟန္တာပုဂ္ဂိုလ်သည် အဝိဇ္ဇာနှင့် တဏှာကို အမြစ်ပြတ် ပယ်ဖျက်ပြီးဖြစ်သောကြောင့် ဘဝသစ်ကိုဖြစ်စေမည့် ကံတရားများကို ဆက်လက် စုဆောင်းခြင်း မရှိတော့ပေ။ ထို့ကြောင့် ဓမ္မပဒ (ဂါထာ ၃၉) တွင် ရဟန္တာပုဂ္ဂိုလ်အား ပုဂ္ဂ-ပါပ-ပဟီန) ကောင်းမှု (ပုဂ္ဂ) နှင့် မကောင်းမှု(ပါပ) နှစ်ပါးလုံးကို လုံးဝစွန့်ပယ်ပြီးသူ ဟု ဖော်ပြထားသည်။

သို့သော် ရဟန္တာသည် "ကုသလ" ကိုမူ မစွန့်ပယ်ပေ။ ဗောဓိဉာဏ်အလင်းရရှိပြီးသော စိတ်သည် အလောဘ၊ အဒေါသ နှင့် အမောဟ (ပညာ) တို့ဖြင့်သာ သန့်စင်စွာ လည်ပတ်နေသောကြောင့်၊ ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာမှု၏ အမြင့်ဆုံးအထွတ်အထိပ်ကို ကိုယ်စားပြုသည်။ ထို့ကြောင့် သမဏမုဏ္ဍိကသုတ္တ၌ ရဟန္တာပုဂ္ဂိုလ်ကို ကုသလများကို ကျော်လွန်သွားသူဟု မခေါ်ဆိုဘဲ၊ သမ္မန္နကုသလ "အပြစ်ကင်းသော ကုသိုလ်တရားများနှင့်

အပြည့်အဝ ပြည့်စုံသူ" ဟု ခေါ်ဆိုကြသည်။ Damien Keown ၏ သုံးသပ်ချက်အရ ရဟန္တာတစ်ပါး၏ လုပ်ဆောင်ချက်အားလုံးသည် လောဘ၊ ဒေါသ၊ မောဟ လုံးဝကင်းစင်နေသည့်အတွက် ၎င်းတို့သည် အမြင့်မားဆုံးသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကောင်းမြတ်မှုဖြစ်သည့် "ကုသလ" အခြေအနေတွင် အမြဲတမ်း တည်ရှိနေပြီဟု ထောက်ပြထားပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပုည (Merit) သည် သံသရာခရီးအတွက် လိုအပ်သော လမ်းစရိတ်ဖြစ်ပြီး ကောင်းကျိုးရလဒ်အပေါ် တွယ်တာမှု အချို့ပါဝင်နေနိုင်သော်လည်း၊ ကုသလ (Skillfulness) သည် တဏှာကင်းစင်သော စိတ်အခြေအနေဖြစ်ပြီး သံသရာမှ လွတ်မြောက်ရေး (နိဗ္ဗာန်) အတွက် တိုက်ရိုက် မောင်းနှင်အား ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း (References)

Jayatilleke, K.N. (1972). *Ethics in Buddhist Perspective*. Kandy: Buddhist Publication Society (Wheel Publication No. 175).

Keown, Damien. (2005). *Buddhist Ethics: A Very Short Introduction*. Oxford: Oxford University Press.

Keown, Damien. (2000). *Contemporary Buddhist Ethics*. Richmond, Surrey: Curzon Press.

Tilakaratne, Asanga. (2020). *Theravada Studies*. Colombo: Sarasavi Publishers and SLABS.

(၆) မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှု

ရှေးဦးဗုဒ္ဓဘာသာတွင် စတုတ္ထမြောက် အရိယသစ္စာ (ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ) သည် ဆင်းရဲဒုက္ခချုပ်ငြိမ်းရာသို့ ရောက်စေသော လက်တွေ့ကျင့်သုံးရမည့် လမ်းကြောင်းကို ဖော်ပြသည်။ ဤလမ်းကြောင်းကို အလယ်အလတ်လမ်းစဉ် (မဇ္ဈိမာ ပဋိပဒါ) ဟုခေါ်ဆိုရခြင်းမှာ အကျိုးမဲ့သော အစွန်းနှစ်ပါးကို ရှောင်ကြဉ်ထားသောကြောင့်ဖြစ်သည်။ ဓမ္မစက္ကပ္ပဝတ္တနသုတ်လာ ပထမဆုံးဒေသနာတော်၌ပင် မြတ်စွာဘုရားက ယုတ်ညံ့၍ အရိယာတို့၏အလေ့အကျင့်မဟုတ်သော ကာမဂုဏ်ခံစားမှုဖြင့် ချမ်းသာရှာဖွေခြင်းနှင့်၊ ဆင်းရဲ၍ အကျိုးမဲ့သော အတ္တကိလမထ ခြိုးခြံကျင့်ကြံမှုဖြင့် စင်ကြယ်မှုရှာဖွေခြင်းဟူသော အစွန်းနှစ်ပါးကို ပယ်ကာ မျက်စိဉာဏ်အလင်းဖြစ်စေသော အလယ်အလတ်လမ်းစဉ်ကို ညွှန်ပြတော်မူခဲ့သည်။ ဝါလ်ပိုလ ရာဟုလမထေရ် (Rahula, Walpola) က

ဤအလယ်အလတ်လမ်းစဉ်သည် အစွန်းနှစ်ပါး၏ အားနည်းချက်များကို ကိုယ်တွေ့စမ်းသပ်သိမြင်ပြီးမှ ရှာဖွေတွေ့ရှိခဲ့သော လမ်းစဉ်ဖြစ်ကြောင်း ထောက်ပြသည်။

ဤအလယ်အလတ်လမ်းစဉ်၏ အကောင်အထည်မှာ သမ္မာဒိဋ္ဌိ (မှန်ကန်သောအမြင်)၊ သမ္မာသင်္ကပ္ပ (မှန်ကန်သောကြံစည်မှု)၊ သမ္မာဝါစာ (မှန်ကန်သောစကား)၊ သမ္မာကမ္မန္တ (မှန်ကန်သောအလုပ်)၊ သမ္မာအာဇီဝ (မှန်ကန်သောအသက်မွေးမှု)၊ သမ္မာဝါယာမ (မှန်ကန်သောအားထုတ်မှု)၊ သမ္မာသတိ (မှန်ကန်သောအောက်မေ့မှု) နှင့် သမ္မာသမာဓိ (မှန်ကန်သောတည်ကြည်မှု) ဟူသော အင်္ဂါရှစ်ပါးပါဝင်သည့် အရိယမဂ္ဂင်လမ်းစဉ်ပင်ဖြစ်သည်။ သို့ရာတွင် ဤလမ်းစဉ်၏ ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှုသည် လိုက်နာရမည့် အပြုအမူဆိုင်ရာ စည်းမျဉ်းများသက်သက်ထက် များစွာနက်ရှိုင်းကျယ်ပြန့်သည်။ ဤမဂ္ဂင်ရှစ်ပါးသည် အကုသိုလ်တရားများကို ၎င်းတို့၏ အနက်ရှိုင်းဆုံး သိမြင်မှုအမြစ်များမှစ၍ ဖြုတ်ခွဲပစ်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့်၊ အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်သော စိတ်ပညာဆိုင်ရာ ကုထုံးစနစ်တစ်ရပ်ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ- သိက္ခာသုံးပါးနှင့် အင်္ဂါရှစ်ပါး

မဂ္ဂင်ရှစ်ပါး၏ ကိုယ်ကျင့်တရားဆိုင်ရာ ထိရောက်မှုကို နားလည်ရန် ၎င်း၏ ဖွဲ့စည်းတည်ဆောက်ပုံကို ဦးစွာ ဆန်းစစ်ရမည်။ စူဠဝေဒလ္လသုတ် (မဇ္ဈိမနိကာယ) တွင် ဓမ္မဒိန္နာထေရီမက ဥပါသကာဝိသာခ၏ မေးမြန်းချက်ကို ဖြေကြားရာ၌ "ခန္ဓာသုံးပါး (သီလ၊ သမာဓိ၊ ပညာ) ကို မဂ္ဂင်ရှစ်ပါး၌ သွတ်သွင်း၍မရ၊ မဂ္ဂင်ရှစ်ပါးကိုသာ ခန္ဓာသုံးပါး၌ သွတ်သွင်းရသည်" ဟု တိကျစွာ ရှင်းလင်းပြသခဲ့သည်။ ထိုအရ သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့သည် သီလကွန္ဓ (ကိုယ်ကျင့်တရားအုပ်စု) တွင်လည်းကောင်း၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့သည် သမာဓိကွန္ဓ (တည်ကြည်မှုအုပ်စု) တွင်လည်းကောင်း၊

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့သည် ပညာကွန်ရွ (ပညာအုပ်စု) တွင်လည်းကောင်း အသီးသီး အကျုံးဝင်ကြသည်။ ဤဖွဲ့စည်းပုံသည် သိက္ခာသုံးပါး (တိဿော သိက္ခာ) ဟူသော ဗုဒ္ဓဘာသာကျင့်ကြံမှုစနစ်ကြီးတစ်ခုလုံး၏ ကျောရိုးဖြစ်ပြီး၊ မဂ္ဂင်ရှစ်ပါးသည် ထိုစနစ်ကြီး၏ လမ်းစဉ်သဏ္ဌာန်ဖော်ပြချက်ပင် ဖြစ်သည်။

ဤနေရာတွင် အလေးထားသင့်သောအချက်မှာ အင်္ဂါရှစ်ပါးတို့၏ ဆက်နွယ်လုပ်ဆောင်ပုံဖြစ်သည်။ ဘိက္ခုဗောဓိက ၎င်း၏ The Noble Eightfold Path: The Way to the End of Suffering တွင် ဤအင်္ဂါရပ်များသည် တစ်ခုပြီးမှတစ်ခု အစဉ်လိုက်တက်လှမ်းရမည့် လှေကားထစ်များမဟုတ်ဘဲ၊ ကျင့်ကြံမှုရင့်ကျက်လာသည်နှင့်အမျှ အင်္ဂါရှစ်ပါးစလုံး တစ်ပြိုင်နက်တည်း ထင်ရှားလာကာ တစ်ခုကိုတစ်ခု ပံ့ပိုးပေးကြသည်ဟု ရှင်းလင်းထားသည်။ ဤသဘောကို အမြင့်မားဆုံးခိုင်ခံ့မှုရရှိရန် ကြိုးမျှင်အားလုံး၏ ပူးပေါင်းပံ့ပိုးမှုလိုအပ်သော လိမ်ယှက်ထားသည့် **ကြိုးတစ်ချောင်း**နှင့် ခိုင်းနှိုင်းနိုင်သည်။ လမ်းစဉ်တစ်ခုလုံး၏ အခြေခံအုတ်မြစ်မှာမူ သီလပင်ဖြစ်သည်။ ဗလသုတ် (သံယုတ္တနိကာယ) တွင် ခွန်အားစိုက်၍ ပြုလုပ်ရသမျှသော အလုပ်ကိစ္စအားလုံးသည် မြေကြီးကို အမှီပြု၍ မြေကြီးပေါ်တွင် ရပ်တည်လျက် ပြုလုပ်ရသကဲ့သို့၊ ရဟန်းသည် သီလကိုအမှီပြု၍ သီလ၌တည်လျက်သာ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်ရသည်ဟု ဟောကြားထားသည်။ ထိုနည်းတူ ကိမတ္ထိယသုတ် (အင်္ဂုတ္တရနိကာယ) တွင်လည်း သီလမှ ဝိပ္ပဋိသာရကင်းမှု၊ ပီတိပါမောဇ္ဇ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ အဆင့်ဆင့်မှတစ်ဆင့် ဝိမုတ္တိဉာဏဒဿနအထိ အကြောင်းအကျိုးဆက်စပ်တက်လှမ်းသွားပုံကို ဖော်ပြထားပြီး၊ သာမညဖလသုတ် (ဒီဃနိကာယ) လာ အဆင့်ဆင့်လေ့ကျင့်ရေးမူဘောင် (အနုပုဗ္ဗသိက္ခာ) ကလည်း ဤအစီအစဉ်ကို အတည်ပြုပေးသည်။

သမ္မာဒိဋ္ဌိ - မဂ္ဂင်စနစ်၏ ရှေ့ဆောင်နှင့် ကျင့်ဝတ်ဆိုင်ရာ အသိပညာအခြေခံ

မဂ္ဂင်စနစ်တစ်ခုလုံး၏ ကိုယ်ကျင့်တရားဆိုင်ရာ ဦးတည်ချက်ကို သမ္မာဒိဋ္ဌိက ထိန်းချုပ်လမ်းညွှန်ပေးထားသည်။ မဟာစတ္တာရီသကသုတ် (မဇ္ဈိမနိကာယ) တွင် သမ္မာဒိဋ္ဌိကို လမ်းစဉ်၏ ရှေ့ဆောင် (ပုဗ္ဗင်္ဂမ) အဖြစ် ထပ်ခါတလဲလဲ သတ်မှတ်ဖော်ပြထားပြီး၊ ရှေ့ဆောင်ဖြစ်ပုံကို "မှားယွင်းသောအမြင်ကို မှားယွင်းသောအမြင်ဟူ၍လည်းကောင်း၊ မှန်ကန်သောအမြင်ကို မှန်ကန်သောအမြင်ဟူ၍လည်းကောင်း ခွဲခြားသိမြင်ခြင်း" ဖြင့် ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ သမ္မာဒိဋ္ဌိသည် ကျင့်ဝတ်ဆိုင်ရာ ခွဲခြားသိမြင်နိုင်စွမ်း (moral discernment) အဖြစ် လုပ်ဆောင်ကာ ကျန်မဂ္ဂင်ခုနစ်ပါးစလုံး၏ မှန်ကန်မှုမှားယွင်းမှုကို စစ်ဆေးအကဲဖြတ်ပေးသည့် အသိပညာပိုင်းဆိုင်ရာ ရှေ့ပြေးဖြစ်နေခြင်းပင်ဖြစ်သည်။ ထိုသုတ်တွင်ပင် မဂ္ဂင်တစ်ပါးစီ၌ သမ္မာဒိဋ္ဌိ၊ သမ္မာဝါယာမနှင့် သမ္မာသတိသုံးပါးတို့ ပိုင်းရံလည်ပတ်နေပုံကိုပါ ဖော်ပြထားသဖြင့်၊ အသိပညာ၊ အားထုတ်မှုနှင့် သတိတရားတို့သည် ကျင့်ဝတ်ဆိုင်ရာလုပ်ရပ်တိုင်း၏ နောက်ကွယ်တွင် တစ်ပြိုင်နက် လုပ်ဆောင်နေကြောင်း ထင်ရှားသည်။

သမ္မာဒိဋ္ဌိ၏ အနက်အဓိပ္ပာယ်မှာလည်း အဆင့်နှစ်ဆင့်ရှိသည်။ သာမန်ကိုယ်ကျင့်တရားဆိုင်ရာ အဆင့် (လောကိယ သမ္မာဒိဋ္ဌိ) အရ ၎င်းသည် ပေးလှူမှု၏အကျိုး၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဆက်၊ ဤလောကနှင့်တမလွန်လောက စသည်တို့ကို အသိအမှတ်ပြုလက်ခံခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအကျိုးဆက်စပ်မှုတည်းဟူသော ကံတရားကို လက်ခံခြင်းဖြင့် မှန်ကန်စွာအသက်ရှင်နေထိုင်ရေး၏ အခြေခံကို ချမှတ်ပေးခြင်းဖြစ်သည်။ ပိုမိုမြင့်မားသော လွတ်မြောက်ရေးဆိုင်ရာအဆင့် (လောကုတ္တရာ

သမ္မာဒိဋ္ဌိ) အရမူ ၎င်းသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော အာသဝကင်းသည့် ပညာပင်ဖြစ်သည်။ ဤအသိပညာပိုင်းဆိုင်ရာ ရှင်းလင်းပြတ်သားမှုမရှိပါက ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူများသည် အဆုံးစွန်သောလွတ်မြောက်မှုဆီ ဦးတည်နိုင်သည့် တိကျသောလမ်းကြောင်း ကင်းမဲ့နေမည်ဖြစ်သည်။ ဤအချက်သည် ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ ထူးခြားချက်တစ်ရပ်ကို ဖော်ပြသည်။ ဂေသင်းက ထောက်ပြသည့်အတိုင်း ဗုဒ္ဓဘာသာတွင် ကျင့်ဝတ်နှင့် အသိပညာသည် ခွဲခြား၍မရအောင် ယှက်နွယ်နေပြီး၊ လောကအမြင်မှန်ကန်မှုသည် ကျင့်ဝတ်မှန်ကန်မှု၏ ပဓာနအခြေခံဖြစ်နေသည်။

အကုသိုလ်တရား၏ အလွှာသုံးဆင့်နှင့် သုံးပါးတွဲကုထုံးစနစ်

မဂ္ဂင်ရှစ်ပါး၏ နက်ရှိုင်းသော ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှုသည် အကုသိုလ်တရားများ၏ စိတ်ပညာဆိုင်ရာ တည်ဆောက်ပုံကို ၎င်းက ကိုင်တွယ်ဖြေရှင်းပုံတွင် အထင်ရှားဆုံး ပေါ်လွင်သည်။ အဘယ်ကြောင့် သိက္ခာသုံးပါးတွဲဖွဲ့စည်းပုံ လိုအပ်သနည်းဟူသည်ကို သဘောပေါက်ရန်၊ အကုသိုလ်တရားများ (အကုသလမမ္မာ) လှုပ်ရှားလည်ပတ်သည့် အလွှာသုံးဆင့်နှင့်ပတ်သက်သော ရှေးဦးဗုဒ္ဓဘာသာသီအိုရီကို ဆန်းစစ်ရမည်။ ကရုဏာဒါသက ၎င်း၏ Early Buddhist Teachings တွင် ဤသီအိုရီကို စနစ်တကျ ရှင်းလင်းတင်ပြထားသည်။

ဤစိတ်ပညာပုံစံအရ အကုသိုလ်တရားသည် ပထမဦးစွာ ကိန်းအောင်းသောအဆင့် (အနုသယ) ၌ တည်ရှိသည်။ ဤအဆင့်တွင် ကိလေသာတို့သည် နက်ရှိုင်းစွာအမြစ်တွယ်နေသော စိတ်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုအလေ့အထများအဖြစ် ငုပ်လျှိုးကိန်းအောင်းနေကြပြီး၊ ပြင်ပသို့ မထင်ရှားသေးသော်လည်း အခြေအနေပေးလျှင် နိုးထရန် အသင့်ရှိနေကြသည်။ ဒုတိယအလွှာမှာ ထကြွသောအဆင့် (ပရိယုဋ္ဌာန) ဖြစ်ပြီး၊

ကိန်းအောင်းနေသော တိမ်းညွတ်မှုတို့သည် အာရုံတိုက်ဆိုင်မှုကြောင့် နိုးကြားလာကာ လောဘစိတ်၊ ဒေါသစိတ်၊ ပူပန်သောခံစားချက်နှင့် အကုသိုလ်အကြံအစည်များအဖြစ် စိတ်အစဉ်အတွင်း ထင်ရှားပေါ်ထွက်လာသည်။ တတိယနှင့် အန္တရာယ်အကြီးဆုံးအလွှာမှာ လွန်ကျူးသောအဆင့် (ဝီတိက္ကမ) ဖြစ်ပြီး၊ အတွင်းစိတ်ခံစားမှုဆိုင်ရာ လှိုင်းလုံးများသည် သူတစ်ပါးကို ထိခိုက်နစ်နာစေသော ကာယကံ ဝစီကံ လုပ်ရပ်များအဖြစ် ပြင်ပသို့ ပေါက်ကွဲထွက်ပေါ်လာသောအဆင့် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါး၏ သုံးပါးတွဲကျင့်စဉ်သည် ဤအလွှာသုံးဆင့်စီအတွက် ပစ်မှတ်ထားသော ကုထုံးဆိုင်ရာဖြေရှင်းချက်အဖြစ် လုပ်ဆောင်ပေးသောကြောင့် ကိုယ်ကျင့်တရားပိုင်း၌ တိကျစွာ အရေးပါသည်။ သီလကွန္ဓသည် လွန်ကျူးမှုအဆင့် (ဝီတိက္ကမ) ကို တားဆီးထိန်းချုပ်သည်။ ပြင်ပသို့ထွက်ပေါ်လာသော အကုသိုလ်သည် မိမိနှင့်လူအဖွဲ့အစည်းအတွက် အမြန်ဆုံးနှင့် အထင်ရှားဆုံး ဆိုးကျိုးများ သယ်ဆောင်လာသောကြောင့်၊ ကိုယ်နှုတ်အပြုအမူကို စောင့်စည်းခြင်းသည် မရှိမဖြစ်လိုအပ်သော စမှတ်ဖြစ်သည်။ သို့ရာတွင် အပြင်ပန်းစောင့်စည်းမှုသက်သက်ဖြင့် စိတ်ကို မစင်ကြယ်စေနိုင်သောကြောင့်၊ သမာဓိကွန္ဓကို ထကြွမှုအဆင့် (ပရိယုဋ္ဌာန) အား ကိုင်တွယ်ရန် အသုံးပြုရသည်။ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့သည် လှိုင်းထနေသော အကုသိုလ်စိတ်အစဉ်များကို လုပ်ရပ်အဖြစ်မပြောင်းလဲမီ ထိန်းသိမ်းကာ ငြိမ်းအေးစေသည်။ သို့သော် သမာဓိသက်သက်သည် ကိလေသာတို့ကို ယာယီဖိနှိပ်ထားနိုင်ရုံသာဖြစ်၍၊ စိတ်၏အနက်ရှိုင်းဆုံးအလွှာသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် သမ္မာဒိဋ္ဌိဦးဆောင်သော ပညာကွန္ဓကို လိုအပ်သည်။ ဝိပဿနာပညာ ရင့်ကျက်လာမှသာလျှင် အကုသိုလ်တရား၏ ကိန်းအောင်းသောအမြစ်များ (အနုသယ) ကို အပြီးတိုင် နုတ်ပယ်ဖျက်ဆီးနိုင်မည်ဖြစ်သည်။ ဤသုံးဆင့်ကုထုံးပုံစံသည် မဂ္ဂင်ရှစ်ပါးကို

ခေတ်သစ်စိတ်ကုထုံးပညာနှင့် နှိုင်းယှဉ်လေ့လာနိုင်သော အနေအထားသို့ပင် ရောက်ရှိစေပြီး၊ ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်၏ စိတ်ပညာဆိုင်ရာ လက်တွေ့ကျမှုကို ထင်ရှားစွာ သက်သေပြနေသည်။

စေတနာအခြေခံကျင့်ဝတ်နှင့် စရိုက်ပြုပြင်ပြောင်းလဲရေး

မဂ္ဂင်ရှစ်ပါး၏ နောက်ထပ်အရေးပါသောအချက်မှာ ကျင့်ဝတ်ကို စေတနာ တွင် အခြေခံထားခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်သည် ပြင်ပစည်းကမ်းချက်များကို လိုက်နာရုံမျှဖြင့် မပြီးဆုံးဘဲ၊ အတွင်းစိတ်၏စေတနာကို ပြုပြင်ပြောင်းလဲခြင်းအပေါ် အခြေခံသည်။ ကီအွန် (Damien Keown) က ၎င်း၏ The Nature of Buddhist Ethics တွင် မဂ္ဂင်ရှစ်ပါးကျင့်သုံးမှုကို မိမိကိုယ်ကို ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးတစ်ရပ်အဖြစ် တင်ပြပြီး၊ ဗုဒ္ဓဘာသာကျင့်ဝတ်ကို အရစ္စတိုတယ်၏ စာရိတ္တကျင့်ဝတ်ဝါဒ (virtue ethics) နှင့် အနီးစပ်ဆုံးနှိုင်းယှဉ်နိုင်သည်ဟု ဆွေးနွေးခဲ့သည်။ ဤအမြင်အရ မဂ္ဂင်ရှစ်ပါးသည် အပြင်ပန်းစည်းကမ်းချက်များကို မျက်ကန်းယုံကြည်လိုက်နာခြင်းမဟုတ်ဘဲ၊ စိတ်အစဉ်အတွင်း ကိန်းအောင်းနေသော လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်မူလတရားသုံးပါးကို အလောဘ၊ အဒေါသ၊ အမောဟတရားများဖြင့် တဖြည်းဖြည်း အစားထိုးကာ စရိုက်လက္ခဏာတစ်ခုလုံးကို အတွင်းကျကျ ပြုပြင်ပြောင်းလဲပေးခြင်းဖြစ်သည်။ ဝီလျံစ် (Paul Williams) ကလည်း ဤစိတ်ပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသဘောကို ရှေးဦးဗုဒ္ဓဘာသာအတွေးအခေါ်၏ ဗဟိုချက်မအဖြစ် အတည်ပြုထားသည်။

ဤစေတနာအခြေခံချဉ်းကပ်မှုကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် အစွန်းနှစ်ဖက်ကို ရှောင်ရှားနိုင်သည်။ တစ်ဖက်တွင် ပြင်ပစည်းမျဉ်းလိုက်နာမှုကိုသာ အလေးပေး၍ စိတ်ရင်းကို လျစ်လျူရှုသော ဥပဒေကိုယ်ကျင့်ဒဿန (legalism) ၏ ခြောက်ကပ်မှုကို

ရှောင်နိုင်ပြီး၊ အခြားတစ်ဖက်တွင် ကိုယ်ကျင့်တရားကို ပုဂ္ဂိုလ်ရေးအကြိုက်သက်သက်အဖြစ် လျှော့ချပစ်သော နှိုင်းရကိုယ်ကျင့်ဒဿန (relativism) ၏ ဖရိုဖရဲမှုကိုလည်း ကာကွယ်နိုင်သည်။ ဥပမာအားဖြင့် သမ္မာဝါစာသည် "မလိမ်ညာပါနှင့်" ဟူသော တားမြစ်ချက်သက်သက်မဟုတ်ဘဲ၊ မုသာဝါဒမှရှောင်ကြဉ်၍ အမှန်ကိုပြောဆိုခြင်း၊ ကုန်းချောစကားမှရှောင်ကြဉ်၍ ညီညွတ်မှုကိုဖြစ်စေသောစကားကို ပြောဆိုခြင်း၊ ကြမ်းတမ်းသောစကားမှရှောင်ကြဉ်၍ နူးညံ့သိမ်မွေ့စွာပြောဆိုခြင်းနှင့် ပြိန်ဖျင်းသောစကားမှရှောင်ကြဉ်၍ အကျိုးရှိသောစကားကို အချိန်အခါသင့်စွာ ပြောဆိုခြင်းဟူသော အပြုသဘောဆောင်သည့် ကျင့်ဝတ်လေးရပ်စလုံး ပါဝင်သည်။ ဤသို့ တားမြစ်ချက် (negative precept) နှင့် ပျိုးထောင်ချက် (positive cultivation) နှစ်မျိုးစလုံး ပါဝင်နေခြင်းသည် မဂ္ဂင်ကျင့်စဉ်၏ ပြည့်စုံမှုကို ဖော်ပြသည်။

သီလနှင့်ပညာ၏ အပြန်အလှန်သန့်စင်မှု

ရှေးဦးဗုဒ္ဓကျမ်းစာများအရ မဂ္ဂင်အင်္ဂါများသည် တစ်ဆင့်ပြီးတစ်ဆင့် ကျော်ဖြတ်ပစ်ခဲ့ရမည့် တရားသေအဆင့်များမဟုတ်ဘဲ၊ အပြန်အလှန်ပေါင်းစပ်ပံ့ပိုးပေးနေကြသော တရားစုဖြစ်ကြောင်း ရှေ့တွင်တင်ပြခဲ့ပြီးဖြစ်သည်။ ဤအပြန်အလှန်အမှီပြုမှု၏ အထင်ရှားဆုံးကျမ်းစာအထောက်အထားမှာ သောဏဒဏ္ဍသုတ် (DN 4) ဖြစ်သည်။ ထိုသုတ်တွင် *"လက်တစ်ဖက်ဖြင့် လက်တစ်ဖက်ကို ဆေးကြောသကဲ့သို့လည်းကောင်း၊ ခြေတစ်ဖက်ဖြင့် ခြေတစ်ဖက်ကို ပွတ်တိုက်သန့်စင်သကဲ့သို့လည်းကောင်း၊ သီလသည် ပညာကို သန့်စင်စေ၍ ပညာသည် သီလကို သန့်စင်စေသည်"* ဟူသော ထင်ရှားသည့် ဥပမာဖြင့် ဖော်ပြထားသည်။ ဂွမ်းဘရစ် (Richard Gombrich) က ဤဆက်နွယ်မှုသည် ဗုဒ္ဓ၏အတွေးအခေါ်တွင် ကျင့်ဝတ်နှင့်ဉာဏ်ပညာ ခွဲခြား၍မရသော သဘောကို

ထင်ဟပ်စေကြောင်း သုံးသပ်သည်။ ဆိုလိုရင်းမှာ ကိုယ်ကျင့်တရားစောင့်စည်းမှုသည် စိတ်အစဉ်ကို ငြိမ်သက်ကြည်လင်စေ၍ စစ်မှန်သောပညာပေါ်ထွန်းရေးကို အထောက်အကူပြုပြီး၊ ပေါ်ထွန်းလာသောပညာကလည်း ကိုယ်ကျင့်တရားကို ပိုမိုနက်ရှိုင်းစင်ကြယ်လာစေရန် ပြန်လည်လမ်းညွှန်ပေးသည့် အပြန်အလှန် ကျေးဇူးပြုသည့် ဆင့်ကဲဖြစ်စဉ် (virtuous spiral) တစ်ရပ်ဖြစ်နေခြင်းပင်ဖြစ်သည်။

ဤဆက်စပ်မှုပုံစံသည် အနောက်တိုင်းကျင့်ဝတ်ဒဿနနှင့် နှိုင်းယှဉ်လေ့လာရာတွင် စိတ်ဝင်စားဖွယ်ကွဲပြားချက်ကို ဖော်ပြသည်။ အီမန်နျူရယ်ကန့် (Kant) ၏ ကျင့်ဝတ်ဝါဒတွင် ကိုယ်ကျင့်တရားဆိုင်ရာတာဝန် (duty) ကို စိတ်ခံစားမှုနှင့် တိမ်းညွတ်မှုများမှ သီးခြားခွဲထုတ်ထားပြီး ဆင်ခြင်တုံတရားသက်သက်အပေါ် အခြေခံစေသည်။ ဗုဒ္ဓဘာသာကျင့်ဝတ်တွင်မူ ဆင်ခြင်ဉာဏ်ပညာ နှင့် စိတ်ထားကောင်းမြတ်မှုဆိုင်ရာ ခံစားချက်များဖြစ်သော မေတ္တာကရုဏာတို့သည် ဆန့်ကျင်ဘက်မဟုတ်ဘဲ ဒွန်တွဲဖွဲ့ဖြိုးကြပြီး အပြန်အလှန် သန့်စင်ပေးကြသည်ဟု အီဒယ်ဂလပ်စ်က နှိုင်းယှဉ်သုံးသပ်ထားသည်။ ဤအမြင်အရ ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်ပညာသည် ဆင်ခြင်တုံတရားနှင့် စိတ်ခံစားမှုပညာ (emotional cultivation) နှစ်ရပ်စလုံးကို တန်းတူအလေးထားသော ပေါင်းစပ်နည်းလမ်းကို ကိုယ်စားပြုသည်။

လောကီမဂ္ဂင်နှင့် လောကုတ္တရာမဂ္ဂင်

မဟာစတ္တာရီသကသုတ် (MN 117) ၏ နောက်ထပ်အရေးပါသော သွန်သင်ချက်မှာ မဂ္ဂင်တစ်ပါးစီ၌ လောကီ (လောကိယ) နှင့် လောကုတ္တရာ (လောကုတ္တရ) ဟူသော အသွင်နှစ်ရပ်ရှိကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ လောကီအသွင်မှာ အာသဝတရားနှင့်ယှဉ်လျက် ကောင်းမှုကုသိုလ်ဘက်သို့ ဦးတည်ကာ ဘဝအဆက်ဆက် ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေသော အဆင့်ဖြစ်ပြီး၊ လောကုတ္တရာအသွင်မှာ

အာသဝကင်းစင်လျက် အရိယမဂ်၏ အင်္ဂါအဖြစ် လွတ်မြောက်မှုကို တိုက်ရိုက်ဖော်ဆောင်သော အဆင့်ဖြစ်သည်။ ဥပမာအားဖြင့် လောကီသမ္မာဒိဋ္ဌိသည် ကံနှင့်ကံ၏အကျိုးကို ယုံကြည်လက်ခံခြင်းဖြစ်ပြီး၊ လောကုတ္တရာသမ္မာဒိဋ္ဌိမှာ သစ္စာလေးပါးထိုးထွင်းဉာဏ်ဖြစ်သည်။

ဤခွဲခြားမှု၏ ကျင့်ဝတ်ဆိုင်ရာအနက်မှာ လေးနက်သည်။ ကီအွန် (Damien Keown) ထောက်ပြသည့်အတိုင်း လောကီကောင်းမှုသက်သက်ကို ကျင့်သုံးနေခြင်းသည် ပုညကို ဖြစ်ထွန်းစေ၍ သံသရာအတွင်း ကောင်းမွန်သောဘဝကို ရရှိစေနိုင်သော်လည်း၊ ဝဋ်ဆင်းရဲမှ အပြီးတိုင်လွတ်မြောက်ရေးကိုမူ မဆောင်ကြဉ်းနိုင်သေးပေ။ သို့ရာတွင် ဤအချက်ကြောင့် လောကီကုသိုလ်၏တန်ဖိုး လျော့ကျသွားသည်မဟုတ်။ လောကီမဂ္ဂင်သည် လောကုတ္တရာမဂ္ဂင်၏ မရှိမဖြစ်အခြေခံဖြစ်ပြီး၊ လမ်းစဉ်နှစ်ဆင့်စလုံးကို ပေါင်းစပ်ထားသော အရိယမဂ္ဂင်ရှစ်ပါးသည်သာ ဒုက္ခချုပ်ငြိမ်းရာသို့ တိုက်ရိုက်ရောက်စေသော လမ်းစဉ်အဖြစ် ကျမ်းစာများက ပြဋ္ဌာန်းထားသည်။ ဤအဆင့်နှစ်ဆင့်ဖွဲ့စည်းပုံသည် သာမန်လူပုဂ္ဂိုလ်များအတွက် လက်တွေ့ကျသော ကျင့်ဝတ်လမ်းညွှန်ဖြစ်စေပြီး၊ တစ်ချိန်တည်းတွင် အဆုံးစွန်သောပန်းတိုင်ကိုလည်း မျက်ခြည်မပြတ်စေသော နှစ်ဆင့်တက်လမ်းစနစ်ကို ဖန်တီးပေးထားသည်။

လူမှုကျင့်ဝတ်ဆိုင်ရာ အရေးပါမှုနှင့် ဝေဖန်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း

အနောက်တိုင်းပညာရှင်အချို့က ဗုဒ္ဓဘာသာကို လူမှုရေးသွန်သင်ချက်ကင်းမဲ့သောဘာသာအဖြစ် ရှုမြင်ခဲ့ကြသည်။ အထင်ရှားဆုံးမှာ လူမှုဗေဒပညာရှင် မက်စ်ဝေဘာ (Max Weber) ၏ သုံးသပ်ချက်ဖြစ်ပြီး၊ သူက ရှေးဦးဗုဒ္ဓဘာသာသည် တစ်ဦးချင်းလွတ်မြောက်ရေးကိုသာ ရည်မှန်းသည့် လူမှုရေးကင်းကွာသော (asocial) လွတ်မြောက်ရေးဘာသာဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ သို့ရာတွင် တိလကရတန (Asanga

Tilakaratne) က ၎င်း၏ Theravada Buddhism: The View of the Elders တွင် ဤအမြင်ကို စနစ်တကျ ချေပထားသည်။ မဂ္ဂင်ရှစ်ပါးအနက် သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့သည် သဘောသဘာဝအားဖြင့်ပင် သူတစ်ပါးနှင့် ဆက်ဆံပြုမူရာ၌ ကျင့်သုံးရသော လူမှုသီလတရားများ (social virtues) ဖြစ်နေသောကြောင့်၊ လမ်းစဉ်ကို စစ်မှန်စွာကျင့်သုံးသူသည် လူ့အဖွဲ့အစည်းနှင့် ကင်းကွာ၍မရနိုင်ပေ ။

အထူးသဖြင့် သမ္မာအာဇီဝသည် စီးပွားရေးဘဝကို ကျင့်ဝတ်နယ်ပယ်အတွင်း တိုက်ရိုက်သွတ်သွင်းထားသော မဂ္ဂင်ဖြစ်သည်။ လက်နက်ကုန်သွယ်မှု၊ သတ္တဝါအသက်ကုန်သွယ်မှု၊ အသားကုန်သွယ်မှု၊ မူးယစ်သေရည်ကုန်သွယ်မှုနှင့် အဆိပ်ကုန်သွယ်မှုဟူသော မိစ္ဆာဝါဏိဇ္ဇာငါးမျိုးကို ရှောင်ကြဉ်စေခြင်းဖြင့်၊ တစ်ဦးချင်း၏ အသက်မွေးဝမ်းကျောင်းရွေးချယ်မှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဘေးကင်းလုံခြုံရေးနှင့် တိုက်ရိုက်ဆက်နွယ်နေကြောင်း အသိအမှတ်ပြုထားသည်။ ဟာဗေ (Peter Harvey) က ၎င်း၏ An Introduction to Buddhist Ethics တွင် ဤမဂ္ဂင်များသည် ခေတ်သစ်စီးပွားရေးကျင့်ဝတ်၊ ဆက်သွယ်ရေးကျင့်ဝတ်နှင့် ပရော်ဖက်ရှင်နယ်တာဝန်ဝတ္တရားနယ်ပယ်များအထိ တိုးချဲ့အသုံးချနိုင်သော မူဘောင်ဖြစ်ကြောင်း ဆန်းစစ်ပြထားသည်။ ယနေ့ခေတ်အခြေအနေတွင် သမ္မာဝါစာ၏ သွန်သင်ချက်များကို ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနှင့် လူမှုကွန်ရက်သုံးစွဲမှုကျင့်ဝတ်အဖြစ်လည်းကောင်း၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ကို တာဝန်သိစားသုံးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ရှိသတ္တဝါစောင့်ရှောက်ရေးကျင့်ဝတ်အဖြစ်လည်းကောင်း ချဲ့ထွင်အနက်ဖွင့်နိုင်သည်။

သို့ရာတွင် မဂ္ဂင်လမ်းစဉ်၏ ခေတ်သစ်တင်ပြမှုများတွင် သတိပြုသင့်သော စိန်ခေါ်မှုအချို့လည်း ရှိသည်။ ပထမအချက်မှာ မဂ္ဂင်လမ်းစဉ်တစ်ခုလုံးကို

အင်္ဂါတစ်ပါးတည်းသို့ လျှော့ချပစ်ခြင်းဖြစ်သည်။ ခေတ်သစ်သတိပဋ္ဌာန်လှုပ်ရှားမှု (mindfulness movement) အချို့တွင် သမ္မာသတိကိုသာ သီးခြားထုတ်နုတ်အလေးပေးပြီး၊ သမ္မာဝါစာ၊ သမ္မာအာဇီဝနှင့် သမ္မာသင်္ကပ္ပတည်းဟူသော ကျင့်ဝတ်ပိုင်းဆိုင်ရာ အခြေခံများကို လျစ်လျူရှုတတ်သည်။ မဂ္ဂင်ရှစ်ပါး၏ ဖွဲ့စည်းပုံသဘောအရ သတိသည် သီလအခြေခံနှင့် ပညာဦးတည်ချက် ကင်းမဲ့ပါက ၎င်း၏ လွတ်မြောက်ရေးစွမ်းအားကို ဆုံးရှုံးရမည်ဖြစ်သည်။ ဒုတိယအချက်မှာ ပုဂ္ဂလိကလွတ်မြောက်မှုကိုသာ အလေးပေး၍ ဖွဲ့စည်းပုံဆိုင်ရာ မတရားမှုများ၊ ဆင်းရဲမွဲတေမှုနှင့် ဂေဟစနစ်ပြဿနာများကို လုံလောက်စွာ အာရုံမစိုက်မိခြင်းဖြစ်သည်။ ဤဝေဖန်ချက်များသည် မဂ္ဂင်ရှစ်ပါး၏ တန်ဖိုးကို ပျက်ပြယ်စေခြင်းမရှိဘဲ၊ လမ်းစဉ်ကို အင်္ဂါရှစ်ပါးစုံလင်စွာ နားလည်ကျင့်သုံးရန် လိုအပ်ကြောင်းကိုသာ ထင်ဟပ်ဖော်ပြသည်။

ရဟန္တာနှင့် ကျင့်ဝတ်၏အဆင့်အတန်း "ကောင်းမကောင်းလွန်ကျော်မှု" အယူအဆ

မဂ္ဂင်လမ်းစဉ်၏ ကိုယ်ကျင့်တရားဆိုင်ရာအရေးပါမှုကို ဆန်းစစ်ရာတွင် ပန်းတိုင်ရောက်ပြီးနောက် ကျင့်ဝတ်၏အခန်းကဏ္ဍ မည်သို့ဖြစ်မည်နည်းဟူသော မေးခွန်းကို မလွဲမရှောင်သာ ကိုင်တွယ်ရမည်။ ပညာရှင်အချို့က အလဂဒ္ဒူပမသုတ် (MN 22) လာ ဖောင်ဥပမာကို ကိုးကား၍၊ ကမ်းတစ်ဖက်သို့ရောက်ပြီးသောသူသည် ဖောင်ကိုစွန့်ပစ်ရသကဲ့သို့ နိဗ္ဗာန်ရောက်ပြီးသော ရဟန္တာသည် သီလတရားများကို ကျော်လွန်စွန့်ပယ်သွားပြီဖြစ်၍ "ကောင်းမှုမကောင်းမှု သတ်မှတ်ချက်များထက် ကျော်လွန်သွားသူ" ဖြစ်သည်ဟု အနက်ဖွင့်ခဲ့ကြသည်။ သို့ရာတွင် ကီအွန်က ဤအနက်ဖွင့်မှုသည် ဖောင်ဥပမာကို လွဲမှားစွာကိုင်တွယ်ခြင်းဖြစ်ကြောင်း အသေးစိတ်ချေပခဲ့သည်။ ဖောင်ဥပမာ၏ ဆိုလိုရင်းမှာ ဓမ္မကို စွဲလမ်းခြင်းမပြုရန် သတိပေးခြင်းဖြစ်ပြီး၊ ကျင့်ဝတ်တန်ဖိုးများ ပျက်ပြယ်သွားသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။

အမှန်စင်စစ် ရဟန္တာပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟ ကိလေသာအမြစ်များ အကြွင်းမဲ့ကင်းစင်သွားပြီဖြစ်သောကြောင့်၊ ၎င်း၏ ကာယကံ၊ ဝစီကံ၊ မနောကံ အပြုအမူမှန်သမျှသည် သီလစံနှုန်းများကို မည်သည့်အခါမျှ ကျူးလွန်ဖောက်ဖျက်နိုင်ခြင်း မရှိတော့ပေ။ ဂေသင်း (Rupert Gethin) က ဖော်ပြသည့်အတိုင်း ရဟန္တာသည် သီလကို အားထုတ်ကြိုးပမ်း၍ စောင့်စည်းနေရခြင်းမဟုတ်တော့ဘဲ၊ ၎င်း၏စိတ်အစဉ်သည် သီလနှင့် ပကတိတသားတည်း ဖြစ်နေခြင်းသာဖြစ်သည်။ ဂေသင်း၏ ထင်ရှားသောဖော်ပြချက်အရ "လမ်းစဉ်သည် ရောက်ရှိလိုသောပန်းတိုင်ဖြစ်သကဲ့သို့ ထိုပန်းတိုင်သို့သွားရာလမ်းလည်းဖြစ်သည်"။ နိဗ္ဗာန်ဟူသည် သီလနှင့်ဉာဏ်ပညာတို့ အဆုံးစွန်ပြီးပြည့်စုံစွာ ပေါင်းစပ်တည်ရှိနေသော လွတ်မြောက်မှုအခြေအနေဖြစ်၍၊ မဂ္ဂင်လမ်းစဉ်၏ အဆုံးစွန်ပန်းတိုင်သည် ကျင့်ဝတ်စနစ်ကို စွန့်ပစ်လိုက်ခြင်းမဟုတ်ဘဲ ကျင့်ဝတ်စင်ကြယ်ခြင်း၏ အထွတ်အထိပ်သို့ ဆိုက်ရောက်သွားခြင်းသာဖြစ်သည်။ ဤအချက်သည် မဂ္ဂင်ရှစ်ပါး၏ ကိုယ်ကျင့်တရားဆိုင်ရာအရေးပါမှုကို အစမှအဆုံးတိုင် တစ်သမတ်တည်း ထိန်းသိမ်းပေးထားသော အနက်ဖွင့်မှုဖြစ်သည်။

ကိုယ်ပိုင်ဆင်ခြင်ဆုံးဖြတ်ခွင့်နှင့် ကျင့်ဝတ်ဆိုင်ရာတာဝန်ယူမှု

မဂ္ဂင်လမ်းစဉ်၏ နောက်ဆုံးထူးခြားချက်တစ်ရပ်မှာ ၎င်းသည် ပြင်ပအာဏာပိုင်၏ အမိန့်ပြဋ္ဌာန်းချက်အပေါ် အခြေမခံဘဲ၊ ကျင့်သုံးသူ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားနှင့် တာဝန်ယူမှုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ကာလာမသုတ် (AN 3.65) တွင် မြတ်စွာဘုရားက ကေသမုတ္တိရွာသား ကာလာမတို့အား တဆင့်စကား၊ အစဉ်အလာ၊ ကျမ်းဂန်လာရုံ၊ ဆရာဂုဏ်သိက္ခာစသည်တို့ကြောင့် မျက်ကန်းလက်မခံဘဲ၊ "ဤတရားတို့သည် အကုသိုလ်ဖြစ်၏၊ အပြစ်ရှိ၏၊ ပညာရှိတို့ကဲ့ရဲ့၏၊ ဆောက်တည်ကျင့်သုံးပါက အကျိုးမဲ့ဆင်းရဲခြင်းဌာ ဖြစ်၏" ဟု မိမိကိုယ်တိုင်

သိမြင်လာသောအခါမှသာ စွန့်ပယ်ကြရန် သွန်သင်ခဲ့သည်။ ဤသွန်သင်မှုသည် ကျင့်ဝတ်ဆိုင်ရာ ကိုယ်ပိုင်ဆင်ခြင်စိစစ်နိုင်စွမ်း (moral autonomy) ကို အားပေးမြှင့်တင်ထားခြင်းဖြစ်ပြီး၊ ကျင့်ဝတ်စံနှုန်း၏ တရားဝင်မှုကို ဖန်ဆင်းရှင်၏အလိုတော် သို့မဟုတ် ပြင်ပအာဏာစက်တွင် မတည်စေဘဲ၊ လုပ်ရပ်၏ အကျိုးဆက်နှင့် ကိုယ်တွေ့စိစစ်နိုင်မှုတွင် တည်စေသည်။

ဂျယတိလက (K. N. Jayatilleke) က ဗုဒ္ဓဘာသာကျင့်ဝတ်ပညာသည် လူသားတစ်ဦးချင်းစီ၏ လွတ်လပ်သောရွေးချယ်နိုင်စွမ်းနှင့် ကိုယ်တိုင်တာဝန်ယူမှုကို ဗဟိုပြုထားသောကြောင့်၊ ကျင့်ဝတ်ဆိုင်ရာ ကြီးထွားရင့်ကျက်မှုသည် ပြင်ပမှချမှတ်ပေး၍ရသောအရာမဟုတ်ဘဲ
ကိုယ်တိုင်ပျိုးထောင်ယူရသောအရာဖြစ်ကြောင်း သုံးသပ်ထားသည်။ မဂ္ဂင်ရှစ်ပါးသည် ဤသဘောတရားကို လက်တွေ့အကောင်အထည်ဖော်ပေးသော လမ်းစဉ်ဖြစ်သည်။ လမ်းလျှောက်ခြင်းကို မည်သူမျှ ကိုယ်စားပြုလုပ်၍မရသကဲ့သို့၊ မဂ္ဂင်ကျင့်စဉ်ကိုလည်း ကျင့်သုံးသူကိုယ်တိုင်သာ လျှောက်လှမ်းရမည်ဖြစ်ပြီး၊ ဗုဒ္ဓသည် လမ်းညွှန်သူ (မဂ္ဂကွာယီ) သာဖြစ်ကြောင်း ကျမ်းစာများက အလေးပေးဖော်ပြထားသည်။

နိဂုံး

ဤဆန်းစစ်ချက်များအရ အရိယမဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှုကို အချက်ငါးရပ်ဖြင့် အနှစ်ချုပ်နိုင်သည်။ ပထမအချက်မှာ ကျင့်ဝတ်ကို စေတနာနှင့်ပညာတွင် အခြေခံထားခြင်းဖြစ်ပြီး၊ ဤအခြေခံကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်သည် ဥပဒေသဝါဒနှင့် နှိုင်းရဝါဒအစွန်းနှစ်ဖက်မှ လွတ်ကင်းသည်။ ဒုတိယအချက်မှာ ကျင့်ဝတ်ကို စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုနှင့် ခွဲခြားမရအောင် ဆက်စပ်ထားခြင်းဖြစ်ပြီး၊ သီလ၊ သမာဓိ၊ ပညာသုံးရပ်သည် အကုသိုလ်တရား၏

အလ္ကာသုံးဆင့် (ဝီတိက္ကမ၊ ပရိယုဋ္ဌာန၊ အနုသယ) ကို အသီးသီးပစ်မှတ်ထား ကုစားပေးသည်။ တတိယအချက်မှာ နေ့စဉ်ဘဝ၏ စကားပြောဆိုမှု၊ အလုပ်လုပ်ကိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကိုပင် လွတ်မြောက်ရေးလမ်းစဉ်၏ အစိတ်အပိုင်းအဖြစ် မြှင့်တင်ပေးထားခြင်းဖြစ်သည်။ စတုတ္ထအချက်မှာ အတွင်းစိတ်ကိလေသာနှင့် ပြင်ပအပြုအမူနှစ်မျိုးစလုံးကို တစ်ပြိုင်နက်ကိုင်တွယ်ဖြေရှင်းပေးခြင်းဖြစ်ပြီး၊ ပဉ္စမအချက်မှာ ကျင့်ဝတ်တင်းကျပ်မှုနှင့် လျော့ပေါ့မှုအကြား အလယ်အလတ်လမ်းကြောင်းကို ချမှတ်ပေးထားခြင်းဖြစ်သည်။

မဂ္ဂင်ရှစ်ပါး၏ အကြီးမြတ်ဆုံးအားသာချက်မှာ ၎င်း၏ ပြည့်စုံညီညွတ်မှု (wholeness) ပင်ဖြစ်သည်။ ၎င်းသည် စည်းကမ်းပြဋ္ဌာန်းချက်သက်သက်မဟုတ်၊ ဒဿနိကသီအိုရီသက်သက်မဟုတ်၊ ကမ္မဋ္ဌာန်းနည်းစနစ်သက်သက်လည်းမဟုတ်ဘဲ၊ မိမိနှင့်သူတစ်ပါးနှစ်ဦးစလုံး၏ ဆင်းရဲဒုက္ခကို လျော့ပါးချုပ်ငြိမ်းစေသည့်နည်းဖြင့် နေထိုင်တတ်ရန် လေ့ကျင့်ပေးသော ဘဝတစ်ခုလုံးလွှမ်းခြုံသည့် လက်တွေ့ကျင့်စဉ်ဖြစ်သည်။ လူသားတို့၏ အပြုအမူကို ရဲကဲ့သို့ စောင့်ကြပ်ထိန်းချုပ်ခြင်းမဟုတ်ဘဲ၊ အပြုအမူထိန်းချုပ်မှုမှသည် စိတ်ငြိမ်းချမ်းမှု၊ စိတ်ငြိမ်းချမ်းမှုမှသည် ထိုးထွင်းသိမြင်မှုနှင့် အပြီးတိုင်လွတ်မြောက်မှုဆီသို့ အဆင့်ဆင့်ပို့ဆောင်ပေးသော စင်ကြယ်ရေးလမ်းစဉ်ဖြစ်သည်။ ထို့ကြောင့် အရိယမဂ္ဂင်ရှစ်ပါးသည် စိတ်ပညာ၊ အသိပညာဗေဒနှင့် ကျင့်ဝတ်ဗေဒတို့ကို လေးနက်စွာ ပေါင်းစပ်ထားသော ဘက်စုံစရိုက်ပြုပြင်ပြောင်းလဲရေး လမ်းစဉ်ကြီးအဖြစ် ရပ်တည်နေပြီး၊ ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ အသက်ကျောရိုးအဖြစ် ယနေ့တိုင် အရေးပါနေဆဲဖြစ်ပါသည်။

ကျမ်းကိုးစာရင်း (References)

[1] Rahula, Walpola. What the Buddha Taught. Revised edition. New York: Grove Press, 1974.

[3] Bodhi, Bhikkhu. The Noble Eightfold Path: The Way to the End of Suffering. Kandy: Buddhist Publication Society, 1994.

[3] Gethin, Rupert. The Foundations of Buddhism. Oxford: Oxford University Press, 1998.

[9] Karunadasa, Y. Early Buddhist Teachings: The Middle Position in Theory and Practice. Hong Kong: Centre of Buddhist Studies, University of Hong Kong, 2013 (reprinted Boston: Wisdom Publications, 2018), pp. 99–100.

[10] Keown, Damien. The Nature of Buddhist Ethics. Basingstoke: Palgrave, 2001 (first published 1992).

[11] Keown, Damien. Buddhist Ethics: A Very Short Introduction. Oxford: Oxford University Press, 2005.

[12] Williams, Paul (with Anthony Tribe). Buddhist Thought: A Complete Introduction to the Indian Tradition. London: Routledge, 2000.

[14] Gombrich, Richard F. What the Buddha Thought. London: Equinox Publishing, 2009.

[15] Edelglass, William. "Buddhist Ethics and Western Moral Philosophy." In A Companion to Buddhist Philosophy, edited by Steven M. Emmanuel. Chichester: Wiley-Blackwell, 2013.

[16] Weber, Max. The Religion of India: The Sociology of Hinduism and Buddhism. Translated by Hans H. Gerth and Don Martindale. Glencoe: Free Press, 1958.

[17] Tilakaratne, Asanga. Theravada Buddhism: The View of the Elders. Honolulu: University of Hawai'i Press, 2012.

[18] Harvey, Peter. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press, 2000.

[20] Jayatilleke, K. N. Ethics in Buddhist Perspective. The Wheel Publication No. 175/176. Kandy: Buddhist Publication Society, 1972.

(၇) ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော လူမှုဘဝကို တည်ဆောက်ရာ၌ ငါးပါးသီလ၏ လက်တွေ့ကျသော အသုံးဝင်မှုများ

ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်တွင် ငါးပါးသီလသည် လူဝတ်ကြောင်များအတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံးသော ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်ချက်ဖြစ်သည်။ သိသာထင်ရှားသော အချက်မှာ ယင်းသည် အခြားသော ဘာသာတရားအချို့ကဲ့သို့ ဖန်ဆင်းရှင်တစ်ဦးဦးက ချမှတ်ထားသည့် အတင်းအကျပ်လိုက်နာရမည့် ပညတ်တော်များ (Divine Commandments) မျိုးမဟုတ်ဘဲ၊ လူသားတို့ကိုယ်တိုင် မိမိဆန္ဒအလျောက် သင်ယူကျင့်ကြံရမည့် နိယာမများ (Principles of Training / သိက္ခာပဒ) အဖြစ် တည်ရှိခြင်းဖြစ်သည်။ Damien Keown (1992) ထောက်ပြသည့်အတိုင်း ဗုဒ္ဓဘာသာကျင့်ဝတ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Autonomy) ကို အပြည့်အဝပေးထားသည်။ ဤစာတမ်းတွင် ငါးပါးသီလသည် တစ်ကိုယ်ရည် ကောင်းမွန်မှုသက်သက်မဟုတ်ဘဲ၊

လူမှုအဖွဲ့အစည်းတစ်ခုလုံးကို အကျိုးပြုနိုင်သည့် လက်တွေ့ကျသော အသုံးဝင်မှုများကို အဓိကရှုထောင့် (၅) ရပ်ဖြင့် ဆန်းစစ်တင်ပြသွားမည်ဖြစ်သည်။

ကိုယ်ချင်းစာတရား (Empathy) နှင့် ကမ္ဘာလုံးဆိုင်ရာ လူသားဆန်မှု

ငါးပါးသီလ၏ အခြေခံအုတ်မြစ်သည် ကိုယ်ချင်းစာတရား (Empathy / အနုကမ္ပာ) ပေါ်တွင် အပြည့်အဝ တည်ဆောက်ထားခြင်းဖြစ်သည်။ *ဓမ္မပဒ (Dhp 129–130)* တွင် "သတ္တဝါအားလုံးသည် အကြမ်းဖက်မှုကို ကြောက်ရွံ့ကြ၏။ သေခြင်းကို ကြောက်ရွံ့ကြ၏။ မိမိကိုယ်ကို နှိုင်းယှဉ်၍ သူတစ်ပါးကို မသတ်ဖြတ်သင့်၊ အသတ်မခိုင်းသင့်" ဟူ၍ မိန့်ဆိုထားသည်။ ဤအချက်သည် "မိမိကိုယ်ကို စံထား၍ ဆင်ခြင်ခြင်း" (အတ္တာနံ ဥပမံ ကတွာ) ဟူသော ဗုဒ္ဓဘာသာ၏ အခြေခံကျင့်ဝတ်စံနှုန်းကို ထင်ဟပ်နေခြင်းဖြစ်သည် (Bodhi, 1981)။ မိမိနည်းတူ အခြားသူများသည်လည်း အသက်ရှင်လိုခြင်း၊ နာကျင်မှုကို ကြောက်ရွံ့ခြင်း ရှိကြသည်ကို နားလည်ကာ၊ အကြမ်းမဖက်ခြင်း (အဟိංသာ)နှင့် မေတ္တာကရုဏာကို လက်တွေ့အကောင်အထည်ဖော်ခြင်းသည် လူမျိုး၊ ဘာသာ၊ နယ်နိမိတ် ကန့်သတ်ချက်များကို ကျော်လွန်သည့် ကမ္ဘာလုံးဆိုင်ရာ လူသားဆန်မှု (Universal Humanism) ကို တည်ဆောက်ပေးပါသည်။

ဝါရိတ္တ (ရှောင်ကြဉ်ခြင်း) မှ စာရိတ္တ (ပျိုးထောင်ခြင်း) သို့ ကူးပြောင်းမှု

ငါးပါးသီလကို အပေါ်ယံအားဖြင့် ကြည့်လျှင် "မပြုလုပ်ရ" ဟူသော ငြင်းပယ်မှုပုံစံ (Negative Abstinence/ ဝေရမဏိ) ဖြင့် ဖွဲ့စည်းထားသော်လည်း၊ လက်တွေ့ကျင့်သုံးရာတွင် ၎င်းသည် ကောင်းမြတ်သော အရည်အသွေးများကို တက်ကြွစွာ ပျိုးထောင်ခြင်း (Positive Virtues သို့မဟုတ် စာရိတ္တသီလ) သို့ အလိုအလျောက် ကူးပြောင်းသွားစေသည့် အပြန်အလှန် ပေါင်းစပ်ယန္တရား (Complementary mechanism) ဖြစ်သည်။

❐ **ပါဏာတိပါတ** (အသက်မသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း) သည် သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာ ထားရှိခြင်းကို တိုက်ရိုက် ဖြစ်ပေါ်စေသည်။

❐ **အဒိန္နာဒါန** (သူတစ်ပါးပစ္စည်း မခိုးယူခြင်း) သည် ရိုးသားဖြောင့်မတ်မှု (Honesty) နှင့် တရားမျှတသော စီးပွားရေးလုပ်ငန်းစဉ်များကို အားပေးသည်။

❐ **ကာမေသုမိစ္ဆာစာရ** (ကာမဂုဏ် မှားယွင်းစွာမကျင့်ခြင်း) သည် အိမ်ထောင်ရေး သစ္စာရှိမှုနှင့် ခိုင်မာသော မိသားစုတည်ဆောက်ပုံ (Family stability) ကို အာမခံသည်။

❐ **မုသာဝါဒ** (လိမ်ညာမပြောဆိုခြင်း) သည် အမှန်တရားကို မြတ်နိုးခြင်းနှင့် လူမှုအဖွဲ့အစည်းအတွင်း ယုံကြည်မှုကို တည်ဆောက်ပေးသည်။

❐ **သုရာမေရယ** (မူးယစ်ဆေးဝါး ရှောင်ကြဉ်ခြင်း) သည် သတိတရား (Mindfulness) ကို ထက်သန်စေပြီး ဆင်ခြင်တုံတရားကို အစဉ်ထိန်းသိမ်းပေးသည်။

အတိုင်းအတာမသိနိုင်သော ဘေးကင်းလုံခြုံမှု (Immeasurable Safety) နှင့် လူမှု ကတိပဋိညာဉ်(Social Contract)

သီလစောင့်ထိန်းခြင်းသည် မိမိကိုယ်တိုင်အတွက်သာမက ပတ်ဝန်းကျင်ရှိ သတ္တဝါအားလုံးကိုပါ အကြီးမားဆုံးသော လက်ဆောင်ကို ပေးအပ်ခြင်းဖြစ်သည်။ *အင်္ဂုတ္တရနိကာယ်၊ အဘိသန္ဒသုတ်* အရ ငါးပါးသီလ လုံခြုံသူသည် အခြားသူများအား "ဘေးကင်းလုံခြုံမှု၊ ရန်ကင်းမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုကင်းဝေးခြင်း" (အဘယဒါန) များကို ပေးလှူနေခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းကို လူမှုဗေဒရှုထောင့်မှ ကြည့်လျှင် သီလဆောက်တည်ခြင်းသည် လူမှုအဖွဲ့အစည်းအတွင်း "ငါသည် အခြားသူများအား အန္တရာယ်မပြုပါ" ဟူသော ကိုယ်ကျင့်တရားဆိုင်ရာ လူမှုကတိပဋိညာဉ် (Moral Social

Contract) တစ်ရပ်ကို သဘောတူ လက်မှတ်ရေးထိုးလိုက်ခြင်းပင် ဖြစ်သည်။ သီလရှိသူ၏ အနီးတွင် မည်သူမျှ အသက်အန္တရာယ်၊ ပိုင်ဆိုင်မှု၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာ မလိုတော့သဖြင့်၊ ၎င်းသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အထိရောက်ဆုံးသော လက်တွေ့အသုံးချမှုပင် ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ သန့်စင်မှုနှင့် လွတ်မြောက်ရေး အုတ်မြစ်

သီလစင်ကြယ်ခြင်း၏ နောက်ထပ် အရေးပါသော အကျိုးကျေးဇူးမှာ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုဖြစ်သည်။ သီလစောင့်ထိန်းသူသည် မိမိ၏ လုပ်ရပ်များအပေါ် ပြန်လည်အပြစ်တင်စရာ (Remorse) မရှိတော့သဖြင့် "နောင်တပူပန်မှု ကင်းဝေးခြင်း" (အဝိပ္ပဋိသာရ) ကို ခံစားရသည်။ *အင်္ဂုတ္တရနိကာယ်၊ ကိမတ္ထိယသုတ်* တွင် ဟောကြားထားသည့်အတိုင်း သီလရှိခြင်းကြောင့် နောင်တကင်းဝေးပြီး၊ ယင်းမှတစ်ဆင့် ဝမ်းမြောက်ခြင်း (ပီတိ)၊ ငြိမ်းအေးခြင်း (ပဿဒ္ဓိ)၊ ချမ်းသာခြင်း (သုခ) နှင့် နောက်ဆုံးတွင် စိတ်တည်ငြိမ်မှု သမာဓိ သို့ အဆင့်ဆင့် ဆိုက်ရောက်သွားစေသည်။ ထို့ကြောင့် ငါးပါးသီလသည် လောကီလူမှုဘဝ တည်ငြိမ်ရေးအတွက်သာမက၊ အဆုံးစွန်သော ဝိပဿနာဉာဏ်ပညာ ပွင့်လင်းလာစေရန်အတွက် မရှိမဖြစ်လိုအပ်သော တယ်လီအိုလော်ဂျီ (Teleological - ရည်ရွယ်ချက်အခြေပြု) အုတ်မြစ်ဖြစ်ကြောင်း တွေ့ရသည်။

လူမှုယုံကြည်မှု (Social Trust) နှင့် ခေတ်သစ်လူ့အခွင့်အရေး (Modern Human Rights)

ခေတ်သစ်ရှုထောင့်မှ ကြည့်လျှင် ငါးပါးသီလသည် လူ့အခွင့်အရေး (Human Rights) စံနှုန်းများနှင့် အပြည့်အဝ ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။ Damien Keown (2005) ၏ အဆိုအရ ဗုဒ္ဓဘာသာကျင့်ဝတ်ရှိ "ရှောင်ကြဉ်ရမည့် တာဝန်ဝတ္တရားများ" (Negative duties) သည် ခေတ်သစ်လူ့အခွင့်အရေး၏ "ရပိုင်ခွင့်များ" (Positive rights) နှင့် တိုက်ရိုက်

အချိုးကျနေသည်။ ပထမသီလသည် အသက်ရှင်သန်ခွင့် (Right to Life) ကိုလည်းကောင်း၊ ဒုတိယသီလသည် ပိုင်ဆိုင်ခွင့် (Right to Property) ကိုလည်းကောင်း၊ တတိယသီလသည် မိသားစုလုံခြုံခွင့်ကိုလည်းကောင်း အပြည့်အဝ အကာအကွယ်ပေးထားသည်။ *သိင်္ဂါလောဝါဒသုတ်* တွင် ဟောကြားထားသော လူမှုရေးတာဝန်ဝတ္တရားများသည် ဤသီလများကို အခြေခံထားခြင်းဖြစ်ပြီး၊ အခွင့်အရေးကိုသာ တောင်းဆိုနေသော ခေတ်သစ်ကမ္ဘာတွင် "တာဝန်သိမှု" (Responsibility) ဖြင့် လူမှုအဖွဲ့အစည်းအတွင်း ယုံကြည်မှု (Trust) ကို ခိုင်မာအောင် တည်ဆောက်ပေးသည့် ထူးခြားသောစနစ် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ငါးပါးသီလသည် ရှောင်ကြဉ်ရမည့် တားမြစ်ချက်များ သက်သက်မဟုတ်ဘဲ၊ လူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုမှသည် တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုအဖွဲ့အစည်း သာယာဝပြောရေးအထိ ဖြန့်ကြက်အကျိုးပြုနိုင်သော အလွန်လက်တွေ့ကျသည့် ကျင့်ဝတ်စနစ် (Practical Ethics) ဖြစ်သည်။ သီလကို စောင့်ထိန်းခြင်းဖြင့် လူသားတို့သည် မိမိ၏ အကုသိုလ်များကို ဖယ်ရှားနိုင်ရုံသာမက၊ ခေတ်သစ်ကမ္ဘာက အလွန်တရာ လိုအပ်နေသော ကိုယ်ချင်းစာတရား၊ လူ့အခွင့်အရေး လေးစားမှုနှင့် အပြန်အလှန် ယုံကြည်မှုတို့ကိုပါ တစ်ပါတည်း ပျိုးထောင်နိုင်မည်ဖြစ်ကြောင်း ဆန်းစစ်တင်ပြအပ်ပါသည်။

References

Bodhi, Bhikkhu. (1981). *Going for Refuge & Taking the Precepts*. Buddhist Publication Society.

Bodhi, Bhikkhu. (2005). *In the Buddha's Words: An Anthology of Discourses from the Pali Canon*. Wisdom Publications.

Keown, D. (1992). *The Nature of Buddhist Ethics*. Palgrave Macmillan.

Keown, D. (2005). *Buddhist Ethics: A Very Short Introduction*. Oxford University Press.

(၈) စံပြုကျင့်ဝတ် (Normative Ethics) အဖြစ် "သီလ" ၏ အခန်းကဏ္ဍ

ဗုဒ္ဓဘာသာကျမ်းစာများတွင် စံပြုကျင့်ဝတ် (Normative Ethics) ကို လေ့လာရာ၌ အခြေခံအကျဆုံးနှင့် အရေးအပါဆုံးသော အယူအဆမှာ "သီလ" ပင် ဖြစ်ပါသည်။ အနောက်တိုင်းကျင့်ဝတ်ပညာနှင့် နှိုင်းယှဉ်ပါက ဗုဒ္ဓဘာသာ၏ သီလအယူအဆသည် စိတ်ပိုင်းဆိုင်ရာ ဖြူစင်မှု၊ လူမှုရေးသဟဇာတဖြစ်မှုနှင့် လွတ်မြောက်ရေး (Nirvana) အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်အဖြစ် တည်ရှိနေပါသည်။

သီလ၏ အဓိပ္ပာယ်နှင့် ကျင့်ဝတ်ဆိုင်ရာ အသွင်ကူးပြောင်းမှု

Pali Text Society ၏ အဘိဓာန်အရ "သီလ" ဆိုသည်မှာ "သဘာဝ" (Nature)၊ "စရိုက်လက္ခဏာ" (Character) သို့မဟုတ် "အပြုအမူ" (Behavior) ဟု အဓိပ္ပာယ်ရပါသည်။ P.D. Premasiri ထောက်ပြသည့်အတိုင်း ဗုဒ္ဓရှင်တော်သည် သီလဟူသော ဝေါဟာရကို ဗုဒ္ဓမပွင့်မီခေတ်က အသုံးပြုခဲ့ကြသည့် ရိုးရာယဇ်ပူဇော်မှုဆိုင်ရာ အဓိပ္ပာယ်များမှ

ခွဲထုတ်ကာ၊ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ကျင့်တရားဆိုင်ရာ အသွင်ကူးပြောင်းမှုကို ဖြစ်စေသော "ကောင်းမြတ်သောအကျင့်" (Wholesome conduct) အဖြစ် အဓိပ္ပာယ်သစ် ဖွင့်ဆိုခဲ့ပါသည်။

Martin Adam က ရှင်းပြရာတွင် ဤအယူအဆသည် အနောက်တိုင်း ဝေါဟာရ "Morality" နှင့် အနီးစပ်ဆုံးတူညီသော်လည်း၊ ဖန်ဆင်းရှင်ကဲ့သို့သော ပြင်ပအာဏာပိုင်တစ်ဦးက ချမှတ်ထားသည့် စည်းမျဉ်းများ (External constraints) ကို မျက်ကန်းနာခံခြင်းမျိုး လုံးဝမဟုတ်ပေ။ ၎င်းသည် မိမိကိုယ်တိုင် ဆင်ခြင်တုံတရားဖြင့် သိမြင်နားလည်ကာ ဆောက်တည်ရသော "သဘာဝအသိစိတ်" (Autonomous ethical compass) ပေါ်တွင်သာ အခြေခံပါသည်။

စည်းမျဉ်းများလား သို့မဟုတ် အတွင်းစိတ်သရုပ်လား (Rules vs. Inner Virtue)

Bhikkhu Bodhi ၏ ရှင်းလင်းချက်အရ "သီလ" တွင် အဓိက အလွှာ (၃) ရပ် ပါဝင်ပါသည်—

1. **အတွင်းစိတ် စရိုက်လက္ခဏာ (Inner Virtue):** ကရုဏာ၊ ရိုးသားမှု၊ သည်းခံမှု စသည့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ။
2. **အပြင်ပန်း လုပ်ရပ်များ (Phenomenological Expressions):** ထိုအတွင်းစိတ် အရည်အသွေးများ ပြင်ပသို့ ထင်ရှားစွာ ထွက်ပေါ်လာသော ကိုယ်၊ နှုတ် အပြုအမူများ။
3. **ကျင့်ဝတ်စည်းမျဉ်းများ (Rules of Conduct):** ထိုလုပ်ရပ်များကို ထိန်းကျောင်းပေးသည့် ဥပဒေသများ (ဥပမာ - ငါးပါးသီလ)။

ယနေ့ခေတ် ကျင့်ဝတ်ပညာရှင်အချို့က ကျင့်ဝတ်များကို စည်းမျဉ်းဥပဒေများအဖြစ် သတ်မှတ်ရန် မလိုအပ်ဘဲ ကောင်းသော စေတနာထားရှိရုံဖြင့် လုံလောက်သည်ဟု ဆိုကြသည်။ သို့သော် ဗုဒ္ဓဘာသာကမူ အတွင်းစိတ်နှင့် အပြင်လုပ်ရပ်သည်

ခွဲခြားဝြမရအောင် ဆက်စပ်နေသဖြင့်၊ ကိုယ်နှုတ်အပြုအမူများကို စည်းမျဉ်းများဖြင့် ထိန်းချုပ်ခြင်းသည် အတွင်းစိတ်ကို ပြောင်းလဲစေရန် အကောင်းဆုံးသော လက်တွေ့ယန္တရားအဖြစ် လက်ခံထားပါသည်။

ကိုယ်တိုင်ဖြူစင်မှုမှသည် လူမှုရေး သဟဇာတဖြစ်မှုသို့

စံပြကျင့်ဝတ်(Normative Ethics) ၏ အဓိကမေးခွန်းမှာ "လူ့အဖွဲ့အစည်းအတွင်း မည်သို့ နေထိုင်သင့်သနည်း" ဟူသောအချက် ဖြစ်သည်။ သီလသည် ကိုယ်တိုင်စိတ်ပိုင်းဆိုင်ရာ ဖြူစင်မှုအတွက်သာမက၊ လူမှုရေးသဟဇာတဖြစ်မှုကိုပါ တိုက်ရိုက် တည်ဆောက်ပေးသည်။ *အင်္ဂုတ္တရနိကာယ်၊ အာဘိသန္ဒသုတ်* အရ သီလဆောက်တည်ခြင်းသည် အခြားသူများအား "ဘေးကင်းလုံခြုံမှု၊ ရန်ကင်းမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုကင်းဝေးခြင်း" များကို ပေးလှူနေခြင်း ဖြစ်သည်။ သီလသည် လူတစ်ဦးချင်းစီ၏ အတ္တကို ထိန်းချုပ်ပေးခြင်းဖြင့် လူမှုအဖွဲ့အစည်းအတွင်း အပြန်အလှန် ယုံကြည်မှု (Social Trust) ကို တည်ဆောက်ပေးသော ခိုင်မာသည့် လူမှုပဋိညာဉ် (Moral Social Contract) တစ်ရပ်အဖြစ် လုပ်ဆောင်ပါသည်။

ဗုဒ္ဓဘာသာစံပြကျင့်ဝတ်၏ ဒဿနပိုင်းဆိုင်ရာ ထူးခြားသော ရပ်တည်ချက် (Distinctive Philosophical Standpoint)

Damien Keown က ရဟန္တာပုဂ္ဂိုလ်များနှင့် ဘုရားရှင်ကိုယ်တိုင်သည် ဉာဏ်ပညာအထွတ်အထိပ်သို့ ရောက်ပြီးသော်လည်း သီလကျင့်ဝတ်များကို ကျူးလွန်ဖောက်ဖျက်ခြင်း လုံးဝမရှိတော့ပေ။ ထို့ကြောင့် သီလသည် ကိရိယာသက်သက်မဟုတ်ဘဲ လွတ်မြောက်မှု (Nirvana) ၏ အပြီးတိုင် ပြီးပြည့်စုံနေသော မပါမဖြစ်သည့် အစိတ်အပိုင်းဖြစ်ကြောင်း ခိုင်လုံစွာ ထောက်ပြထားပါသည်။ နိဗ္ဗာန်နှင့် ခွဲခြားဝြမရသော သီလ၏ ဤထူးခြားသည့် အခန်းကဏ္ဍကြောင့်ပင်

ဗုဒ္ဓဘာသာစံပြုကျင့်ဝတ်ကို အနောက်တိုင်းကျင့်ဝတ်သီအိုရီများနှင့် နှိုင်းယှဉ်ရာတွင် ပညာရှင်များအကြား ရှုထောင့်အမျိုးမျိုး ကွဲပြားလာရခြင်း ဖြစ်ပါသည်။

- **Virtue Ethics (အရစ္စတိုတယ်ပုံစံ):** Damien Keown က ဗုဒ္ဓဘာသာသည် ရလဒ်ထက် လုပ်ရပ်၏နောက်ကွယ်က စိတ်ရင်းနှင့် စရိုက်လက္ခဏာ (Virtue) ပျိုးထောင်ခြင်းကို အလေးပေးသဖြင့် အရစ္စတိုတယ်၏ စာရိတ္တကျင့်ဝတ်ဗေဒနှင့် အနီးစပ်ဆုံးတူညီကြောင်း အခိုင်အမာ ဆိုထားသည်။
- **Consequentialism (အကျိုးဆက်အခြေခံပုံစံ):** သို့သော် Charles Goodman ကဲ့သို့သော ပညာရှင်များကမူ ဗုဒ္ဓဘာသာသည် အများသူငှာ၏ ဆင်းရဲဒုက္ခကို လျှော့ချရေးကို အဓိကထားသဖြင့် အကျိုးဆက်ဝါဒ (Utilitarianism) နှင့် ပိုတူသည်ဟု ငြင်းခုံကြသည်။
- **Value Pluralism (တန်ဖိုးများစွာရှိသောစနစ်):** ဤအငြင်းပွားမှုများကို ဖြေရှင်းရာတွင် Abraham Vélez de Cea က ဗုဒ္ဓဘာသာသည် အနောက်တိုင်းသီအိုရီတစ်ခုတည်းဖြင့် သတ်မှတ်၍မရဘဲ၊ တာဝန်သိမှု (Deontology)၊ ရလဒ် (Consequences) နှင့် စရိုက်လက္ခဏာ (Virtue) စသည့် တန်ဖိုးများစွာကို ပေါင်းစပ်ထားသော စနစ်ဖြစ်သည်ဟု သုံးသပ်ထားပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဗုဒ္ဓဘာသာ၏ စံပြုကျင့်ဝတ်ဖြစ်သော "သီလ" သည် ပြင်ပမှ ပညတ်ထားသော ဥပဒေများသက်သက် မဟုတ်သကဲ့သို့၊ အနောက်တိုင်း သီအိုရီတစ်ခုတည်း၏ ပုံစံခွက်အတွင်းသို့ အတင်းအကျပ် သွတ်သွင်း၍ရသော အရာလည်း မဟုတ်ပေ။ ၎င်းသည် မိမိကိုယ်တိုင်၏ စေတနာနှင့် အသိဉာဏ်ကို အခြေခံကာ လူမှုပတ်ဝန်းကျင် သာယာဝပြောရေး လူမှုရေး သဟဇာတဖြစ်မှု (Social Harmony) ကို

တည်ဆောက်ပေးသော လက်တွေ့ကျင့်စဉ်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သီလသည် သမာဓိနှင့် ပညာတို့ကို ရရှိရန် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့၊ နိဗ္ဗာန်ဟူသော အထွတ်အထိပ်ပန်းတိုင်၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ်ပါ ရပ်တည်လျက်ရှိကြောင်း လေးနက်စွာ ကောက်ချက်ချအပ်ပါသည်။

ကျမ်းကိုးစာရင်း (References):

• Adam, Martin T. Moral Development in the Jātakas, Avadānas, and Pāli Nikāyas.

• Bhikkhu Bodhi. Going for Refuge, Taking the Precepts.

• Bhikkhu Bodhi. Dhamma-Reflections.

• Goodman, Charles. Consequences of Compassion: An Interpretation and Defense of Buddhist Ethics.

• Keown, Damien. The Nature of Buddhist Ethics.

• NIIBS. The Concept of Sīla in Buddhist Ethics.

• Premasiri, P.D. The Concept of Sīla in Theravada Buddhist Ethics.

• Vélez de Cea, Abraham. Value Pluralism in Early Buddhist Ethics.

(၉) ဗုဒ္ဓဘာသာကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှု (Motivation in Buddhist Ethics)

ကျင့်ဝတ်ဗေဒ (Ethics) ဆိုင်ရာ သမိုင်းစဉ်တစ်လျှောက်တွင် "လူသားတို့သည် အဘယ်ကြောင့် ကိုယ်ကျင့်တရားကို စောင့်ထိန်းကြသနည်း၊ ကောင်းမှုပြုရန် မည်သည့်အရာက လှုံ့ဆော်ပေးသနည်း" ဟူသော မေးခွန်းသည် အခြေခံအကျဆုံးနှင့် အငြင်းပွားဖွယ်ရာအကောင်းဆုံး ပဟေဠိတစ်ခု ဖြစ်ခဲ့သည်။ ကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှု (Ethical Motivation) ကို ရှာဖွေရာတွင် အနောက်တိုင်းဒဿန အယူအဆအချို့သည် ဘုရားသခင်၏ အမိန့်တော် (Divine Command) သို့မဟုတ် လူမှုရေးသဘောတူညီချက် (Social Contract) အပေါ်တွင် အခြေခံ၍ ရှင်းလင်းရန် ကြိုးပမ်းခဲ့ကြသည်။ ကန့် (Immanuel Kant) ကဲ့သို့သော ပညာရှင်များကမူ တာဝန်အရ လုပ်ဆောင်ရမည်ဟူသော ဆင်ခြင်တုံတရား (Rational Duty) ကို ရှေ့တန်းတင်ခဲ့သည်။ သို့သော် ဗုဒ္ဓဓမ္မဒေသနာတော်တွင်မူ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၏ တွန်းအားကို

ပြင်ပဖိအားများအပေါ်၌ အခြေမခံဘဲ "အတွင်းစိတ်၏ သိမြင်မှုနှင့် ခံစားမှုဆိုင်ရာ အသွင်ကူးပြောင်းမှု (Cognitive and Emotional Transformation)" အပေါ်တွင်သာ အလေးပေး တည်ဆောက်ထားသည်။

ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်သည် ရိုးရှင်းသော စည်းကမ်းသေဝပ်မှု (Dogmatic Legalism) မျိုး မဟုတ်သကဲ့သို့၊ အပေါ်ယံမျှသာဖြစ်သော ကိုယ်ကျိုးစီးပွားအခြေပြု (Prudential Egoism) သီးသန့်လည်း မဟုတ်ပေ။ စစ်မှန်သော ဗုဒ္ဓဘာသာကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှုသည် အောက်ဖော်ပြပါ အခြေခံအကြောင်းတရားများအပေါ်တွင် မြစ်ဖျားခံလျက်ရှိသည်-

အပြန်အလှန် အမှီသဟဲပြုမှု (ပဋိစ္စသမုပ္ပါဒ် နိယာမ)

ဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံး လှုံ့ဆော်မှုမှာ "စကြာဝဠာကြီးတစ်ခုလုံးသည် မိမိအပေါ် တာဝန်ရှိနေသကဲ့သို့၊ မိမိသည်လည်း စကြာဝဠာကြီးအပေါ် တာဝန်ရှိသည်" ဟူသော အပြန်အလှန်ဆက်နွယ်မှု အသိစိတ်ဖြစ်သည်။ ဤပဋိစ္စသမုပ္ပါဒ် အဆုံးအမသည် သီးခြားကွဲထွက်နေသော 'အတ္တ' သို့မဟုတ် 'ဝိညာဉ်' (Separate ego/soul) တည်ရှိနိုင်ခြေကို ပယ်ဖျက်လိုက်ပါသည်။ အကြောင်းမှာ အရာခပ်သိမ်းတို့သည် အကြောင်းအကျိုး ဆက်စပ်နေသော ကမ္ဘာကြီးထဲတွင် သီးခြားလွတ်လပ်စွာ (Independent existence) မတည်ရှိနိုင်သောကြောင့် ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာအရ လူသားခန္ဓာကိုယ်သည် ပတ်ဝန်းကျင်ဂေဟစနစ်အပေါ် မှီခိုနေရသကဲ့သို့၊ စိတ်ပိုင်းဆိုင်ရာ၌လည်း အတွေးအမြင်များသည် ပြင်ပလောကနှင့် လူမှုပတ်ဝန်းကျင်အပေါ် မှီတည်နေရသည်။ ဤသို့ ကိုယ်ပိုင်အရှိတရား ကင်းမဲ့နေမှု (Universal lack of self-existence) သည်ပင်လျှင် သက်ရှိအားလုံး၏ 'ထပ်တူကျမှု' ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သူတစ်ပါးနှင့် အခြားသောအရာဝတ္ထုများအပေါ် ထားရှိရမည့်

စိတ်နေစိတ်ထားမှာ "လေးစားမှု" နှင့် "ကျေးဇူးသိတတ်မှု" သာ ဖြစ်လာသည်။ သိဂ်ါလောဝါဒသုတ်တွင် မြတ်စွာဘုရားက "ရပိုင်ခွင့်များ" (Rights) နှင့် "တာဝန်ဝတ္တရားများ" (Duties) တို့သည် အပြန်အလှန် ဆက်စပ်နေကြောင်း ညွှန်ပြခဲ့ခြင်းမှာ ဤအမှီသဟဲပြုနေမှုကို လူမှုရေးကျင့်ဝတ်အဖြစ် အသုံးချပြခြင်းပင် ဖြစ်သည်။

အနုမာနဉာဏ်နှင့် စာနာမှု (Cognitive Empathy and Inference)

ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား၏ ဗဟိုချက်မှာ "မိမိကိုယ်ကို ဥပမာထား၍ သူတစ်ပါးကိုလည်း မိမိကဲ့သို့ပင် ဆက်ဆံရမည်" (အတ္တာနံ ဥပမံ ကတွာ) ဟူသော အချက်ဖြစ်သည်။ အနုမာနသုတ်တွင် မိမိကိုယ်ကိုယ်မှတစ်ဆင့် သူတစ်ပါးကို အနုမာန (Inference) ဆင်ခြင်ခြင်းသည် သူတစ်ပါးအကျိုး ရှေးရှုသောမူ၏ အခြေခံဖြစ်ကြောင်း မိန့်ကြားထားသည်။ ဤဆင်ခြင်မှုသည် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည် (Emotional Intelligence) ၏ အမြင့်ဆုံးအဆင့်ဖြစ်ပြီး နည်းလမ်းနှစ်သွယ်ဖြင့် အလုပ်လုပ်သည်-

ပထမနည်းလမ်းမှာ မိမိကိုယ်ကိုယ် သူတစ်ပါး၏ ရှုထောင့်မှနေ၍ တွေးတောခြင်း ဖြစ်သည်။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က ကိုယ်ချင်းစာနာမှုဆိုင်ရာ အနုမာန နိယာမကို **အနုမာနသုတ်(မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသပါဠိတော်)** ဤသို့ မိန့်ကြားခဲ့သည် - “ငါ့သျှင်တို့၊ ရဟန်းတစ်ပါးသည် မိမိကိုယ်ကို ဤသို့ တိုင်းတာနှိုင်းယှဉ်ရမည် - ‘ယုတ်ညံ့သော အလိုဆန္ဒရှိပြီး ထိုအလိုဆန္ဒ၏ လွှမ်းမိုးမှုကို ခံနေရသော ထိုပုဂ္ဂိုလ်သည် ငါ့အတွက် မနှစ်မြို့ဖွယ်၊ သဘောမကျဖွယ် ဖြစ်၏။ ထို့အတူပင် ငါသည်သာ ယုတ်ညံ့သော အလိုဆန္ဒရှိပြီး ထိုအလိုဆန္ဒ၏ လွှမ်းမိုးမှုကို ခံနေရပါက ငါသည်လည်း သူတစ်ပါးတို့အတွက် မနှစ်မြို့ဖွယ်၊ သဘောမကျဖွယ် ဖြစ်ပေလိမ့်မည်’”

လူတစ်ဦး၏ ပုဂ္ဂိုလ်ရေးတန်ဖိုး (Personality) သည် လူမှုပတ်ဝန်းကျင်၏ ရလဒ်တစ်ခုသာဖြစ်ရာ သူတစ်ပါး၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်၍ မရနိုင်ပေ။

မြတ်စွာဘုရားသည် အခြားသက်ရှိသတ္တဝါများအပေါ် ထားရှိရမည့် စိတ်နေစိတ်ထားသည် မိခင်တစ်ဦးက သူမ၏ တစ်ဦးတည်းသောသားအပေါ် ထားရှိသည့် စိတ်နေစိတ်ထားနှင့် တူညီရမည်ဟု ဟောကြားတော်မူခဲ့သည် - **"မိခင်တစ်ဦးသည် မိမိ၏ တစ်ဦးတည်းသောသားကို မိမိအသက်နှင့်လဲ၍ စောင့်ရှောက်သကဲ့သို့၊ လူတစ်ဦးသည် သတ္တဝါအားလုံးအပေါ်၌ အတိုင်းအဆမရှိသော ကရုဏာတရားဖြင့် ကြည့်ရှုစောင့်ရှောက်ရမည်" (ကရဏီယမေတ္တာသုတ်)** ။ မိခင်တစ်ဦး၏ သားသမီးအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာသည် မိမိအကျိုးကြည့်ခြင်း (Egoistic) လည်းမဟုတ်၊ သူတစ်ပါးအကျိုးသက်သက်ကြည့်ခြင်း (Altruistic) လည်းမဟုတ်ဘဲ တစ်သားတည်းဖြစ်နေသော သဘောဖြစ်သည်။ မိခင်တစ်ဦးသည် သူမ၏ တစ်ဦးတည်းသောသားကို ပြုစုစောင့်ရှောက်ရန် လှုံ့ဆော်ပေးသော မေတ္တာမျိုးသည်ပင်လျှင် လူသားတို့အား လူ့အဖွဲ့အစည်းကို အကောင်းဆုံး ကူညီရန် လှုံ့ဆော်ပေးသင့်သော မေတ္တာမျိုး ဖြစ်သည်။ ဤစိတ်နေစိတ်ထားသည် ဝေမျှခြင်း (Sharing) နှင့် ကိုယ်ချင်းစာခြင်း (Sympathy) ကဲ့သို့သော ဂုဏ်ရည်များဆီသို့ ဦးတည်စေသည်။

ဒုတိယနည်းလမ်းမှာ သူတစ်ပါးကို မိမိ၏ ရှုထောင့်မှနေ၍ ထည့်သွင်းစဉ်းစားခြင်း ဖြစ်သည်။ "ငါ့အတွက် မနှစ်မြို့ဖွယ်၊ မသာယာဖွယ် ဖြစ်သော အခြေအနေသည် သူတစ်ပါးအတွက်လည်း ထို့အတူပင် ဖြစ်ရမည်။ ငါ့အတွက် မနှစ်မြို့ဖွယ်၊ မသာယာဖွယ် ဖြစ်သော ထိုအခြေအနေမျိုးကို ငါသည် သူတစ်ပါးအပေါ်၌ မည်သို့လျှင် ကျရောက်စေနိုင်အံ့နည်း? ဤကဲ့သို့ ဆင်ခြင်ခြင်း၏ ရလဒ်အနေဖြင့် သူသည် မိမိကိုယ်တိုင်လည်း သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သည်၊ သူတစ်ပါးတို့ကိုလည်း ထိုသို့ရှောင်ကြဉ်ရန် တိုက်တွန်းသည်၊ ထိုသို့ရှောင်ကြဉ်ခြင်း၏

ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းပြောဆိုသည်။ ဤသို့ဖြင့် သူသည် ကိုယ်ကျင့်တရား (ကာယကံ) ပိုင်း၌ စင်ကြယ်လှပေသည်” (မြတ်စွာဘုရားသည် အခြားသော သီလဝတ်တရားများနှင့် ပတ်သက်၍လည်း ဤသို့ပင် ဆင်ခြင်ရန် အကျယ်တဝင့် ဆက်လက်ဟောကြားတော်မူခဲ့သည်) (**"ဝေဠုဒ္ဒါရေယျသုတ်" သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်)**။

"ငါ့အတွက် မနှစ်မြို့ဖွယ်ဖြစ်သော အခြေအနေသည် သူတစ်ပါးအတွက်လည်း ထို့အတူပင် ဖြစ်ရမည်" ဟူသော ဆင်ခြင်မှု သည် လေးနက်သော ကိုယ်ချင်းစာတရားကို ဖြစ်ပေါ်စေသည်။ ကန့် (Kant) ၏ "အခြားသူများကို ကိရိယာသက်သက်အဖြစ် မဆက်ဆံရန်" ဟူသော အယူအဆနှင့် ဆင်တူသော်လည်း၊ ဗုဒ္ဓဘာသာသည် လူသားသာမက သက်ရှိအားလုံးအပေါ်သို့ ဤကိုယ်ချင်းစာတရားကို ကျယ်ပြန့်စွာ သက်ရောက်စေခြင်းဖြင့် ပိုမိုနက်ရှိုင်းသော ဂေဟ-ကျင့်ဝတ် (Eco-ethics) ကို ဖော်ဆောင်ပေးပါသည်။ ကရဏီယမေတ္တာသုတ်တွင် မေတ္တာပွားများရာ၌ ဖြစ်နိုင်ခြေရှိသော သတ္တဝါအမျိုးအစားအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည် -

“ကြောက်တတ်သော သတ္တဝါ၊ တည်ကြည်သော (ရဟန္တာ) သတ္တဝါ၊ အရှည်၊ အကြီး၊ အလတ်၊ အပု၊ အနု၊ အမွှား ဖြစ်သော သတ္တဝါ၊ မျက်စိဖြင့် မြင်အပ်သော သတ္တဝါ၊ မမြင်အပ်သော သတ္တဝါ၊ အဝေးဌာ နေသော သတ္တဝါ၊ အနီးဌာ နေသော သတ္တဝါ၊ ဖြစ်ပေါ် ပြီးသော သတ္တဝါ၊ ဖြစ်ဆဲ (သန္ဓေတည်ဆဲ) သတ္တဝါ - ဤသတ္တဝါအားလုံးတို့သည် ချမ်းသာသော စိတ်ရှိကြပါစေသတည်း”

ကျွန်ုပ်တို့သည် သက်ရှိပုံသဏ္ဌာန်အားလုံးကို ရိုသေလေးစားရမည်။ မြတ်စွာဘုရား ယုံကြည်တော်မူသည်မှာ မည်သည့်ပုံသဏ္ဌာန်ဖြင့် ဖြစ်တည်နေသည်ဖြစ်စေ 'သက်ရှိ' ဟူသည်မှာ 'သက်ရှိ' (Life is Life) ပင် ဖြစ်သည်။ မဟာယာန အယူအဆအရ သတ္တဝါအားလုံး၌ ဗုဒ္ဓမျိုးစေ့ သို့မဟုတ် ပြည့်စုံမှု အလားအလာများ ရှိကြသည်။ အကယ်၍ လူတစ်ဦးသည် သက်ရှိတို့အပေါ် ကျကဲ့သို့ ရိုသေလေးစားမှု မရှိပါက သူသည် မိမိကိုယ်ကိုယ် သက်ရှိလောကကြီးမှ ဖယ်ကျဉ်လိုက်သကဲ့သို့ ဖြစ်သွားမည်။ မိမိ၏ အသက်ဖြစ်စေ၊ သူတစ်ပါး၏ အသက်ဖြစ်စေ 'သက်ရှိ' ဟူသည်မှာ အများပိုင်ဆိုင်သော အနှစ်သာရတစ်ခု ကဲ့သို့ပင် ဖြစ်သည်။

မည်သည့်ပုံသဏ္ဌာန်ဖြင့် ပေါ်ပေါက်လာသော သက်ရှိကိုမဆို မလေးမစား ပြုမိပါက ထိုသူသည် လောက၏ အခြေခံအကျဆုံးနှင့် ပင်ကိုယ်တန်ဖိုး (Intrinsic value) မှ ကင်းကွာသွားသည့်အတွက် ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးရာပိုင်း၌ ဆုတ်ယုတ်သွားမည် ဖြစ်သည်။

အနုကမ္ပါအခြေခံသော အတွင်းသဘောပြောင်းလဲမှု

ကျင့်ဝတ်ဆိုတာ "အကျိုးလိုလို့ လုပ်တာ" မဟုတ်ဘဲ "ကိုယ်ချင်းစာတရား" အပေါ်မှာ အခြေခံတဲ့ **အတွင်းသဘောပြောင်းလဲမှု** ဖြစ်တယ်ဆိုတာပါပဲ။ကျင့်ဝတ်ဆိုင်ရာ Motivation ရဲ့ အရင်းအမြစ်ဟာ **"အနုကမ္ပာ"** သို့မဟုတ် **"စာနာမှု"** ဖြစ်ပါတယ်။ မြတ်စွာဘုရား၏ ကိုယ်ကျင့်တရားဆိုင်ရာ စာနာထောက်ထားမှုကို သတ္တဝါအားလုံးအပေါ် ထားရှိသော ကိုယ်ချင်းစာတရား သို့မဟုတ် **အနုကမ္ပါ** တွင် တွေ့ရှိနိုင်သည်။

ဂေါတမမြတ်စွာဘုရားသည် စာနာမှုအပြည့်ရှိသော ဆရာတစ်ဦးဖြစ်ကြောင်း ထေရဝါဒဒေသနာတော်များရှိ မြတ်စွာဘုရား၏ စာနာမှုဆိုင်ရာ အကိုးအကားများစွာက သက်သေပြနေသည်။ "ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းလာရခြင်း၏ အခြေခံအကျဆုံး

တွန်းအားမှာ အခြားသူများ၏ အကျိုးစီးပွားကို စိုးရိမ်ပူပန်ပေးခြင်းကြောင့် ဖြစ်သည်” ဟု အာရွန်ဆန်က (Harvey Aronson) ဆိုသည်။ ၎င်းကို ထောက်ခံရန် မြတ်စွာဘုရား၏ မိန့်ကြားချက်ကိုပင် သူက ကိုးကားထားပါသည် -

"ရဟန်းတို့... များစွာသော သတ္တဝါတို့၏ စီးပွားချမ်းသာအလို့ငှာ၊ လောကအပေါ် သနားစောင့်ရှောက်သောအားဖြင့် (**အနုကမ္ပါယ**)၊ နတ်၊ လူတို့၏ အကျိုးစီးပွားနှင့် ချမ်းသာအလို့ငှာ ပွင့်ထွန်းလာသော ပုဂ္ဂိုလ်တစ်ဦး ရှိ၏။ ထိုပုဂ္ဂိုလ်တစ်ဦးမှာ အဘယ်သူနည်း? ၎င်းမှာ ကိလေသာဟူသမျှ ငြိမ်းအေးတော်မူသော၊ အရာခပ်သိမ်းကို ကိုယ်တော်တိုင် မှန်ကန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားပင် ဖြစ်ပေသတည်း" (1980: 3)။

မြတ်စွာဘုရားသည် မိမိ၏ လုပ်ဆောင်ချက်ဆိုင်ရာ တွန်းအားများကို ဖော်ပြရာတွင် စာနာမှု (Sympathy) နှင့် ကြင်နာမှု (Affection) ဟူသော ဝေါဟာရများကို မကြာခဏ အသုံးပြုလေ့ရှိသည်။ အာရွန်ဆန် (Aronson) က ဤသို့ ထောက်ပြသည် - “မြတ်စွာဘုရားသည် မိမိကိုယ်တိုင် ပွင့်ထွန်းလာရခြင်း၏ တွန်းအားကို ဖော်ပြရာ၌ ‘စာနာမှု’ (Sympathy) ဟူသော စကားလုံးနှင့် ၎င်း၏ ဝေါဟာရရင်းမြစ်တူ စကားလုံးများကို အနည်းဆုံး အကြိမ်ပေါင်း ၂၀ ခန့် အသုံးပြုခဲ့သည်။ ထို့အပြင် ရဟန်းတော်များအား အခြားသူများကို တရားဓမ္မ ပြသရန် စေလွှတ်ရာတွင်လည်း ဤစာနာမှုစိတ်ဓာတ်ကိုပင် အခြေခံရန် တိုက်တွန်းခဲ့သည်” (1980: 15)။မြတ်စွာဘုရားအား ‘များစွာသော သတ္တဝါတို့၏ စီးပွားချမ်းသာကို စာနာထောက်ထားသူ’ (**ဗဟုဇနဟိတာနုကမ္ပီ** - Sn. 693) ဟူ၍လည်းကောင်း၊ ‘ခပ်သိမ်းသော သတ္တဝါတို့အပေါ် စာနာမှုရှိသူ’ (**သဗ္ဗဘူတာနုကမ္ပီ** - A.ii.9) ဟူ၍လည်းကောင်း ဖော်ပြကြသည်။

ဗုဒ္ဓဘာသာကျင့်ဝတ်ရဲ့ စစ်မှန်တဲ့ လှုံ့ဆော်မှုဟာ ကံ၊ ကံ၏အကျိုး (Karmic merit) ဒါမှမဟုတ် နိဗ္ဗာန်ရဖို့ဆိုတဲ့ "ကိုယ်ကျိုးစီးပွား" (Self-interest) အပေါ်မှာ အခြေခံတာမဟုတ်ပါဘူး။ သံယုတ္တနိကာယ (S.i.206) တွင်လည်း မြတ်စွာဘုရားနှင့် ပတ်သက်၍ ဤသို့ ဆိုထားပါသည် -"မြတ်စွာဘုရားသည် သူတပါးတို့အား ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့် တရားဓမ္မ ပြသတော်မူခြင်းမှာ တာဝန်အရ (Duty) ပြုလုပ်ခြင်းမဟုတ်ဘဲ၊ ကရုဏာနှင့် စာနာမှု တို့ကြောင့်သာ ဖြစ်ပေသည်။" **“မနသာ စေ ပသန္နေန၊ ယဒဉ်မနုသာသတိ။ န တေန ဟောတိ သံယုတ္တော၊ သာနုကမ္ပါ အနုဒ္ဒယာ တိ။”**

ကိုယ်ကျိုးစီးပွားနှင့် လွတ်မြောက်မှုအကြား ပဋိပက္ခကို ဝေဖန်ပိုင်းခြားခြင်း

ဗုဒ္ဓဘာသာကျင့်ဝတ်နှင့် ပတ်သက်၍ ပညာရှင်များအကြား အငြင်းပွားဖွယ် အကောင်းဆုံးအချက်မှာ ကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှုသည် ကိုယ်ကျိုးမငဲ့ခြင်း (Non-prudential) လား၊ သို့မဟုတ် မိမိ၏ နိဗ္ဗာန်လွတ်မြောက်မှုအတွက် ရည်ရွယ်ခြင်း (Salvific power / Prudential) လား ဟူသော အချက်ပင် ဖြစ်သည်။ သီလသည် သမာဓိ၊ ပညာတို့မှတစ်ဆင့် နိဗ္ဗာန်သို့ တက်လှမ်းရန် လှေကားထစ်ဖြစ်ကြောင်း (ကိမတ္ထိယသုတ်) ဟောကြားချက်များအရ၊ နိဗ္ဗာန်ကို မျှော်လင့်၍ ကျင့်ဝတ်စောင့်ထိန်းခြင်းသည် 'မြင့်မြတ်သော ကိုယ်ကျိုးရှာမှု' (Spiritual Egoism) ဖြစ်နေသည်ဟု ဝေဖန်မှုများ ရှိသည်။

ဤပဋိပက္ခကို ဗုဒ္ဓဘာသာ၏ အဆင့်လိုက်ဖွံ့ဖြိုးတိုးတက်မှု (Developmental sequence) ရှုထောင့်မှ ဖြေရှင်းနိုင်ပါသည်။ သာမန်ပုထုဇဉ် အဆင့်တွင် လူတစ်ဦးသည် ကုသိုလ်ကံအကျိုး သို့မဟုတ် နိဗ္ဗာန်ဟူသော လွတ်မြောက်မှုကို ရည်ရွယ်၍ (Prudential motive) သီလကို ကျင့်သုံးကောင်း ကျင့်သုံးမည် ဖြစ်သည်။ ဤအဆင့်တွင် သီလသည် ပန်းတိုင်သို့ သွားရာလမ်း (Means to an end) ဖြစ်သည်။ သို့သော် ဝိပဿနာဉာဏ် ရင့်သန်လာပြီး အနတ္တသဘောကို ထိုးထွင်းသိမြင်လာသောအခါ၊ သို့မဟုတ်

အရိယာအဆင့်သို့ ရောက်ရှိသွားသောအခါ 'ငါ' ဟူသော အတ္တအစွဲ ကင်းစင်သွားသည့်အတွက် အကျိုးကို မျှော်လင့်၍ လုပ်ဆောင်ခြင်းမျိုး မရှိတော့ပေ။ မြတ်စွာဘုရားနှင့် ရဟန္တာများ၏ ကိုယ်ကျင့်တရားသည် ပန်းတိုင်သို့ သွားရာလမ်း မဟုတ်တော့ဘဲ၊ စင်ကြယ်သော စိတ်၏ သဘာဝအလျောက် ပေါ်ထွက်လာသော အကျိုးဆက် (Spontaneous expression of a purified mind) သာ ဖြစ်သွားသည်။ ထိုအဆင့်တွင် ကိုယ်ကျင့်တရားသည် ပန်းတိုင် ကိုယ်နှိုက် (End in itself) ဖြစ်သွားပြီး လုံးဝဥဿုံ ကိုယ်ကျိုးမငဲ့သော (Non-prudential) အခြေအနေသို့ ကူးပြောင်းသွားခြင်း ဖြစ်သည်။

သံသရာနှင့် စကြဝဠာဆွေမျိုးတော်စပ်မှု (Samsaric Kinship and Expanding Empathy)

ကျင့်ဝတ်ကို လိုက်နာရန် လှုံ့ဆော်ပေးသော နောက်ထပ်အကြောင်းရင်းမှာ သံသရာ (Rebirth) အယူအဆမှ ဆင်းသက်လာသည်။ မရေတွက်နိုင်သော ကာလပတ်လုံး ကျင်လည်ခဲ့ရာတွင် ဤစကြာဝဠာအတွင်းရှိ သတ္တဝါအများစုသည် တစ်ချိန်မဟုတ်တစ်ချိန်တွင် မိမိ၏ ဆွေမျိုးသားချင်းများ သို့မဟုတ် မိဘများ ဖြစ်ခဲ့ဖူးကြသည် (အနမတဂ္ဂသံယုတ်)။ ဤယုံကြည်ချက်ကို စိတ်အစဉ်၌ ကိန်းအောင်းစေခြင်းသည် အချိန်နှင့် ဟင်းလင်းပြင်ကို ကျော်လွန်၍ ကိုယ်ချင်းစာတရားကို ကျယ်ပြန့်သွားစေသည်။ ထိုအသိတရားက လူတစ်ဦးအား ပစ္စုပ္ပန်ဘဝ၏ ကျဉ်းမြောင်းသော ကိုယ်ကျိုးစီးပွားများအပေါ် တွယ်တာမှုကို လျှော့ချပေးပြီး၊ သူတစ်ပါးကို ကူညီရန်အတွက် ကိုယ်ကျင့်တရားကို ရင့်ကျက်စွာ လိုက်နာကျင့်သုံးလာစေရန် ခွန်အားပေးသည်။

ဗောဓိသတ်ကျင့်စဉ်နှင့် ပရဟိတစိတ်

ဤသည်မှာ ဗုဒ္ဓဘာသာ လှုံ့ဆော်မှု၏ အမြင့်ဆုံးအဆင့်ဖြစ်သည်။ "ငါဘာကြောင့် လုပ်ရမလဲ" ဆိုသည့် မေးခွန်းထက် "ငါဘာကြောင့် ပိုမလုပ်နိုင်သေးတာလဲ" ဆိုသည့် ပရဟိတစိတ်ဖြင့် ကိုယ်ကျင့်တရားကို ကျင့်သုံးခြင်း ဖြစ်သည်။ မဟာယာနအစဉ်အလာတွင် ဤဗောဓိသတ်ကျင့်စဉ်ကို အထူးမီးမောင်းထိုးပြလေ့ရှိသော်လည်း၊ ထေရဝါဒ၏ ဇာတကဒေသနာများတွင်လည်း ဤကိုယ်ကျိုးစွန့် အနစ်နာခံမှုသည် အဓိကကျောရိုးအဖြစ် တည်ရှိနေသည်။ ဤအဆင့်တွင် ကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှုသည် ပြင်ပစည်းကမ်းချက်များကို လိုက်နာခြင်းမဟုတ်တော့ဘဲ၊ သတ္တဝါအားလုံး၏ ဆင်းရဲဒုက္ခကို ပယ်ဖျက်ပေးလိုသော မဟာကရုဏာတော်သက်သက်သာ ဖြစ်လာသည်။

ခြုံငုံသုံးသပ်ရသော် ဗုဒ္ဓဘာသာကျင့်ဝတ်ဆိုင်ရာ လှုံ့ဆော်မှုသည် အနောက်တိုင်းဒဿနများကဲ့သို့ ဘုရားသခင်၏ အမိန့်တော် သို့မဟုတ် တင်းကျပ်သော ဆင်ခြင်တုံတရားသက်သက်အပေါ်တွင် အခြေခံထားခြင်း မဟုတ်ပေ။ ၎င်းသည် ပဋိစ္စသမုပ္ပါဒ်ကို အခြေခံသည့် အမှီသဟဲပြုနေမှု (Ontological interdependence)၊ အတ္တာနံ ဥပမံ ကတွာ ဟူသော ကိုယ်ချင်းစာစိတ် (Psychological empathy) နှင့် သီလ၊ သမာဓိ၊ ပညာ ဟူသော အဆင့်ဆင့်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု (Spiritual development) တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ထားသော စနစ်တစ်ခု ဖြစ်သည်။ အစပိုင်းတွင် နိဗ္ဗာန်ကို ရည်မှန်းသော လှုံ့ဆော်မှုများ ရှိနိုင်သော်လည်း၊ အမြင့်ဆုံးအဆင့်သို့ ရောက်သောအခါ ကျင့်ဝတ်သည် ပြင်ပရည်ရွယ်ချက်အတွက် အသုံးချစရာ ကိရိယာမဟုတ်တော့ဘဲ၊ အတ္တကင်းစင်သော စိတ်၏ သဘာဝအလျောက် ထွက်ပေါ်လာသည့် မေတ္တာနှင့် ကရုဏာ၏ အမြင့်မြတ်ဆုံး ပြယုဂ်အဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

References

Damien Keown, *The Nature of Buddhist Ethics* (Palgrave Macmillan)

Harvey B. Aronson, *Love and Sympathy in Theravada Buddhism*

Gunapala Dharmasiri, *Fundamentals of Buddhist Ethics*

(၁၀) ဗုဒ္ဓဘာသာကျင့်ဝတ်ပညာတွင် ကံနှင့် ဘဝကူးပြောင်းမှုဝါဒ၏ အခန်းကဏ္ဍ
(The Role of Kamma and Rebirth in Buddhist Ethics)

ဝေဒရိုးရာနှင့် သမဏရိုးရာတို့၏ ကွဲပြားမှု

ကံသဘောတရားသည် ဗုဒ္ဓဘာသာ၏ ကိုယ်ပိုင်တီထွင်မှုသက်သက် မဟုတ်ဘဲ၊ ဗုဒ္ဓမပွင့်မီ အိန္ဒိယအတွေးအခေါ်လောကဌ် အရင်းခံရှိပြီးသား အယူအဆတစ်ရပ်ကို ဗုဒ္ဓက အနက်သစ်ဖွင့်ဆိုကာ ကိုယ်ကျင့်တရားရေးရာ အခြေခံအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဝေဒယဉ်ကျေးမှုတွင် "ကမ္မ" (karman) ဟူသော ဝေါဟာရသည် မူလက နတ်ဗြဟ္မာများအား ယဇ်ပူဇော်သည့် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ဆောင်မှု (ritual action) ကို အဓိကရည်ညွှန်းပြီး၊ ယဇ်ပူဇော်ခြင်းနှင့် ဆုတောင်းခြင်းတို့ကို ဤဘဝနောင်ဘဝ ကောင်းကျိုးချမ်းသာရရှိရေး၏ အဓိကနည်းလမ်းအဖြစ် ရှုမြင်ခဲ့ကြသည်။ James Egge ၏ လေ့လာချက်အရ ထေရဝါဒဗုဒ္ဓစာပေများတွင်ပင် ယဇ်ပူဇော်မှုဆိုင်ရာ ဝေါဟာရနှင့်

အယူအဆအမွေအနှစ်များကို ဗုဒ္ဓဘာသာက မွေးစားအသုံးချထားပြီး၊ ဝေဒခေတ်၏ ယဇ်ပူဇော်မှုဗဟိုပြု ရှုမြင်ပုံမှ ကံတရားဗဟိုပြု ရှုမြင်ပုံသို့ အခြေခံကျကျ ကူးပြောင်းလာသည့် သမိုင်းဖြစ်စဉ်ကို တွေ့မြင်နိုင်သည်။ အခြားတစ်ဖက်တွင် ဗုဒ္ဓကာလ၌ ထွန်းကားခဲ့သော သမဏလှုပ်ရှားမှု (Śramaṇa movement) သည် ဝေဒအာဏာစက်နှင့် ပုဏ္ဏားအထက်တန်းလွှာ၏ ယဇ်ပူဇော်မှုစနစ်ကို စိန်ခေါ်ကာ၊ နတ်ဗြဟ္မာများ၏ နေရာတွင် ကံကို သဘာဝနိယာမတစ်ရပ်အဖြစ် အစားထိုးပြီး လူသားသည် မိမိ၏လုပ်ရပ်နှင့် ရလဒ်များအတွက် မိမိကိုယ်တိုင်သာ တာဝန်ရှိသည်ဟူသော အမြင်သစ်ကို ဖော်ဆောင်ခဲ့သည်။

ဤသမိုင်းနောက်ခံ၌ ဗုဒ္ဓ၏ ထူးခြားချက်မှာ ကံကို "ကျင့်ဝတ်ဆန်စေခြင်း" (ethicization) ပင်ဖြစ်သည်။ Richard Gombrich က ဗုဒ္ဓသည် ထုံးတမ်းစဉ်လာ ယဇ်ပူဇော်မှုများ၏ ကယ်တင်နိုင်စွမ်းကို ငြင်းပယ်ကာ ကံ၏အနှစ်သာရကို ပြင်ပလုပ်ဆောင်မှုမှ စိတ်တွင်းစေတနာသို့ ရွှေ့ပြောင်းပေးခြင်းဖြင့်၊ စကြဝဠာတစ်ခုလုံးကို ကိုယ်ကျင့်တရားနိယာမ လွှမ်းမိုးသည့် လောကအဖြစ် ပြောင်းလဲပစ်ခဲ့သည်ဟု သုံးသပ်သည်။ ဤအချက်သည် ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ ပင်မကျောရိုး ဖြစ်သည်။

ဂျိန်းဝါဒနှင့် အာဇီဝကဝါဒတို့၏ ကံအမြင်

သမဏရိုးရာအတွင်း၌ပင် ကံအယူအဆသည် တစ်သမတ်တည်း မဟုတ်ခဲ့ပေ။ ဂျိန်းဘာသာ (Jainism) သည် ကံကို ဝိညာဉ် (jīva) ၏ သန့်စင်မှုကို ညစ်နွမ်းစေတတ်သော ရုပ်ဝတ္ထုအမှုန်များ (material particles) အဖြစ် ရှုမြင်ပြီး၊ ကာယကံ — ခန္ဓာကိုယ်ပိုင်းဆိုင်ရာလုပ်ရပ် သည် ကံဖြစ်ပေါ်စေရာတွင် အစွမ်းထက်ဆုံးဟု ယူဆကာ၊ ကံဟောင်းများကို ကုန်ခမ်းစေရန် ပြင်းထန်သော ခြိုးခြံကျင့်ဝတ် (တပ) ကို အလေးပေးကျင့်သုံးခဲ့ကြသည်။ Damien Keown က ဂျိန်းတို့၏ ဤရုပ်ဝါဒဆန်သော

ကံအမြင်နှင့် ကာယလုပ်ရပ်အလေးပေးမှုကို ဗုဒ္ဓက စိတ်ပိုင်းဆိုင်ရာ စေတနာကို အလေးပေးခြင်းဖြင့် တုံ့ပြန်ပြင်ဆင်ခဲ့ပုံကို ထောက်ပြထားသည်။

အခြားတစ်ဖက်တွင် မက္ခလိဂေါသာလ ဦးဆောင်သော အာဇီဝကဝါဒမှာမူ ကံနှင့် သံသရာကို လက်ခံသော်လည်း၊ သံသရာစက်ဝန်းသည် ကြိုတင်သတ်မှတ်ပြီးသား ပုံသေနိယာမ (niyati) အတိုင်းသာ လည်ပတ်နေပြီး လူသား၏ ကြိုးစားအားထုတ်မှုဖြင့် ပြောင်းလဲ၍မရဟူသော ကံသေကမ္မဝါဒ (niyativāda / determinism) ကို ဟောကြားခဲ့သည်။ ဒီဃနိကာယ် သာမညဖလသုတ်တွင် မှတ်တမ်းတင်ထားသည့်အတိုင်း မက္ခလိဂေါသာလသည် "ကိုယ်တိုင်ပြုနိုင်စွမ်းမရှိ၊ သူတစ်ပါးပြုနိုင်စွမ်းမရှိ၊ ယောကျ်ားတို့၏ စွမ်းအားမရှိ" (နတ္ထိ အတ္တကာရော၊ နတ္ထိ ပရကာရော၊ နတ္ထိ ပုရိသကာရော) ဟု သွန်သင်ကာ လူသား၏ ကိုယ်ပိုင်ပြုလုပ်နိုင်စွမ်းကို လုံးဝငြင်းပယ်ခဲ့သည် ။ K. N. Jayatilleke က ဤကံသေဝါဒသည် လူသား၏ လွတ်လပ်ခွင့်နှင့် ကိုယ်ကျင့်တရား တာဝန်ယူမှုကို အခြေခံမှစ၍ ပယ်ဖျက်ပစ်သည့် သွန်သင်ချက်ဖြစ်၍၊ ဗုဒ္ဓက အပြင်းထန်ဆုံး ဝေဖန်ပယ်ချခဲ့သော ဝါဒဖြစ်ကြောင်း ဆန်းစစ်ထားသည်။

ကံသည် သဘာဝနိယာမတစ်ရပ်ဖြစ်ခြင်း

Damien Keown ၏ ဆန်းစစ်ချက်အရ ဗုဒ္ဓဘာသာကိုယ်ကျင့်တရား၏ အခြေခံသည် စကြဝဠာ၏ သဘာဝနိယာမနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အစီအစဉ်ဖြစ်သော "ဓမ္မ" (Dhamma) ပေါ်တွင် တည်မှီပြီး၊ ယင်း၏ ကျင့်ဝတ်ဆိုင်ရာ လည်ပတ်မှုယန္တရားမှာ ကမ္မနိယာမ (law of kamma) ဖြစ်သည် ။ ဤစနစ်တွင် ကောင်းကျိုးဆိုးကျိုးကို ဖန်ဆင်းရှင်ဘုရားသခင် တစ်ပါးပါးက စီရင်ချမှတ်ပေးခြင်း မဟုတ်ဘဲ၊ မြေဆွဲအားနိယာမကဲ့သို့ပင် အကြောင်းနှင့်အကျိုး သဘာဝအလျောက် ဆက်စပ်ဖြစ်ပေါ်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်၌ ကံသည်

ဆုပေးဒဏ်ပေးစနစ် မဟုတ်ဘဲ၊ ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအကျိုးနိယာမ (law of moral causation) ဖြစ်ပြီး၊ ကိုယ်ကျင့်တရားဆိုင်ရာ အမှားအမှန်ကို ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းနှင့် တာဝန်ယူမှုကို ဖော်ဆောင်ပေးသော အဓိကအုတ်မြစ် ဖြစ်လာသည်။

ဤသဘောကို ပိဋကတ်လာ ဥပမာဖြင့် ထင်ရှားစေနိုင်သည်။

"ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ" မည်သို့သော မျိုးစေ့ကို စိုက်ပျိုးသနည်း၊ ထိုမျိုးစေ့နှင့်ညီသော အသီးကိုသာ ရရှိ၏ (သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ)။

ဤတွင် ကံကို မျိုးစေ့ (ဗီဇ) အဖြစ်လည်းကောင်း၊ ယင်း၏ရင့်ကျက်လာသော အကျိုးသက်ရောက်မှုကို ဝိပါက (ဝိပါက — အသီးအပွင့်) အဖြစ်လည်းကောင်း တင်စားထားပြီး၊ Harvey က ပုည ကို "ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းစေတတ်သော ကမ္မသတ္တိ" (karmic fruitfulness) ဟု အနက်ပြန်ဆိုသည် ။ ရလဒ်ကောင်းကို လိုလားလျှင် အကြောင်းကောင်းကို ဖန်တီးရမည်ဟူသော ဤအကြောင်းအကျိုးသဘောသည် ဗုဒ္ဓဘာသာကျင့်ဝတ်၏ လက်တွေ့လမ်းညွှန်မှု ဖြစ်သည်။

စေတနာသည် ကံ၏ အနှစ်သာရဖြစ်ခြင်း

ဗုဒ္ဓ၏ ကံဝါဒ၌ အရေးအပါဆုံး တီထွင်ပြောင်းလဲမှုမှာ ကံကို "စေတနာ" (volition/intention) ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြစ်သည်။ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် နိဗ္ဗေဓိကသုတ် (AN 6.63) တွင် မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူသည်—

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ စေတယိတ္ဝာ ကမ္မံ ကရောတိ — ကာယေန ဝါစာယ မနသာ။" ရဟန်းတို့၊ စေတနာကိုသာ ကံဟူ၍ ငါဘုရား ဟောတော်မူ၏။ စေတနာရှိပြီးမှသာလျှင် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကံကို ပြုလုပ်၏။

ဤဒေသနာအရ ကံသည် ပြင်ပလုပ်ဆောင်မှု (overt action) သက်သက် မဟုတ်ဘဲ၊ ထိုလုပ်ဆောင်မှုကို တွန်းပို့စေသော စိတ်ဆန္ဒစေတနာပင် ဖြစ်သည်။ Keown က ဤအနက်ဖွင့်ဆိုမှုကြောင့် ဗုဒ္ဓဘာသာ၌ လူသားများသည် မိမိတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုများဖြင့် မိမိတို့၏ စရိုက်လက္ခဏာနှင့် အနာဂတ်ကံကြမ္မာကို ကိုယ်တိုင်ပုံဖော်ထုဆစ်ကြရသည်ဟူသော "ကိုယ်ကျင့်တရားဆိုင်ရာ ကိုယ်ပိုင်ဖန်တီးမှု" အမြင် ပေါ်ထွက်လာကြောင်း သုံးသပ်သည် ။

စေတနာဗဟိုပြုအမြင်၏ လက်တွေ့အကျိုးဆက်မှာ ကိုယ်ကျင့်တရားဆိုင်ရာ အပြစ်သတ်မှတ်ချက် (moral culpability) သည် စိတ်ရင်းအပေါ် မူတည်လာခြင်း ဖြစ်သည်။ ဘေးဥပဒ်ဖြစ်စေလိုသော စေတနာမပါဘဲ မတော်တဆ ဖြစ်ပွားသော လုပ်ရပ်များသည် အကုသိုလ်ကံ မမြောက်ပေ။ ဤအချက်ကို အရှင်ဝသုဗန္ဓု (Vasubandhu) ၏ အဘိဓမ္မကောသ (Abhidharmakośa) ကမ္မနိဒ္ဒေသအခန်းလာ ဥပမာဖြင့် ထင်ရှားစေနိုင်သည်။ လူတစ်ဦးသည် လသာဆောင်မှ ပန်းအိုးတစ်လုံးကို မတော်တဆ တိုက်ချမိ၍ အောက်၌ရှိသော လူတစ်ဦး ထိမှန်သေဆုံးခဲ့သော်၊ ထိုလုပ်ရပ်၌ သတ်ဖြတ်လိုသော စေတနာမပါရှိသောကြောင့် ပါဏာတိပါတကံလမ်းကြောင်း (ကမ္မပထ karmapatha) မမြောက်ကြောင်း ရှင်းလင်းထားသည်။ ဤစေတနာအလေးပေးမှုသည် ကာယလုပ်ရပ်ကို အလေးပေးသော ဂျိန်းအမြင်နှင့် သိသာစွာ ကွဲပြားပြီး၊ ဗုဒ္ဓဘာသာကျင့်ဝတ်ကို "စိတ်ပညာဆန်သော ကျင့်ဝတ်" (psychological ethics) အဖြစ် သီးခြားထင်ရှားစေသည်။

လွတ်လပ်သော ရွေးချယ်နိုင်စွမ်း (Free Will)နှင့် ကိုယ်ကျင့်တရားတာဝန်ယူမှု (Moral Agency)

ဗုဒ္ဓဘာသာသည် အရာရာကို အတိတ်ကံကသာ ကြိုတင်စီမံပြီးဖြစ်သည်ဟူသော ကံသေဝါဒ (fatalism) ကို အတိအလင်း ငြင်းပယ်သည်။ ဤအချက်၏ ပိဋကတ်ဆိုင်ရာ အထောက်အထားအရှင်းလင်းဆုံးမှာ သံယုတ္တနိကာယ် သီဝကသုတ် (SN 36.21) ဖြစ်သည်။ ထိုသုတ်၌ "တွေ့ကြုံခံစားရသမျှ သုခဒုက္ခဝေဒနာအားလုံးသည် အတိတ်ကံကြောင့်သာ ဖြစ်သည်" (သဗ္ဗံ ပုဗ္ဗေကတဟေတု) ဟု ယူဆဟောပြောကြသော အယူအဆကို မြတ်စွာဘုရားက ငြင်းပယ်တော်မူပြီး၊ ဝေဒနာဖြစ်ပေါ်ရခြင်း၌ အကြောင်းတရားရှစ်ပါး ရှိကြောင်း ရှင်းလင်းပြသခဲ့သည်။ ယင်းတို့မှာ သည်းခြေဖောက်ပြန်ခြင်း၊ သလိပ်ဖောက်ပြန်ခြင်း၊ လေဖောက်ပြန်ခြင်း၊ ဓာတ်သုံးပါးဆုံဖောက်ပြန်ခြင်း၊ ဥတုအပြောင်းအလဲ၊ မမျှတသောနေထိုင်မှု၊ သူတစ်ပါး၏တိုက်ခိုက်မှုနှင့် ကံ၏အကျိုးပေးခြင်း (ကမ္မ-ဝိပါက) တို့ဖြစ်ပြီး၊ ကံသည် အကြောင်းတရားရှစ်ပါးအနက် တစ်ပါးမျှသာ ဖြစ်သည် ။ ဤသုတ်က ပြသသည်မှာ ဗုဒ္ဓဝါဒ၌ ကမ္မနိယာမသည် သဘာဝနိယာမအားလုံးကို လွှမ်းမိုးအစားထိုးသည့် တစ်ခုတည်းသောနိယာမ မဟုတ်ဘဲ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ နိယာမများနှင့် ယှဉ်တွဲလည်ပတ်နေသော နိယာမတစ်ရပ်သာ ဖြစ်သည်ဟူသောအချက် ဖြစ်သည်။ Keown ကလည်း ဤအချက်ကို ထောက်ခံဆွေးနွေးရာတွင် ဗုဒ္ဓဘာသာကျင့်ဝတ်၌ ကံတရားသည် အရာရာကို ကြိုတင်သတ်မှတ်ထားသည့် ကံသေဝါဒမဟုတ်ကြောင်းနှင့် လူသားတို့တွင် လွတ်လပ်စွာ စွမ်းဆောင်နိုင်ခွင့် (Free Will) ကျန်ရှိနေကြောင်း သုံးသပ်ထားသည် ။

ထို့အတူ အင်္ဂုတ္တရနိကာယ် လောဏကပလ္လသုတ် (AN 3.99) တွင် "လူသည် ကံပြုသည့်အတိုင်း အတိအကျ အကျိုးခံစားရမည်" ဆိုပါက မြတ်သောအကျင့် (ဗြဟ္မစရိယ) ကျင့်သုံးရန် အခွင့်အလမ်းမရှိတော့ဘဲ ဒုက္ခချုပ်ငြိမ်းရာလမ်း ပိတ်သွားမည်ဖြစ်ကြောင်း မိန့်ကြားထားသည်။ ဆားခဲဥပမာဖြင့် ရှင်းပြသည့်အတိုင်း၊ ဆားတစ်ခဲသည် ရေခွက်ငယ်ကို

ငန်စေနိုင်သော်လည်း ဂင်္ဂါမြစ်ကြီးကို မငန်စေနိုင်သကဲ့သို့၊ တူညီသောအကုသိုလ်ကံသည်ပင် သီလ၊ သမာဓိ၊ ပညာ ဖွံ့ဖြိုးပြီးသူ၌ အကျိုးပေးပုံ လျော့ပါးနိုင်သည်။ ဤဒေသနာက ကံ၏အကျိုးပေးမှုသည် ပုံသေမဟုတ်ဘဲ ပစ္စုပ္ပန်ဘဝ၌ တည်ဆောက်ထားသော ကိုယ်ကျင့်တရားအရည်အသွေးအပေါ် မူတည်၍ ပြောင်းလဲနိုင်ကြောင်း ပြသပြီး၊ ကိုယ်ကျင့်တရားကျင့်သုံးမှု၏ လက်တွေ့တန်ဖိုးကို ခိုင်မာစေသည်။

ကိုယ်ပိုင်အားထုတ်နိုင်စွမ်း အထောက်အထား

လူသား၏ လွတ်လပ်သော ပြုလုပ်နိုင်စွမ်း (Free Will)ကို တိုက်ရိုက်အတည်ပြုသည့် ဒေသနာမှာ အင်္ဂုတ္တရနိကာယ် အတ္တကာရီသုတ် (AN 6.38) ဖြစ်သည်။ ထိုသုတ်၌ "ကိုယ်တိုင်ပြုလုပ်နိုင်စွမ်းလည်းမရှိ၊ သူတစ်ပါးပြုလုပ်နိုင်စွမ်းလည်းမရှိ" ဟု ယူဆသော မက္ခလိဂေါသာလ၏ ဝါဒနှင့် တစ်ထပ်တည်းကျသော အယူရှိသူ ပုဏ္ဏားတစ်ဦး အား မြတ်စွာဘုရားက အစပျိုးနိုင်သောဓာတ် (အာရဇ္ဇ-ဓာတု)၊ ထွက်ခွာအားထုတ်နိုင်သောဓာတ် (နိက္ကမ-ဓာတု)၊ ရှေ့သို့တိုးလုပ်နိုင်သောဓာတ် (ပရက္ကမ-ဓာတု)၊ ခိုင်မြဲသောခွန်အားဓာတ် (ထာမ-ဓာတု၊ ဋ္ဌိတိ-ဓာတု) နှင့် လုံ့လဓာတ် (ဥပက္ကမ-ဓာတု) စသည့် ဆန္ဒလုံ့လစွမ်းရည်အဆင့်ဆင့် လူသားတို့၌ ထင်ရှားစွာရှိနေကြောင်း ပြန်လည်ချေပတော်မူသည်။ ဤဓာတ်များ ထင်ရှားရှိနေခြင်းသည်ပင် သတ္တဝါတို့၌ "ကိုယ်တိုင်ပြုနိုင်စွမ်း" (အတ္တကာရ) ရှိကြောင်း သက်သေဖြစ်သည်ဟု မိန့်ကြားခဲ့သည်။

ကိုယ်ကျင့်တရားတာဝန်ယူမှု၏ ဒဿနအခြေခံ

K. N. Jayatilleke သည် သူ၏ Ethics in Buddhist Perspective ၌ ဗုဒ္ဓဘာသာကျင့်ဝတ်သည် လွတ်လပ်သောရွေးချယ်နိုင်စွမ်းအပေါ် အခြေခံကြောင်း စနစ်တကျ ဆွေးနွေးထားသည်။ သူ၏ဆန်းစစ်ချက်အရ တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှု အဓိပ္ပာယ်ရှိစေရန် အခြေခံအချက်သုံးရပ်

လိုအပ်သည်။ ယင်းတို့မှာ လွတ်လပ်စွာရွေးချယ်ပြုလုပ်နိုင်စွမ်းရှိခြင်း (ကိရိယဝါဒ)၊ သေလွန်ပြီးနောက် ဘဝဆက်လက်တည်ရှိခြင်း (အတ္ထိ ပရော လောကော) နှင့် လုပ်ရပ်နှင့်အကျိုးဆက်အကြား ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအကျိုးနိယာမရှိခြင်း (ဟေတုဝါဒ) တို့ဖြစ်သည်။ ဤအချက်သုံးရပ်လုံးကို ဗုဒ္ဓဝါဒက အတည်ပြုလက်ခံထားပြီး၊ မဇ္ဈိမနိကာယ် စူဠကမ္မဝိဘင်္ဂသုတ် (MN 135) လာ—

"ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ" လုလင်၊ သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကံ၏အမွေခံများ ဖြစ်ကြကုန်၏၊ ကံသာလျှင် ဇာစ်မြစ်ရှိကြကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကြကုန်၏၊ ကံသာလျှင် ကိုးကွယ်ရာရှိကြကုန်၏။

ဟူသော ဒေသနာတော်သည် လူသားကို မိမိကံကြမ္မာ၏ ပိုင်ရှင်၊ အမှီအခိုကင်းသော ကိုယ်ကျင့်တရားဆိုင်ရာ ပြုလုပ်သူ (အတ္တကာရ moral agent) အဖြစ် မြှင့်တင်ပေးလိုက်ခြင်း ဖြစ်သည်။ လက်ရှိအခြေအနေအများအပြားသည် အတိတ်ကံ၏ အခြေအနေပေးမှု ခံရနိုင်သော်လည်း၊ လူသားသည် ကိုယ်ပိုင်အားထုတ်မှု (ဝိရိယ၊ ပုရိသကာရ) ဖြင့် အနာဂတ်ရလဒ်များကို ပြုပြင်ပုံဖော်နိုင်သည်။ ထို့ကြောင့် ကမ္မနိယာမသည် လူသားကို ချုပ်နှောင်ထားသော ကန့်သတ်ချက်မဟုတ်ဘဲ၊ ကိုယ်ကျင့်တရားဆိုင်ရာ တိုးတက်မှုကို မိမိကိုယ်တိုင် တည်ဆောက်နိုင်ခွင့်ပေးသည့် အခွင့်အလမ်းသဘော ဆောင်နေပြီး၊ ဤအမြင်ကြောင့်ပင် ဗုဒ္ဓဘာသာသည် လူသားဗဟိုပြု (anthropocentric) ကိုယ်ကျင့်တရားဒဿနအဖြစ် ထင်ရှားနေခြင်း ဖြစ်သည်။

ကျင့်ဝတ်စနစ်တွင် ဘဝကူးပြောင်းမှုဝါဒ၏ အခန်းကဏ္ဍ

ဗုဒ္ဓဘာသာအမြင်အရ ဘဝကူးပြောင်းမှု (rebirth / ပုနဗ္ဘဝ) အယူအဆသည် အပေါ်ယံပါရှိသည့် ဒဿနအဆင်တန်ဆာမျှ မဟုတ်ဘဲ၊ ကမ္မနိယာမနှင့်ယှဉ်တွဲလျက်

ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်တစ်ခုလုံး၏ တည်တံ့ခိုင်မြဲမှုကို ထောက်မပေးနေသော ဗဟိုဒေါက်တိုင်တစ်ရပ် ဖြစ်သည်။ P. D. Premasiri က ကံ၊ ဒုက္ခနှင့် လွတ်မြောက်မှုအန္တိမပန်းတိုင် (နိဗ္ဗာန) ဆိုင်ရာ ဗုဒ္ဓဒေသနာများသည် ဘဝကူးပြောင်းမှုအယူအဆ ဖယ်ထုတ်လိုက်ပါက ၎င်းတို့၏ တန်ဖိုးနှင့် အနှစ်သာရ များစွာလျော့ပါးသွားမည်ဖြစ်ကြောင်း ထောက်ပြထားသည်။ ဖန်ဆင်းရှင်ကိုးကွယ်သော ဘာသာတရားများ၌ "ထာဝရဘုရားသခင်" အယူအဆက ကျင့်ဝတ်စနစ်၏ ဗဟိုကျသကဲ့သို့၊ ဗုဒ္ဓဘာသာ၌ ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းဆောင်တာကြီး လေးရပ်ကို ဆောင်ရွက်ပေးသည်ဟု ခွဲခြမ်းတင်ပြနိုင်သည်။

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ကိုယ်ကျင့်တရားတာဝန်ယူမှု၏ အခြေခံအုတ်မြစ်

ပထမလုပ်ငန်းဆောင်တာမှာ ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှု (moral responsibility) ကို ဒဿနအရ ခိုင်မာစေခြင်း ဖြစ်သည်။ အထက်၌ တင်ပြခဲ့သည့် Jayatilleke ၏ အခြေခံအချက်သုံးရပ်တွင် "သေလွန်ပြီးနောက် ဘဝဆက်လက်တည်ရှိခြင်း" သည် မရှိမဖြစ်အချက်အဖြစ် ပါဝင်နေသည်။ ဘဝတစ်ခုတည်းဖြင့် အဆုံးသတ်သည်ဟု ယူဆပါက၊ ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုများ၏ အကျိုးဆက်အများစုသည် ပြုလုပ်သူထံ ပြန်လည်ရောက်ရှိရန် အာမခံချက်မရှိတော့ဘဲ၊ ကျင့်ဝတ်သည် လူ့အဖွဲ့အစည်း၏ သဘောတူညီချက်ဆိုင်ရာ ဥပဒေသမျှသာ ကျန်ရစ်မည်ဖြစ်သည်။ ဘဝကူးပြောင်းမှုဝါဒက ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုတိုင်း၏ အကျိုးဆက်သည် ပြုလုပ်သူ၏ စိတ်အစဉ်နှင့်အတူ ဆက်လက်လိုက်ပါလာမည်ဖြစ်ကြောင်း အာမခံပေးခြင်းဖြင့်၊ တစ်ဦးချင်းစီ၏ တာဝန်ယူမှုကို ဘဝတစ်ခု၏ နယ်နိမိတ်ထက် ကျော်လွန်တည်မြဲစေသည်။

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် စကြဝဠာဆိုင်ရာ တရားမျှတမှု

ဒုတိယလုပ်ငန်းဆောင်တာမှာ ကိုယ်ကျင့်တရားဆိုင်ရာ မျှခြေ (moral equilibrium) ကို တည်ဆောက်ပေးခြင်း ဖြစ်သည်။ Bhikkhu Bodhi သည် သူ၏ "Does Rebirth Make Sense?" စာတမ်း၌ ဘဝကူးပြောင်းမှုဒေသနာသည် ရှေးဦးဗုဒ္ဓဘာသာ့ကျင့်ဝတ်သီအိုရီ၏ မရှိမဖြစ် ပျဉ်ချပ်တစ်ချပ် (essential plank) ဖြစ်ကြောင်း၊ ကမ္မနိယာမနှင့် ယှဉ်တွဲဖတ်ရှုသောအခါ ကောင်းမှုက သာယာသောရလဒ်၊ မကောင်းမှုက ဆိုးရွားသောရလဒ်ကို ဖြစ်စေသည့် ကိုယ်ကျင့်တရားမျှခြေတစ်ရပ် လူ့ဘဝနှင့် စကြဝဠာအကြား တည်ရှိနေကြောင်း ပြသသည်ဟု ဆွေးနွေးထားသည်။ သူ၏ဆွေးနွေးထားချက်အရ ဤမျှခြေကို ဘဝတစ်ခုတည်း၏ အတွင်း၌ တွေ့ရှိနိုင်မည်မဟုတ်ပေ။ အကြောင်းမူကား ကိုယ်ကျင့်တရားပျက်ပြားသူများ ချမ်းသာအောင်မြင်နေကြပြီး သီလသမာဓိနှင့် ပြည့်စုံသူများ ဆင်းရဲဒုက္ခရောက်နေကြသည့် မြင်ကွင်းများကို လောက၌ မကြာခဏ တွေ့နေရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုယ်ကျင့်တရားမျှခြေ အလုပ်ဖြစ်ရန် သေခြင်းတရားထက်ကျော်လွန်သော တစ်စုံတစ်ရာ ဆက်လက်တည်ရှိမှု လိုအပ်ပြီး၊ ဤဆက်လက်တည်ရှိမှုအတွက် ခိုင်မြဲသောအတ္တ မလိုအပ်ဘဲ ကံအကျိုးဆက်များ၏ အကြောင်းအကျိုးဆက်စပ်မှု (causal continuity) သာ လိုအပ်ကြောင်း ဘိက္ခုဗောဓိ က ရှင်းလင်းထားသည် ။

သတိပြုသင့်သည်မှာ ဘိက္ခုဗောဓိ ကိုယ်တိုင်က ဗုဒ္ဓသည် ကျင့်ဝတ်ကို ကံနှင့်ဘဝကူးပြောင်းမှုအပေါ် တစ်ခုတည်းကိုပဲ သီးသန့်အခြေမခံကြောင်း၊ "မိမိမနှစ်သက်သော ပြုမူဆက်ဆံမှုမျိုးကို သူတစ်ပါးအပေါ် မပြုလုပ်သင့်" ဟူသော သဘာဝကျသည့် ကိုယ်ချင်းစာဆင်ခြင်နည်းကိုလည်း ဗုဒ္ဓအသုံးပြုကြောင်း ထောက်ပြထားသည့်အချက် ဖြစ်သည်။ သို့ရာတွင် ကံနှင့်ဘဝကူးပြောင်းမှုကို ယုံကြည်လက်ခံခြင်းသည် ကိုယ်ကျင့်တရားကျင့်သုံးမှုအတွက် ပြင်းထန်သော

လှုံ့ဆော်အားတစ်ရပ် ဖြစ်သည်ဟု သူက ဆက်လက်ဆွေးနွေးသည်။ ဤရှုထောင့်ကို Christopher W. Gowans ကလည်း ထောက်ခံပြီး၊ ကံနှင့်ဘဝကူးပြောင်းမှုဒေသနာနှစ်ရပ်သည် ငရဲဘုံမှသည် ဖြဟ္မာဘုံအထိ ဘုံသုံးဆယ့်တစ်ဘုံ စကြဝဠာစနစ်တစ်ခုလုံးကို ကိုယ်ကျင့်တရားအရ စနစ်တကျစီမံထားသော စကြဝဠာ (morally ordered universe) အဖြစ် ဖွဲ့စည်းပေးကြောင်း ဆန်းစစ်ထားသည်။ ဤအမြင်သည် သူတော်ကောင်းများ ဒုက္ခရောက်နေသည့် မြင်ကွင်းများကြောင့် ကျင့်ဝတ်တန်ဖိုးအပေါ် သံသယဝင်ကာ ဥစ္ဆေဒဒိဋ္ဌိ (nihilism) သို့ ယိမ်းယိုင်သွားခြင်းမှ ကာကွယ်ပေးသည့် ဒဿနဆိုင်ရာ အကာအကွယ်လည်း ဖြစ်သည်။

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် သည်းခံနိုင်စွမ်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ပျိုးထောင်ခြင်း

ကံနှင့်ဘဝကူးပြောင်းမှုဝါဒ တတိယလုပ်ငန်းဆောင်တာမှာ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု (resilience) တည်ဆောက်ပေးခြင်း ဖြစ်သည်။ မဟာယာနကျမ်းပြုဆရာ အရှင်သန္တိဒေဝ (Śāntideva) ၏ ဗောဓိစရိယာဝတာရ (Bodhicaryāvatāra) ခန္တီပါရမီအခန်းလာ ဆင်ခြင်နည်းများအရ၊ မိမိလက်ရှိကြုံတွေ့နေရသော ဆင်းရဲဒုက္ခနှင့် မတရားပြုမှုများကို အတိတ်ကံ၏ အကျိုးဆက်တစ်စိတ်တစ်ဒေသအဖြစ် ရှုမြင်ဆင်ခြင်ခြင်းသည် ပြစ်မှားသူအပေါ် ဒေါသအာဃာတဖြင့် တုံ့ပြန်လိုစိတ်ကို လျော့ပါးစေပြီး၊ ဆင်းရဲဒုက္ခကိုပင် ခန္တီပါရမီဖြည့်ကျင့်ခွင့်ပေးသော အခွင့်အလမ်းအဖြစ် ပြောင်းလဲရှုမြင်နိုင်စေသည်။ ဤဆင်ခြင်နည်းသည် ကံဝါဒကို လူသားစိတ်ပညာနှင့် ချိတ်ဆက်အသုံးချခြင်းဖြစ်ပြီး၊ နာကျည်းခါးသီးမှုကို လျှော့ချကာ စိတ်၏တည်ငြိမ်မှုကို ထိန်းသိမ်းပေးသည့် လက်တွေ့ကျင့်စဉ်တစ်ရပ် ဖြစ်သည်။

ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ပရဟိတစိတ်ဓာတ်ကို လှုံ့ဆော်ခြင်း

ကံနှင့်ဘဝကူးပြောင်းမှုဝါဒ စတုတ္ထလုပ်ငန်းဆောင်တာမှာ သက်ရှိအားလုံးအပေါ် အကန့်အသတ်မဲ့ မေတ္တာကရုဏာ ဖြစ်ပေါ်စေရန် လှုံ့ဆော်ပေးခြင်း ဖြစ်သည်။ သံယုတ္တနိကာယ် အနမတဂ္ဂသံယုတ်လာ ဒေသနာများအရ အစမထင်သော သံသရာတစ်လျှောက်တွင် မိမိ၏မိခင်၊ ဖခင်၊ သားသမီး၊ ညီအစ်ကိုမောင်နှမ မဖြစ်ခဲ့ဖူးသော သတ္တဝါဟူ၍ တွေ့ရှိရန် မလွယ်ကူပေ။ ဤ "သံသရာဆိုင်ရာ ဆွေမျိုးတော်စပ်မှု" အမြင်သည် သတ္တဝါအားလုံးအပေါ် ကရုဏာသက်ဝင်မှု၏ အခြေခံဖြစ်လာသည်။ Peter Harvey က ဤဆင်ခြင်နည်းဖြင့် လက်ရှိရန်သူဖြစ်နေသူသည်ပင် အတိတ်တစ်ချိန်က မိမိ၏ရင်းနှီးသော ဆွေမျိုးဖြစ်ခဲ့ဖူးသည်ဟု ရှုမြင်နိုင်သောကြောင့်၊ အာဃာတကင်းစင်သော စိတ်ထားဖြင့် မေတ္တာဘာဝနာကို ပွားများနိုင်ကြောင်း ထောက်ပြထားသည်။ ဤသို့ဖြင့် ဘဝကူးပြောင်းမှုဝါဒသည် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှုသက်သက်ကိုသာမက၊ ပရဟိတစိတ်ဓာတ် (altruism) ၏ သီအိုရီဆိုင်ရာ အခြေခံကိုပါ ထောက်ပံ့ပေးနေသည်။

အနတ္တဝါဒနှင့် ဘဝကူးပြောင်းမှုဝါဒ — ဒဿနဆိုင်ရာ သဟဇာတဖြစ်မှု

ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ လေ့လာသူတို့ အမေးများဆုံးပြဿနာမှာ "ခိုင်မြဲသောအတ္တမရှိလျှင် မည်သူ ဘဝကူးပြောင်းသနည်း၊ မည်သူ ကံ၏အကျိုးကို ခံစားရသနည်း" ဟူသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းသည် အနတ္တဝါဒနှင့် ဘဝကူးပြောင်းမှုဝါဒတို့ အချင်းချင်း ဆန့်ကျင်နေသည်ဟု ထင်မြင်စေနိုင်သော်လည်း၊ ဗုဒ္ဓစာပေအစဉ်အလာက ဤနှစ်ရပ်ကို သဟဇာတဖြစ်စေသည့် ဒဿနဆိုင်ရာ အဖြေများကို စနစ်တကျ တည်ဆောက်ထားခဲ့သည်။

ပထမအချက်အနေဖြင့် ဗုဒ္ဓဘာသာသည် တည်တံ့ခိုင်မြဲသော အတ္တဝိညာဉ် (permanent soul) တစ်ခုသည် ခန္ဓာကိုယ်တစ်ခုမှ တစ်ခုသို့ ပျံ့လွင့်ကူးပြောင်းသွားသည်ဟူသော သဿတဝါဒဆန်သည့် အယူအဆကို အတိအလင်း

ပယ်ချသည်။ မဇ္ဈိမနိကာယ် မဟာတဏှာသင်္ခယသုတ် (MN 38) တွင် သာတိအမည်ရှိ ရဟန်းက "ဤဝိညာဏ်သည်သာလျှင် မပြောင်းမလဲဘဲ သံသရာတစ်လျှောက် ပြေးသွားကူးပြောင်းသည်" ဟု မှားယွင်းစွာယူဆခဲ့ရာ၊ မြတ်စွာဘုရားက ဝိညာဏ်သည် အကြောင်းတရားကို စွဲ၍သာ ဖြစ်ပေါ်သည် (ပဋိစ္စသမုပ္ပန်နံ ဝိညာဏံ) ဟူသောအချက်ဖြင့် ပြင်းထန်စွာ ဆုံးမပယ်ဖျက်တော်မူခဲ့သည်။ သို့ရာတွင် ဤပယ်ဖျက်မှုသည် ဘဝတစ်ခုမှတစ်ခုသို့ စိတ်အစဉ်ဆက်လက်စီးဆင်းမှုကိုပါ ငြင်းပယ်လိုက်ခြင်း မဟုတ်ပေ။ အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ္ဂကျမ်း၌ ခိုင်မြဲသောအတ္တမပါဘဲ ဘဝကူးပြောင်းခြင်းကို အဆက်မပြတ်စီးဆင်းနေသော ရုပ်နာမ်အစဉ် (သန္တတိ၊ သန္တာန) သဘောတရားဖြင့် ရှင်းလင်းထားပြီး၊ ရှေးစိတ်၏ ဖြစ်ပေါ်ချုပ်ငြိမ်းမှုက နောက်စိတ်၏ဖြစ်ပေါ်မှုကို အကြောင်းပြုပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ တစ်သမတ်တည်းဖြစ်မှုနှင့် ကံတာဝန်ယူမှုကို ဆက်စပ်ပေးထားသည် ။

ခေတ်သစ်သုတေသနရှုထောင့်မှ ဘိက္ခုအနာလယော (Rebirth in Early Buddhism and Current Research) က ဤအချက်ကို အတည်ပြုသည်။ ရှေးဦးဗုဒ္ဓဒေသနာများ၌ တည်တံ့သောဝိညာဉ်အနှစ်သာရ (substantial soul) ကို ငြင်းပယ်သော်လည်း၊ ကံအကျိုးဆက်ဖြင့် ချိတ်ဆက်နေသော ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ သီးခြားစိတ်အစဉ်စီးဆင်းမှု (individualized stream of consciousness / ဝိညာဏသောတ) ကို လက်ခံထားကြောင်း သူက ဆန်းစစ်တင်ပြထားသည်။ အနာလယော၏ အနက်ဖွင့်ဆိုချက်အရ အနတ္တဒေသနာသည် စိတ်အစဉ်၌ မပြောင်းမလဲတည်နေသော အမာခံအတ္တကောင်ရှိသည်ဆိုခြင်းကိုသာ ငြင်းပယ်ခြင်းဖြစ်ပြီး၊ ဘဝကူးပြောင်းသွားသော စိတ်အစဉ်သည် ဗလာကျောက်သင်ပုန်း (tabula rasa) မဟုတ်ဘဲ အတိတ်ဘဝမှ အနုသယကိလေသာများနှင့် စရိုက်အလေ့အထစွမ်းအင်များကို သယ်ဆောင်လာသည်။

"ထိုသူလည်းမဟုတ်၊ အခြားသူလည်းမဟုတ်"(န စ သော န စ အညော) — မိလိန္ဒပဉ္ဟ၏ အဖြေ

ဒုတိယအချက်မှာ ဘဝဟောင်းပုဂ္ဂိုလ်နှင့် ဘဝသစ်ပုဂ္ဂိုလ်တို့၏ ဆက်နွယ်ပုံဆိုင်ရာ ပြဿနာဖြစ်သည်။ မိလိန္ဒပဉ္ဟ ကျမ်း၌ မိလိန္ဒမင်းကြီး၏ "ပြန်လည်ဖြစ်ပေါ်လာသူသည် ယခင်ပုဂ္ဂိုလ်နှင့် တူသလော၊ ကွဲပြားသလော" ဟူသော မေးခွန်းကို အရှင်နာဂသေနက "ထိုသူလည်းမဟုတ်၊ အခြားသူလည်းမဟုတ်" (န စ သော န စ အညော) ဟူသော ကျော်ကြားသည့်အဖြေဖြင့် ဖြေကြားခဲ့သည်။ ဆီမီးဥပမာအရ တစ်ညလုံးထွန်းညှိထားသော ဆီမီး၏ ညဦးယံမီးတောက်နှင့် မိုးသောက်ယံမီးတောက်တို့သည် ထပ်တူမဟုတ်သော်လည်း လုံးဝသီးခြားလည်း မဟုတ်ဘဲ၊ တစ်ခုတည်းသော လောင်ကျွမ်းမှုအစဉ်ကို မှီ၍ ဆက်စပ်ဖြစ်ပေါ်နေကြသည်။ ဤနည်းတူ အတိတ်နာမ်ရုပ်ဖြစ်စဉ် (ကံ) က အနာဂတ်နာမ်ရုပ်အသစ် (ဝိပါက) ကို ဖြစ်တည်စေသောကြောင့်၊ ကူးပြောင်းသွားသောအတ္တကောင် မရှိသော်လည်း ကံဆိုင်ရာတာဝန်ယူမှု မပျက်ပြားပေ။

ကံပြုသူနှင့် ခံစားသူ — ပညတ်နှင့် ပရမတ်

တတိယအချက်မှာ "ကံပြုသူ" နှင့် "အကျိုးခံစားသူ" ၏ အနေအထားဖြစ်သည်။ ဝိသုဒ္ဓိမဂ္ဂ ကခ်ါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ (အခန်း ၁၉) တွင် အရှင်မဟာဗုဒ္ဓဃောသက ရှေးဆရာတို့၏ဂါထာကို ဤသို့ ကိုးကားဖော်ပြသည် –

"ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။ သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။" — ကံကိုပြုသော (အတ္တကောင်) မရှိ၊ အကျိုးကိုခံစားသော (အတ္တကောင်) လည်း မရှိ။ သက်သက်သောတရားတို့သာလျှင် ဖြစ်ပျက်လျက်ရှိကြ၏။ ဤသို့ရှုမြင်ခြင်းသည်သာ မှန်ကန်သောအမြင် ဖြစ်၏။

ဤဂါထာသည် အနတ္တနှင့် ကံတာဝန်ယူမှုကို ဆက်စပ်ပေးသည့် သော့ချက်ဖြစ်သော အမှန်တရားနှစ်ဆင့်သီအိုရီ (two truths) နှင့် တွဲဖက်နားလည်ရမည် ဖြစ်သည်။ Jayatilleke ၏ ဆန်းစစ်ချက်အရ ဗုဒ္ဓစာပေအစဉ်အလာ၌ လောကသုံးနှုန်းမှုအရ "ငါ"၊ "ပုဂ္ဂိုလ်"၊ "သတ္တဝါ" ဟူသော ပညတ်များကို အသုံးပြုသည့် သမုတိသစ္စာ (conventional truth) နှင့်၊ အမြဲတည်တံ့သောအတ္တမပါဘဲ ဖြစ်ပျက်နေသော ရုပ်နာမ်ဓမ္မသက်သက်ကိုသာ ဖော်ပြသည့် ပရမတ္ထသစ္စာ (ultimate truth) ဟူ၍ အမှန်တရားနှစ်မျိုး ခွဲခြားထားသည်။ ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှုနှင့် အမှားအမှန်သတ်မှတ်ချက်တို့သည် သမုတိသစ္စာနယ်ပယ်၌ အပြည့်အဝ အဓိပ္ပာယ်ရှိနေပြီး၊ ပရမတ္ထနယ်ပယ်၌မူ တည်တံ့သောအတ္တရှိသည်ဟူသော မိစ္ဆာအမြင်မှ လွတ်ကင်းစေသည်။ ဤခွဲခြားမှုကြောင့် အနတ္တဝါဒသည် ကိုယ်ကျင့်တရားတာဝန်သိစိတ်ကို မပျက်ပြားစေဘဲ၊ အတ္တစွဲအခြေခံသော လောဘဒေါသများကို ဖြေလျှော့ပေးသည့် ကျင့်ဝတ်ဆိုင်ရာ အထောက်အကူပင် ဖြစ်လာသည်။

ဂိုဏ်းအသီးသီး၏ ဒဿနဆိုင်ရာ အဖြေများ

ဤပြဿနာကို ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးက မိမိတို့၏ အဘိဓမ္မာစနစ်အလိုက် ကွဲပြားစွာ ဖြေဆိုခဲ့ကြသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း (Sarvāstivāda) သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံး၌ တရားတို့သည် သဘာဝကိုယ်ပိုင်အနှစ်သာရ (svabhāva) အားဖြင့် တည်ရှိနေသည်ဟူသော ဝါဒကို တင်ပြခြင်းဖြင့် အတိတ်ကံက အနာဂတ်၌ အကျိုးပေးနိုင်ပုံကို ရှင်းလင်းရန် ကြိုးပမ်းခဲ့ပြီး၊ ကံပြုသူနှင့် ကံအကျိုးကို ချိတ်ဆက်ပေးရန် အတွက်အစား "ပိုင်ဆိုင်ခြင်း" (prāpti) ဟူသော စိတ္တဝိပ္ပယုတ္တသင်္ခါရတရားကို အသုံးပြုခဲ့သည်။ ဤစနစ်ကို KL Dhammajoti ၏ Sarvāstivāda Abhidharma ကျမ်း၌ အသေးစိတ် လေ့လာနိုင်သည် ။ မဇ္ဈိမဂိုဏ်းတည်ထောင်သူ နာဂါဇုန (Nāgārjuna) ကမူ

မူလမဇ္ဈိမကကာရိကာ (Mūlamadhyamakakārikā) ကမ္မဖလပရိက္ခာအခန်း (အခန်း ၁၇) တွင် ကံသည် ပြုပြီးသည်နှင့် ချက်ချင်းမပျောက်ပျက်ဘဲ အကျိုးပေးချိန်အထိ တည်ရှိနေပုံကို "မပျောက်ပျက်နိုင်သောသဘော" (avipraṇāśa) သဘောတရားဖြင့် ဆွေးနွေးပြီး၊ သဿတအစွန်းနှင့် ဥစ္ဆေဒအစွန်းနှစ်ပါးလုံးကို ရှောင်လွှဲသည့် ပဋိစ္စသမုပ္ပါဒ်လမ်းကြောင်းဖြင့် ကံနှင့်ဘဝကူးပြောင်းမှုကို ရှင်းလင်းခဲ့သည်။

A.K. Warder ၏ (Indian Buddhism) ကျမ်းအရ ရှေးဦးဗုဒ္ဓဒေသနာများသည် တည်တံ့သောအာတ္မန် (ātman) ကို ငြင်းပယ်လျက်ပင် အဝိဇ္ဇာနှင့်တဏှာကို အကြောင်းပြု၍ ဘဝသစ်ဖြစ်ပေါ်ပုံကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရှင်းလင်းထားပြီး၊ ဝိညာဏ်သည် သခ်ါရတရားများကို အကြောင်းပြုကာ ပဋိသန္ဓေနေရာသို့ သက်ဝင်ခြင်း (descent of consciousness) ဖြင့် ဘဝသစ်စတင်ပုံသည် အတွေ့မပါသော အကြောင်းအကျိုးဆက်စပ်မှုသက်သက် ဖြစ်ကြောင်း တင်ပြထားသည်။ အခြားတစ်ဖက်တွင် ဝဇ္ဇီပုတ္တိယ (Vātsīputrīya) စသော ပုဂ္ဂလဝါဒဂိုဏ်းများက ဘဝကူးပြောင်းမှုကို ရှင်းပြရန် ခန္ဓာငါးပါးနှင့် တစ်ထပ်တည်းလည်းမဟုတ်၊ သီးခြားလည်းမဟုတ်သော "ပုဂ္ဂလ" (pudgala) တစ်ရပ်ရှိသည်ဟု ယူဆခဲ့ကြသော်လည်း၊ ထေရဝါဒအပါအဝင် ဂိုဏ်းအများစုက ယင်းကို အတ္တဝါဒ၏ သွယ်ဝိုက်ပုံစံအဖြစ် ရှုမြင်ကာ ပြင်းထန်စွာ ငြင်းပယ်ခဲ့ကြသည်။ ဤအငြင်းပွားမှုသမိုင်းက ပြသသည်မှာ အနတ္တနှင့် ကံ-ဘဝကူးပြောင်းမှုတို့၏ သဟဇာတပြဿနာသည် ဗုဒ္ဓဘာသာဒဿနသမိုင်းတစ်လျှောက် အလေးအနက်ထား ဖြေရှင်းခဲ့ရသော ဗဟိုပြဿနာဖြစ်ပြီး၊ ဂိုဏ်းတိုင်း၏ အဖြေများသည် "ကူးပြောင်းသောအတ္တမရှိဘဲ ကံတာဝန်ယူမှုတည်မြဲစေရေး"

ဟူသော တူညီသည့်ရည်မှန်းချက်ကို ဦးတည်နေကြသည်ဟူသောအချက် ဖြစ်သည်။

ဘဝကူးပြောင်းမှုဖြစ်စဉ်၏ သဘောသဘာဝ

အထက်ပါအချက်များကို ခြုံငုံကြည့်လျှင် ရှေးဦးဗုဒ္ဓဝါဒအလိုအရ ဘဝသစ်ဖြစ်တည်ခြင်းသည် ဝိညာဉ်ကောင်ရွှေ့ပြောင်းခြင်းမဟုတ်ဘဲ၊ ဝိညာဏ်နှင့် နာမ်ရုပ်တို့ အပြန်အလှန် အကြောင်းပြုနေမှု (reciprocal conditioning) အပေါ် အခြေခံသည့် အကြောင်းအကျိုးဆက်စပ် ဖြစ်ထွန်းမှုဖြစ်စဉ်သာ ဖြစ်သည်။ ရှေးဦးဗုဒ္ဓအတွေးအခေါ်သည် ဝိညာဏ်ကို တည်ငြိမ်သောဒြပ်ထုတစ်ခုအဖြစ်ထက် အမြဲပြောင်းလဲနေသော သိမြင်မှုဖြစ်စဉ်တစ်ရပ်အဖြစ် ရှုမြင်ရန် ဦးစားပေးပြီး၊ ဘဝတစ်ခု၏အဆုံးဌာ ဤသိမြင်မှုစိတ်အစဉ်သည် တဏှာကို အထောက်အပံ့ပြုလျက် ပဋိသန္ဓေအခိုက်အတန့်ဌာ နာမ်ရုပ်အသစ်ကို စတင်ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဘဝကူးပြောင်းမှုဟူသည် ကမ္မနိယာမနှင့် အကြောင်းအကျိုးနိယာမများအောက်တွင် လည်ပတ်နေသော နာမ်ရုပ်ဖြစ်စဉ်များ၏ သွက်လက်ပြောင်းလဲနေသည့် အခြေအနေခံဖြစ်စဉ် (dynamic, conditioned process) ဖြစ်ပြီး၊ "ထိုသူလည်းမဟုတ်၊ အခြားသူလည်းမဟုတ်" ဟူသော အဆက်မပြတ်စီးဆင်းမှုအမြင်က ဘဝကူးပြောင်းမှု၏ လက်တွေ့အရှိတရားနှင့် အနတ္တဝါဒ၏ အမှန်တရားတို့ကို ဒဿနအရ လုံးဝသဟဇာတ ဖြစ်စေသည်။

နိဂုံး

အထက်ဌာဆန်းစစ်တင်ပြခဲ့သည့်အတိုင်း ကံနှင့် ဘဝကူးပြောင်းမှုဝါဒတို့သည် ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ ပြင်ပဌာ ကပ်ငြိနေသော ယုံကြည်မှုအပိုများ မဟုတ်ဘဲ၊ ကျင့်ဝတ်စနစ်တစ်ခုလုံး၏ ဒဿနဆိုင်ရာ ကျောရိုးဖြစ်နေကြောင်း တွေ့ရှိရသည်။ ပထမအချက်အနေဖြင့် ဗုဒ္ဓ၏ကံဝါဒသည် ဝေဒရိုးရာ၏ ယဇ်ပူဇော်မှုဗဟိုပြုအမြင်၊

ဂျိန်းတို့၏ ကာယကံအလေးပေးမှုနှင့် အာဇီဝကတို့၏ ကံသေဝါဒတို့ကို ကျော်လွန်၍၊ စေတနာကို ကံ၏အနှစ်သာရအဖြစ် သတ်မှတ်ခြင်းဖြင့် ကိုယ်ကျင့်တရားကို စိတ်၏အတွင်းသန္တာန်၌ အခြေချပေးခဲ့သည်။ ဒုတိယအချက်အနေဖြင့် သီဝကသုတ်၊ လောဏကပလ္လသုတ်နှင့် အတ္တကာရီသုတ်တို့လာ ဒေသနာများက ကမ္မနိယာမသည် ကံသေဝါဒမဟုတ်ဘဲ လူသား၏ လွတ်လပ်သောရွေးချယ်နိုင်စွမ်းနှင့် ယှဉ်တွဲလည်ပတ်နေသော နိယာမဖြစ်ကြောင်း ခိုင်မာစွာ ပြသနေပြီး၊ ဤအချက်သည် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှု အဓိပ္ပာယ်ရှိစေရန် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်။ တတိယအချက်အနေဖြင့် ဘဝကူးပြောင်းမှုဝါဒသည် ကိုယ်ကျင့်တရားတာဝန်ယူမှု၏အခြေခံ၊ စကြဝဠာဆိုင်ရာ တရားမျှတမှု၊ သည်းခံခွင့်လွှတ်နိုင်စွမ်းနှင့် ပရဟိတစိတ်ဓာတ်တို့ကို ထောက်ပံ့ပေးသည့် ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းဆောင်တာလေးရပ်ကို ဆောင်ရွက်ပေးနေသည်။ စတုတ္ထအချက်အနေဖြင့် အနတ္တဝါဒနှင့် ဘဝကူးပြောင်းမှုဝါဒတို့၏ ထင်ရသောပဋိပက္ခသည် "ဘဝကူးပြောင်းရန် ခိုင်မြဲသောအတ္တတစ်ခုခု ရှိရမည်" ဟူသော ကြိုတင်ယူဆချက် (presupposition) မှ ဆင်းသက်လာခြင်းသာဖြစ်ပြီး၊ အကြောင်းအကျိုးဆက်စပ်သော ဖြစ်စဉ်၏ အဆက်မပြတ်စီးဆင်းမှုအမြင်ဖြင့် ဖြေရှင်းနိုင်ကြောင်း ထေရဝါဒမှသည် မဇ္ဈိမဂိုဏ်းအထိ ဗုဒ္ဓဒဿနအစဉ်အလာတစ်ခုလုံးက သက်သေပြခဲ့သည်။

ခြုံငုံသုံးသပ်ရလျှင် ကံနှင့် ဘဝကူးပြောင်းမှုဝါဒတို့သည် ဗုဒ္ဓဘာသာကျင့်ဝတ်ပညာအား သီးခြားထူးခြားသော အနေအထားတစ်ရပ်ကို ပေးအပ်ထားသည်။ ယင်းမှာ ဖန်ဆင်းရှင်၏ အမိန့်တော်လည်းမဟုတ်၊ လူ့အဖွဲ့အစည်း၏ သဘောတူညီချက်သက်သက်လည်းမဟုတ်ဘဲ၊ စကြဝဠာ၏ သဘာဝနိယာမ၌ အမြစ်တွယ်နေသော၊ လူသား၏ လွတ်လပ်သောရွေးချယ်မှုနှင့် ကိုယ်ပိုင်အားထုတ်မှုကို

ဗဟိုပြုသော ကိုယ်ကျင့်တရားစနစ်ဖြစ်ခြင်းပင် ဖြစ်သည်။ ဤစနစ်၌ ကိုယ်ကျင့်တရားကျင့်သုံးမှုသည် ပြင်ပအာဏာစက်ကို ကြောက်ရွံ့ရိုကျိုးမှုမဟုတ်ဘဲ၊ မိမိနှင့် သတ္တဝါအားလုံး၏ ရေရှည်ကောင်းကျိုးကို ဦးတည်သော ဉာဏ်ပညာနှင့်ယှဉ်သည့် ရွေးချယ်မှုဖြစ်လာပြီး၊ ကံနှင့်ဘဝကူးပြောင်းမှုဝါဒတို့သည် ထိုရွေးချယ်မှု၏ အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုကို ဘဝတစ်ခုထက်ကျော်လွန်၍ တာဝန်ခံပေးနေသော ဒဿနဆိုင်ရာ အာမခံချက်များ ဖြစ်သတည်း။

ကျမ်းကိုးစာရင်း (References)

[1] Egge, James R. (2002). Religious Giving and the Invention of Karma in Theravāda Buddhism. Richmond: Curzon Press (Routledge). — ယဇ်ပူဇော်မှုဆိုင်ရာ ဝေါဟာရနှင့် အယူအဆများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာပုံ လေ့လာချက်။

[2] Gombrich, Richard F. (2009). What the Buddha Thought. London: Equinox Publishing; နှင့် Gombrich, Richard F. (1988). Theravāda Buddhism: A Social History from Ancient Benares to Modern Colombo. London: Routledge. — ဗုဒ္ဓ၏ ကံကို ကျင့်ဝတ်ဆန်စေမှု (ethicization) ဆိုင်ရာ ဆန်းစစ်ချက်။

[3] Keown, Damien (2005). Buddhist Ethics: A Very Short Introduction. Oxford: Oxford University Press; နှင့် Keown, Damien (1992). The Nature of Buddhist Ethics. London: Palgrave Macmillan.

[4] Sāmaññaphala Sutta, Dīgha Nikāya 2 — မဂ္ဂလိဂေါသာလ၏ နိယတိဝါဒ ဖော်ပြချက်။

[5] Jayatilleke, K. N. (1963). Early Buddhist Theory of Knowledge. London: George Allen & Unwin.

[6] Harvey, Peter (2000). An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

[7] Saṁyutta Nikāya, Sagāthāvagga (SN 11.10) — "ယာဒိသံ ဝပတေ ဗီဇံ" ဂါထာ။

[8] Nibbedhika Sutta, Aṅguttara Nikāya 6.63 — "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"။

[9] Vasubandhu. Abhidharmakośabhāṣya, Chapter IV (Karma-nirdeśa). English translation: Pruden, Leo M. (1988–1990). Abhidharmakośabhāṣyam. Berkeley: Asian Humanities Press.

[10] Sīvaka Sutta, Saṁyutta Nikāya 36.21 — ဝေဒနာဖြစ်ပေါ်ကြောင်း အကြောင်းရှစ်ပါး။

[11] Loṇakapalla (Loṇaphala) Sutta, Aṅguttara Nikāya 3.99 — ဆားခဲဥပမာ။

[12] Attakārī Sutta, Aṅguttara Nikāya 6.38 — ကိုယ်တိုင်ပြုနိုင်စွမ်းဆိုင်ရာ ဒေသနာ။

[13] Jayatilleke, K. N. (1972). Ethics in Buddhist Perspective. Kandy: Buddhist Publication Society (The Wheel Publication No. 175/176).

[14] Cūḷakammavibhaṅga Sutta, Majjhima Nikāya 135.

[15] Premasiri, P. D. "Rebirth." In Encyclopaedia of Buddhism. Colombo: Government of Sri Lanka; နှင့် Premasiri, P. D. "The Theravāda Buddhist Doctrine of Survival after Death."

[16] Bodhi, Bhikkhu (1987). "Does Rebirth Make Sense?" BPS Newsletter Essay No. 46. Kandy: Buddhist Publication Society.

[17] Gowans, Christopher W. (2015). Buddhist Moral Philosophy: An Introduction. New York: Routledge.

[18] Śāntideva. Bodhicaryāvatāra, Chapter VI (Kṣānti-pāramitā). English translation: Crosby, Kate & Skilton, Andrew (1995). The Bodhicaryāvatāra. Oxford: Oxford University Press.

[19] Anamatagga-saṁyutta, Saṁyutta Nikāya 15.14–19.

[20] Mahātaṇhāsaṅkhaya Sutta, Majjhima Nikāya 38 — သာတိရဟန်း၏ မိစ္ဆာအယူကို ပယ်ဖျက်ခြင်း။

[21] Buddhaghosa. Visuddhimagga, Chapter XIX (Kaṅkhāvitaraṇa-visuddhi-niddesa). English translation: Ñāṇamoli, Bhikkhu (2011). The Path of Purification. Kandy: Buddhist Publication Society.

[22] Anālayo, Bhikkhu (2018). Rebirth in Early Buddhism and Current Research. Somerville, MA: Wisdom Publications.

[23] Milindapañha — "na ca so na ca añño"။ English translation: Horner, I. B. (1963–1964). Milinda's Questions. London: Pali Text Society.

[24] Dhammajoti, Bhikkhu KL (2009). Sarvāstivāda Abhidharma (4th ed.). Hong Kong: Centre of Buddhist Studies, The University of Hong Kong.

[25] Nāgārjuna. Mūlamadhyamakakārikā, Chapter XVII (Karmaphalaparīkṣā). English translation: Kalupahana, David J. (1986). Mūlamadhyamakakārikā of Nāgārjuna: The Philosophy of the Middle Way. Albany: State University of New York Press.

[26] Warder, A. K. (1970). Indian Buddhism. Delhi: Motilal Banarsidass.

(၁၁) နောင်တမလွန်လောကမပါဘဲ လောကီဗုဒ္ဓဘာသာကျင့်ဝတ်စနစ် (Secular Buddhist Ethics) တည်ဆောက်နိုင်ပုံ

ဘဝကူးပြောင်းမှု အယူဆ (Doctrine of Rebirth) သည် ၃၁ ဘုံ အယူအဆ (Traditional Buddhist Cosmology) နှင့် နက်ရှိုင်းစွာ ဆက်နွယ်နေသော်လည်း၊ လောကီကျင့်ဝတ်စနစ် (Worldly ethical system/ Secular Buddhist Ethics) တစ်ခုအတွက်မူ ၎င်းသည် မရှိမဖြစ် လိုအပ်ချက်တစ်ခု မဟုတ်ကြောင်း ရှေးဦးကျမ်းဂန်များက ထောက်ပြထားပါသည်။ ဗုဒ္ဓဘာသာ၏ အခြေခံကျင့်ဝတ်များကို ဘဝကူးပြောင်းမှုအပေါ် ယုံကြည်ခြင်း မရှိသည့်တိုင်အောင် အောက်ပါအချက်များဖြင့် ယုတ္တိကျကျ တည်ဆောက်နိုင်သည်-

၁. မျက်မှောက်ဘဝအကျိုးကျေးဇူးများ (Present-life benefits)

၂. ပင်ကိုယ်ကရုဏာတရား (Intrinsic compassion)

၃. စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာ (Psychological well-being)

"လက်တွေ့ကျသော လောင်းကြေး" (The Pragmatic Wager)

ပြန်လည်မွေးဖွားခြင်းကို ရိုးရာအရ အလေးအနက် တိုက်တွန်းထားသော်လည်း၊ ရှေးဦးပိဋကတ်တော်များတွင် နောင်ဘဝအပေါ် သံသယရှိသူ (Skeptics) သို့မဟုတ် မသိနိုင်ဝါဒီ - Agnostic (ဘုရား ရှိချင်လည်းရှိမည်၊ မရှိချင်လည်းမရှိ၊ လူသားအနေဖြင့်မူ အတိအကျ သိပ်ပံနည်းကျ မသိနိုင်ဟု ယူဆသူ) များအတွက်ပါ လက်ခံနိုင်စေမည့် လောကီကျင့်ဝတ်ဆိုင်ရာ အကျိုးအကြောင်းပြချက်များကို တွေ့ရသည်။

မြတ်စွာဘုရားသည် ဆင်ခြင်တုံတရားဖြင့် သံသယပွားနေသူများကို အနောက်တိုင်းဒဿနမှ ပတ်စကယ်၏ လောင်းကြေး (Pascal's Wager) နှင့် ဆင်တူသော စဉ်းစားချက်ဖြင့် ဟောကြားခဲ့သည်။ အပဏ္ဏကသုတ် (MN 60)တွင် မြတ်စွာဘုရားရှင်သည် "နောင်ဘဝနှင့် ကံကံ၏အကျိုး ရှိ/မရှိ" အငြင်းပွားနေသည့် ကာလ၌ လိုက်နာရမည့် "အမှားမရှိ လုံခြုံစိတ်ချရသော လမ်းစဉ်" ကို ပြဆိုထားသည်။ အကယ်၍ နောင်တမလွန်လောက အမှန်တကယ်ရှိပါက သီလရှိသူသည် သေလွန်ပြီးနောက် သုဂတိနတ်ပြည်သို့ ရောက်ရမည် (ပထမအနိုင်)။ အကယ်၍ နောင်တမလွန်လောက မရှိပါစေဦး၊ ထိုသူသည် လက်ရှိဘဝမှာတင် "သီလဝန္တ" ဟု ပညာရှိတို့၏ ချီးမွမ်းခြင်းကို ခံရကာ စိတ်အေးချမ်းစွာ နေထိုင်ရသည် (ဒုတိယအနိုင်)။ ထို့ကြောင့် သီလရှိသူသည် "ဥဘယတ္ထ ကဋ္ဌဂ္ဂဟော" (နှစ်ဖက်စလုံး၌ အနိုင်ရရှိသူ/အမြတ်ထွက်သူ) ဖြစ်သည်။ ဤသည်ကို မြတ်စွာဘုရားက ဘေးကင်းသော "အပဏ္ဏကော ဓမ္မော" ဟု ခေါ်ဆိုတော်မူသည်။ ထို့ကြောင့် နောင်ဘဝ ရှိသည်ဟုယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ကျင့်ဝတ်သီလကို စောင့်ထိန်းခြင်းသည်သာ လူသားအတွက် အမြတ်စွန်းဆုံးနှင့် အန္တရာယ်အကင်းဆုံး ရွေးချယ်မှု ဖြစ်သည်။

ကာလာမလူမျိုးများအား ဟောကြားခဲ့သော ကာလာမသုတ် (AN 3.65)တွင် မိမိ၏စိတ်ကို လောဘ၊ ဒေါသတို့မှ စင်ကြယ်အောင် ပြုလုပ်ထားသူသည်

"သင်္ဘာရာရကြောင်းတရား ၄ ပါး" ကို ရရှိနိုင်ကြောင်း မိန့်တော်မူခဲ့ပါသည်။ ပထမသင်္ဘာရာရကြောင်းမှာ - အကယ်၍ နောင်ဘဝအမှန်ရှိပါက ကောင်းမွန်သောဘဝသို့ ကူးပြောင်းရမည် ဖြစ်ပြီး၊ ဒုတိယသင်္ဘာရာရကြောင်း မှာမူ အကယ်၍ နောင်တမလွန်ကမ္ဘာဟူ၍ မရှိခဲ့လျှင်ပင်၊ သီလရှိသောသူသည် ယခုမျက်မှောက်ဘဝ၌ပင်

•ရန်ဘေးကင်းခြင်း၊

•နှိပ်စက်ညှဉ်းပန်းမှုကင်းခြင်း၊

•နောင်တကင်းခြင်း၊

•ပညာရှိတို့၏ ချီးမွမ်းခြင်း

တို့ကို ခံစားရပြီး လက်ရှိဘဝမှာတင် ပျော်ရွှင်စွာ နေထိုင်နိုင်သည်ဟု မိန့်တော်မူသည်။

ဒေးဗစ် ဂျေ၊ ကာလူပဟာန (David J. Kalupahana - Karma and Rebirth, 1976) က ဤသို့ ထောက်ပြသည်-

မြတ်စွာဘုရားသည် ပြန်လည်မွေးဖွားခြင်းနှင့် ဂတိငါးပါး မူဘောင်ကို လက်တွေ့ကျသော လောင်းကြေးတစ်ခုအနေဖြင့် (ကျင့်ဝတ်ဆိုင်ရာ အကျိုးကျေးဇူးသက်သက်အတွက်) အသုံးပြုကာ လူဝတ်ကြောင်အိမ်ရှင်များကို ကောင်းမွန်သော အသက်မွေးမှုပြုရန် တိုက်တွန်းခဲ့သည်။

၎င်းက ပြသနေသည်မှာ လောကီကျင့်ဝတ်ဆိုင်ရာ ပြုလုပ်မှုများ၏ လက်တွေ့ကျသော အကျိုးကျေးဇူး တန်ဖိုးသည် နောင်ဘဝရှိ/မရှိဟူသော အပေါ်၌သာ ပုံသေမှီခိုနေခြင်း မဟုတ်ကြောင်းပင် ဖြစ်သည်။

သီလ၏ မျက်မှောက်ဘဝအကျိုးကျေးဇူးများ

ဒေမီယန် ကီယွန် (Damien Keown - The Nature of Buddhist Ethics, 1992) က ကိုယ့်ကျင့်သီလ၏ပထမအကျိုးကျေးဇူး ၄ ချက်သည် ပြန်လည်မွေးဖွားခြင်းအယူအဆကို ကြိုတင်လက်ခံထားရန် မလိုဘဲ အနောက်တိုင်း သို့မဟုတ် ခေတ်သစ်လောကီကျင့်ဝတ်စနစ်များနှင့် အလွယ်တကူ ပေါင်းစပ်နိုင်သည်ဟု ဆိုသည်။ ထို့အပြင် သီလ၏ အကျိုး ၅ ပါး သီလသုတ် (AN 5.213) လာ သီလ၏ အကျိုး ၅ ပါးတွင် (၁) ဖျတ်လတ်စွမ်းဆောင်မှုကြောင့် စည်းစိမ်ဥစ္စာရခြင်း၊ (၂) ကျော်စောသတင်းမွှေးခြင်း၊ (၃) ပရိသတ်အလယ်သို့ ရဲဝံ့စွာဝင်နိုင်ခြင်း၊ (၄) မတွေမဝေဘဲ သေဆုံးရခြင်းနှင့် (၅) သေလွန်ပြီးနောက် ကောင်းရာသုဂတိသို့ ရောက်ခြင်းတို့ ပါဝင်ပါသည်။ ဤပထမအချက် ၄ ချက်သည် သဘာဝလွန်ဂမ္ဘီရ (Metaphysical) ယူဆချက်မျိုး မဟုတ်ဘဲ၊ အလွန်လက်တွေ့ကျကာ မည်သည့်လောကီအမြင် သို့မဟုတ် အနောက်တိုင်း ရှေးရိုးကျင့်ဝတ်မူဘောင်များတွင်မဆို အလွယ်တကူ အံဝင်ခွင်ကျဖြစ်နိုင်ပါသည်။

သာမညဖလသုတ် (DN 2) လာ အဇာတသတ်မင်းက ရဟန်းပြုခြင်း၊ သီလဆောက်တည်ခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ကိုယ်ကျ ခံစားရမည့် အကျိုးကျေးဇူး (သန္ဒိဋ္ဌိက ဖလ) ကို မေးမြန်းရာတွင်၊ မြတ်စွာဘုရားက ကျင့်ဝတ်စနစ် (သီလ) ကို စနစ်တကျ စောင့်ထိန်းခြင်းအားဖြင့် သောကကင်းဝေးခြင်း၊ စိတ်လွတ်လပ်ခြင်း၊ ကာယကံ ဝစီကံ လုံခြုံသဖြင့် မည်သူ့ကိုမျှ ကြောက်ရွံ့စိုးရိမ်နေရခြင်း မရှိဘဲ "လိပ်ပြာလုံသောချမ်းသာမှု" (အနဝဇ္ဇသုခ) ကို ယခုဘဝ၌ပင် ချက်ချင်း ခံစားရမည်ဟု ထောက်ပြထားပါသည်။

ကီယွန် (Buddhist Ethics: A Very Short Introduction, 2005) က ကံတရားသီအိုရီကို ခေတ်သစ်သဘာဝသိပ္ပံနည်းကျ (Naturalised) အဓိပ္ပာယ်ဖွင့်ဆိုရန် အကြံပြုသည်။ ဤအမြင်အရ သီလသည် ကျင့်ကြံနေသည့် အချိန်မှာတင် ၎င်း၏ကိုယ်ပိုင်ဆုလာဘ်

ဖြစ်သည်။ ကျင့်ဝတ်ပိုင်းဆိုင်ရာ စစ်မှန်ပြီး စိတ်ပိုင်းဆိုင်ရာ ညီညွတ်မှုတသူတစ်ဦးသည် မိမိ၏ ကောင်းမွန်သော စေတနာ (ကုသလစေတနာ) များကြောင့် နောင်တကင်းခြင်း (အဝိပ္ပဋိသာရ) နှင့် ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ) ဟူသော စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးကို ချက်ချင်းခံစားရသည်။

စစ်မှန်သောကျင့်ဝတ်၏ အရင်းခံ ကရုဏာတရား

အကယ်၍ လူသားတစ်ဦးသည် ကောင်းမွန်သော ဘဝကူးပြောင်းမှုအတွက် "ကောင်းမှု" စုဆောင်းရန် သက်သက်ဖြင့်သာ သီလကို စောင့်ထိန်းနေပါက၊ ထိုသူ၏ လုပ်ဆောင်ချက်သည် အနှစ်သာရအားဖြင့် လောဘနှင့် ကိုယ်ကျိုးရှာမှုတို့တွင် အခြေခံနေသည်ဟု ဆိုနိုင်သည်။ ရှေးအိန္ဒိယကျင့်ဝတ်စနစ်များသည် အပြစ်ပေးခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် နတ်ပြည်သုခဟူသော ဆုလာဘ်များကို လောဘတကြီး လိုချင်ခြင်းတို့အပေါ်တွင် မကြာခဏ အခြေခံလေ့ရှိသည်။ သို့သော်လည်း စစ်မှန်သော ဗုဒ္ဓဘာသာ၏ ကုသိုလ်ကျင့်ဝတ်သည် ဆင်းရဲဒုက္ခများ ချုပ်ငြိမ်းရေးကိုသာ ဦးတည်ပြီး၊ စစ်မှန်သော သနားစာနာမှု (အနုကမ္ပာ) နှင့် ကရုဏာ တရားတို့ဖြင့်သာ မောင်းနှင်သည်။

Damien Keown (The Nature of Buddhist Ethics) က ဗုဒ္ဓဘာသာကျင့်ဝတ်တွင် သီလသည် နိဗ္ဗာန် သို့မဟုတ် သဗ္ဗညုတဉာဏ်သို့ ရောက်ရှိရန် တွန်းတင်ပေးပြီးနောက် ကန်ထုတ်ပစ်ရမည့် လှေကားထစ်တစ်ခုမဟုတ်ဘဲ၊ ကျင့်ဝတ်ကျင့်စဉ်၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ထောက်ပြထားသည်။

ဘဝကူးပြောင်းမှုဝါဒ (ပဋိသန္ဓေတည်ခြင်း) အယူအဆသည် လောကုတ္တရာလမ်းစဉ်အတွက်မူ မရှိမဖြစ် လိုအပ်သည်၊ အဘယ်ကြောင့်ဆိုသော် အဆုံးစွန်သော လွတ်မြောက်မှုဖြစ်သည့် "နိဗ္ဗာန်" ကိုယ်တိုင်ကပင် သံသရာဝဲသြဃ

(ပြန်လည်မွေးဖွားခြင်းသံသရာ) ချုပ်ငြိမ်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် ဖြစ်သည်။

သို့သော်လည်း လောကီ ကျင့်ဝတ်စနစ် တစ်ခုအတွက်မူ ပြန်လည်မွေးဖွားခြင်းသည် မယုံကြည်သူများအတွက်လည်း ခိုင်မာတောင့်တင်းသော လောကီကျင့်ဝတ်တစ်ခုကို အောက်ပါအချက်များဖြင့် အပြည့်အဝ တည်ဆောက် ထိန်းသိမ်းနိုင်သည်-

၁။ သီလကျင့်ဝတ်၏ သဘာဝအလျောက် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ အကျိုးရလဒ်များ (နောင်တကင်းဝေးခြင်း၊ စိတ်အေးချမ်းခြင်း)

၂။ ကရုဏာတရားပွားများခြင်း

၃။မျက်မှောက်ဘဝ လက်တွေ့အကျိုးတရားများ (ပညာရှိတို့၏ ချီးမွမ်းခြင်း၊ လူမှုအသိုင်းအဝိုင်း၏ လေးစားခြင်း)

ဤအချက်များသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက်သာမက မည်သည့်လူ့အဖွဲ့အစည်းအတွက်မဆို အခြေခံကျသော ကျင့်ဝတ်မူဘောင်ကို ပေးစွမ်းနိုင်ပါသည်။

ကိုးကားချက်များ

[1] Kalupahana, David J. Karma and Rebirth. 1976.

[2] Keown, Damien. The Nature of Buddhist Ethics. 1992.

[3] Keown, Damien. Buddhist Ethics: A Very Short Introduction. 2005.

(၁၂) ဥပါယကောသလ္လ (Upāya-kauśalya) နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှု : မဟာယာနဗုဒ္ဓဘာသာ ကျင့်ဝတ်ပညာရှုထောင့်မှ ဆန်းစစ်လေ့လာချက်

ဥပါယကောသလ္လ (upāya-kauśalya) ဟူသော သင်္ကတဝေါဟာရကို "နည်းလမ်း၌ ကျွမ်းကျင်မှု" (skill in means) သို့မဟုတ် "လိုက်လျောညီထွေသော နည်းလမ်း" (expedient means) ဟု ယေဘုယျအားဖြင့် ဘာသာပြန်ဆိုကြပြီး၊ စကားလုံးအပြည့်အစုံကို ရည်ညွှန်းလိုသောအခါ upāya ("နည်းလမ်း" သို့မဟုတ် "ပရိယာယ်") ဟူ၍ အတိုကောက်သုံးနှုန်းလေ့ရှိသည်။မိုက်ကယ် ပိုင် (Michael Pye) က ၎င်း၏ ရှေ့ဆောင်ကျမ်းဖြစ်သော Skilful Means: A Concept in Mahayana Buddhism တွင် အင်္ဂလိပ်ဘာသာပြန်ဆိုချက်များသည် မဟာယာနဂိုဏ်းဝင်တို့အား မျှတစွာ သတ်မှတ်ပေးသင့်သည်ထက် "ကျင့်ဝတ်ဆိုင်ရာ တာဝန်ယူမှုအဆင့် နိမ့်ကျသည့်" အသွင်ဆောင်စေတတ်ကြောင်းနှင့် "ကောက်ကျစ်မှုဟူသော အနုတ်လက္ခဏာဆောင် အနက်" ကို တွဲဖက်နားလည်ခြင်းမှာ လွဲမှားကြောင်း

သတိပေးထားသည်။တရုတ်ဘာသာပြန်ကျမ်းများတွင် ဝေါဟာရအပြည့်အစုံမှာ shànquán fāngbiàn (善權方便) ဖြစ်ပြီး "ကောင်းမြတ်သော" ဟု အနက်ရသည့် shàn (善) စာလုံးကြောင့် အပေါင်းလက္ခဏာဆောင် အနက်သဘောရှိသော်လည်း၊ အသုံးများသည့် အတိုကောက် fāngbiàn (方便) နှင့် ဂျပန်ဘာသာ hōben တို့တွင် ထိုအနက်သဘော လျော့ပါးသွားသည်ဟု ခေတ်သစ်သုတေသီများက ထောက်ပြကြသည်။

ဤအယူအဆသည် ဘုရားရှင်နှင့် ဗောဓိသတ္တတို့က သတ္တဝါအသီးသီး၏ ဉာဏ်စွမ်းရည်၊ စရိုက်နှင့် အခြေအနေတို့ကို လိုက်၍ တရားဓမ္မကို နည်းပရိယာယ်အမျိုးမျိုးဖြင့် ချဉ်းကပ်ဟောကြားဆောင်ရွက်နိုင်စွမ်းကို ရည်ညွှန်းသည်။ သို့ရာတွင် မဟာယာနကျမ်းစာအချို့၌ ဤအယူအဆသည် ဟောပြောနည်းပရိယာယ်သက်သက်ကို ကျော်လွန်၍၊ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ သီလစည်းမျဉ်းများကိုပင် ကျော်လွှားခွင့်ပြုသည့် အဆင့်အထိ ချဲ့ထွင်ခံခဲ့ရသဖြင့်၊ ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ အခြေခံသဘောသဘာဝနှင့် စပ်လျဉ်းသည့် နက်နဲသော မေးခွန်းများ ပေါ်ထွက်လာစေခဲ့သည်။ ဒမီယန် ကီအွန်က ဥပါယကောသလ္လ၏ အသွင်လေးမျိုးကို ခွဲခြားပြသခဲ့ရာ — ပါဠိကျမ်းစာလာ ကျွမ်းကျင်သော ဆရာအဖြစ် ဘုရားရှင်၏ အသွင်၊ သဒ္ဓမ္မပုဏ္ဍရိကသုတ် (Lotus Sūtra) လာ ဓမ္မဒေသနာကိုယ်တိုင် ဥပါယဖြစ်နေသည့် အသွင်၊ ဝိမလကိတ္တိနိဒ္ဒေသသုတ်လာ ဗောဓိသတ္တ၏ လက်တွေ့ကျင့်စဉ်အသွင်နှင့် ဥပါယကောသလ္လသုတ်လာ ဗောဓိသတ္တတို့အား သိက္ခာပုဒ်ချိုးဖောက်ခွင့်ပြုသည့် အရင်းအမြစ်အသွင် ဟူ၍ ဖြစ်သည်။

ဤ၌ ဥပါယကောသလ္လအယူအဆ၏ သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုကို မူလဗုဒ္ဓဘာသာမှ မဟာယာနအထိ ခြေရာခံလေ့လာရန်၊ ၎င်း၏ ကိုယ်ကျင့်တရားဆိုင်ရာ အရေးပါမှုကို ကျမ်းဂန်အထောက်အထားများနှင့် ခေတ်သစ်ပညာရပ်ဆိုင်ရာ

သုတေသနများအပေါ် အခြေခံ၍ ဆန်းစစ်ရန်နှင့်၊ ယင်းအယူအဆကြောင့် ပေါ်ပေါက်လာသော ကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များကို ဝေဖန်ပိုင်းခြားစိတ်ဖြင့် သုံးသပ်ရန် ဖြစ်ပါသည်။

မူလဗုဒ္ဓဘာသာအတွင်းရှိ ဥပါယကောသလ္လ၏ အစောပိုင်းအရင်းအမြစ်များ

ဥပါယကောသလ္လကို မဟာယာန၏ သီးသန့်တီထွင်မှုဟု များစွာသော သူတို့ ထင်မြင်တတ်ကြသော်လည်း၊ ဝေါဟာရရေးရာအရ ၎င်း၏ ပါဠိပုံစံဖြစ်သော ဥပါယကောသလ္လသည် ထေရဝါဒပိဋကတ်တော်အတွင်း၌ပင် တွေ့ရှိရပြီးဖြစ်သည်။ ဒီဃနိကာယ်၊ သင်္ဂီတိသုတ်(DN 33)တွင် အရှင်သာရိပုတ္တရာက သုံးပါးတရားအစုအဝေး၌ "ကောသလ္လသုံးမျိုး" ဟူ၍ အာယကောသလ္လ (တိုးတက်ကြီးပွားမှု၌ ကျွမ်းကျင်ခြင်း)၊ အပါယကောသလ္လ (ဆုတ်ယုတ်ပျက်စီးမှု၌ ကျွမ်းကျင်ခြင်း) နှင့် ဥပါယကောသလ္လ (နည်းလမ်း၌ ကျွမ်းကျင်ခြင်း) တို့ကို ဟောကြားထားသည်။ ဤသုံးမျိုးကို အင်္ဂုတ္တရနိကာယ် (AN 6.79)တွင်လည်း တွေ့ရပြီး၊ အဘိဓမ္မပိဋကဝိဘင်းကျမ်း၊ ဉာဏဝိဘင် (Vibh 16) တွင် အသေးစိတ် အနက်ဖွင့်ဆိုထားသည်။ ဘိက္ခု သုဇာတော ၏ မှတ်ချက်အရ ဤပါဠိဒေသနာများနှင့် ထေရဂါထာ (Thag 2.19)တို့သည် နောင်အခါ မဟာယာနတွင် ကျော်ကြားလာမည့် "ဥပါယကောသလ္လ" ဝေါဟာရ၏ အစောဆုံး ပေါ်ထွက်ရာနေရာများ ဖြစ်ကြသည်။

သီရိလင်္ကာနိုင်ငံ ကေလနိယတက္ကသိုလ်မှ ပါမောက္ခ အသင် တိလကရတ္နေ (Asanga Tilakaratne) က မူလဗုဒ္ဓဘာသာအတွင်း ဤဝေါဟာရသည် သီးခြားကျင့်ဝတ်သီအိုရီတစ်ရပ်အဖြစ် မဖွံ့ဖြိုးသေးဘဲ၊ ဉာဏ်ပညာဆိုင်ရာ ကျွမ်းကျင်မှုအမျိုးအစားတစ်ခုအဖြစ်သာ တည်ရှိခဲ့ကြောင်း ထောက်ပြသည်။ သို့ရာတွင် ဘုရားရှင်၏ ဓမ္မဒေသနာနည်းစနစ်ကိုယ်တိုင်၌ ဥပါယ၏ အနှစ်သာရကို ထင်ရှားစွာ

တွေ့မြင်နိုင်သည်။ ကေ. အင်န်. ဇယတိလကေ က (K. N. Jayatilleke, Early Buddhist Theory of Knowledge) ဘုရားရှင်သည် တရားနာပရိသတ်၏ ဉာဏ်အဆင့်၊ ယုံကြည်မှုနောက်ခံနှင့် အသုံးအနှုန်းအလေ့အထတို့ကို ထောက်ရှု၍ ဒေသနာတော်ကို လိုက်လျောညီထွေ ပြုပြင်ဟောကြားခဲ့ကြောင်း.. ဥပမာအားဖြင့် ပုဏ္ဏားတို့အား ယဇ်ပူဇော်မှုဆိုင်ရာ အသုံးအနှုန်းများကို သင်္ကေတသဘောဖြင့် ပြန်လည်အနက်ဖွင့်၍ ဟောကြားခဲ့ပုံကို အသေးစိတ် တင်ပြထားသည်။ ဤအဆင့်တွင် အရေးကြီးသော အချက်မှာ မူလဗုဒ္ဓဘာသာလာ ဥပါယသည် ဟောပြောသွန်သင်နည်းဆိုင်ရာ ပရိယာယ် သက်သက်သာဖြစ်ပြီး၊ သီလသိက္ခာပုဒ်များနှင့် မည်သည့်အခါမျှ ဆန့်ကျင်ကွဲလွဲမှု မရှိခဲ့ခြင်းပင် ဖြစ်သည်။ တရားဓမ္မကို ဖောင်နှင့်ဥပမာပြုတော်မူသော အလဂဒ္ဒူပမသုတ်လာ ဒေသနာသည်လည်း ဗုဒ္ဓ၏ သွန်သင်ချက်အားလုံးကို ပန်းတိုင်ရောက်ပြီးနောက် စွန့်လွှတ်ရမည့် ယာယီကိရိယာတန်ဆာများအဖြစ် ရှုမြင်စေသဖြင့်၊ ဗုဒ္ဓဘာသာတစ်ရပ်လုံး၏ ဥပါယသဘောဆောင်မှုကို ညွှန်ပြနေသည်ဟု ပညာရှင်များက အနက်ဖွင့်ကြသည် ။

မဟာယာနအတွင်း အယူဝါဒဆိုင်ရာ အသွင်ကူးပြောင်းမှု

မဟာယာနဗုဒ္ဓဘာသာ ပေါ်ထွန်းလာသည်နှင့်အမျှ ဥပါယကောသလ္လသည် ဟောပြောနည်းပရိယာယ်အဆင့်မှ အယူဝါဒဆိုင်ရာ ဗဟိုသဘောတရားအဆင့်သို့ သိသာထင်ရှားစွာ မြင့်တက်လာခဲ့သည်။ မိုက်ကယ် ပိုင်၏ လေ့လာချက်အရ ဤအယူအဆကို အကျယ်တဝင့် ပထမဆုံးအသုံးပြုခဲ့သည့် ကျမ်းမှာ သဒ္ဓမ္မပုဏ္ဍရိကသုတ် (Saddharmapuṇḍarīka Sūtra, Lotus Sūtra) ဖြစ်ပြီး၊ ထိုကျမ်းတွင် ယာဉ်သုံးစီးဥပမာပါဝင်သော မီးလောင်နေသည့်အိမ်ကြီးပုံဝတ္ထု (အခန်း ၃) နှင့် သားတို့ကို ကုသရန် သေဟန်ဆောင်သော ဆေးဆရာကြီးပုံဝတ္ထု (အခန်း ၁၆) တို့မှတစ်ဆင့်

ဘုရားရှင်၏ ဒေသနာတော်အားလုံးသည် သတ္တဝါတို့၏ အဆင့်အလိုက် ချပေးထားသော ယာယီပရိယာယ်များသာဖြစ်ကြောင်း တင်ပြထားသည်။ အာဆပ် ဖက်ဒါမန် (Asaf Federman) က "Literal Means and Hidden Meanings: A New Analysis of Skillful Means" (Philosophy East and West) တွင် ဥပါယအယူအဆသည် စာသားနှင့် အနက်အဓိပ္ပာယ်အကြား ကွာဟချက် ကို အသိအမှတ်ပြုလာမှု၏ ထုတ်ဖော်ပြသချက်ဖြစ်ပြီး၊ မဟာယာနအတွင်း အယူဝါဒဆိုင်ရာ ဆန်းသစ်ပြောင်းလဲမှုများကို မြှင့်တင်ရန်နှင့် အယူမှားဟူသော စွပ်စွဲချက်မှ ရှောင်လွှဲရန် အသုံးပြုခဲ့သည့် ခုခံချေပရေးဆန်သော အနက်ဖွင့်နည်းဗျူဟာ (apologetic hermeneutical strategy) တစ်ရပ်အဖြစ် ဖွံ့ဖြိုးလာခဲ့ကြောင်း ဆန်းစစ်ပြထားသည် ။

ဤအသွင်ကူးပြောင်းမှု၏ ကျင့်ဝတ်ဆိုင်ရာ အရေးပါဆုံးအချက်ကို ကီအွန်က (The Nature of Buddhist Ethics) တွင် ရှင်းလင်းစွာ ဖော်ထုတ်ပြသခဲ့သည်။ မူလဗုဒ္ဓဘာသာတွင် အဆုံးစွန်သောပန်းတိုင်ကို သီလ နှင့် ပညာ နှစ်ပါးစုံ ပြည့်ဝမှုဖြင့် ဖွဲ့စည်းထားသည်ဟု ရှုမြင်ရာမှ၊ မဟာယာနတွင် ထိုအတွဲကို ပညာ (prajñā) နှင့် ဥပါယ သို့မဟုတ် ကရုဏာ အတွဲဖြင့် အစားထိုးဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ဤအပြောင်းအလဲကြောင့် ကိုယ်ကျင့်တရား၏ အလေးကိန်းသည် မိမိကိုယ်တိုင် စင်ကြယ်ရေးဆိုင်ရာ စည်းမျဉ်းလိုက်နာမှုမှ၊ သူတစ်ပါးအကျိုးကို ဦးတည်သော တက်ကြွလှုပ်ရှားသည့် ကရုဏာအခြေပြုဆောင်ရွက်မှုဘက်သို့ ရွှေ့လျားသွားခဲ့သည်။ ဖွဲ့စည်းတည်ဆောက်ပုံအရလည်း ဗောဓိသတ္တကျင့်စဉ်ဆိုင်ရာ မဟာယာန ပါရမီဆယ်ပါးစနစ်တွင် ဥပါယကောသလ္လသည် ပညာပါရမီ (ဆဋ္ဌမမြောက်) ၏ နောက်တွင် သတ္တမမြောက်ပါရမီအဖြစ် နေရာယူထားပြီး၊ ဒသဘူမိကသုတ်လာ ဗောဓိသတ္တဘူမိ ဆယ်ဆင့်စနစ်တွင်လည်း သတ္တမမြောက်ဘူမိကို ဥပါယကောသလ္လဘူမိ ဟုပင်

သမုတ်ထားသည်။ ဤနေရာချထားမှုက ဥပါယသည် ပညာပါရမီပြည့်ဝပြီးမှသာ စစ်မှန်စွာ ကျင့်သုံးနိုင်သော အဆင့်မြင့်စွမ်းရည်ဖြစ်ကြောင်း သတိပြုရမည်။

ဥပါယနှစ်မျိုး — စံနှုန်းတွင်းဥပါယနှင့် စံနှုန်းလွန်ဥပါယ

ဥပါယကောသလ္လ၏ ကျင့်ဝတ်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုတွင် အထင်ရှားဆုံး ပညာရပ်ဆိုင်ရာ ပံ့ပိုးမှုမှာ ကီအွန်၏ ဥပါယနှစ်မျိုးခွဲခြားချက် ဖြစ်သည်။ ချားလ်စ် ပရက်ဘစ်ရှ် (Charles S. Prebish) က ကီအွန်၏ ခွဲခြားချက်ကို အောက်ပါအတိုင်း အနှစ်ချုပ်တင်ပြထားသည် —

ပထမပုံစံဖြစ်သော နည်းလမ်းကျွမ်းကျင်မှုမှာ ဗောဓိသတ္တလမ်းစဉ်၏ သတ္တမအဆင့် (ဘူမိ) မတိုင်မီရှိ ဗောဓိသတ္တများသာ ရရှိနိုင်ပြီး ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်အားလုံးကို လိုက်နာရန် လိုအပ်သည်။ ဒုတိယပုံစံမှာ သတ္တမအဆင့်နှင့် အထက်ရှိ ဗောဓိသတ္တများအတွက် ဖြစ်ပြီး ဆင်းရဲဒုက္ခ ပပျောက်စေရေး ကြိုးပမ်းရာတွင် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက် ဟူသမျှကို ကျော်လွှားခွင့် ပြုထားသည်။

ကီအွန်ကိုယ်တိုင်၏ အသုံးအနှုန်းအရ ပထမအမျိုးအစား (Upāya-1 စံနှုန်းတွင်းဥပါယ) သည် စံနှုန်းကျင့်ဝတ်များနှင့် လုံးဝညီညွတ်သော စံနှုန်းတွင်းဥပါယ ဖြစ်ပြီး၊ ဒုတိယအမျိုးအစား (Upāya-2 စံနှုန်းလွန်ဥပါယ) မှာ သတ္တမဘူမိ (ဥပါယကောသလ္လဘူမိ) သို့ ရောက်ရှိပြီးသော ဗောဓိသတ္တကြီးများ၏ စံနှုန်းလွန်ကိုယ်ကျင့်တရားဆိုင်ရာ လုပ်ဆောင်ချက် (transmoral action) အမျိုးအစားဖြစ်သည်။ စံနှုန်းလွန်ဥပါယ(Upāya-2) ကို ကျင့်သုံးနိုင်သူသည် သုညတာ (śūnyatā) ကို ထိုးထွင်းသိမြင်ပြီး ကရုဏာအပြည့်ရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်ဟူသော အရည်အချင်းသတ်မှတ်ချက်နှစ်ရပ် ပါရှိသဖြင့်၊ ဤခွဲပြုချက်သည်

သာမန်ပုထုဇဉ်တို့အတွက် လုံးဝ မဟုတ်ကြောင်း ကျမ်းစာများကိုယ်တိုင်က ကန့်သတ်ထားသည်။

ဤကန့်သတ်ချက်၏ ကျမ်းဂန်အထောက်အထား အထင်ရှားဆုံးမှာ ဥပါယကောသလ္လသုတ် (Upāyakauśalya Sūtra) ၏ နိဂုံးပိုင်းဖြစ်သည်။ ကင် ချောင် (Kin Cheung) ၏ လေ့လာချက်တွင် ကိုးကားထားသည့်အတိုင်း ထိုသုတ်၏ အဆုံးသတ်တွင် ဤဒေသနာကို "ကုသိုလ်အခြေခံ နည်းပါးသော အနိမ့်စားပုဂ္ဂိုလ်တို့အား မဟောကြားရ" ဟူ၍လည်းကောင်း၊ "သာဝကနှင့် ပစ္စေကဗုဒ္ဓါတို့ပင် ဤသုတ်ကို နားမလည်နိုင်ရာ၊ သာမန်ပုထုဇဉ်တို့ အဘယ်မှာ ယုံကြည်နားလည်နိုင်အံ့နည်း" ဟူ၍လည်းကောင်း သတိပေးထားသည်။ ပက်ဂီ မော်ဂန် (Peggy Morgan) ကလည်း ဥပါယသည် "သီလနှင့် ဉာဏ်အမြင် ပြည့်စုံပြီးသူတို့၏ ဂုဏ်ရည်ဖြစ်၍ လူတိုင်းလိုက်နာရန် စံနှုန်းလမ်းစဉ်အဖြစ် တင်ပြထားခြင်း မဟုတ်" ကြောင်း အလားတူ သတိပေးထားသည် ။

ကျမ်းဂန်လာ စံနှုန်းလွန်ဥပါယ (Upāya-2)၏ သာဓကများနှင့် စေတနာ၏ ဗဟိုကျမှု ဥပါယကောသလ္လသုတ်နှင့် မဟာကရုဏာသင်္ဘော်သူကြီး ပုံဝတ္ထု

စံနှုန်းလွန်ဥပါယ၏ ဂန္ထဝင်သာဓကမှာ မာ့ခ် တက်ဇ် (Mark Tatz) ဘာသာပြန်ဆိုခဲ့သော The Skill in Means (Upāyakauśalya Sūtra) တွင် ပါရှိသည့် မဟာကရုဏာ အမည်ရှိ သင်္ဘော်သူကြီး ပုံဝတ္ထုဖြစ်သည်။ ရှေးဘဝက ဘုရားလောင်းဖြစ်ခဲ့သော ထိုသင်္ဘော်သူကြီးသည် ကုန်သည်ငါးရာကို သတ်၍ ဥစ္စာလုယူရန် ကြံစည်နေသော ဓားပြတစ်ဦးကို သိမြင်သောအခါ၊ ထိုဓားပြ လူငါးရာကို သတ်မိပါက ကာလရှည်ကြာ ငရဲခံရမည်ကို ကရုဏာသက်သည့်အလျောက်၊ မိမိကိုယ်တိုင် ငရဲခံရမည့် ကံကို ဝန်ခံလျက် ထိုဓားပြကို "မဟာကရုဏာနှင့် ဥပါယကောသလ္လဖြင့် လှံဖြင့်ထိုး၍ သတ်ခဲ့" သည်။ ဤပုံဝတ္ထု၏ ကျင့်ဝတ်ဆိုင်ရာ ယုတ္တိတည်ဆောက်ပုံမှာ

သတိပြုဖွယ်ဖြစ်သည်။ ဘုရားလောင်းသည် ကုန်သည်ငါးရာ၏ အသက်ကိုသာမက၊ ဓားပြကိုယ်တိုင် ငရဲကျမည့်ဘေးမှပါ ကယ်တင်လိုသော နှစ်ဖက်မြင်ကရုဏာဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ထိုလုပ်ရပ်၏ ကံဆိုးကျိုးကို သူတစ်ပါးအပေါ် ပုံမချဘဲ မိမိကိုယ်တိုင် ခံယူရန် အသင့်ရှိခဲ့ခြင်း ဖြစ်သည်။ တက်ဇ်၏ မှတ်ချက်အရ ဤသုတ်သည် လိင်ကိစ္စနှင့် အခြားကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြေလျှော့သဘောထားကြောင့် ပညာရပ်လောကတွင် ကာလရှည်ကြာ လျစ်လျူရှုခံခဲ့ရသော ကျမ်းဖြစ်သည် ။

အခြားမဟာယာနကျမ်းများအတွင်း ဥပါယ၏ အသွင်အမျိုးမျိုး

ဝိမလကိတ္တိနိဒ္ဒေသသုတ် (Vimalakīrtinirdeśa) တွင် လူဝတ်ကြောင်ပညာရှိ ဝိမလကိတ္တိသည် ဖျားနာဟန်ဆောင်ခြင်းအပါအဝင် လောကီဘဝနေနည်းအမျိုးမျိုးကို ဥပါယအဖြစ် အသုံးပြု၍ သတ္တဝါတို့ကို ဓမ္မလမ်းကြောင်းပေါ် ဆွဲဆောင်ခဲ့သည်။ နိရှိနော မိဒေါရိ (Nishino Midori) ၏ "The Doctrine of Upāya in the Vimalakīrtinirdeśa" လေ့လာချက်အရ ဤသုတ်သည် ဗောဓိသတ္တ၏ လက်တွေ့ကျင့်စဉ်အဖြစ် ဥပါယကို ပုံဖော်ပြသရာတွင် အထင်ရှားဆုံးကျမ်းဖြစ်သည်။ပညာပါရမီ (Prajñāpāramitā) တွင်မူ ဥပါယကောသလ္လ၏ အဓိကလုပ်ငန်းဆောင်တာမှာ ဗောဓိသတ္တအား သုညတာဉာဏ်ဖြင့် စကြဝဠာကို ရှုမြင်နေစဉ်တွင်ပင် နိဗ္ဗာန်ထဲသို့ စောလျင်စွာ မဝင်စံမိစေရန်နှင့် သာဝကယာနအဆင့်သို့ မကျဆင်းစေရန် ထိန်းကျောင်းပေးခြင်းဖြစ်ကြောင်း သုတေသနပြုချက်များက ညွှန်ပြသည်။ ထို့ပြင် နာဂါဇုနအား အစဉ်အလာအရ သတ်မှတ်ထားသော မဟာပညာပါရမီကျမ်းကြီး (Mahāprajñāpāramitāśāstra, 大智度論) ကို လေ့လာသည့် အန်တွာန် ပနာအိုတိ (Antoine Panaïoti) ၏ Journal of World Philosophies (2022) ဆောင်းပါးတွင် **ဥပါယကို မိမိကိုယ်တိုင်၏ ဘာဝနာဖြစ်စဉ်ကို**

ဦးတည်သော အသွင်နှင့် သူတစ်ပါးကယ်တင်ရေးကို ဦးတည်သော အသွင်နှစ်ရပ်စလုံး ပေါင်းစပ်ပါဝင်သည့် ဘက်စုံအယူအဆတစ်ရပ်အဖြစ် တင်ပြထားကြောင်း ဆွေးနွေးထားသည်။

စေတနာ၏ ဦးစားပေးမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ

စံနှုန်းလွန်ဥပါယ(Upāya-2)၏ ကျင့်ဝတ်ဆိုင်ရာ တရားဝင်မှုကို ထောက်ခံသည့် အဓိကယုတ္တိမှာ ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ၏ စေတနာဗဟိုပြုသဘောသဘာဝပင် ဖြစ်သည်။ ဂျေ အယ်လ် ဂါးဖီးလ်ဒ် (Jay L. Garfield) က ဗုဒ္ဓဘာသာကျင့်ဝတ်ပညာကို "ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒ" (moral phenomenology) ဆိုလိုသည်မှာ ပြင်ပလုပ်ရပ်စည်းမျဉ်းများထက် အတွေ့အကြုံနှင့် ရှုမြင်ပုံ အသွင်ပြောင်းလဲရေးကို ဗဟိုပြုသော ကျင့်ဝတ်စနစ် အဖြစ် သတ်မှတ်ခဲ့သည်။ ဤရှုထောင့်မှကြည့်လျှင် အာစရိယ အရိယဒေဝ (Āryadeva) ၏ စတုးရှတကကျမ်း (Catuḥśataka) လာ ဒေသနာဖြစ်သော "စိတ်ကို ထိန်းချုပ်ပိုင်နိုင်ပြီးသော ဗောဓိသတ္တာအဖို့ ပြုသမျှလုပ်ရပ်တိုင်းသည် မြင့်မြတ်သော ကုသိုလ်အဖြစ်သို့ ရောက်၏" ဟူသော အဆိုသည် စံနှုန်းလွန်ဥပါယ(Upāya-2)၏ အယူဝါဒဆိုင်ရာ အခြေခံအုတ်မြစ် ဖြစ်လာသည်။သို့ရာတွင် ဤနေရာ၌ အလေးထားရမည့်အချက်မှာ ထိုကဲ့သို့သော စေတနာစင်ကြယ်မှုသည် အတ္တစွဲကင်းမဲ့မှု လုံးဝပြည့်ဝမှသာ ဖြစ်နိုင်ပြီး၊ ကိုယ်ကျိုးအလိုဋ္ဌာဖြစ်စေ၊ နောင်ဘဝကောင်းစားရေး တွက်ချက်မှုဖြင့်ဖြစ်စေ ဆောင်ရွက်သော လုပ်ရပ်မှန်သမျှသည် စံနှုန်းလွန်ဥပါယ၏ အကျုံးဝင်နယ်ပယ်မှ လုံးဝကင်းလွတ်နေခြင်း ဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များနှင့် ဝေဖန်ဆန်းစစ်ချက်

အခြေအနေအလိုက်ကျင့်ဝတ်နှင့် နှိုင်းယှဉ်ချက်

ဥပါယကောသလ္လ (အထူးသဖြင့် စံနှုန်းလွန်ဥပါယ) ကို အနောက်တိုင်းကျင့်ဝတ်သီအိုရီများနှင့် နှိုင်းယှဉ်လေ့လာရာတွင်၊ ကီအွန်က ၎င်းသည် အကျိုးရလဒ်အခြေပြုဝါဒ (consequentialism) နှင့်လည်းကောင်း၊ ဂျိုးဇက် ဖလက်ချာ (Joseph Fletcher) ၏ Situation Ethics: The New Morality (၁၉၆၆) လာ အခြေအနေအလိုက်ကျင့်ဝတ်စနစ်နှင့်လည်းကောင်း ထင်ရှားသော ဆင်တူမှုများ ရှိကြောင်း ထောက်ပြခဲ့သည်။ ဖလက်ချာ၏ စနစ်တွင် "မေတ္တာ" (agape) ဟူသော တစ်ခုတည်းသော အဆုံးစွန်တန်ဖိုးအတွက် မည်သည့်စည်းမျဉ်းကိုမဆို ဖောက်ဖျက်ခွင့်ပြုသကဲ့သို့၊ မဟာယာနတွင်လည်း ကရုဏာနှင့် သတ္တဝါတို့၏ အကျိုးစီးပွားအတွက် သိက္ခာပုဒ်များကို ကျော်လွှားခွင့်ပြုထားသောကြောင့် ဖြစ်သည်။ သို့ရာတွင် ဤနှိုင်းယှဉ်မှုကို အလွန်အကျဲ့ မဆွဲဆန့်သင့်ကြောင်း ကီအွန်ကိုယ်တိုင်က သတိပေးသည်။ အဘယ်ကြောင့်ဆိုသော် မဟာယာနစနစ်တွင် အခြေအနေအလိုက်ကျင့်ဝတ်နှင့် ခြားနားစွာ၊ ကျော်လွှားခွင့်ကို ဝိညာဉ်ရေးအဆင့်မြင့် ပုဂ္ဂိုလ်များအတွက်သာ ကန့်သတ်ထားပြီး၊ ကံတရား၏ ဓမ္မဓိဋ္ဌာန်ကျသော အကျိုးဆက်စနစ်ကလည်း ဆက်လက်အသက်ဝင်နေသောကြောင့် ဖြစ်သည်။

ကံတရား၏ ဓမ္မဓိဋ္ဌာန်ကျမှု မပျက်ယွင်းခြင်း

မဟာယာနကျမ်းစာများကိုယ်တိုင်က ဥပါယအားဖြင့် သိက္ခာပုဒ်ချိုးဖောက်ခြင်းသည် ကမ္မနိယာမမှ အလိုအလျောက် လွတ်ငြိမ်းခွင့်ရသည်ဟု မဆိုလိုကြောင်း သတိပြုရမည်။ ကီအွန်သည် သန္တိဒေဝ (Śāntideva) ၏ သိက္ခာသမုစ္စယကျမ်း (Śikṣāsamuccaya) လာ ဆိုင်ရာစာပိုဒ်များကို ကိုးကား၍၊ ကရုဏာဖြင့် သိက္ခာပုဒ်ကျော်လွှားသော ဗောဓိသတ္တသည်ပင် ထိုလုပ်ရပ်၏ ကံအကျိုးဆက်ကို ရင်ဆိုင်ရန် (ငရဲကျခံရန်) အသင့်ရှိရမည်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။အထက်တွင် ဖော်ပြခဲ့သော

သဘော်သူကြီးပုံဝတ္ထု၌ပင် ဘုရားလောင်းသည် "ဤလုပ်ရပ်ကြောင့် ငါကိုယ်တိုင် ငရဲကျရပါစေ" ဟူသော စိတ်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤအချက်သည် စိတ်ရင်းစေတနာကောင်းမွန်ရုံမျှဖြင့် လုပ်ရပ်တစ်ခု လုံးဝဖြူစင်သန့်ရှင်းသွားသည်မဟုတ်ဘဲ၊ ကံတရား၏ စကြဝဠာဆိုင်ရာ တရားမျှတမှုစနစ်သည် ပုဂ္ဂိုလ်ရေးဆန္ဒများနှင့် ကင်းလွတ်စွာ ဓမ္မဓိဋ္ဌာန်ကျကျ ဆက်လက်တည်ရှိနေကြောင်း သက်သေပြနေသည်။ ထို့ကြောင့် ဥပါယကောသလ္လသည် ကျင့်ဝတ်စည်းမျဉ်းများကို ဖျက်သိမ်းပစ်သော "အရာရာခွင့်ပြုဝါဒ" (antinomianism) မဟုတ်ဘဲ၊ ကံ-ကံ၏အကျိုး နိယာမဘောင်အတွင်း၌ပင် လည်ပတ်နေသော ကရုဏာအခြေပြု ဆုံးဖြတ်ချက်ချမှုစနစ်သာ ဖြစ်သည်။

ဖခင်ဆန်သော သြဇာလွှမ်းမိုးမှုနှင့် အသိပညာကွာဟချက်နှစ်ရပ်

ခေတ်သစ်ပညာရပ်နယ်ပယ်တွင် ဥပါယ၏ ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ဖွယ်အချက်တစ်ရပ်အဖြစ် အလေးပေးဆွေးနွေးခံရသည်မှာ ၎င်း၏ ဖခင်ဆန်သော သြဇာလွှမ်းမိုးမှု (paternalism) သဘောသဘာဝ ဖြစ်သည်။ ကီအွန်၏ "Paternalism in the Lotus Sūtra" (၁၉၉၈) နှင့် ချားလ်စ် ဂွတ်မန် (Charles Goodman) ၏ "Paternalist Deception in the Lotus Sūtra" (၂၀၁၁) တို့သည် သဒ္ဓမ္မပုဏ္ဍရိကသုတ်လာ ဖခင်က သားများကို လိမ်ညာ၍ ကယ်တင်သည့် ပုံဝတ္ထုများ၌ ပါဝင်နေသော လိမ်ညာမှုခွင့်ပြုနိုင်ခြေကို စနစ်တကျ ဆန်းစစ်ခဲ့ကြသည်။ ဤဆွေးနွေးမှုကို လက်တွေ့နယ်ပယ်သို့ တိုးချဲ့ခဲ့သူမှာ ကင် ချောင်ဖြစ်ပြီး၊ ၎င်း၏ "Ethical Implications of Upāya-Kauśalya: Helping Without Imposing" (Journal of Buddhist Ethics, အတွဲ ၂၂၊ ၂၀၁၅) တွင် ကူညီလိုသော စေ့ဆော်မှု သို့မဟုတ် တာဝန် နှင့် သူတစ်ပါးအတွက် အကောင်းဆုံးဟူသော မိမိ၏အမြင်ကို

သူတစ်ပါးအပေါ် စွဲမှတ်ပုံသွင်း သတ်မှတ်ပေးခြင်း၏ အန္တရာယ် တို့အကြား တင်းမာမှုကို အဓိကထား ဆန်းစစ်ထားသည်။

ချောင်၏ အဓိကစောဒကချက်နှစ်ရပ်မှာ သတိပြုဖွယ်ဖြစ်သည်။ ပထမအချက်အနေဖြင့် သာမန်ပုထုဇဉ်တို့သည်လည်း ဥပါယကောသလ္လကို အသုံးပြုနိုင်သည်ဟု ၎င်းက မော်ဂန်နှင့် ကီအွန်တို့၏ ကန့်သတ်ရှုမြင်မှုကို ချေပသည်။ ဒုတိယအချက်အနေဖြင့် ဥပါယကို ကျင့်ဝတ်ညီညွတ်စွာ အသုံးပြုနိုင်ရေး၏ သော့ချက်မှာ အသိပညာကွာဟချက်နှစ်ရပ် ကို ပိတ်ဆို့နိုင်ခြင်း ဖြစ်သည် ယင်းတို့မှာ "မည်သို့ကူညီရမည်ကို သိသော အသိပညာ" နှင့် "ကူညီခံရမည့် ပရိသတ်ကို သိသော အသိပညာ" တို့ ဖြစ်ကြသည်။ ဤကွာဟချက်နှစ်ရပ်ကို မပိတ်ဆို့နိုင်ဘဲ ဆောင်ရွက်သော "ကူညီမှု" သည် မာန်တက်ခြင်း၊ မိမိအမြင် စွဲမှတ်ပုံသွင်းခြင်းနှင့် ဆုံးရှုံးပျက်ပြားခြင်းတို့ဆီသို့ ဦးတည်သွားနိုင်သည်။ ချောင်က ဤသုံးသပ်ချက်သည် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက်သာမက၊ လူထုအသိုင်းအဝိုင်းကြီးများကို ကူညီရန် ကြိုးပမ်းနေကြသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများ (NPOs) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) အတွက်ပါ တိုက်ရိုက်အကျုံးဝင်ကြောင်း ဆိုသည်။

အတုယူ တုပမှု၏ အန္တရာယ်နှင့် အလွဲသုံးစားပြုနိုင်ခြေ

စံနှုန်းလွန်ဥပါယ၏ နောက်ဆုံးပြဿနာရပ်မှာ ၎င်းကို မိမိကိုယ်ကို ဗောဓိသတ္တဟု ကြွေးကြော်သော ဆရာသမားများက အလွဲသုံးစားပြုနိုင်ခြေ ဖြစ်သည်။ ပရက်ဘစ်ရှ်၏ လေ့လာချက်သည် အမေရိကန်ဗုဒ္ဓဘာသာလောကတွင် အငြင်းပွားဖွယ်ဖြစ်ခဲ့သော ဆရာသမားနှစ်ဦး၏ အပြုအမူများကို ဥပါယနှစ်မျိုးသီအိုရီဖြင့် စမ်းသပ်ဆန်းစစ်ခဲ့ရာ၊ "သင့်လျော်သောနည်းဖြင့် အဆင့်မြင့်ဆရာများက ကျင့်သုံးပါက ဥပါယခွင့်ပြုသော

လုပ်ဆောင်ချက်များသည် ထူးခြားနက်နဲသော ရှင်းလင်းချက်များ ဖြစ်နိုင်သော်လည်း၊ ဉာဏ်အမြင်နိမ့်ကျသူများက အလွဲသုံးစားပြုပါက မြင့်မြတ်သော ကျင့်ဝတ်အမွေအနှစ်ကို ဖန်တီးဖျက်ဆီးသော ဖောက်ပြန်မှုများအဖြစ်သာ အသိအမှတ်ပြုရမည်" ဟု ကောက်ချက်ချခဲ့သည်။

ဤအန္တရာယ်ကြောင့်ပင် ပါမောက္ခ တိလကရတ္နက ၎င်း၏ Theravada Studies ကျမ်းပါ "Donation of Children and Wives" အခန်းတွင်၊ သားမယားစွန့်ကြဲသော ဝေဿန္တရာဇာတ်တော်ကဲ့သို့သော ဒဏ္ဍာရီဆန်သည့် ဗောဓိသတ္တဇာတ်ကြောင်းများသည် ဗုဒ္ဓဘာသာကျင့်ဝတ်၏ တရားသေမဟုတ်သော လိုက်လျောညီထွေရှိမှု (non-absolute character) ကို ဖော်ပြသော်လည်း၊ အန္တိမရလဒ်တစ်ခုတည်းကိုကြည့်၍ မည်မျှပင် မေးခွန်းထုတ်ဖွယ်ကောင်းသောနည်းလမ်းကိုမဆို တရားမျှတအောင် ဆင်ခြေပေးရန် လွယ်ကူသွားစေနိုင်သည့် အန္တရာယ်ရှိကြောင်း သတိပေးထားသည်။ ကီအွန်၏ နိဂုံးချုပ်သဘောထားမှာလည်း အလားတူဖြစ်သည် ကျမ်းစာလာ ဗောဓိသတ္တတို့၏ ဥပါယသာဓကများသည် သာမန်လူသားများ နေ့စဉ်ဘဝတွင် တိုက်ရိုက် တုပလိုက်နာရန် စံပြပုံစံများ မဟုတ်ဘဲ၊ "ရိုးရှင်းသော အတုယူမှုထက် အနက်ဖွင့်ဆိုမှု" (interpretation rather than simple imitation) ကို တောင်းဆိုနေသော သင်္ကေတဆန်သည့် သွန်သင်ချက်များအဖြစ် ချဉ်းကပ်သင့်သည်။

ခေတ်သစ်အသုံးချမှုနှင့် လက်တွေ့ကျင့်ဝတ်ဆိုင်ရာ သက်ရောက်မှုများ

ဥပါယကောသလ္လသည် ရှေးဟောင်းကျမ်းဂန်ဆိုင်ရာ အယူအဆတစ်ရပ်အဖြစ်သာ ကျန်ရစ်နေခြင်းမဟုတ်ဘဲ၊ ခေတ်သစ်ကျင့်ဝတ်ပညာနယ်ပယ်တွင် တက်ကြွစွာ ဆွေးနွေးအသုံးချခံနေရဆဲ ဖြစ်သည်။ ချောင်၏ လေ့လာချက်က ညွှန်ပြသည့်အတိုင်း ဥပါယ၏ "ကွာဟချက် ပိတ်ဆို့ရေး" မူဘောင်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ

အကူအညီပေးရေးလုပ်ငန်းများတွင် တိုက်ရိုက်အသုံးချနိုင်သည်။ အကူအညီပေးသူသည် မိမိ၏ ကူညီနည်းကို လက်ခံသူအပေါ် အတင်းအကျပ် သွတ်သွင်းခြင်းမပြုဘဲ၊ လက်ခံသူ၏ လိုအပ်ချက်၊ ယဉ်ကျေးမှုနောက်ခံနှင့် အခြေအနေတို့ကို နက်ရှိုင်းစွာ လေ့လာသိရှိပြီးမှသာ ကူညီမှုပုံစံကို ချမှတ်သင့်သည်ဟူသော ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက် ဖြစ်သည်။ ဤသဘောတရားသည် ခေတ်သစ် ဖွံ့ဖြိုးရေးပညာတွင် ဆွေးနွေးလေ့ရှိသော "အကူအညီပေးရေး၏ ဖခင်ဆန်မှုပြဿနာ" နှင့် တိုက်ရိုက်ထပ်တူကျနေသည်မှာ မှတ်သားဖွယ်ဖြစ်သည်။

ဒဿနိကဗေဒရှုထောင့်မှလည်း အင်ဒရူး ကွစ်စ် (Andrew Quist) က ၎င်း၏ သုတေသနကျမ်း "Upāya-kauśalya as the Pragmatic Justification of Madhyamaka Ethical Claims" တွင် မရျမကဂိဏ်း၏ သုညတာအယူအဆကြောင့် ကျင့်ဝတ်ဆိုင်ရာ အဆိုပြုချက်များ၏ အခြေခံအုတ်မြစ် ပျောက်ဆုံးသွားနိုင်သည်ဟူသော ဝေဖန်ချက်ကို ဖြေရှင်းရာ၌၊ ဥပါယအခြေပြု လက်တွေ့ဝါဒဆန်သောချဉ်းကပ်မှု (pragmatic approach) သည် မရျမကကျင့်ဝတ်ဆိုင်ရာ အဆိုပြုချက်များ၏ စံသတ်မှတ်နိုင်မှု (normativity) ကို နေရာချထားပေးရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း စောဒကတင်ထားသည်။ ဆိုလိုသည်မှာ ကျင့်ဝတ်စည်းမျဉ်းများသည် ပရမတ္ထသဘောအရ ကိုယ်ပိုင်တည်ရှိမှုကင်းမဲ့သော်လည်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းရေးပန်းတိုင်ကို ရောက်စေနိုင်သော လက်တွေ့ထိရောက်မှုအားဖြင့် တရားဝင်မှုရရှိသည်ဟူသော အနက်ဖွင့်နည်း ဖြစ်သည်။ ဤအမြင်အရ ဥပါယကောသလ္လသည် မဟာယာနဒဿန၏ ပညတ်-ပရမတ် သစ္စာနှစ်ပါးအကြား ကျင့်ဝတ်ဆိုင်ရာ ပေါင်းကူးတံတားအဖြစ်ပါ တာဝန်ထမ်းဆောင်နေသည်ဟု ဆိုနိုင်သည်။

ဤလေ့လာဆန်းစစ်ချက်များအရ ဥပါယကောသလ္လသည် မဟာယာနဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်တရားဆိုင်ရာ အတွေးအခေါ်တွင် ဗဟိုကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ထင်ရှားသည်။ သမိုင်းကြောင်းရှုထောင့်မှကြည့်လျှင် ၎င်းသည် ပါဠိပိဋကတ်လာ ဟောပြောနည်းဆိုင်ရာ ကျွမ်းကျင်မှုအဆင့်မှ စတင်ခဲ့ပြီး၊ မဟာယာနတွင် ပညာနှင့် ကရုဏာကို ပေါင်းကူးပေးသော ပါရမီတစ်ပါးအဆင့်၊ ထို့နောက် သတ္တမ ဘူမိရောက် ဗောဓိသတ္တကြီးများ၏ စံနှုန်းလွန်လုပ်ဆောင်ခွင့်အဆင့်အထိ တဖြည်းဖြည်း ချဲ့ထွင်ဖွံ့ဖြိုးလာခဲ့သည်။ ကျင့်ဝတ်ပညာရှုထောင့်မှကြည့်လျှင် ၎င်းသည် ကိုယ်ကျင့်တရားကို တရားသေစည်းမျဉ်းလိုက်နာမှုသက်သက်အဖြစ်မှ၊ သန့်စင်သောစေတနာ၊ ထိုးထွင်းသိမြင်သောပညာနှင့် သတ္တဝါအကျိုးဆောင်ကရုဏာတို့ ပေါင်းစပ်လှုပ်ရှားသည့် တက်ကြွသောကျင့်စဉ်အသွင်သို့ မြှင့်တင်ပြောင်းလဲပေးခဲ့သည်။

သို့ရာတွင် ဤအယူအဆ၏ စွမ်းအားနှင့်အတူ အန္တရာယ်လည်း ယှဉ်တွဲပါရှိနေသည်။ ဖခင်ဆန်သော သြဇာလွှမ်းမိုးမှု၊ လိမ်ညာမှုဆိုင်ရာ ခွင့်ပြုနိုင်ခြေ၊ ဝိညာဉ်ရေးအာဏာပိုင်တို့၏ အလွဲသုံးစားပြုမှုနှင့် ကျင့်ဝတ်စံနှုန်းများ ယိုယွင်းပျက်ပြားမှုတို့သည် ဥပါယကို ကန့်သတ်ဘောင်မဲ့ အနက်ဖွင့်မိသောအခါ ပေါ်ပေါက်လာနိုင်သော ပြဿနာရပ်များ ဖြစ်ကြသည်။ ဤအန္တရာယ်များကို ကျမ်းဂန်ရိုးရာကိုယ်တိုင်က ကြိုတင်သိမြင်ထားပြီးဖြစ်ကြောင်း၊ စံနှုန်းလွန်ဥပါယကို ဝိညာဉ်ရေးအဆင့်မြင့်ပုဂ္ဂိုလ်များအတွက်သာ ကန့်သတ်ထားခြင်း၊ ကံတရား၏ ဓမ္မဓိဋ္ဌာန်ကျသော အကျိုးဆက်စနစ်ကို ဆက်လက်အသက်ဝင်စေခြင်းနှင့် ကျမ်းလွှဲပြောင်းမှုဆိုင်ရာ သတိပေးချက်များ ထည့်သွင်းထားခြင်းတို့က သက်သေပြနေသည်။ ထို့ကြောင့် ဥပါယကောသလ္လ၏ စစ်မှန်သော ကျင့်ဝတ်ဆိုင်ရာ အရေးပါမှုမှာ စည်းမျဉ်းချိုးဖောက်ခွင့်၌ ရှိသည်မဟုတ်ဘဲ၊ ကရုဏာကို ပညာဖြင့်

ထိန်းကျောင်းလျက် သတ္တဝါအသီးသီး၏ လက်တွေ့အခြေအနေနှင့် ကိုက်ညီသော ကူညီကယ်တင်မှုနည်းလမ်းကို ရှာဖွေဖော်ထုတ်ရာ၌သာ ရှိသည်ဟု နိဂုံးချုပ်ရပေမည်။ အနာဂတ်သုတေသနလမ်းကြောင်းအနေဖြင့် ဥပါယ၏ ကွာဟချက်ပိတ်ဆို့ရေးမူဘောင်ကို ခေတ်သစ်လူမှုဝန်ဆောင်မှုကျင့်ဝတ်၊ ဆေးဘက်ဆိုင်ရာကျင့်ဝတ်နှင့် ဖွံ့ဖြိုးရေးအကူအညီကျင့်ဝတ်နယ်ပယ်များသို့ တိုးချဲ့အသုံးချသည့် နှိုင်းယှဉ်လေ့လာမှုများသည် အကျိုးများနိုင်မည်ဟု မျှော်မှန်းပါသည်။

ကျမ်းကိုးစာရင်း (References)

[1] Tilakaratne, Asanga. Theravada Studies: Essays on Buddhist Doctrine, Philosophy and Practice (အထူးသဖြင့် "Donation of Children and Wives" အခန်း); နှင့် "Buddhist Ethics: Thinking of the Foundations and Justification" ဆောင်းပါးများ။

[3] Keown, Damien. The Nature of Buddhist Ethics. London: Palgrave Macmillan, 1992. (အထူးသဖြင့် အခန်း ၇ — Skilful Means as a category of transmoral action; "interpretation rather than simple imitation") —

[4] Jayatilleke, K. N. Early Buddhist Theory of Knowledge. London: George Allen & Unwin, 1963.

[5] Prebish, Charles S. "Mahāyāna Ethics and American Buddhism: Subtle Solutions or Creative Perversions?" Journal of Buddhist Ethics 20 (2013): 377–401. —

[6] Tatz, Mark, trans. The Skill in Means (Upāyakauśalya) Sūtra. Delhi: Motilal Banarsidass, 1994 (reprint 2001).

[7] Pye, Michael. Skilful Means: A Concept in Mahayana Buddhism. 2nd ed. London: Routledge, 2003 (1st ed. 1978). —

[8] Cheung, Kin. "Ethical Implications of Upāya-Kauśalya: Helping Without Imposing." Journal of Buddhist Ethics 22 (2015): 371–399. —

[9] Federman, Asaf. "Literal Means and Hidden Meanings: A New Analysis of Skillful Means." Philosophy East and West 59, no. 2 (2009): 125–141. —

[10] Garfield, Jay L. Buddhist Ethics: A Philosophical Exploration. New York: Oxford University Press, 2021. (ကိုယ်ကျင့်တရားဆိုင်ရာ ဖြစ်စဉ်ဗေဒအဖြစ် ဗုဒ္ဓကျင့်ဝတ်ပညာကို သွင်ပြင်သတ်မှတ်ချက်နှင့် အာရျဒေဝ၏ စတုးရှတကကျမ်းဆိုင်ရာ ဆွေးနွေးချက်)

[11] Nishino, Midori (西野翠). "The Doctrine of Upāya in the Vimalakīrtinirdeśa." Journal of Indian and Buddhist Studies (2016).

[12] "A Study on the Development of the Meaning and Application of Upāyakauśalya in the Prajñāpāramitā Literature" (般若經類에서의 方便의 變用 硏究). ပညာပါရမီစာပေအတွင်း ဥပါယကောသလ္လ၏ အနက်နှင့် အသုံးချမှု ဖွံ့ဖြိုးလာပုံဆိုင်ရာ လေ့လာချက်။

[13] Panaïoti, Antoine. "Upāya in the Mahāprajñāpāramitāśāstra." Journal of World Philosophies 7 (Summer 2022).

[14] Fletcher, Joseph. Situation Ethics: The New Morality. Philadelphia: Westminster Press, 1966.

[15] Keown, Damien. "Paternalism in the Lotus Sūtra." Journal of Buddhist Ethics 5 (1998): 190–207; Goodman, Charles. "Paternalist Deception in the Lotus Sūtra: A Normative Assessment." Journal of Buddhist Ethics 18 (2011): 1–30.

[16] Quist, Andrew. "Upāya-kauśalya as the Pragmatic Justification of Madhyamaka Ethical Claims." MA thesis, Colorado State University (Mountain Scholar repository).

(၁၃) ဗုဒ္ဓဘာသာကျင့်ဝတ်ဗေဒ (Buddhist Ethics) ရှိ ဘုရားလောင်းကျင့်စဉ်နှင့် ပါရမီတော်တို့၏ ပရဟိတနှင့် ကိုယ်ကျင့်တရားဆိုင်ရာ စံပြပုံသဏ္ဌာန်

The Bodhisattva Ideal and the Pāramitās: Their Altruistic Dimensions in Buddhist Ethics

ဗုဒ္ဓဘာသာကျင့်ဝတ်ပညာ (ဝါ) နီတိဗေဒ (Buddhist Ethics) ၏ သမိုင်းဖွံ့ဖြိုးမှုတွင် ဘုရားလောင်းကျင့်စဉ် (Bodhisattva Ideal) သည် အရေးအပါဆုံး အတွေးအခေါ်ဆိုင်ရာ အသွင်ကူးပြောင်းမှုတစ်ရပ်ကို ကိုယ်စားပြုသည်။ ရဟန္တာဖြစ်ခြင်းကို အဆုံးစွန်သောပန်းတိုင်အဖြစ် ထားရှိသည့် ထေရဝါဒဗုဒ္ဓဘာသာ၏ မိမိတစ်ဦးတည်းလွတ်မြောက်ရေးလမ်းစဉ်နှင့် နှိုင်းယှဉ်လျှင်၊ ဘုရားလောင်းကျင့်စဉ်သည် မိမိတစ်ဦးတည်း၏ နိဗ္ဗာန်ရရှိရေးထက် သတ္တဝါအားလုံး ဆင်းရဲဒုက္ခမှ လွတ်မြောက်သည်အထိ ကူညီစောင့်ရှောက်ရန် အဓိဋ္ဌာန်ပြုထားသော ပုဂ္ဂိုလ်၏ စံနမူနာကို ရှေ့တန်းတင်သည်။ ဤအသွင်ကူးပြောင်းမှုသည် ကျင့်ဝတ်ဗေဒရှုထောင့်မှကြည့်လျှင် အလွန်နက်နဲသော အဓိပ္ပာယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည်

ကိုယ်ကျင့်တရား၏ ဗဟိုချက်ကို "ငါ၏လွတ်မြောက်မှု" မှ "သတ္တဝါအားလုံး၏ လွတ်မြောက်မှု" ဆီသို့ ရွှေ့ပြောင်းပေးလိုက်သောကြောင့် ဖြစ်သည်။

ဤ၌ ဘုရားလောင်းကျင့်စဉ်နှင့် ယင်း၏ လက်တွေ့အကောင်အထည်ဖော်မှုနည်းလမ်းဖြစ်သော ပါရမီတော်များကို ပရဟိတဝါဒ (altruism) ရှုထောင့်မှ ခြုံငုံသုံးသပ်ရန်ဖြစ်သည်။ ဗဟိုမေးခွန်းမှာ "ဘုရားလောင်းကျင့်စဉ်နှင့် ပါရမီတော်များသည် ကိုယ်ကျင့်တရားဆိုင်ရာ စံပြပုံသဏ္ဌာန်တစ်ခုအဖြစ် မည်သို့အလုပ်လုပ်ပြီး မည်သည့်အတိုင်းအတာအထိ ခိုင်မာသနည်း" ဟူ၍ ဖြစ်သည်။

ဘုရားလောင်းသဘောတရား၏ သမိုင်းဆိုင်ရာ မူလဇစ်မြစ်

ဘုရားလောင်းကျင့်စဉ်ကို ကျင့်ဝတ်ဆိုင်ရာ စံနမူနာအဖြစ် အကဲဖြတ်ရာတွင် ၎င်း၏ သမိုင်းဖြစ်ပေါ်လာပုံကို ဦးစွာနားလည်ရန် လိုအပ်သည်။ ဘိက္ခုအာနာလယော သည် (The Genesis of the Bodhisattva Ideal) ပါဠိနှင့် တရုတ်အာဂမကျမ်းများပါ ရှေးဦးဒေသနာတော်များကို နှိုင်းယှဉ်ဆန်းစစ်ပြီး ဘုရားလောင်းသဘောတရား ဖြစ်ပေါ်တိုးတက်လာပုံကို ရင်းမြစ်ဝေဖန်နည်း (source-critical method) ဖြင့် ခြေရာခံပြသခဲ့သည်။ သူ၏ တွေ့ရှိချက်များအရ ရှေးဦးဒေသနာတော်များတွင် ဘုရားလောင်း သိဒ္ဓတ္ထ၏ သစ္စာရှာဖွေမှုကို သတ္တဝါများအပေါ် ကရုဏာစိတ်ဖြင့် လှုံ့ဆော်ခံရသည့် ကြိုးပမ်းမှုအဖြစ် တင်ပြထားခြင်း မရှိသေးဘဲ၊ ကရုဏာဗဟိုပြုသော ဘုရားလောင်းစံနမူနာသည် နောက်ပိုင်းကာလများတွင် အဆင့်ဆင့် ဖြစ်ထွန်းလာခြင်းသာ ဖြစ်သည်။ Anālayo က ဘုရားလောင်းအယူအဆ၏ ဖွံ့ဖြိုးမှုကို အဆင့်သုံးဆင့်ဖြင့် ခြေရာခံပြသည်။ ပထမအဆင့်မှာ ရှေးဦးဒေသနာများအတွင်း ဘုရားလောင်းဟူသော ဗောဓိသတ္တဝေါဟာရ၏ အသုံးအနှုန်း ပြောင်းလဲလာခြင်း၊ ဒုတိယအဆင့်မှာ ကဿပမြတ်စွာဘုရားထံတော်၌ ဘုရားဆုပန်သည့် အဓိဋ္ဌာန် (ပဏိဓာန praṇidhāna)

အယူအဆ ပေါ်ထွန်းလာခြင်းနှင့် တတိယအဆင့်မှာ အနာဂတ်ဘုရားလောင်း ဗျာဒိတ်ခံယူခြင်း (ဗျာကရဏ) အယူအဆ ဖြစ်ပေါ်လာခြင်းတို့ ဖြစ်သည်။ ဤသုတေသနရလဒ်သည် ဘုရားလောင်းကျင့်စဉ်ကို ကျင့်ဝတ်ဆိုင်ရာ စံပြအဖြစ် တင်စားပူဇော်မှုမှာ သမိုင်းဖြစ်စဉ်တစ်ခု၏ ရလဒ်ဖြစ်ကြောင်း ထင်ရှားစေပြီး၊ ယင်းစံပြပုံရိပ်ကို ဗုဒ္ဓဘာသာအားလုံး၏ မူလအစအဖြစ် ရိုးရိုးလွယ်လွယ် ယူဆ၍မရကြောင်း သတိပေးသည်။

သို့ရာတွင် ဘုရားလောင်းကျင့်စဉ်သည် မဟာယာနဂိုဏ်း၏ သီးသန့်ပိုင်ဆိုင်မှုတော့ မဟုတ်ပေ။ ထေရဝါဒအစဉ်အလာတွင်လည်း ဗုဒ္ဓဝံသနှင့် စရိယာပိဋကကျမ်းတို့မှတစ်ဆင့် ပါရမီတော်ဆယ်ပါး (ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ) ကို အခြေခံသည့် ဘုရားလောင်း (ဗောဓိသတ္တ) လမ်းစဉ် ဖွံ့ဖြိုးတည်ရှိခဲ့သည်။ ဆရာတော်ဓမ္မပါလ၏ စရိယာပိဋကအဋ္ဌကထာလာ ပါရမီကထာတွင် ဘုရားလောင်း၏ ကျင့်စဉ်ကို ပညာနှင့်ကရုဏာ ဒွန်တွဲမှုဖြင့် အနှစ်ချုပ်ဖော်ပြထားရာ၊

"ပညာဖြင့် မိမိကိုယ်တိုင် (သံသရာမှ) ကူးမြောက်ပြီး၊ ကရုဏာဖြင့် သူတစ်ပါးတို့ကို ကူးမြောက်စေ၏ (ပညာယ သယံ တရတိ၊ ကရုဏာယ ပရေ တာရေတိ)"

ဟူသော ဤဖွင့်ဆိုချက်သည် ဘုရားလောင်းကျင့်စဉ်၏ ပရဟိတသဘောကို ထေရဝါဒရှုထောင့်မှ တိကျစွာ ပုံဖော်ပြသည်။ Toshiichi Endo ကလည်း ထေရဝါဒ ဗောဓိသတ္တလမ်းစဉ်သည် ကိုယ်ကျင့်တရားတိုးတက်မှုနှင့် စိတ်ပြုစုပျိုးထောင်မှုတို့ကို ပေါင်းစပ်ထားသော ကျင့်စဉ်ဖြစ်ကြောင်း အဋ္ဌကထာဆရာ ဓမ္မပါလ၏ အဋ္ဌကထာစာပေများကို အခြေခံ၍ လေ့လာတင်ပြခဲ့သည်။ ထို့ကြောင့် ဘုရားလောင်းကျင့်စဉ်ကို မဟာယာနနှင့် ထေရဝါဒနှစ်ဂိုဏ်းစလုံးက ခံယူထားသော

ကျင့်ဝတ်အမွေအနှစ်တစ်ရပ်အဖြစ် ရှုမြင်ခြင်းသည် ပညာရပ်ဆိုင်ရာအရ ပိုမိုမျှတသော ရပ်တည်ချက်ဖြစ်သည်။

မဟာယာနဂိုဏ်း ပေါ်ထွန်းလာချိန်တွင်မူ ဘုရားလောင်းလမ်းစဉ်သည် ရွေးချယ်စရာလမ်းကြောင်းတစ်ခုအဆင့်မှ စံပြကျင့်ဝတ်လမ်းစဉ်အဆင့်သို့ မြင့်တက်လာသည်။ Charles S. Prebish နှင့် Damien Keown တို့က မဟာယာနစာပေများသည် ရဟန္တာလမ်းစဉ်ကို မိမိလွတ်မြောက်ရေးကိုသာ ရှေးရှုသည့် ကျဉ်းမြောင်းသောပန်းတိုင်အဖြစ် ဝေဖန်ပုံဖော်ပြီး၊ သတ္တဝါအားလုံး၏ အကျိုးကို ဆောင်ရွက်သည့် ဘုရားလောင်းလမ်းစဉ်ကို သာလွန်မြင့်မြတ်သောလမ်းစဉ်အဖြစ် တင်ပြခဲ့ကြောင်း ရှင်းလင်းထားသည်။ Rupert Gethin ကလည်း သဒ္ဓမ္မပုဏ္ဍရိကသုတ်လာ ယာဉ်တစ်စင်းတည်းဝါဒ (ဧကယာန) အရ မဟာယာနအမြင်တွင် ဘုရားလောင်းလမ်းစဉ်သည် နောက်ဆုံး၌ တစ်ခုတည်းသော ပြီးပြည့်စုံသည့် ဗုဒ္ဓဘာသာလမ်းစဉ်အဖြစ် သဘောထားခံယူလာကြကြောင်း သုံးသပ်ပြထားသည်။

ဗောဓိစိတ္တနှင့် ဘုရားလောင်းအဓိဋ္ဌာန် : ကျင့်ဝတ်၏ အခြေခံအုတ်မြစ်

ဘုရားလောင်းကျင့်စဉ်၏ ကျင့်ဝတ်ဆိုင်ရာ အခြေခံအုတ်မြစ်မှာ ဗောဓိစိတ္တ ဖြစ်သည်။ ဗောဓိစိတ္တဟူသည် သတ္တဝါအားလုံး၏ အကျိုးငှာ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိလိုသော စေတနာဆန္ဒဖြစ်ပြီး၊ ၎င်းသည် အတ္တဗဟိုပြုစိတ်ကို တိုက်ရိုက်ဆန့်ကျင်သည့် ကရုဏာအခြေခံ စိတ်အခြေအနေဖြစ်သည်။ ဤစေတနာကို ဘုရားလောင်းအဓိဋ္ဌာန် (bodhisattva vow) အဖြစ် ခံယူလိုက်သည့်အခါ ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်တစ်ရပ်အသွင် ဆောင်လာသည်။ ဤနေရာတွင် အလေးထားသင့်သည့်အချက်မှာ ဘုရားလောင်း၏ ကျင့်ဝတ်စည်းကမ်းသည် ပြင်ပမှ

ချမှတ်ပေးသော စည်းမျဉ်းဥပဒေသများအပေါ် အခြေခံခြင်းမဟုတ်ဘဲ၊ အတွင်းစိတ်မှ ပေါက်ဖွားလာသော ကရုဏာဆန္ဒ၏ ဖော်ပြချက်ဖြစ်နေခြင်းပင် ဖြစ်သည်။

ဤအချက်ကို အထင်ရှားဆုံး ပုံဖော်ပြသူမှာ ရှစ်ရာစု အိန္ဒိယပညာရှိ ရှန္တိဒေဝဖြစ်သည်။ သူ၏ ဗောဓိစရိယာဝတာရ (Bodhicaryāvatāra) နှင့် သိက္ခာသမုစ္စယ (Śikṣāsamuccaya) ကျမ်းနှစ်စောင်သည် မဟာယာနကျင့်ဝတ်အတွေးအခေါ်၏ အဓိကရင်းမြစ်များအဖြစ် ပညာရပ်လောကတွင် အသိအမှတ်ပြုခံထားရသည်။ ရှန္တိဒေဝသည် ဗောဓိစရိယာဝတာရ အခန်း ၈ တွင် မိမိနှင့်သူတစ်ပါး တန်းတူညီမျှမှု (ပရာတ္မသမတာ parātmasamatā) ကို ကျိုးကြောင်းဆင်ခြင်မှုဖြင့် တည်ဆောက်ပြရာ၌၊

"ကြောက်ရွံ့ခြင်းနှင့် ဆင်းရဲဒုက္ခသည် ငါ့အတွက်ရော သူတစ်ပါးအတွက်ပါ ထပ်တူထပ်မျှ မနှစ်မြို့ဖွယ်ဖြစ်နေပါလျက်၊ ငါ၌ အဘယ်ထူးခြားချက်ရှိ၍ သူတစ်ပါးကို မကာကွယ်ဘဲ ငါကိုယ်ငါသာ ကာကွယ်နေရမည်နည်း" (Bodhicaryāvatāra 8.96)

ဟူ၍ မေးခွန်းထုတ်ခဲ့သည်။ ဤဂါထာသည် အတ္တနှင့်ပရ ခွဲခြားမှုကို ဒဿနိကနည်းဖြင့် ဖျက်သိမ်းပစ်ကာ ကရုဏာတရားကို ကျင့်ဝတ်၏ ပင်မအုတ်မြစ်အဖြစ် သတ်မှတ်သည့် မဟာယာနကျင့်ဝတ်ဗေဒ၏ ဗဟိုကျိုးကြောင်းပြချက် ဖြစ်သည်။ **သိက္ခာသမုစ္စယကျမ်းတွင်လည်း ဒုက္ခသည် ပိုင်ရှင်မဲ့ဖြစ်၍ မိမိဒုက္ခနှင့် သူတစ်ပါးဒုက္ခကို ခွဲခြားရန် အကြောင်းမရှိသဖြင့် ဒုက္ခဟူသမျှကို ပပျောက်စေရန် ကြိုးပမ်းရမည်ဟူသော တူညီသည့် အတ္တသူတစ်ပါးတန်းတူပြုဝါဒကို တွေ့ရသည်။**

Stephen E. Harris သည် (Buddhist Ethics and the Bodhisattva Path: Śāntideva on Virtue and Well-Being) ရှန္တိဒေဝ၏ ကျင့်ဝတ်စနစ်ကို စာရိတ္တကျင့်ဝတ်ဗေဒ (virtue ethics) ရှုထောင့်မှ ဖတ်ရှုပြီး၊ ပါရမီတော်များသည် သူတစ်ပါးအကျိုးကို

ဆောင်ရွက်ရုံသာမက ကျင့်သုံးသူကိုယ်တိုင်၏ စိတ်ချမ်းသာမှုနှင့် ကောင်းမွန်သောဘဝ (well-being) ကိုပါ တည်ဆောက်ပေးကြောင်း ပြထားသည်။ Harris ၏ အဓိကထိုးထွင်းသိမြင်မှုမှာ ဘုရားလောင်းလမ်းစဉ်၏ ပြင်းထန်သော ပရဟိတဝါဒသည် ကိုယ်ကျိုးနှင့် သူတစ်ပါးအကျိုးကို ဆန့်ကျင်ဘက်များအဖြစ် မရှုမြင်ဘဲ၊ အတ္တမဲ့သောစရိုက် (selfless character) ပြုစုပျိုးထောင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည်ဟူသော အမြင်ဖြစ်သည်။ ဤအမြင်သည် ဘုရားလောင်းကျင့်စဉ်အပေါ် "လွန်ကဲစွာတောင်းဆိုမှုများသော ကျင့်ဝတ်စနစ်" ဟူသည့် ဝေဖန်ချက်ကို ချေပရာတွင် အရေးပါသော ဆင်ခြင်လက်နက် ဖြစ်လာသည်။

ပါရမီတော်များ - ပရဟိတဝါဒ၏ လက်တွေ့အကောင်အထည်ဖော်မှုစနစ်

ဗောဓိစိတ္တသည် စေတနာဆန္ဒသက်သက်မျှသာဖြစ်၍ ယင်းကို လက်တွေ့ကျင့်ဝတ်အဖြစ် အသွင်ပြောင်းပေးသည့် ယန္တရားမှာ ပါရမီတော်များဖြစ်သည်။ ပါရမိတာ (ပါရမီ) ဟူသော ဝေါဟာရကို အစဉ်အလာအားဖြင့် "တစ်ဖက်ကမ်းသို့ ရောက်ခြင်း" (ပါရမ် + ဂ္ဂတ) ဟူ၍လည်းကောင်း၊ "ပြီးပြည့်စုံခြင်း၊ အမြင့်ဆုံးအဆင့်ရောက်ခြင်း" (ပရမ မှ ဆင်းသက်) ဟူ၍လည်းကောင်း အနက်ဖွင့်ကြသည်။ **မဟာယာနစနစ်တွင် ပါရမီခြောက်ပါး (ဒါန၊ သီလ၊ ခန္တီ၊ ဝီရိယ၊ ဈာန၊ ပညာ) ကို အခြေခံထားပြီး၊ ဒသဘူမိကသုတ်၏ ဘူမိဆယ်ဆင့်စနစ်နှင့် ချိတ်ဆက်သည့်အခါ ဥပါယကောသလ္လ၊ ပဏိဓာန၊ ဗလနှင့် ဉာဏဟူသော ပါရမီလေးပါးကို ထပ်ဆင့်ပေါင်းထည့်ကာ ဆယ်ပါးအဖြစ် ပြည့်စုံစေသည်။** ဤဖွဲ့စည်းပုံတွင် သတိပြုဖွယ်ကောင်းသည့်အချက်မှာ ပါရမီတစ်ပါးစီသည် သီးခြားရပ်တည်သော ကျင့်စဉ်များမဟုတ်ဘဲ၊ ပညာပါရမီက ရှေ့ငါးပါးကို ဦးဆောင်လမ်းပြပေးမှသာ စစ်မှန်သော

"ပြီးပြည့်စုံမှု" အဆင့်သို့ ရောက်ရှိကြခြင်းဖြစ်သည်။ ဒါနသည် ပညာမပါလျှင် သာမန်ပေးကမ်းမှုသာဖြစ်ပြီး၊ ပညာနှင့်ယှဉ်မှသာ ဒါနပါရမီအဖြစ် အသွင်ပြောင်းသည်။

ဘုရားလောင်း၏ သီလပါရမီကို စနစ်တကျ ဖွဲ့စည်းပုံမှာလည်း ပရဟိတရှုထောင့်မှ အထူးထင်ရှားသည်။ Damien Keown သည် (The Nature of Buddhist Ethics တွင်) ဗောဓိသတ္တဘူမိကျမ်းနှင့် မဟာယာနသံဂြဟကျမ်းတို့လာ သီလသုံးရပ်စနစ်ကို ဆန်းစစ်တင်ပြထားသည်။ ယင်းစနစ်အရ **ဘုရားလောင်း၏သီလတွင် မကောင်းမှုမှ စောင့်စည်းခြင်းသီလ (သံဝရသီလ)၊ ကုသိုလ်တရားများကို ဆည်းပူးပွားများခြင်းသီလ (ကုသလဓမ္မသင်္ဂါဟကသီလ kuśala-dharma-saṃgrāhaka-śīla) နှင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းသီလ (သတ္တဝါတ္ထက္ကြိယာသီလ sattvārtha-kriyā-śīla) ဟူ၍ သုံးမျိုးပါဝင်သည်။** သာမန်သာဝကတို့၏ သီလအယူအဆသည် ပထမအမျိုးအစားဖြစ်သော အကုသိုလ်ရှောင်ကြဉ်ရေးကို အလေးပေးသည်ဖြစ်ရာ၊ ဘုရားလောင်းစနစ်က တတိယအမျိုးအစားဖြစ်သော သတ္တဝါအကျိုးဆောင်ရွက်ရေးကိုပါ သီလ၏ မရှိမဖြစ်အစိတ်အပိုင်းအဖြစ် ထည့်သွင်းပြဋ္ဌာန်းလိုက်ခြင်းသည် ကျင့်ဝတ်ဗေဒသဘောအရ အရေးပါသော တိုးချဲ့မှုဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားလောင်းအတွက် ကိုယ်ကျင့်တရားဟူသည် "မကောင်းမှုမပြုခြင်း" ဖြင့် မပြီးဆုံးဘဲ "ကောင်းမှုကို တက်ကြွစွာဆောင်ရွက်ခြင်း" အထိ တာဝန်ရှိလာခြင်းဖြစ်သည်။ Keown က ရှန္တိဒေဝသည် ဓမ္မသံဂီတိသုတ်ကို ကိုးကား၍ ဘုရားလောင်းသည် တရားအမြောက်အများကို လိုက်လံကျင့်ကြံနေရန် မလိုဘဲ အရာအားလုံးကို လွှမ်းခြုံနိုင်သော မဟာကရုဏာတစ်ပါးတည်းကိုသာ ပြီးပြည့်စုံအောင် ဆည်းပူးလျှင် လုံလောက်ကြောင်း ရေးသားထားပုံကိုလည်း ထောက်ပြသည်။ ဤအချက်က

မဟာယာနကျင့်ဝတ်စနစ်တွင် ကရုဏာသည် အခြားကျင့်ဝတ်အားလုံး၏ အနှစ်သာရအဖြစ် နေရာယူထားကြောင်း ညွှန်ပြသည်။

ပါရမီကျင့်စဉ်၏ နောက်ထပ်ထူးခြားချက်တစ်ရပ်ကို Susanne Mrozik ၏ Virtuous Bodies: The Physical Dimensions of Morality in Buddhist Ethics စာအုပ်တွင် တွေ့နိုင်သေးသည်။ Mrozik သည် သိက္ခာသမုစ္စယကျမ်းကို အထူးပြုလေ့လာပြီး ဘုရားလောင်း၏ ကျင့်ဝတ်ဆိုင်ရာ ပြုစုပျိုးထောင်မှုသည် စိတ်ပိုင်းဆိုင်ရာသက်သက် မဟုတ်ဘဲ ကိုယ်ခန္ဓာဖြင့်ပါ ဖော်ဆောင်သော ကျင့်ဝတ်စံနမူနာ ဖြစ်ကြောင်း ပြထားသည်။ သူမ၏ လေ့လာချက်အရ ဗုဒ္ဓစာပေများတွင် ကိုယ်ကျင့်တရားနှင့် ကိုယ်ခန္ဓာသည် အပြန်အလှန်ပုံသွင်းကြသည်ဟူသော "ရုပ်ကိုယ်ကျင့်ဝတ်ဆိုင်ရာ ဟောပြောမှု" (physiomoral discourse) တစ်ရပ် တည်ရှိပြီး၊ ဘုရားလောင်း၏ ဂုဏ်ရည်ပြည့်ဝသော ကိုယ်ခန္ဓာသည် သူတစ်ပါးတို့ကိုပါ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြောင်းလဲစေနိုင်သည့် စွမ်းအားရှိသည်။ ဤရှုထောင့်သည် ပါရမီကျင့်စဉ်ကို စိတ်သဘောထားပြုပြင်ရေးသက်သက်အဖြစ် ရှုမြင်လေ့ရှိသည့် အမြင်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးသည်။

သူရဲကောင်းဆန်သော ပေးလှူမှုနှင့် အနက်ဖွင့်ဆိုမှုပြဿနာ

ပါရမီတော်များအနက် ဒါနပါရမီသည် ပရဟိတဝါဒ၏ အထင်ရှားဆုံး ဖော်ပြချက်ဖြစ်သော်လည်း၊ ယင်း၏ အစွန်းရောက်ဟန်ရှိသော ပုံစံများက ကျင့်ဝတ်ဗေဒဆိုင်ရာ အနက်ဖွင့်ဆိုမှုပြဿနာကို ဖြစ်ပေါ်စေသည်။ မဟာယာနကျမ်းစာများတွင် ဘုရားလောင်း၏ ပေးလှူမှုကို အသက်၊ ခန္ဓာနှင့် စည်းစိမ်အားလုံး အကြွင်းမဲ့စွန့်လှူသည့်အဆင့်အထိ တင်စားဖော်ပြလေ့ရှိသည်။ သိက္ခာသမုစ္စယကျမ်းတွင် ကိုးကားထားသော ဝဇြဓဇသုတ် (Vajradhvaja Sūtra) ၌

ဘုရားလောင်းသည် လာရောက်တောင်းခံသူများအား မိမိ၏ မျက်စိ၊ နား၊ ခြေလက်အင်္ဂါနှင့် ကိုယ်ခန္ဓာမှ သွေးများကိုပင် မဆုတ်မနစ်သော စေတနာ၊ ဝမ်းမြောက်မှုဖြင့် လှူဒါန်းပုံကို ဖော်ပြထားပြီး၊ Jay L. Garfield က ဤအစွန်းရောက်ပေးလှူမှုပုံရိပ်ကို ရှန္တိဒေဝ၏ ကျင့်ဝတ်စနစ်အတွင်း ကရုဏာ၏ အန္တိမအတိုင်းအတာကို ညွှန်ပြသည့် စံနှုန်းအဖြစ် ဆွေးနွေးထားသည်။ ထိုနည်းတူ ဇာတကစာပေတွင်လည်း သားသမီးနှင့် ဇနီးကိုပါ စွန့်လှူသည့် ဝေဿန္တရာဇာတ်တော်နှင့် ဆာလောင်နေသော ကျားမကြီးအား မိမိကိုယ်ခန္ဓာကို စတေးလှူဒါန်းသည့် ဗျာဃ္ဍီဇာတ်ကြောင်း (ဇာတကမာလာ ပဌမဇာတ်) တို့သည် သူရဲကောင်းဆန်သော ပေးလှူမှု (heroic giving) ၏ ဂန္ထဝင်နမူနာများ ဖြစ်ကြသည်။

ဤဇာတ်ကြောင်းများကို ကျင့်ဝတ်ဗေဒရှုထောင့်မှ မည်သို့နားလည်သင့်သနည်း။ Prebish နှင့် Keown တို့က ဤသို့သော ပြင်းထန်လှသည့် ကိုယ်ကျိုးစွန့်မှုများသည် သာမန်လူသားများ နေ့စဉ်ဘဝတွင် တိုက်ရိုက်လိုက်နာအတုယူရန် ရည်ရွယ်သည့် စည်းမျဉ်းများ မဟုတ်ဘဲ၊ သာမန်ကိုယ်ကျင့်တရား၏ ဘောင်ကိုကျော်လွန်သော ကရုဏာ၏ အန္တိမသဘာဝကို ပြသသည့် ဒဏ္ဍာရီဆန်သော သင်္ကေတနယ်ပယ်အဖြစ်သာ (Symbolic / Metaphorical Interpretation) အနက်ဖွင့်သင့်ကြောင်း သတိပေးထားသည်။ ကျင့်ဝတ်ဒဿနဗေဒ၏ ဝေါဟာရဖြင့်ဆိုလျှင် ဤအပြုအမူများသည် တာဝန်ဝတ္တရားထက်ကျော်လွန်သော ကောင်းမှု (supererogation) အမျိုးအစားဖြစ်ပြီး၊ ကျင့်ဝတ်စနစ်တစ်ရပ်က ၎င်း၏ အမြင့်ဆုံးစံနှုန်းကို ပုံပြင်ဇာတ်ကြောင်းသဏ္ဌာန်ဖြင့် ပုံဖော်ထားခြင်းသာ ဖြစ်သည်။ အလားတူပင် ရှန္တိဒေဝကိုယ်တိုင်လည်း ကျင့်ကြံသူ၏ ကရုဏာစိတ် စင်ကြယ်ပြည့်ဝမှုအဆင့်နှင့် လျော်ညီစွာသာ ကိုယ်ခန္ဓာစွန့်လှူမှုကို ဆောင်ရွက်သင့်ကြောင်းနှင့် သန့်ရှင်းစင်ကြယ်သော ကရုဏာစေတနာ မရင့်ကျက်သေးသူသည် မိမိကိုယ်ကို မစတေးသင့်သေးကြောင်း

ကန့်သတ်ချက်ထားရှိသည်။ ဤအချက်သည် မဟာယာနကျင့်ဝတ်စနစ်သည် အစွန်းရောက်ကိုယ်ကျိုးစွန့်မှုကို မဆင်မခြင် အားပေးသည့်စနစ် မဟုတ်ဘဲ၊ ကျင့်ကြံသူ၏ ဉာဏ်ရည်အဆင့်နှင့် ကိုက်ညီသော အဆင့်ဆင့်ကျင့်စဉ် (gradual path) ဖြစ်ကြောင်း သက်သေပြသည်။

ဥပါယကောသလ္လနှင့် ကျင့်ဝတ်ဆိုင်ရာ ပျော့ပျောင်းမှု

ဘုရားလောင်းကျင့်စဉ်တွင် အငြင်းပွားဖွယ်အကောင်းဆုံး ကဏ္ဍမှာ ဥပါယကောသလ္လ ဖြစ်သည်။ မဟာယာနကျမ်းအချို့တွင် ဘုရားလောင်းသည် သတ္တဝါများစွာကို ပိုမိုကြီးမားသော ဘေးဒုက္ခမှ ကယ်တင်နိုင်ရေးအတွက် လိုအပ်ပါက သမရိုးကျကိုယ်ကျင့်တရား စည်းမျဉ်းများကိုပင် ကျော်လွန်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များ တွေ့ရသည်။ ဥပါယကောသလ္လသည် ကျင့်ဝတ်စည်းမျဉ်းများကို ဖျက်သိမ်းပစ်သည့် သဘောတရားမဟုတ်ဘဲ၊ ကရုဏာနှင့်ပညာ ပြည့်ဝသောစိတ်ဖြင့် အခြေအနေအလိုက် ကျင့်ဝတ်ကို လိုက်လျောညီထွေ အသုံးချတတ်မှုဟူသော ပညာပါရမီ၏ လက်တွေ့ဆိုင်ရာ အသွင်ထူးတစ်ရပ်သာ ဖြစ်ကြောင်း ညွှန်ပြကြသည်။

ကိုယ်ကျင့်တရားဖြစ်စဉ်ဗေဒရှုထောင့်မှ ဘုရားလောင်းကျင့်ဝတ်

ဘုရားလောင်းကျင့်စဉ်ကို အနောက်တိုင်းကျင့်ဝတ်ဒဿန၏ ရိုးရာအမျိုးအစားခွဲများ (စည်းမျဉ်းဝါဒ၊ အကျိုးဆက်ဝါဒ၊ ဂုဏ်ရည်ဝါဒ) အတွင်း အံဝင်အောင် ထည့်သွင်းရန် ကြိုးပမ်းမှုများအပေါ် Jay L. Garfield က သီးခြားရှုထောင့်တစ်ရပ် တင်ပြထားသည်။ Garfield ၏ အဆိုအရ ရှန္တိဒေဝနှင့် အရိယဒေဝ (Āryadeva) တို့၏ ကျင့်ဝတ်စနစ်သည် လုပ်ရပ်၏ ပြင်ပရလဒ်ထက် လုပ်ဆောင်သူ၏ စိတ်အခြေအနေနှင့် အတွေ့အကြုံအရည်အသွေးကို ဗဟိုပြုသည့် ကိုယ်ကျင့်တရားဖြစ်စဉ်ဗေဒ (moral phenomenology) အဖြစ် နားလည်ခြင်းက

ပိုမိုတိကျသည်။ ဆိုလိုသည်မှာ ဗုဒ္ဓကျင့်ဝတ်ပညာ၏ ပန်းတိုင်သည် ပြင်ပစည်းမျဉ်းလိုက်နာမှုမဟုတ်ဘဲ ကျင့်ကြံသူ၏ လောကအမြင်နှင့် အတွေ့အကြုံတစ်ခုလုံးကို ကရုဏာနှင့်ပညာဘက်သို့ အသွင်ပြောင်းပစ်ခြင်းဖြစ်သည်။

ဤရှုထောင့်ကို ထောက်ခံသည့် ဂန္ထဝင်အထောက်အထားအဖြစ် Garfield သည် အရိယဒေဝ၏ စတုးရှတက (Catuḥśataka) ကျမ်း ပဥ္စမအခန်းလာ ဂါထာကို ကိုးကားသည်။ *ယင်းဂါထာအရ မိမိစိတ်ကို ပြီးပြည့်စုံစွာ ထိန်းချုပ်နိုင်ပြီဖြစ်သော ဘုရားလောင်းအတွက် ပြုလုပ်သမျှလုပ်ရပ်ဟူသမျှသည် ပြင်ပသဏ္ဌာန်အားဖြင့် ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ စင်ကြယ်သောကုသိုလ်သာ ဖြစ်သွားသည်။ အကြောင်းမှာ ဘုရားလောင်း၏ စိတ်အစဉ်သည် အရှိတရားကို မှန်ကန်စွာ သိမြင်သောပညာနှင့် သတ္တဝါအားလုံးအပေါ် သက်ရောက်သောကရုဏာတို့ဖြင့် ပြည့်နှက်နေသောကြောင့် ဖြစ်သည်။* ဤသွန်သင်ချက်သည် အထက်ပါ ဥပါယကောသလ္လသဘောတရားနှင့် တစ်သားတည်းကျပြီး၊ ကျင့်ဝတ်တန်ဖိုး၏ အရင်းခံပင်မမှာ စေတနာနှင့် စိတ်အခြေအနေဖြစ်သည်ဟူသော ဗုဒ္ဓဘာသာ၏ အခြေခံသဘောထား (AN 6.63 လာ "စေတနာသည်ပင် ကံဖြစ်သည်" ဟူသော ဒေသနာ) ကို မဟာယာနနည်းဖြင့် အစွမ်းကုန်တိုးချဲ့ထားခြင်း ဖြစ်သည်။

ဝေဖန်ဆန်းစစ်ချက်

ဘုရားလောင်းကျင့်စဉ်ကို ကျင့်ဝတ်ဆိုင်ရာ စံပြပုံသဏ္ဌာန်အဖြစ် အကဲဖြတ်ရာတွင် ပညာရပ်လောက၌ ထင်ရှားသော စိန်ခေါ်ဝေဖန်ချက် သုံးရပ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ပထမစိန်ခေါ်ချက်မှာ ဒဿနိကညီညွတ်မှုပြဿနာဖြစ်သည်။ Paul Williams သည် Altruism and Reality: Studies in the Philosophy of the Bodhicaryāvatāra တွင် ရှန္တိဒေဝ၏

ဗောဓိစရိယာဝတာရ ၈.၁၀၁–၁၀၃ လာ အနတ္တအယူအဆအပေါ် အခြေခံသည့် ပရဟိတငြင်းချက်ကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်။ ရှန္တိဒေဝ၏ မိန့်ဆိုချက်မှာ ပုဂ္ဂိုလ်အတ္တဟူသည် အနှစ်သာရမရှိသော ပညတ်မျှသာဖြစ်၍ ဒုက္ခသည် ပိုင်ရှင်မဲ့ဖြစ်သည်၊ ထို့ကြောင့် "ငါ့ဒုက္ခ" ကိုသာ ဦးစားပေးဖျောက်ဖျက်ရန် ကျိုးကြောင်းခိုင်လုံမှုမရှိဟူ၍ ဖြစ်သည်။ Williams က မိန့်ဆိုချက်သည် ဒုက္ခခံစားသူပုဂ္ဂိုလ်ကိုပါ ဖျက်သိမ်းပစ်လိုက်သဖြင့် ကရုဏာထားရမည့် အာရုံခံပုဂ္ဂိုလ်ပင် မကျန်တော့ဘဲ၊ ငြင်းချက်အောင်မြင်ပါက ဘုရားလောင်းလမ်းစဉ်ကိုယ်တိုင်ကို ပြိုလဲစေမည်ဟု ထောက်ပြခဲ့သည်။ သို့ရာတွင် ဤဝေဖန်ချက်သည် အပြီးသတ်ငြင်းချက်တော့ မဟုတ်ပေ။ Stephen E. Harris သည် "Does Anātman Rationally Entail Altruism?" (Journal of Buddhist Ethics 18, 2011) စာတမ်းတွင် Williams ၏ ပြန်လည်တည်ဆောက်ပုံကို ဆန်းစစ်ပြီး၊ ရှန္တိဒေဝ၏ ငြင်းချက်ကို ကျိုးကြောင်းဆီလျော်စွာ ကာကွယ်နိုင်သည့် အနက်ဖွင့်နည်းများ ရှိကြောင်း ချေပခဲ့သည်။ Barbra R. Clayton ကလည်း သိက္ခာသမုစ္စယ၏ ကျင့်ဝတ်သီအိုရီကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာရာတွင် ရှန္တိဒေဝ၏ ကျင့်ဝတ်စနစ်သည် ဂုဏ်ရည်ကျင့်ဝတ်ဗေဒမိသားစုအတွင်း အကောင်းဆုံးအကျုံးဝင်ပြီး အကျိုးဆက်ဝါဒဆန်သော အင်္ဂါရုပ်များပါ ပေါင်းစပ်ပါဝင်နေကြောင်း ပြသခဲ့ရာ၊ ဤစနစ်၏ တည်ဆောက်ပုံသည် ပထမအမြင်ထက် ပိုမိုစနစ်ကျကြောင်း ထောက်ခံအားဖြည့်သည်။

ဒုတိယစိန်ခေါ်ချက်မှာ လွန်ကဲသောတောင်းဆိုမှုပြဿနာ (demandingness objection) ဖြစ်သည်။ သတ္တဝါအနန္တကို ကယ်တင်ရန် ကမ္ဘာအသချေကံ်လပတ်လုံး ကျင့်ကြံရမည်ဟူသော စံနှုန်းသည် သာမန်လူသားတို့ လက်တွေ့မမီနိုင်သော စံနှုန်းဖြစ်ပြီး၊ မမီနိုင်သောစံနှုန်းသည် ကျင့်ဝတ်လမ်းညွှန်အဖြစ် အသုံးမဝင်ဟူသော ဝေဖန်မှုဖြစ်သည်။ ဤပြဿနာကို Harris က ရှန္တိဒေဝ၏ ရှုထောင့်မှနေ၍ နှစ်လမ်းဖြင့် ဖြေရှင်းပြသည်။

တစ်လမ်းမှာ ဘုရားလောင်းလမ်းစဉ်သည် အဆင့်ဆင့်တိုးတက်ရသော ကျင့်စဉ်ဖြစ်ပြီး ကျင့်ကြံသူ၏ လက်ရှိအဆင့်နှင့်လျော်ညီသော တောင်းဆိုမှုသာ ရှိခြင်းဖြစ်သည်။ အခြားတစ်လမ်းမှာ ပါရမီတော်များသည် ကျင့်သုံးသူ၏ စိတ်ဆင်းရဲမှုကို လျော့ပါးစေပြီး ကျင့်သုံးသူကိုယ်တိုင်၏ ကောင်းကျိုးချမ်းသာကိုပါ တိုးပွားစေသဖြင့်၊ ပရဟိတလမ်းစဉ်သည် ကိုယ်ကျိုးစတေးမှသက်သက်မဟုတ်ဘဲ ကိုယ်ကျိုးသူကျိုး နှစ်ဖက်ပြည့်ဝသော လမ်းစဉ်ဖြစ်နေခြင်းပင် ဖြစ်သည်။

တတိယစိန်ခေါ်ချက်မှာ အလွဲသုံးစားပြုနိုင်ခြေပြဿနာဖြစ်သည်။ စေတနာကောင်းလျှင် စည်းမျဉ်းကျော်လွန်နိုင်သည်ဟူသော ဥပါယသဘောတရားကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုနိုင်သည့် အန္တရာယ်ရှိသည်။ ဤအန္တရာယ်ကို ရိုးရာစနစ်ကိုယ်တိုင်က Upāya-2 ကို သတ္တမဘူမိအထက် အရိယာဘုရားလောင်းများအတွက်သာ (မဟာယာနအလို ဘုရားအလောင်းတွေဟာ အရိယာဖြစ်နိုင်သည်။) ကန့်သတ်ခြင်း၊ ကျမ်းစာများ၌ သတိပေးချက်များ ထည့်သွင်းခြင်းနှင့် ဇာတ်ကြောင်းများကို သင်္ကေတသဘောဖြင့် အနက်ဖွင့်စေခြင်းတို့ဖြင့် ထိန်းကွပ်ထားပြီးဖြစ်ကြောင်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။

ဤစိန်ခေါ်မှုသုံးရပ်ကို ခြုံငုံသုံးသပ်လျှင် ဘုရားလောင်းကျင့်စဉ်သည် ဒဿနိကအရ အပြီးသတ်ဖြေရှင်းပြီးသော စနစ်မဟုတ်သော်လည်း၊ ၎င်း၏ အဓိကအားသာချက်မှာ ကျင့်ဝတ်ကို စည်းမျဉ်းစာရင်းအဖြစ်မဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦး၏ စရိုက်နှင့် အတွေ့အကြုံတစ်ခုလုံးကို ပြုပြင်ပြောင်းလဲရေး စီမံကိန်းအဖြစ် ချဉ်းကပ်ထားခြင်းဖြစ်သည်။ Garfield ၏ ကိုယ်ကျင့်တရားဖြစ်စဉ်ဗေဒရှုထောင့်အရ ဤချဉ်းကပ်နည်းသည် အနောက်တိုင်းကျင့်ဝတ်သီအိုရီတို့နှင့် တစ်ထပ်တည်း

မကျသော်လည်း ကိုယ်ပိုင်ခိုင်မာသော ကျင့်ဝတ်ဗေဒ (Ethic) တစ်ရပ်အဖြစ် ရပ်တည်နိုင်သည်။

ဘုရားလောင်းကျင့်စဉ်နှင့် ပါရမီတော်များသည် ဗုဒ္ဓဘာသာကျင့်ဝတ်ပညာကို တစ်ဦးချင်းလွတ်မြောက်ရေးဗဟိုပြုမှုမှ သတ္တဝါအားလုံး၏ အကျိုးစီးပွားကို ရှေးရှုသည့် ပရဟိတဝါဒဆီသို့ မြှင့်တင်ပေးခဲ့သော အတွေးအခေါ်ဆိုင်ရာ အသွင်ကူးပြောင်းမှုကြီးကို ကိုယ်စားပြုသည်။ သမိုင်းရှုထောင့်မှကြည့်လျှင် ဤစံပြပုံရိပ်သည် ရှေးဦးဒေသနာများ၌ အပြည့်အဝမတည်ရှိသေးဘဲ အဆင့်ဆင့်ဖြစ်ထွန်းလာခဲ့ကြောင်း Anālayo ၏ သုတေသနက ပြသသော်လည်း၊ ယင်းဖြစ်ထွန်းမှုသည် ကရုဏာနှင့်ပညာဒွန်တွဲရေးဟူသော ဗုဒ္ဓဘာသာ၏ အခြေခံတန်ဖိုးများမှ သဘာဝကျစွာ ပွင့်လင်းလာသော ဖွံ့ဖြိုးမှုဖြစ်ကြောင်းလည်း တွေ့ရသည်။ ကျင့်ဝတ်ဗေဒရှုထောင့်မှကြည့်လျှင် ဗောဓိစိတ္တနှင့် အဓိဋ္ဌာန်တော်သည် ကျင့်ဝတ်ကို အတွင်းစိတ်ဆန္ဒအပေါ် အခြေခံစေပြီး၊ ပါရမီတော်များနှင့် သီလသုံးရပ်စနစ်သည် ထိုဆန္ဒကို လက်တွေ့ဆောင်ရွက်မှုအဖြစ် စနစ်တကျ အသွင်ပြောင်းပေးသည်။ သူရဲကောင်းဆန်သော ပေးလှူမှုဇာတ်ကြောင်းများနှင့် ဥပါယကောသလ္လသဘောတရားတို့မှာ တိုက်ရိုက်လိုက်နာရမည့် စည်းမျဉ်းများအဖြစ်မဟုတ်ဘဲ ကရုဏာ၏ အန္တိမသဘာဝကို ညွှန်ပြသော သင်္ကေတဆန်သည့် စံနမူနာများအဖြစ် အနက်ဖွင့်ခြင်းက ပညာရပ်အရ ပိုမိုတာဝန်ခံနိုင်သော ဖတ်ရှုနည်းဖြစ်သည်။

Williams ၏ ဒဿနိကဝေဖန်ချက်နှင့် လွန်ကဲသောတောင်းဆိုမှုပြဿနာတို့သည် ဘုရားလောင်းကျင့်စဉ်၏ သီအိုရီဆိုင်ရာ အားနည်းချက်များကို ထင်ဟပ်ပြသော်လည်း၊ Harris, Clayton နှင့် Garfield တို့၏ တုံ့ပြန်ချေပမှုများက ဤစနစ်သည် ဆက်လက်ရှင်သန်နေသော ဒဿနိကဆွေးနွေးမှုနယ်ပယ်တစ်ရပ်အတွင်း ခိုင်မာစွာ

ရပ်တည်နိုင်ဆဲဖြစ်ကြောင်း သက်သေထူသည်။ အချုပ်ဆိုရလျှင် ဘုရားလောင်းကျင့်စဉ်သည် ကရုဏာနှင့်ပညာကို ဟန်ချက်ညီစွာ ပေါင်းစပ်ကာ လူသားတို့အား မိမိကိုယ်ကိုဗဟိုပြုသော အကျဉ်းအကျပ်မှ လွတ်မြောက်၍ ပိုမိုကျယ်ပြန့်သော ကရုဏာဆီသို့ လှမ်းချီစေသည့် ကိုယ်ကျင့်တရားဆိုင်ရာ စံပြုပုံသဏ္ဌာန်တစ်ရပ်အဖြစ် ဗုဒ္ဓဘာသာကျင့်ဝတ်အတွေးအခေါ်သမိုင်းတွင် ထာဝစဉ် အရေးပါနေမည် ဖြစ်သည်။

ကိုးကားကျမ်းစာရင်း

[1] Anālayo, Bhikkhu. The Genesis of the Bodhisattva Ideal. Hamburg: Hamburg University Press, 2010.

[2] Gethin, Rupert. The Foundations of Buddhism. Oxford: Oxford University Press, 1998.

[3] Dhammapāla, Ācariya. "A Treatise on the Pāramīs (Cariyāpiṭaka-aṭṭhakathā)." Translated by Bhikkhu Bodhi. In The Discourse on the All-Embracing Net of Views. Kandy: Buddhist Publication Society, 1978/2005.

[4] Endo, Toshiichi. "Ethical Progress and Mind-Cultivation: The 'Bodhisatta Way' in Theravāda Buddhism." In Buddhist Meditative Praxis: Traditional Teachings and Modern Applications, edited by K. L. Dhammajoti. Hong Kong: Centre of Buddhist Studies, University of Hong Kong.

[5] Prebish, Charles S., and Damien Keown. Introducing Buddhism. 2nd ed. London: Routledge, 2010.

[6] Harris, Stephen E. Buddhist Ethics and the Bodhisattva Path: Śāntideva on Virtue and Well-Being. London: Bloomsbury Academic, 2024.

[7] Śāntideva. Śikṣāsamuccaya: A Compendium of Buddhist Doctrine. Translated by Cecil Bendall and W. H. D. Rouse. London: John Murray, 1922.

[8] Śāntideva. The Bodhicaryāvatāra. Translated by Kate Crosby and Andrew Skilton. Oxford: Oxford University Press, 1995.

[9] Mrozik, Susanne. Virtuous Bodies: The Physical Dimensions of Morality in Buddhist Ethics. New York: Oxford University Press, 2007.

[10] Keown, Damien. The Nature of Buddhist Ethics. Basingstoke: Palgrave Macmillan, 1992/2001.

[11] Garfield, Jay L. "What is it Like to be a Bodhisattva? Moral Phenomenology in Śāntideva's Bodhicaryāvatāra." Journal of the International Association of Buddhist Studies 33, no. 1–2 (2010): 333–357.

[12] Pye, Michael. Skilful Means: A Concept in Mahayana Buddhism. 2nd ed. London: Routledge, 2003.

[13] Tatz, Mark, trans. The Skill in Means (Upāyakauśalya) Sūtra. Delhi: Motilal Banarsidass, 1994.

[14] Garfield, Jay L. Buddhist Ethics: A Philosophical Exploration. New York: Oxford University Press, 2021.

[15] Williams, Paul. Altruism and Reality: Studies in the Philosophy of the Bodhicaryāvatāra. Richmond: Curzon Press, 1998.

[16] Harris, Stephen E. "Does Anātman Rationally Entail Altruism? On Bodhicaryāvatāra 8:101–103." Journal of Buddhist Ethics 18 (2011): 93–123.

[17] Clayton, Barbra R. Moral Theory in Śāntideva's Śikṣāsamuccaya: Cultivating the Fruits of Virtue. London: Routledge, 2006.

(၁၄) နာဂါဇုန်၏ သုညတဒဿနနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရှုထောင့်

The Ethical Perspective of Emptiness Appraised: Nāgārjuna's Philosophy

အာစရိယနာဂါဇုန (Nāgārjuna, ခရစ်နှစ် ၂ ရာစုခန့်) သည် မဟာယာန ဗုဒ္ဓဘာသာဒဿနသမိုင်းတွင် မြတ်စွာဘုရားပြီးလျှင် ဩဇာအလွှမ်းမိုးဆုံး အတွေးအခေါ်ရှင်အဖြစ် ပညာရပ်လောကက အသိအမှတ်ပြုခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏ ပင်မကျမ်းဖြစ်သော မူလမဓျမကကာရိကာ (Mūlamadhyamakakārikā, နောက်ပိုင်းမှာ MMK ဟု အတိုကောက်သုံးမည်) သည် အရာခပ်သိမ်းတို့၌ ပင်ကိုယ်ဖြစ်တည်မှုသဘော သို့မဟုတ် ကိုယ်ပိုင်အနှစ်သာရ (သဘာဝ svabhāva) မရှိကြောင်း တစ်နည်းအားဖြင့် သဘာဝသုညဖြစ်ကြောင်း (svabhāva-śūnyatā) ကို ကျိုးကြောင်းဆင်ခြင်နည်းအမျိုးမျိုးဖြင့် စနစ်တကျ တင်ပြထားသော ကျမ်းဖြစ်သည်။ ဤသွန်သင်ချက်၏ ပြင်းထန်မှုကြောင့် နာဂါဇုန်၏ ဒဿနသည် ကံနှင့်ကံ၏အကျိုး၊

ကုသိုလ်အကုသိုလ်ခွဲခြားမှု၊ စာရိတ္တကျင့်ဝတ်များနှင့် သံသရာမှလွတ်မြောက်ရေးလမ်းစဉ်တစ်ခုလုံးကို ဖျက်ဆီးပစ်သည့် နတ္ထိကဝါဒဖြစ်သည်ဟူသော စွပ်စွဲချက်ကို ရှေးအိန္ဒိယဒဿနပြိုင်ဘက်များထံမှသာမက ဗုဒ္ဓဘာသာဂိုဏ်းတွင်းမှပါ သမိုင်းတစ်လျှောက် ရင်ဆိုင်ခဲ့ရသည်။

ဤပြဿနာသည် ရှေးဟောင်းဒဿနငြင်းခုံမှုသက်သက်မျှ မဟုတ်ပေ။ ခေတ်သစ်ပညာရပ်လောကတွင်လည်း သုညတဒဿနနှင့် ကျင့်ဝတ်ဗေဒ၏ သဟဇာတဖြစ်နိုင်မှုမေးခွန်းသည် အသက်ဝင်သော သုတေသနနယ်ပယ်တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ David F. Burton သည် သူ၏ Emptiness Appraised: A Critical Study of Nāgārjuna's Philosophy (1999) စာအုပ်တွင် နာဂါဇုန၏ သုညတဝါဒသည် နတ္ထိကဝါဒသို့ ကျရောက်ခြင်း ရှိမရှိကို ဒဿနိကဝေဖန်ဆင်ခြင်နည်းဖြင့် အသေးစိတ်စစ်ဆေးခဲ့ပြီး၊ The Cowherds ပညာရှင်အဖွဲ့၏ Moonpaths: Ethics and Emptiness (2015) စာအုပ်သည် သုညတနှင့် ခိုင်မာသောကျင့်ဝတ်စနစ် ဒွန်တွဲရပ်တည်နိုင်ပုံကို ရှုထောင့်စုံမှ ဆန်းစစ်ခဲ့သည်။ ဤ၌ နာဂါဇုန၏ သုညတဒဿနအပေါ် ကိုယ်ကျင့်တရားဆိုင်ရာ စွပ်စွဲချက်၊ နာဂါဇုန၏ ခုခံချေပမှုနှင့် ခေတ်သစ်ပညာရှင်တို့၏ အကဲဖြတ်ချက်များကို စနစ်တကျ ပေါင်းစပ်တင်ပြပြီး၊ သုညတဒဿန၏ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးကို နှစ်ဖက်မျှတသော ပညာရပ်ရှုထောင့်မှ အကဲဖြတ်ရန်ဖြစ်သည်။

နတ္ထိကဝါဒစွပ်စွဲချက် - ကိုယ်ကျင့်တရားပျက်ပြားမှုပြဿနာ

သုညတဝါဒအပေါ် ကိုယ်ကျင့်တရားဆိုင်ရာ စွပ်စွဲချက်၏ ဂန္ထဝင်ပုံစံကို MMK အခန်း ၂၄ ၏ အဖွင့်ဂါထာများတွင် နာဂါဇုနကိုယ်တိုင် မှတ်တမ်းတင်ထားသည်။ ပြိုင်ဘက်၏ ငြင်းချက်မှာ ဤသို့ဖြစ်သည်- *အကယ်၍ အရာခပ်သိမ်းသည် ပင်ကိုယ်ဖြစ်တည်မှုမှ ဆိတ်သုဉ်း (śūnya) ဖြစ်ပါက ဖြစ်ပေါ်ခြင်းနှင့် ချုပ်ပျောက်ခြင်းဟူ၍ မရှိနိုင်တော့ပေ။*

ဖြစ်ပျက်မှုမရှိလျှင် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူသော သစ္စာလေးပါးလည်း မတည်ရှိနိုင်တော့ပေ။ သစ္စာလေးပါး မရှိလျှင် သစ္စာသိမြင်ခြင်း၊ ကိလေသာပယ်ခြင်း၊ မဂ်ဖိုလ်ဆိုက်ရောက်ခြင်းတို့လည်း မဖြစ်နိုင်တော့သဖြင့် အရိယာသံဃာလည်း မရှိနိုင်၊ တရားတော်လည်း မရှိနိုင်၊ နောက်ဆုံး၌ မြတ်စွာဘုရားပင် မရှိနိုင်တော့ဘဲ ရတနာသုံးပါးလုံး ပြိုလဲရမည်။ ထို့ပြင် ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်၊ ကံ၏အကျိုးတရားများနှင့် လောကီသမ္မုတိအားလုံးလည်း ပျက်ပြားရမည် (MMK 24.1–6)။ Paul Williams က ဤစွပ်စွဲချက်ကို "သင်၏သုညတဝါဒသည် ဗုဒ္ဓဘာသာတစ်ခုလုံးနှင့် ကိုယ်ကျင့်တရားတည်ဆောက်ပုံတစ်ခုလုံးကို ဖျက်ဆီးနေသည်ဟူသော ပြစ်တင်မှု" အဖြစ် အနှစ်ချုပ်ဖော်ပြထားသည်။

ဤစွပ်စွဲချက်၏ ကျင့်ဝတ်ဗေဒဆိုင်ရာ အလေးအနက်ကို Burton ၏ ခွဲခြမ်းစိတ်ဖြာမှုက ပိုမိုထင်ရှားစေသည်။ Burton ၏ အဆိုအရ ပြဿနာ၏ အူတိုင်မှာ ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှု (moral responsibility) ၏ ဒဿနိကအခြေခံ ပျက်ယွင်းနိုင်ခြေဖြစ်သည်။ အကယ်၍ လုပ်ရပ်ကိုပြုသော ပုဂ္ဂိုလ် (ကတ္တား) ရော လုပ်ရပ် (ကမ္မ) ပါ ပင်ကိုယ်ဖြစ်တည်မှုမရှိဘဲ စိတ်ကူးပညတ်သက်သက် (merely conceptually constructed) သာဖြစ်နေပါက၊ ကောင်းမှုပြုသူသည် ကောင်းကျိုးခံစားရမည်၊ မကောင်းမှုပြုသူသည် မကောင်းကျိုးခံစားရမည်ဟူသော ကံတရား၏ တရားမျှတသောအကျိုးပေးစနစ်ကို မည်သည့်အရာက ထိန်းသိမ်းထားမည်နည်းဟူသော မေးခွန်း ပေါ်ပေါက်လာသည်။ ဤမေးခွန်းသည် ဗုဒ္ဓဘာသာအတွင်းပိုင်း ပြဿနာသက်သက်မဟုတ်ဘဲ၊ ပုဂ္ဂိုလ်ရေးဝိသေသတည်ရှိမှုကို ငြင်းပယ်သော မည်သည့်ဒဿနစနစ်မဆို ရင်ဆိုင်ရမည့် ကျင့်ဝတ်ဒဿန၏ အခြေခံပြဿနာဖြစ်ကြောင်း Burton က ထောက်ပြသည်။

ဤနေရာတွင် Burton ၏ ကိုယ်ပိုင်ရပ်တည်ချက်ကို တိကျစွာ မှတ်သားထားရန် အရေးကြီးသည်။ Burton သည် နာဂဇုနကိုယ်တိုင်က နတ္ထိကဝါဒနှင့် သဿတဝါဒနှစ်ဖက်စလုံးကို ရှောင်ကြဉ်သော အလယ်အလတ်လမ်းစဉ်ကို (မဇ္ဈိမက Madhyamaka) ရည်ရွယ်ကျင့်သုံးခဲ့ကြောင်း အသိအမှတ်ပြုသော်လည်း၊ အရာအားလုံးသည် စိတ်ကူးပညတ်သက်သက် (merely conceptually constructed) ဖြစ်သည်ဟူသော နာဂဇုန၏ သဘောတရားသည် နာဂဇုန၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်စွာပင် နတ္ထိကဝါဒဆန်သော အကျိုးဆက်များဆီသို့ ဦးတည်သွားနိုင်သည်ဟု ဝေဖန်ခဲ့သည်။ ထို့ကြောင့် Burton ၏ ကျမ်းသည် နာဂဇုနကို ကာကွယ်ပေးသောကျမ်း မဟုတ်သကဲ့သို့ ပယ်ချသောကျမ်းလည်း မဟုတ်ဘဲ၊ သုညတဒဿန၏ ဒဿနိကခံနိုင်ရည်ကို ဝေဖန်ရေးမီးဖိုထဲ ထည့်စစ်သော လေ့လာချက်ဖြစ်သည်။ ဤနှစ်ဖက်မြင်ရပ်တည်ချက်ကြောင့်ပင် သူ၏ကျမ်းသည် သုညတကျင့်ဝတ်ပြဿနာကို လေ့လာရာတွင် အထူးတန်ဖိုးရှိသော ရင်းမြစ်ဖြစ်နေခြင်း ဖြစ်သည်။

နာဂဇုန၏ ခုခံချေပမှု- သစ္စာနှစ်ပါးမူဘောင်နှင့် ကျင့်ဝတ်၏ဖြစ်နိုင်ခြေ

နတ္ထိကဝါဒစွပ်စွဲချက်ကို နာဂဇုနသည် စွပ်စွဲသူများက သုညတ၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အသုံးဝင်ပုံကို နားမလည်ကြောင်း ထောက်ပြခြင်းဖြင့် စတင်ချေပပြီး (MMK 24.7)၊ သူ၏ ဒဿနစနစ်၏ ကျောရိုးဖြစ်သော သစ္စာနှစ်ပါးမူဘောင် (the two truths / dve satye) ကို ချမှတ်တင်ပြသည်။ MMK 24.8–10 လာ ဤဂါထာသုံးပုဒ်သည် နာဂဇုန၏ မဇ္ဈိမကဒဿနတစ်ခုလုံး၏ သော့ချက်ဖြစ်သည်ဟု ပညာရှင်များက သဘောတူကြသည်။ ယင်းဂါထာများ၏ အနက်မှာ၊

"မြတ်စွာဘုရားရှင်တို့၏ တရားဟောကြားမှုသည် သစ္စာနှစ်ပါးကို အခြေခံထား၏။ ယင်းတို့မှာ လောကသမ္မုတိသစ္စာ (loka-saṃvṛti-satya) နှင့် ပရမတ္ထသစ္စာ (paramārtha-

satya) တို့တည်း။ ဤသစ္စာနှစ်ပါး၏ ကွဲပြားခြားနားမှုကို မသိနားမလည်သူတို့သည် ဗုဒ္ဓဒေသနာတော်၏ နက်နဲသောသဘောကို မသိနားမလည်နိုင်ကြ။ လောကီသုံးစကားအလေ့အထ (vyavahāra) ကို အခြေမပြုဘဲ ပရမတ္ထသဘောကို ဟောကြား၍မရ။ ပရမတ္ထသဘောကို မျက်မှောက်မပြုဘဲ နိဗ္ဗာန်ကို မရနိုင်။" (MMK 24.8–10)

ဟူ၍ ဖြစ်သည်။ ဤမူဘောင်အရ သုညတသည် ပရမတ္ထအဆင့်၌ ပင်ကိုယ်ဖြစ်တည်မှုကို ငြင်းပယ်ခြင်းဖြစ်ပြီး၊ သမ္မုတိအဆင့်ရှိ ကံ၊ ကံ၏အကျိုး၊ သီလကျင့်ဝတ်နှင့် လွတ်မြောက်ရေးလမ်းစဉ်တို့၏ လက်တွေ့တည်ရှိလုပ်ဆောင်မှုကို ဖျက်ဆီးခြင်း မဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ကျင့်ဝတ်လမ်းစဉ် (vyavahāra) သည် ပရမတ္ထသစ္စာဆီရောက်ရန်နှင့် နိဗ္ဗာန်ရရှိရန် မရှိမဖြစ်သော လမ်းကြောင်း ဖြစ်နေသည်။

နာဂါဇုန၏ ချေပမှုတွင် ဤထက်ပိုနက်သော တန်ပြန်ထိုးနှက်ချက်တစ်ရပ်လည်း ပါဝင်သည်။ MMK 24.14 တွင် *"သုညတသဘော ဖြစ်နိုင်သူအတွက် အရာအားလုံး ဖြစ်နိုင်၏။ သုညတသဘော မဖြစ်နိုင်သူအတွက် မည်သည့်အရာမျှ မဖြစ်နိုင်"* ဟူ၍လည်းကောင်း၊ MMK 24.18 တွင် *"အကြင်ပဋိစ္စသမုပ္ပါဒ်သည် ရှိ၏။ ထိုသဘောကိုပင် ငါတို့ သုညတဟုခေါ်၏။ ယင်းသည် အမှီပြုပညတ် (prajñaptir upādāya) ဖြစ်၍ ယင်းသည်ပင် မဇ္ဈိမပဋိပဒါတည်း"* ဟူ၍လည်းကောင်း ဟောကြားထားသည်။ ဆိုလိုသည်မှာ သုညတသည် ပဋိစ္စသမုပ္ပါဒ်နိယာမ၏ အခြားတစ်ဖက်မျက်နှာစာသာဖြစ်ပြီး၊ အရာရာ အကြောင်းအကျိုးဆက်စပ်၍ ဖြစ်ပေါ်ပြောင်းလဲနိုင်ခြင်း၏ ဒဿနိကအခြေခံပင် ဖြစ်နေသည်။ Gethin က ဤအချက်ကို ရှင်းလင်းရာတွင် သုညတသည် အရာအားလုံးကို ဖျက်ဆီးပစ်ခြင်းမဟုတ်ဘဲ အရာအားလုံး၏ အမှန်တကယ်

ဖြစ်တည်လှုပ်ရှားပြောင်းလဲနိုင်မှုကို ဖြစ်နိုင်စေသော အခြေခံသဘောဖြစ်ကြောင်း တင်ပြထားသည်။

ဤငြင်းချက်ကို ကျင့်ဝတ်ဗေဒဘက်သို့ တိုက်ရိုက်ချိတ်ဆက်လျှင် အနှစ်သာရမှာ ဤသို့ဖြစ်သည်။ အကယ်၍ လူပုဂ္ဂိုလ်တို့၌ မပြောင်းလဲနိုင်သော ပင်ကိုယ်အနှစ်သာရ (svabhāva) သာ ရှိနေပါက၊ လောဘသည် ထာဝရလောဘ၊ ဒေါသသည် ထာဝရဒေါသ ဖြစ်နေရမည်ဖြစ်၍ သီလကျင့်ကြံခြင်းဖြင့် စရိုက်ပြုပြင်ပြောင်းလဲရေးသည် ဒဿနိကအရ မဖြစ်နိုင်တော့ပေ။ အရာရာသည် ပင်ကိုယ်သဘောမှ ဆိတ်သုဉ်းပြီး အကြောင်းအကျိုးအမှီသဟဲဖြင့် အဆက်မပြတ်ပြောင်းလဲနေသောကြောင့်သာလျှင် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်ခြင်း၊ သီလဆောက်တည်ခြင်းနှင့် ဘာဝနာပွားများခြင်းတို့က စစ်မှန်သောစရိုက်ပြောင်းလဲမှုနှင့် လွတ်မြောက်မှုကို ဖြစ်ထွန်းစေနိုင်ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် နာဂါဇုန၏အမြင်၌ သုညတသည် ကျင့်ဝတ်၏ ဖြစ်နိုင်ခြေကို ဖျက်ဆီးသည့်အရာမဟုတ်ဘဲ ကျင့်ဝတ်ကို ဖြစ်နိုင်စေသည့် လိုအပ်ချက် (transcendental condition) ပင် ဖြစ်နေသည်။

သုညတကျင့်ဝတ်၏ အားသာချက်နှင့် အားနည်းချက်

နာဂါဇုန၏ ခုခံချေပမှုအပေါ် Burton ၏ အကဲဖြတ်ချက်သည် နှစ်ဖက်မျှတသည်။ အားသာချက်ဘက်မှကြည့်လျှင် သုညတဒဿနသည် အတ္တဗဟိုပြုစွဲလမ်းမှု (egoism) ကို ဒဿနိကအမြစ်မှစ၍ ချေမှုန်းပေးသည်။ "ငါ" ဟူသော အစိုင်အခဲမပြောင်းလဲသည့် အတ္တမရှိကြောင်း ထိုးထွင်းသိမြင်သွားသောအခါ "ငါ့အကျိုး" နှင့် "သူတစ်ပါးအကျိုး" အကြား ပိုင်းခြားထားသော စည်းဘောင်များ ပျော်ဝင်သွားပြီး၊ အတ္တတွက်ချက်မှုကင်းသော စစ်မှန်သည့် ကရုဏာနှင့် ပရဟိတစိတ်ဓာတ် သဘာဝကျစွာ စီးဆင်းလာနိုင်သည်။ ဤရှုထောင့်အရ သုညတသည် မဟာကရုဏာ၏ ဒဿနိကအခြေခံအုတ်မြစ်ဖြစ်ပြီး၊

မဟာယာနစနစ်တွင် ပညာ (prajñā) နှင့် ကရုဏာ ကို ဒွန်တွဲထားရသည့် အကြောင်းရင်းလည်း ဖြစ်သည်။

သို့ရာတွင် Burton သည် စိုးရိမ်ဖွယ်အားနည်းချက်တစ်ရပ်ကိုလည်း အလေးအနက် ထောက်ပြသည်။ အရာရာသည် သမ္မုတိအဆင့်၌သာ တည်ရှိပြီး ပရမတ္ထအဆင့်တွင် သုညဖြစ်သည်ဟူသော ဒဿနကို ဉာဏ်ပညာမရင့်ကျက်သေးသော ကျင့်ကြံသူများက လွဲမှားစွာနားလည်ပါက၊ "မည်သည့်လုပ်ရပ်မျှ အဆုံးစွန်၌ အရေးမကြီးတော့ပေ။ ကောင်းမှုပြုသည်ဖြစ်စေ မကောင်းမှုပြုသည်ဖြစ်စေ အားလုံးသုညသာဖြစ်သည်" ဟူသော ကျင့်ဝတ်ဆိုင်ရာလျစ်လျူရှုမှုနှင့် စည်းကမ်းပယ်ဖျက်ဝါဒ (ethical laxity / antinomianism) ဘက်သို့ လွဲချော်သွားနိုင်သည့် အန္တရာယ် အမှန်တကယ်ရှိနေသည်။ Keown ကလည်း သုညတဒဿနကို လွဲမှားစွာအနက်ဖွင့်ခြင်းသည် ကျင့်ဝတ်ဆိုင်ရာရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပြီး ဗုဒ္ဓဘာသာကျင့်ဝတ်၏ ရည်မှန်းချက်ဖြစ်သော ကောင်းကျိုးချမ်းသာဆီ ဦးတည်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း အလားတူသတိပေးထားသည်။

မှတ်သားဖွယ်ကောင်းသည်မှာ ဤအန္တရာယ်ကို နာဂါဇုနကိုယ်တိုင်က ကြိုတင်မြင်နှင့်ပြီးဖြစ်ခြင်းပင်ဖြစ်သည်။ MMK 24.11 တွင်၊

"လွဲမှားစွာရှုမြင်အပ်သော သုညတသည် ဉာဏ်နှသောသူကို ဖျက်ဆီးတတ်၏။ မကျွမ်းကျင်စွာ ဖမ်းဆုပ်မိသောမြွေ သို့မဟုတ် မှားယွင်းစွာရွတ်ဆိုသော မန္တရားကဲ့သို့တည်း။" (MMK 24.11)

ဟူ၍ ဟောကြားထားရာ၊ ဤကျော်ကြားသောမြွေဥပမာသည် သုညတပညာကို ကိုင်တွယ်ရာတွင် လိုအပ်သော ဉာဏ်ရင့်ကျက်မှုနှင့် သတိထားမှုကို ထင်ရှားစေသည်။ Burton ကလည်း ဤသတိပေးချက်၏ လက်တွေ့အရေးပါမှုကို သူ၏ဝေဖန်ဆန်းစစ်မှုတွင် အလေးအနက် ထောက်ခံအတည်ပြုထားသည်။ ထို့ကြောင့် သုညတဒဿနနှင့်

ကျင့်ဝတ်ဗေဒ၏ ဆက်ဆံရေးသည် ဒဿနသီအိုရီပြဿနာသက်သက်မဟုတ်ဘဲ၊ တရားနည်းလမ်းကျသော သင်ကြားလမ်းညွှန်မှုနှင့် ကျင့်ကြံသူ၏ ဉာဏ်အဆင့်ကို ထည့်သွင်းစဉ်းစားရသည့် ဓမ္မပညာပေးရေးပြဿနာ (pedagogical problem) လည်း ဖြစ်နေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ နာဂါဇုန၏ လက်တွေ့ကျင့်ဝတ်သွန်သင်မှုများကို ထောက်ရှုခြင်းသည်လည်း အထောက်အကူဖြစ်သည်။ နာဂါဇုနသည် ဒဿနိကသက်သက်သာ ပြုခဲ့သူမဟုတ်ဘဲ၊ ရတနာဝလီ (Ratnāvalī) ကဲ့သို့သောကျမ်းများတွင် မင်းတစ်ပါးအား ဒါန၊ သီလ၊ ခန္တီစသော လက်တွေ့ကျင့်ဝတ်များကို အသေးစိတ်သွန်သင်ခဲ့သည့် ကျင့်ဝတ်ဆရာလည်းဖြစ်သည်။ ဤအချက်က နာဂါဇုန၏ ကိုယ်ပိုင်ရည်ရွယ်ချက်သည် ကျင့်ဝတ်ပယ်ဖျက်ရေး လုံးဝမဟုတ်ကြောင်း သမိုင်းအထောက်အထားအရ ခိုင်မာစွာ သက်သေပြသည်။

သုညတနှင့် ကရုဏာတရား၏ ဆက်စပ်မှု

သုညတဒဿန၏ ကျင့်ဝတ်ဆိုင်ရာ အပြုသဘောဆောင်သောရှုထောင့်ကို ခေတ်သစ်ပညာရှင်များက ပိုမိုစနစ်ကျစွာ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ (Charles Goodman သည် Consequences of Compassion တွင်) သုညတသိမြင်မှုသည် စကြဝဠာအလုံးစုံလွှမ်းခြုံသော ကရုဏာသဘောထား ပျိုးထောင်ရေး၏ ဒဿနိကအခြေခံဖြစ်ကြောင်း အကျိုးဆက်ဝါဒရှုထောင့်မှ တင်ပြထားသည်။ Jay L. Garfield ကမူ ဗုဒ္ဓကျင့်ဝတ်ပညာကို အနောက်တိုင်းကျင့်ဝတ်သီအိုရီပုံစံခွက်များထဲ အတင်းထည့်သွင်းခြင်းထက် ကိုယ်ကျင့်တရားဖြစ်စဉ်ဗေဒ (moral phenomenology) အဖြစ် နားလည်သင့်ကြောင်းနှင့်၊ သုညတထိုးထွင်းသိမြင်မှုသည် အတ္တဗဟိုပြုအမြင် (egocentric perspective) ကို ဖြေလျှော့ဖျက်သိမ်းပေးခြင်းဖြင့် ကရုဏာတရားကို

သဘာဝကျစွာ ပေါ်ထွန်းစေကြောင်း တင်ပြသည်။ Garfield ၏ ဤအမြင်အရ သုညတနှင့် ကရုဏာသည် အကြောင်းအကျိုးဆက်စပ်နေသော ဒွန်တွဲသဘောတရားများဖြစ်ပြီး၊ ပညာမပါသောကရုဏာသည် မျက်စိကန်းသကဲ့သို့ ကရုဏာမပါသောပညာသည်လည်း ခြောက်သွေ့သည်။

The Cowherds ပညာရှင်အဖွဲ့၏ Moonpaths: Ethics and Emptiness (2015) စာအုပ်သည် ဤဆက်စပ်မှုကို ရှုထောင့်အစုံဆုံးဖြင့် ဆန်းစစ်ထားသော ခေတ်သစ်လေ့လာချက်ဖြစ်သည်။ ယင်းစာအုပ်လာ ဆွေးနွေးချက်များအရ သုညတနားလည်မှုနှင့် ကရုဏာပွားများမှုတို့သည် လမ်းကြောင်းနှစ်သွယ်ဆက်သွယ်မှု (two-way relationship) ရှိသည်။ သုညတကို နက်ရှိုင်းစွာနားလည်ခြင်းက အတ္တစွဲကိုဖြေလျှော့ပေးပြီး ကရုဏာကို ပျိုးထောင်ပေးသကဲ့သို့၊ ကရုဏာကျင့်ကြံအားထုတ်ခြင်းကလည်း အတ္တပရဲခြားမှု လျော့ပါးစေခြင်းဖြင့် သုညတကို ပိုမိုနက်ရှိုင်းစွာ သိမြင်လာစေသည်။ ထို့ပြင် ယင်းကျမ်းက သမ္မုတိသစ္စာ၏ အဆင့်အတန်းကို မည်သို့နားလည်သည်ပေါ် မူတည်၍ မဇ္ဈိမကကျင့်ဝတ်၏ ခိုင်မာမှုအတိုင်းအတာ ကွဲပြားနိုင်ကြောင်းကိုလည်း ရိုးသားစွာ ထောက်ပြထားသဖြင့်၊ သုညတကျင့်ဝတ်ပြဿနာသည် အပြီးအပိုင်ဖြေရှင်းပြီးသားပြဿနာမဟုတ်ဘဲ ဆက်လက်သုတေသနပြုနေရဆဲ နယ်ပယ်ဖြစ်ကြောင်း ထင်ရှားစေသည်။

မကြာသေးမီနှစ်များအတွင်း ထွက်ပေါ်လာသော အရေးပါသည့်လေ့လာချက်တစ်ရပ်မှာ Rafal K. Stepien ၏ Buddhism Between Religion and Philosophy: Nāgārjuna and the Ethics of Emptiness (Oxford University Press, 2024) ဖြစ်သည်။ Stepien ၏ အဆိုအရ နာဂါဇုန၏ "အမြင်စွဲအားလုံးစွန့်လွှတ်ရေး" သွန်သင်ချက်သည် ဒဿနိကအရ ရှေ့နောက်ညီညွတ်မှုရှိရုံသာမက ကျင့်ဝတ်ဆိုင်ရာ

အကျိုးဆက်များပါ ကြွယ်ဝသည်။ *အမြင်စွဲလမ်းမှု (ဒိဋ္ဌိဂါဟ dṛṣṭi-grāha) သည် ငြင်းခုံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုတို့၏ အရင်းအမြစ်ဖြစ်သဖြင့်၊ အမြင်စွဲကိုစွန့်လွှတ်သော သုညတကျင့်စဉ်သည် ငြိမ်းချမ်းရေးကျင့်ဝတ် (eirenics) တစ်ရပ်ကို ဖွင့်လှစ်ပေးသည်။* သို့သော် Stepien ကလည်း ဤငြိမ်းချမ်းရေးကျင့်ဝတ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် သီလနှင့်ပညာကို ဟန်ချက်ညီစွာ ပေါင်းစပ်ကျင့်ကြံရေး၏ အရေးပါမှုကို အလေးပေးထားသည်။ ထိုနည်းတူ Shyam Ranganathan ကလည်း နာဂါဇုန၏ မဇ္ဈိမလမ်းစဉ်သည် နတ္ထိကဝါဒနှင့် သဿတအစွန်းရောက်ဝါဒ (absolutism) နှစ်ဖက်စလုံးကို ရှောင်ကြဉ်သော ကျင့်ဝတ်ရပ်တည်ချက်ဖြစ်ကြောင်းနှင့် ကိုယ်ကျင့်တရားအတွေ့အကြုံကို ၎င်း၏ကိုယ်ပိုင်သွင်ပြင်များဖြင့် နားလည်စေသည့် ဒဿနိကချဉ်းကပ်နည်းဖြစ်ကြောင်း ဆန်းစစ်တင်ပြထားသည်။

နိဂုံး

ဤတွင် တွေ့ရှိချက်များကို အနှစ်ချုပ်ရလျှင် အချက်သုံးရပ် ထွက်ပေါ်လာသည်။ ပထမအချက်မှာ နာဂါဇုန၏ ကိုယ်ပိုင်ရည်ရွယ်ချက်နှင့် ဒဿနစနစ်တွင်း ယုတ္တိဗေဒအရ သုညတဝါဒသည် ကျင့်ဝတ်ဖျက်ဆီးရေးဝါဒ မဟုတ်ခြင်းဖြစ်သည်။ MMK 24.8–10 လာ သစ္စာနှစ်ပါးမူဘောင်အရ သုညတသည် ပရမတ္ထအဆင့်၌ ပင်ကိုယ်ဖြစ်တည်မှုကို ငြင်းပယ်ခြင်းသာဖြစ်ပြီး၊ သမ္မုတိသစ္စာနယ်ပယ်အတွင်း ကံတရားနှင့် သီလကျင့်စဉ်တို့၏ လုပ်ဆောင်နိုင်စွမ်းကို အပြည့်အဝ တန်ဖိုးထားထိန်းသိမ်းထားသည်။ ထို့ထက်ပိုလျှင် MMK 24.14 နှင့် 24.18 လာ ငြင်းချက်များအရ သုညတသည် ပြောင်းလဲမှုနှင့် ကျင့်ကြံပွားများမှုတို့ကို ဒဿနိကအရ ဖြစ်နိုင်စေသည့် အခြေခံအုတ်မြစ်ပင်ဖြစ်နေသည်။

ဒုတိယအချက်မှာ သုညတဒဿန၏ ကျင့်ဝတ်ဆိုင်ရာ အပြုသဘောတန်ဖိုးဖြစ်သည်။ သုညတထိုးထွင်းသိမြင်မှုသည် အတ္တဗဟိုပြုစွဲလမ်းမှုကို အမြစ်မှချေမှုန်းပေးခြင်းဖြင့် အတ္တတွက်ချက်မှုကင်းသော မဟာကရုဏာ၏ ပေါက်ဖွားရာဖြစ်သည်ဟု Goodman, Garfield, The Cowherds နှင့် Stepien တို့အပါအဝင် ခေတ်သစ်ပညာရှင်အများစုက သဘောတူညီကြသည်။ ဤအမြင်အရ ပညာနှင့်ကရုဏာသည် လမ်းကြောင်းနှစ်သွယ်ဖြင့် အပြန်အလှန်ပျိုးထောင်ပေးနေသော ဒွန်တွဲတရားများဖြစ်ပြီး၊ သုညတသည် ကိုယ်ကျင့်တရားကို ဖျက်ဆီးသည့်အစား အတ္တစွဲကိုသာ ဖျက်ဆီး၍ မေတ္တာကရုဏာကို အဆီးအတားကင်းစွာ စီးဆင်းစေသည်။

တတိယအချက်မှာ Burton ၏ ဝေဖန်ဆန်းစစ်မှုက မီးမောင်းထိုးပြသော လက်တွေ့သတိပေးချက်ဖြစ်သည်။ ဒဿနစနစ်တစ်ရပ်၏ ရည်ရွယ်ချက်ကောင်းမွန်မှုသည် ယင်းကို လွဲမှားစွာနားလည်ခြင်းမှ ဖြစ်ပေါ်လာနိုင်သော ကျင့်ဝတ်ပျက်ပြားမှုအန္တရာယ်ကို အလိုအလျောက် မကာကွယ်နိုင်ပေ။ ဉာဏ်ပညာမရင့်ကျက်ဘဲ သုညတကို ကိုင်တွယ်ခြင်းသည် မကျွမ်းကျင်ဘဲ မြွေဆိုးကိုဖမ်းဆုပ်ခြင်းကဲ့သို့ မိမိကိုယ်ကိုသာ ပြန်လည်ဖျက်ဆီးမည်ဟူသော နာဂါဇုနကိုယ်တိုင်၏ သတိပေးချက် (MMK 24.11) သည် ယနေ့တိုင် အသက်ဝင်နေဆဲဖြစ်သည်။ ထို့ကြောင့် သုညတပညာကို သီလစောင့်စည်းမှုတည်းဟူသော သမ္မုတိကျင့်စဉ်များနှင့် ဒွန်တွဲ၍ လက်တွေ့ကျကျ ကျင့်သုံးသွားရမည်ဖြစ်ကြောင်း နိဂုံးချုပ်အပ်ပါသည်။ နာဂါဇုန၏ သုညတဒဿနသည် မှန်ကန်စွာနားလည်ကျင့်သုံးပါက ကျင့်ဝတ်စနစ်ကို ဖျက်ဆီးသည့်ဝါဒမဟုတ်ဘဲ၊ အတ္တစွဲလမ်းမှုကို ဖြိုဖျက်ကာ ပညာနှင့်ကရုဏာ ဒွန်တွဲထွန်းကားစေသည့် ကိုယ်ကျင့်တရားဆိုင်ရာ အသွင်ပြောင်းလမ်းစဉ်ကြီးတစ်ရပ် ဖြစ်သည်။

ကျမ်းကိုးစာရင်း

[1] Westerhoff, Jan. Nāgārjuna's Madhyamaka: A Philosophical Introduction. New York: Oxford University Press, 2009.

[2] Williams, Paul (with Anthony Tribe). Buddhist Thought: A Complete Introduction to the Indian Tradition. London: Routledge, 2000.

[3] Gethin, Rupert. The Foundations of Buddhism. Oxford: Oxford University Press, 1998.

[4] Burton, David F. Emptiness Appraised: A Critical Study of Nāgārjuna's Philosophy. Richmond: Curzon Press, 1999.

[5] The Cowherds. Moonpaths: Ethics and Emptiness. New York: Oxford University Press, 2015.

[6] Garfield, Jay L. The Fundamental Wisdom of the Middle Way: Nāgārjuna's Mūlamadhyamakakārikā. New York: Oxford University Press, 1995.

[7] Griffiths, Paul J. "Review of Emptiness Appraised: A Critical Study of Nagarjuna's Philosophy by David F. Burton." Journal of Buddhist Ethics 7 (2000).

[8] Thakchoe, Sonam. "The Theory of Two Truths in India." The Stanford Encyclopedia of Philosophy (Summer 2022 Edition), Edward N. Zalta (ed.).

[9] Berger, Douglas. "Nāgārjuna (c. 150—c. 250)." Internet Encyclopedia of Philosophy.

[10] Tilakaratne, Asanga. Buddhist Philosophy, Volume 1. Colombo: Buddhist Cultural Centre.

[11] Goodman, Charles. Consequences of Compassion: An Interpretation and Defense of Buddhist Ethics. New York: Oxford University Press, 2009.

[12] Keown, Damien. The Nature of Buddhist Ethics. Basingstoke: Palgrave, 2001 (first published 1992).

[13] Siderits, Mark and Shōryū Katsura. Nāgārjuna's Middle Way: Mūlamadhyamakakārikā. Boston: Wisdom Publications, 2013.

[14] Garfield, Jay L. Buddhist Ethics: A Philosophical Exploration. New York: Oxford University Press, 2021.

[15] Stepien, Rafal K. Buddhism Between Religion and Philosophy: Nāgārjuna and the Ethics of Emptiness. New York: Oxford University Press, 2024.

[16] Ranganathan, Shyam. "Nāgārjuna and Madhyāmaka Ethics." In The Bloomsbury Research Handbook of Indian Ethics, edited by Shyam Ranganathan. London: Bloomsbury Academic, 2017.

(၁၅) အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ် (Fact and Value Distinction)

(အနောက်တိုင်း အသိပညာဗေဒနှင့် ဗုဒ္ဓဘာသာကျင့်ဝတ်စနစ် နှိုင်းယှဉ်ချက်)

"ဖြစ်တည်မှုနှင့် ဖြစ်သင့်မှု" (Is-Ought) ပြဿနာ

ခေတ်သစ်အနောက်တိုင်း ဒဿနိကဗေဒတွင် အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ် (Fact/Value Dichotomy) သည် အလွန်အငြင်းပွားဖွယ်ကောင်းသော ပြဿနာတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် ဒေးဗစ်ဟျူးမ် (David Hume) ၏ "ဖြစ်တည်မှု (Is) မှ ဖြစ်သင့်မှု (Ought) ကို ကောက်ချက်ချ၍ မရနိုင်" ဟူသော သီအိုရီနှင့် ယုတ္တိဗေဒအပြုသဘောဝါဒ (Logical Positivism) ၏ ခံစားချက်အခြေပြုဝါဒ (Emotivism) တို့ကြောင့်၊ ဓမ္မဓိဋ္ဌာန်ကျသော အတွေ့အကြုံအခြေပြု အချက်အလက်များ (Empirical facts) နှင့် ပုဂ္ဂလဓိဋ္ဌာန်ကျသော စိတ်ခံစားမှုဆိုင်ရာ တန်ဖိုးများ (Subjective values) အကြား ပြတ်သားသော နယ်နိမိတ်တစ်ခုကို အနောက်တိုင်းပညာရှင်များက သတ်မှတ်ခဲ့ကြသည်။

ရှေးဦးဗုဒ္ဓဘာသာသည် ဤပြဿနာကို ခေတ်သစ်အနောက်တိုင်း အသိပညာဗေဒ (Epistemology) ၏ ဝေါဟာရများအတိုင်း တိုက်ရိုက်ဆွေးနွေးထားခြင်းမရှိသော်လည်း၊ ပါမောက္ခ Asanga Tilakaratne ၏ သုံးသပ်ချက်အရ ၎င်း၏ ကျင့်ဝတ်စနစ်သည် လက်တွေ့အရှိတရား (Factual reality) နှင့် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုး (Moral value) တို့ကို ထူးခြားဆန်းသစ်စွာ ဟန်ချက်ညီညီ ပေါင်းစပ်ထားကြောင်း တွေ့ရှိရသည်။

ပြတ်သားသော အချက်အလက်နှင့် တန်ဖိုး ကွဲပြားမှုစနစ်ကို ခြင်းပယ်ခြင်း

အနောက်တိုင်း၏ တာဝန်သိကျင့်ဝတ်ပညာ (Deontological ethics) နှင့် ဆင်ခြင်တုံတရားအခြေပြု ကျင့်ဝတ်များတွင် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်များကို လက်တွေ့ရလဒ် အချက်အလက်များနှင့် လုံးဝကင်းလွတ်သော ယုတ္တိဗေဒစနစ်တစ်ခုအဖြစ် လောကီနယ်ပယ်နှင့် သီးခြားခွဲထုတ်လေ့ရှိသည်။ သို့သော် ရှေးဦးဗုဒ္ဓဘာသာသည် ဤကဲ့သို့သော တင်းကျပ်သည့် စနစ်ကို လုံးဝ လက်မခံပေ။

အမှန်တရားနှင့် လူသားအကျိုးစီးပွား အပြန်အလှန် ဆက်စပ်ခြင်း

ဗုဒ္ဓဘာသာတွင် လူသားတို့၏ အတွေ့အကြုံ၊ အကျိုးစီးပွားများနှင့် လုံးဝကင်းကွာနေသော "ဓမ္မဓိဋ္ဌာန်ကျသည့် အချက်အလက်သက်သက်" (Facts) ဟူ၍ သီးသန့်မရှိနိုင်ပါ။ ဘုရားရှင်၏ ဖြစ်တည်မှုအပေါ် လက်တွေ့ကျကျ ဖော်ပြချက်ဖြစ်သော အနိစ္စ နှင့် ပဋိစ္စသမုပ္ပါဒ် သဘာဝတရားများသည်၊ တည်ရှိမှု (Existence) ဟူသည်မှာ ဆင်းရဲခြင်းဖြစ်သည်ဟူသော "ဒုက္ခ" ဆိုသည့် တန်ဖိုးအကဲဖြတ်မှုနှင့် ခွဲခြား၍မရနိုင်အောင် ဒွန်တွဲ (Inseparably intertwined) နေပါသည်။

စံပြုလှုံ့ဆော်မှု (Normative Motivation)

ဆင်းရဲဒုက္ခနှင့် ၎င်း၏အကြောင်းရင်းများကို လက်တွေ့ကျကျ သိမြင်နားလည်ခြင်း (Fact) ကပင်လျှင် ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသော ကိုယ်ကျင့်တရားဆိုင်ရာ တက်ကြွလှုပ်ရှားမှု (Value / Ought) ကို သဘာဝအလျောက် တိုက်ရိုက်ဖြစ်ပေါ်စေပါသည်။ ဝိမုတ္တိခရီးလမ်း၏ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးသည် ထိုလမ်းစဉ်က ဆင်းရဲဒုက္ခများကို အမှန်တကယ် ချုပ်ငြိမ်းစေနိုင်သည်ဟူသော "လက်တွေ့အမှန်တရား" (Pragmatic reality) ပေါ်တွင်သာ အခြေခံ တည်ဆောက်ထားခြင်း ဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာ သဘာဝဝါဒနှင့် ကိုယ်ကျင့်တရား ဓမ္မဓိဋ္ဌာန်ဝါဒ

ဗုဒ္ဓဘာသာသည် ၎င်း၏ ကျင့်ဝတ်စံနှုန်းများကို အရှိတရား၏ သဘာဝပေါ်တွင် အခြေခံထားသောကြောင့် Damien Keown ကဲ့သို့သော ပညာရှင်များက ၎င်းကို "ကျင့်ဝတ်ဆိုင်ရာ သဘာဝဝါဒ" (Ethical Naturalism) နှင့် "ကိုယ်ကျင့်တရား ဓမ္မဓိဋ္ဌာန်ဝါဒ" (Moral Objectivism) အဖြစ် သတ်မှတ်ကြသည်။

ပါမောက္ခ P.D. Premasiri ၏ လေ့လာချက်အရ ဗုဒ္ဓဘာသာသည် ကိုယ်ကျင့်တရားဆိုင်ရာ ဖော်ပြချက်များကို စိတ်ခံစားမှုသက်သက် (Emotivism) အဖြစ် မရှုမြင်ပါ။ ၎င်းတို့ကို လက်တွေ့စမ်းသပ်၍ မှန်/မှား ခွဲခြားနိုင်သော ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားများ (Cognitive Judgements) အဖြစ် လက်ခံသည်။ ကျင့်ဝတ်ဆိုင်ရာ အသိပညာသည် ပုဂ္ဂိုလ်ရေး အကြိုက် (Subjective preference) ပေါ်တွင် မူတည်ခြင်းမရှိဘဲ၊ လူသားတို့၏ လုပ်ရပ်များနှင့် ၎င်းတို့၏ လက်တွေ့နောက်ဆက်တွဲ ရလဒ် (Kammic consequences) များကို စနစ်တကျ လေ့လာဆန်းစစ်ခြင်းဖြင့် ရရှိလာခြင်း ဖြစ်သည်။

အဘိဓမ္မာ ဖွင့်ဆိုချက်များအရ ကောင်းမြတ်သော သီလစရိုက်လက္ခဏာများနှင့် မကောင်းမှုဒုစရိုက်များကို "ဓမ္မတရားများ" (Dhammas) သို့မဟုတ် စိတ်၏ ဖြစ်တည်မှုဆိုင်ရာ အစစ်အမှန် ဓမ္မသဘာဝများအဖြစ် အမျိုးအစားခွဲခြားထားသည်။

ဤစရိုက်လက္ခဏာများသည် စိတ်အစဉ်အတွင်း တကယ်ရှိသော အခြေခံအရာများ ဖြစ်ကြသောကြောင့် ကုသိုလ်နှင့် အကုသိုလ်သည် လူမှုရေးအရ ဖန်တီးထားသော သဘောတူညီချက်များ (Social constructs) သက်သက်မဟုတ်ဘဲ၊ လူသားတို့၏ စိတ်ပညာဆိုင်ရာ အစစ်အမှန် အချက်အလက်များအပေါ်တွင် အခြေခံ၍ ဓမ္မဓိဋ္ဌာန်ကျကျ (Objectively) တည်ရှိနေခြင်း ဖြစ်သည်။

တန်ဖိုးများ (Values) ကို အတွေ့အကြုံအခြေပြု လူသားဖြစ်တည်မှုပေါ်(Empirical Facts)တွင် အခြေခံခြင်း

ဗုဒ္ဓဘာသာ၏ လက်တွေ့ကျသော ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများကို သက်ရှိသတ္တဝါအားလုံး ပူးတွဲပိုင်ဆိုင်ထားသည့် သဘာဝဆိုင်ရာ ဖြစ်ရပ်မှန်များ (Shared empirical facts) မှ တိုက်ရိုက်ရယူထားပါသည်။

ငါးပါးသီလ ဆောက်တည်ရခြင်း၏ ကိုယ်ကျင့်တရား တန်ဖိုးကို စိတ်ပညာဆိုင်ရာ ဖြစ်ရပ်မှန်များဖြင့် ရှင်းလင်းသက်သေပြနိုင်သည်။ ဥပမာအားဖြင့် ပါဏာတိပါတာ (သူ့အသက်သတ်ခြင်း) မှ ရှောင်ကြဉ်ရမည့် ကျင့်ဝတ်တန်ဖိုး (Values) သည် သက်ရှိသတ္တဝါအားလုံး မိမိတို့၏ အသက်ကိုချစ်မြတ်နိုးကြခြင်း၊ နာကျင်မှုကို ကြောက်ရွံ့ကြခြင်းနှင့် ပျော်ရွှင်မှုကို ရှာဖွေကြခြင်းဟူသော လက်တွေ့ကျကျ တွေ့ကြုံရသည့် သဘာဝဖြစ်ရပ်မှန် (Empirical fact) အပေါ်တွင် အခြေခံထားသည်။ မိမိကိုယ်ကို စံနှုန်းအဖြစ်ထား၍ နှိုင်းယှဉ်ဆင်ခြင်ခြင်း (Attūpanāyika Sutta) အားဖြင့် သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေခြင်းသည် မလုပ်သင့်သော ကိုယ်ကျင့်တရားအမှား (Moral wrong) ဖြစ်ကြောင်း ကိုယ်တိုင် နားလည်သဘောပေါက်စေသည်။

ဝိနည်းစည်းကမ်းများနှင့် သီလကျင့်စဉ်များကို လက်တွေ့ကျသော အခြေခံအချက်အလက်ပေါ်တွင်သာ ဆန်းစစ်အတည်ပြုပါသည်။ ဆိုလိုသည်မှာ

ထိုကျင့်စဉ်များသည် စိတ်ကို တကယ်တမ်း စင်ကြယ်စေပြီး နိဗ္ဗာန်မျက်မှောက်ပြုရေးကို အမှန်တကယ် လက်တွေ့အထောက်အကူပြုနိုင်မှု (Functional validation) ရှိ/မရှိ ဆိုသည့် အချက်ပင် ဖြစ်သည်။

ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်တွင် တန်ဖိုး (Value) ဆိုသည်မှာ ကမ္ဘာလောကကြီးအပေါ် လူသားတို့ စိတ်ကူးယဉ် Projection လုပ်၍ သတ်မှတ်ထားသော စိတ္တဇသဘောတရား သက်သက်မဟုတ်ပါ။ တန်ဖိုးဟူသည်မှာ ဖြစ်တည်မှု၊ စိတ်အစဉ်၊ နှင့် ဆင်းရဲဒုက္ခ ဟူသော လက်တွေ့ကျသည့် သဘာဝဖြစ်ရပ်မှန် အချက်အလက်များ (Factual realities of existence, consciousness, and suffering) အပေါ် လူသားတို့အနေဖြင့် ဉာဏ်ပညာဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ တုံ့ပြန်ရမည့် အခြေခံကျသော နိယာမတရားသာ ဖြစ်ပါသည်။ ထို့ကြောင့် ရှေးဦးဗုဒ္ဓဘာသာသည် David Hume ၏ Is-Ought dichotomy ကို ကျော်လွှားကာ၊ အချက်အလက်နှင့် တန်ဖိုးကို "ကျင့်ဝတ်ဆိုင်ရာ သဘာဝဝါဒ" (Ethical Naturalism) ဘောင်အတွင်း၌ ပြီးပြည့်စုံစွာ ပေါင်းစပ်ထားနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

Keown, D. (1992). *The Nature of Buddhist Ethics*. Palgrave Macmillan.

Keown, D. (2005). *Buddhist Ethics: A Very Short Introduction*. Oxford University Press.

Tilakaratne, A. (2010). *Buddhist Ethics 2: Thinking of the Foundations and Justification*. Buddhist Studies Review.

Tilakaratne, A. (2018). *Buddhist Philosophy: Volume 1*. SLABS.

(၁၆) ခန္တီ နှင့် ကိုယ်ကျင့်ပညာ

ဗုဒ္ဓဘာသာ၏ 'ခန္တီ' (သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း) သဘောတရားကို ကိုယ်ကျင့်ဒဿန သို့မဟုတ် ကျင့်ဝတ်နယ်ပယ် (Ethical Domain) မှ ဆန်းစစ်လေ့လာရာတွင်၊ ၎င်းကို ရိုးရှင်းသော စိတ်ပိုင်းဆိုင်ရာ အလေ့အထတစ်ခုအဖြစ်မှ ကျော်လွန်၍ ကိုယ်ကျင့်တရားဆိုင်ရာ ကြံ့ခိုင်မှု (Moral Resilience) ကို တည်ဆောက်ပေးသည့် အခြေခံ အုတ်မြစ်အဖြစ် ရှုမြင်ရန် လိုအပ်ပါသည်။ မဟာယာနကျမ်းဂန်များတွင် စနစ်တကျ ဖွဲ့စည်းပြဆိုထားသော ခန္တီပါရမီ၏ အပိုင်း (၃) ရပ် ခွဲခြားမှုစနစ်သည် နောက်ပိုင်းကာလ ပညာရှင်များ၏ စုစည်းမှုဖြစ်သော်လည်း၊ ယင်း၏ အခြေခံသဘောတရားများသည် ပါဠိနိကာယ်များတွင် ခိုင်မာစွာ အမြစ်တွယ်လျက်ရှိသည်ကို တွေ့ရပါသည်။ 'ခန္တီ'သည် ရိုးရှင်းစွာ အညံ့ခံခြင်းမဟုတ်ဘဲ ကြံ့ခိုင်မှု၏ အမြင့်မားဆုံးသော အဆင့်အဖြစ် "ခန္တီ ပရမံ တပေါ တိတိက္ခာ" (သည်းခံခြင်းသည် အမြတ်ဆုံးသော အကျင့်တည်း) ဟု ဓမ္မပဒ (184) တွင် အတိအလင်း ပြဆိုထားပါသည်။

ရိုးရာမဟာယာနကျမ်းဂန်များမှ ခန္ဓီပါရမီ၏ အပိုင်းသုံးပိုင်း ခွဲခြားထားမှုစနစ်ကို ဆန်းစစ်ရန်၊ ၎င်း၏ စိတ်ပညာနှင့် သိမြင်မှုဆိုင်ရာ ယန္တရားများကို ဖော်ထုတ်ရန်နှင့် ခေတ်ပြိုင် လူမှု-နိုင်ငံရေး အခင်းအကျင်း၊ ခေတ်သစ်သိပ္ပံနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုတရားမျှတမှု လှုပ်ရှားမှုများနှင့် ချိန်ထိုး၍ ၎င်း၏ ကျင့်ဝတ်ဆိုင်ရာ သတ်မှတ်ချက်များကို ပြန်လည်စိစစ် သုံးသပ် ပါမည်။

ခန္ဓီပါရမီ၏ အမျိုးအစားခွဲခြားမှု သုံးရပ်

အစောပိုင်း မဟာယာနကျမ်းများဖြစ်သော 'ပညာပါရမီတာသုတ္တန်' (Prajñāpāramitā Sūtras) ကဲ့သို့သော ကျမ်းများတွင် ပုဂ္ဂိုလ်ရေး စော်ကားမှုများကို သည်းခံခြင်းနှင့် အကြွင်းမဲ့ အမှန်တရားကို ကြောက်ရွံ့ခြင်းကင်းစွာ ရှာဖွေခြင်းဟူသော နှစ်ပိုင်းခွဲခြားသည့်စနစ်ကို ကနဦး အကြံပြုခဲ့သော်လည်း၊ နောက်ပိုင်း ကျမ်းဂန်များတွင်မူ ပိုမိုနက်ရှိုင်းရှုပ်ထွေးသော အပိုင်းသုံးပိုင်းပါ ခွဲခြားမှုစနစ်ကို ပုံဖော်ခဲ့ကြသည်။ ဤဖွဲ့စည်းပုံအရ သည်းခံခြင်း၏ နယ်ပယ်ကို အခြေခံ ရှုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိမှုမှသည် ရှုပ်ထွေးသော အသိဉာဏ်ပိုင်းဆိုင်ရာ ကြံခိုင်မှုအထိ ကျယ်ပြန့်စေသည်။

၁။ဒုက္ခဓိဝါသနခန္ဓီ

ဤအပိုင်းသည် လူသားတို့၏ ဘဝဖြစ်တည်မှုတွင် အခြေခံပါဝင်နေသော 'ဒုက္ခ' အပေါ် ရဲဝံ့စွာနှင့် မိမိဆန္ဒအလျောက် သဘောထားပြောင်းလဲရန် တောင်းဆိုသည်။ ၎င်းသည် စိတ်ပျက်အားလျော့ခြင်း၊ စိတ်ဓာတ်ပြိုကွဲခြင်း သို့မဟုတ် မတရားခံရသည်ဟူသော ခံစားချက်များဆီသို့ မယိမ်းယိုင်ဘဲ ရှုပ်ပိုင်းဆိုင်ရာ ဆင်းရဲငြိုငြင်မှုများ၊ ဆင်းရဲမွဲတေမှု၊ ကြမ်းတမ်းသော ပတ်ဝန်းကျင်၊ ရောဂါဝေဒနာနှင့် အိုခြင်း၊ သေခြင်းဟူသော ဇီဝဗေဒဆိုင်ရာ အမှန်တရားများကို ခံနိုင်ရည်ရှိသည့် စွမ်းရည်အဖြစ် ပေါ်လွင်ထင်ရှားသည်။

အစောပိုင်းကျမ်းဂန်များရှိ "အဓိဝါသန" (သည်းခံခြင်း) ဟူသော သဘောတရားနှင့် တိုက်ရိုက် တူညီပါသည်။ သဗ္ဗာသဝသုတ်(MN 2) တွင် မြတ်စွာဘုရားက ရဟန်းတော်များအနေဖြင့် အချမ်း၊ အပူ၊ ဆာလောင်မှု၊ ရေငတ်မှု၊ မှက်၊ ခြင်၊ လေ၊ နေပူစသည့် ရာသီဥတုဒဏ်များကို လည်းကောင်း၊ ပြင်းထန်၍ အသက်အန္တရာယ်ရှိသော ရုပ်ပိုင်းဆိုင်ရာ နာကျင်မှု ဝေဒနာများကို လည်းကောင်း သည်းခံရမည်ဟု ဟောကြားထားပါသည်။

၂။ အပကာရမဋ္ဌေခန္တီ

ဤသည်မှာ အခြားသော သတ္တဝါများထံမှ ပြင်ပအန္တရာယ်ပြုမှုများ၊ ချောပစ်ကဲ့ရဲမှုများ၊ လူမှုရေးအရ နှိမ့်ချဆက်ဆံမှုများ သို့မဟုတ် တိုက်ရိုက် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရချိန်တွင် မတုန်မလှုပ်သော စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှု၊ စိတ်စွမ်းအား ကြံ့ခိုင်မှုနှင့် သတိကပ်နိုင်မှုတို့ကို မွေးမြူထားနိုင်သည့် စွမ်းရည်ဖြစ်သည်။ ၎င်းသည် မုန်းတီးခြင်း၊ နာကြည်းခြင်းနှင့် လက်စားချေလိုသော လုပ်ရပ်များ ဖြစ်ပေါ်လာခြင်းကို ပြတ်သားစွာ တားမြစ်ထားပြီး၊ စိတ်ပိုင်းဆိုင်ရာ စွမ်းအင်များကို အကျိုးရှိသော နိုးကြားပွင့်လင်းမှုအတွက် သိမ်းဆည်းထားရန် လမ်းညွှန်သည်။

အစောပိုင်း ဗုဒ္ဓဘာသာကျမ်းစာများတွင် အကျယ်ပြန့်ဆုံး ဟောကြားထားသော အပိုင်းဖြစ်ပြီး၊ "တိတိက္ခာ" သို့မဟုတ် ဗျာပါဒကို မေတ္တာဖြင့် အစားထိုးခြင်းအဖြစ် တွေ့ရသည်။ ကကစူပမသုတ် (MN 21) တွင် သူခိုးဓားပြများက မိမိ၏ ခြေလက်အင်္ဂါများကို လွှဖြင့် တိုက်ဖြတ်နေစေကာမူ စိတ်တိုဖောက်ပြန်မှု မရှိစေဘဲ၊ ထိုသူများအပေါ်တွင်ပင် မေတ္တာစိတ် မွေးမြူထားနိုင်ရမည်ဟု ပြဆိုထားပါသည်။ ဤသည်မှာ သူတစ်ပါးပြုသော ဘေးအန္တရာယ်ကို အတွင်းစင်စွာ ရင်ဆိုင်ခြင်း၏ အမြင့်ဆုံးစံနှုန်း ဖြစ်သည်။ အက္ကောသသုတ် (SN 7.2) တွင် ပုဏ္ဏားတစ်ဦးက မြတ်စွာဘုရားအား

ဆဲရေးတိုင်းထွာလာသောအခါ၊ ဧည့်သည်ကို ဧည့်ခံကျွေးမွေးသော ဥပမာဖြင့် ပြန်လည်ချေပခဲ့သည်။ သူတစ်ပါး၏ ဒေါသနှင့် ဆဲရေးမှုကို မိမိက ဒေါသဖြင့် ပြန်မတုံ့ပြန်ခြင်းသည် ထိုသူ၏ လက်ဆောင်ကို "လက်မခံဘဲ ပယ်ချလိုက်ခြင်း" ဖြစ်သည်ဟု ဆိုပါသည်။ အစောပိုင်းကျမ်းဂန်များတွင် အခြားသူ၏ လုပ်ရပ်ကို ဒေါသဖြင့် တုံ့ပြန်ခြင်းသည် မိမိကိုယ်တိုင် ပြန်လည်လောင်ကျွမ်းခံရခြင်း ဖြစ်သည်ဟု ရှုမြင်သည်။ ထို့ကြောင့် ဤသည်းခံခြင်းသည် အညံ့ခံခြင်း မဟုတ်ဘဲ မိမိ၏ စိတ်အေးချမ်းမှုကို ကာကွယ်သည့် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုနည်းဗျူဟာ (Proactive Coping Strategy) တစ်ရပ် ဖြစ်သည်။

၃။ ဓမ္မနိဇ္ဈာနက္ခန္တိ (Acceptance of Ontological Reality)

အနတ္တနှင့် သုညတ (Emptiness) ကဲ့သို့သော လေးနက်သည့် ပရမတ္ထတရားများကို ကြောက်ရွံ့ခြင်းမရှိဘဲ လက်ခံနိုင်စွမ်းကို EBTs တွင် "အနုလောမိကာ ခန္တိ" (လျော်ကန်သောလက်ခံမှု) သို့မဟုတ် "ဓမ္မနိဇ္ဈာနက္ခန္တိ" (တရားကို ဆင်ခြင်လက်ခံမှု) အဖြစ် တွေ့ရှိရပါသည်။ စင်္ကီသုတ် (MN 95) တွင် အမှန်တရားကို ရှာဖွေရာ၌ ကြားနာထားသော တရားများကို ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ သဘောကျ လက်ခံခြင်း (ဓမ္မနိဇ္ဈာနက္ခန္တိ) အဆင့်ကို ရှင်းလင်းပြဆိုထားသည်။

ပုထုဇဉ်လူသားများ၏ စိတ်သည် 'ငါ' ဟူသော အတ္တ သဘောတရားအပေါ်တွင် လုံခြုံမှုကို ရှာဖွေတတ်သည်။ သို့ဖြစ်ရာ ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားများကို အမှန်အတိုင်း ရှုမြင်ရသောအခါ စိတ်သည် ထိတ်လန့်တတ်သည်။ EBTs တွင် ဤအမှန်တရားကို စိတ်ဓာတ်မကျဘဲ၊ မငြင်းပယ်ဘဲ ကြံ့ကြံ့ခံ လက်ခံနိုင်စွမ်း (Resilience against existential dread) သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ သွားရာ အရေးပါသော အသိဉာဏ်ပိုင်းဆိုင်ရာ သည်းခံမှုအဖြစ် ပြဆိုထားသည်။

အဓိဝါသန (ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်)၊ တိတိက္ခာ (လူမှုဆက်ဆံရေးဆိုင်ရာ တည်ငြိမ်မှု) နှင့် အနုလောမိကာ ခန္တီ (ပရမတ္ထတရားကို လက်ခံနိုင်မှု) ဟူသော အယူအဆများကို စနစ်တကျ အမည်ပေး အမျိုးအစားခွဲခြားထားခြင်းသာ ဖြစ်ပါသည်။ 'ခန္တီ' သည် လူသားတို့၏ ဒုက္ခပြဿနာများကို ရင်ဆိုင်ရာ၌ အရှုံးပေးခြင်းမဟုတ်ဘဲ၊ တည်ငြိမ်မှုနှင့် ပညာဉာဏ်ကို အခြေခံ၍ ကျော်လွှားနိုင်သော အမြင့်မားဆုံးသော စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု (Resilience Framework) အဖြစ် ရပ်တည်လျက်ရှိပါသည်။

စိတ်ပညာ ယန္တရားများနှင့် ဆင်ခြင်ပွားများမှုဆိုင်ရာ နည်းဗျူဟာများ

ရှုန်တိဒေဝ၏ စိတ်ပျက်အားလျော့မှုဆိုင်ရာ ချေပချက်

'ဗောဓိစရိယာဝတာရ' ကျမ်း ရှုန်တိဒေဝ၏ စိတ်ပျက်အားလျော့မှုဆိုင်ရာ ချေပချက်သည် မိမိကိုယ်ကို ဖျက်ဆီးတတ်သော စိတ်ပျက်အားလျော့မှု (ဒေါမနဿ) ကို ဖြုံခွဲရန် အလွန်ကျိုးကြောင်းဆီလျော်ပြီး ခွဲခြမ်းစိတ်ဖြာနိုင်သော နည်းဗျူဟာတစ်ရပ်ကို ပြဆိုထားသည်။ ပြဿနာအတွက် ဖြေရှင်းနည်း ရှိသည်ဆိုပါက စိတ်ပျက်နေ၍ ဘာထူးမည်နည်း (အကျိုးရှိအောင် လုပ်ဆောင်ပါ)။ ပြဿနာအတွက် ဖြေရှင်းနည်း မရှိတော့ပါက စိတ်ပျက်နေ၍ ဘာထူးမည်နည်း (ဝမ်းနည်းနေခြင်းက ဒဏ်ရာကို ပိုနက်စေရုံသာ ရှိမည်)။ အကြွင်းမဲ့ စိတ်ပျက်အားလျော့ခြင်းသည် မည်သည့်အကျိုးကျေးဇူးမျှ မရှိကြောင်း သက်သေပြခြင်းအားဖြင့်၊ ကျမ်းစာသည် ဝမ်းနည်းပူဆွေးမှုမှနေ၍ တက်ကြွစွာ သို့မဟုတ် တည်ငြိမ်စွာ လက်ခံနိုင်မှုဆီသို့ လက်တွေ့ကျကျ ပြောင်းလဲသွားစေရန် တွန်းအားပေးသည်။

ဤအယူအဆကို သလ္လသုတ် (SN 36.6) ၌ "မြားနှစ်စင်း ဥပမာ" ဖြင့် ရှင်းလင်းထားသည်။ ပြဿနာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုသည် "ပထမမြား" ဖြစ်ပြီး၊ ထိုပြဿနာအပေါ် တွေးတောပူပန်၍ ဝမ်းနည်းပူဆွေးခြင်း (ဒေါမနဿ) သည်

မိမိကိုယ်ကို ထပ်မံပစ်ခတ်လိုက်သော "ဒုတိယမြား" ဖြစ်သည်။ ဖြေရှင်း၍ရလျှင်ဖြစ်စေ၊ မရလျှင်ဖြစ်စေ စိတ်ပျက်နေခြင်းသည် ဒုတိယမြားကို စိုက်ဝင်စေရုံသာရှိမည် ဟူသော ရှန်တိဒေဝ၏ ချဉ်းကပ်မှုသည် EBTs ၏ ယောနိသော မနသိကာရ (သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခြင်း) ကို အသုံးပြု၍ ဒေါမနဿကို ဖယ်ရှားသည့် လက်တွေ့ကျသော ကျင့်စဉ်ပင် ဖြစ်ပါသည်။

ကံတရားအပေါ် အစားထိုးရှုမြင်ခြင်း

စိတ်ပိုင်းဆိုင်ရာ နာလန်ထူမှုကို မကြာခဏ အဟန့်အတားဖြစ်စေသည့် ဖြစ်တည်မှုဆိုင်ရာ မတရားခံရခြင်းဟူသော နက်ရှိုင်းသည့် ခံစားချက်ကို ကျော်လွှားနိုင်ရန်၊ ရိုးရာကျမ်းစာများသည် ကံနှင့် သံသရာ အယူအဆများအပေါ် အခြေခံ၍ အတွင်းပိုင်း အကြောင်းအရင်းခံကို ပြောင်းလဲရှုမြင်သည့် နည်းလမ်းကို အသုံးပြုကြသည်။ ခေတ်ပြိုင် တိဗက်ဆရာတော် ဂေရှေး ဆိုနမ် ရင်ချန် (Geshe Sonam Rinchen) ရှင်းလင်းပြဆိုသကဲ့သို့၊ မိမိအပေါ် ကျရောက်လာသော ဆင်းရဲဒုက္ခများသည် ယခင်က ပြုခဲ့သော မကောင်းမှုကံများ၏ အကျိုးဆက်ဖြစ်သည်ဟု ရှုမြင်ခြင်းဖြင့်၊ ဒေါသနှင့် လက်စားချေလိုစိတ်များကို လျှော့ချနိုင်သည်။ ဤရှုထောင့်သည် ပြင်ပမှ ကျူးလွန်သူကို အပြစ်တင်ခြင်းထက် မိမိ၏ ကံတရားကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို ရရှိစေသည်။

လူမှုတရားမျှတမှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း

လူမှုရေးနှင့် နိုင်ငံရေး ကျင့်ဝတ် (Social and Political Ethics) နယ်ပယ်တွင် "ခန္တီသည် မတရားမှုကို ခေါင်းငုံ့ခံခြင်းလော" ဟူသော မေးခွန်းရှိလာသည်။ ခန္တီသည် မတရားမှုကို လက်ခံခြင်းမဟုတ်ဘဲ၊ ကျူးလွန်သူ (Agent) နှင့် လုပ်ရပ် (Action) ကို ကျင့်ဝတ်အရ ခွဲခြားရှုမြင်ခြင်း ဖြစ်သည်။ အနောက်တိုင်း ကျင့်ဝတ်ဒဿနအချို့ (ဥပမာ - အရစ္စတိုတယ်)

တွင် တရားမျှတမှုအတွက် "Righteous Anger" ကို လက်ခံသော်လည်း၊ ဗုဒ္ဓဘာသာကျင့်ဝတ်တွင် ဒေါသသည် အကုသိုလ်သာဖြစ်သည်။ မတရားမှုကို ဖြေရှင်းရာတွင် မိမိ၏ စိတ်ပိုင်းဆိုင်ရာ သန့်စင်မှု (Moral Purity) ကို မည်စွန်မ်းစေဘဲ၊ ပညာနှင့် ကရုဏာကို အခြေခံ၍သာ တုံ့ပြန်ရမည်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်နည်းအရ ကျူးလွန်သူသည် အဝိဇ္ဇာနှင့် ကိလေသာ၏ သားကောင်ဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းသည် အမြင့်မားဆုံးသော ကျင့်ဝတ်ဆိုင်ရာ ရင့်ကျက်မှုဖြစ်သည်။ ဤအမြင်သည် အပြစ်ပေးခြင်း (Punitive Justice) ထက် ကုစားခြင်း (Restorative Justice) ကို ပိုမိုဦးတည်စေသည်။

Virtue Ethics နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကြံ့ခိုင်မှု (Virtue Ethics and Moral Resilience)

အကျိုးဆက်ကိုသာ ကြည့်သော Utilitarianism (အများအကျိုးပြုဝါဒ) နှင့် မတူဘဲ၊ ဗုဒ္ဓဘာသာကျင့်ဝတ်သည် လူတစ်ဦး၏ အတွင်းစိတ်နေသဘောထား အရည်အသွေး (Virtue/ ပါရမီ) ကို မြှင့်တင်ရန် ဦးတည်သည်။ ခန္တီသည် ရုပ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခများ၊ လူမှုရေးအရ နှိမ့်ချဆက်ဆံခံရမှုများနှင့် စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ကျင့်ဝတ်နှင့်မညီသော အပြုအမူများဆီသို့ လမ်းမချော်စေရန် တည့်မတ်ပေးသည့် ကြံ့ခိုင်မှုဖြစ်သည်။ ခန္တီကို ဖြည့်ကျင့်ခြင်းသည် လောကဓံတရားများအလယ်တွင် တုန်လှုပ်ခြင်းမရှိသော အရိယာပုဂ္ဂိုလ်တို့၏ အမြင့်ဆုံးသော ကိုယ်ကျင့်တရား စံနှုန်းကို ပုံဖော်ခြင်းဖြစ်သည်။ ၎င်းသည် ပြင်ပလောကကို ထိန်းချုပ်ရန် ကြိုးစားခြင်းထက်၊ မိမိ၏ အတွင်းစိတ်ကို ကိုယ်ကျင့်တရားနှင့်အညီ တည်ဆောက်ခြင်းဖြင့် အခက်အခဲများကို စနစ်တကျ ကျော်လွှားသည့် Analytical Framework တစ်ခုဖြစ်သည်။

လူသားတို့သည် အရာရာကို အဓိပ္ပာယ်သတ်မှတ်ချက်များ၊ သဘောတရားများဖြင့် ချဲ့ထွင်တွေးတောလေ့ရှိကြပြီး ၎င်းကို ပပञ္စ (သဘောတရားများဖြင့် ချဲ့ထွင်ခြင်း) ဟု ခေါ်သည်။ မဓုပိဏ္ဍိကသုတ် (MN 18) အရ ထိုပပञ္စတရားများသည် လောကနှင့် ငြင်းခုံပဋိပက္ခဖြစ်ခြင်း၏ မြစ်ဖျားခံရာဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်များသည် မည်သည့် အယူအဆမူဘောင်ကိုမျှ ခိုင်မာသည်ဟု မယူဆတော့သဖြင့် လောကနှင့် ငြင်းခုံခြင်းမရှိဘဲ မသေချာမှုများကြားတွင် အေးချမ်းစွာ နေထိုင်နိုင်ကြသည်။

ကျင့်ဝတ်နယ်ပယ်မှ ကြည့်လျှင် 'ခန္တီ' သည် ပြင်ပမှလာသော ဖိအားများကို ငုံ့ခံခြင်းမဟုတ်ဘဲ၊ မိမိ၏ ကျင့်ဝတ်စံနှုန်းများကို မားမားမတ်မတ် ကာကွယ်ခြင်း ဖြစ်သည်။ ၎င်းသည် အကြမ်းမဖက်ခြင်း၊ ကရုဏာထားခြင်းနှင့် ပညာဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို အခြေခံထားသော အမြင့်မားဆုံးသော ကိုယ်ကျင့်တရားဆိုင်ရာ ကြံ့ခိုင်မှု (Ultimate Ethical Resilience) ပင် ဖြစ်ပါသည်။

ခန္တီသည် မတရားမှုကို ခေါင်းငုံ့ခံခြင်းလော

ဗုဒ္ဓဘာသာ၏ 'ခန္တီ' ဟူသော ဝေါဟာရကို ကြားလိုက်သည်နှင့် လူအများစု ပြေးမြင်လေ့ရှိသည့် ပုံရိပ်မှာ အနိုင်ကျင့် ဗိုလ်ကျမှုများကို တုံ့ပြန်နိုင်စွမ်းမရှိဘဲ ငုံ့ခံနေခြင်း၊ သို့မဟုတ် လက်မြှောက်အရှုံးပေးခြင်း ဟူသော အားနည်းသည့် လက္ခဏာရပ်များပင် ဖြစ်သည်။ သို့သော် အစောပိုင်း ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် မြတ်စွာဘုရား၏ လက်တွေ့ဘဝ ဖြတ်သန်းမှု သမိုင်းကြောင်းများကို သေချာစွာ ဆန်းစစ်ကြည့်လျှင် 'ခန္တီ' သည် ဘာမျှမလုပ်ဘဲ ငုံ့ခံနေခြင်း (Passivity) လုံးဝမဟုတ်ကြောင်း ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။

လက်တွေ့လုပ်ဆောင်မှုနှင့် စိတ်ခံစားချက်ကို ခွဲခြားခြင်း

ဗုဒ္ဓဘာသာ၏ ခန္ဓိစံနမူနာတွင် အရေးအကြီးဆုံး သော့ချက်မှာ အတွင်းစိတ်ခံစားချက် (Affect) နှင့် ပြင်ပ လက်တွေ့တုံ့ပြန်မှု (Action) တို့ကို ပြတ်ပြတ်သားသား သီးခြားခွဲထုတ်ထားနိုင်ခြင်း ဖြစ်သည်။ လူသားတစ်ဦးအနေဖြင့် လူမှုရေးနှင့် စနစ်ပိုင်းဆိုင်ရာ မတရားမှုများကို မလွှဲမရှောင်သာ ဆန့်ကျင်တိုက်ဖျက်ရမည် ဖြစ်သော်လည်း၊ ထိုသို့ လုပ်ဆောင်ရာတွင် အခြေခံတွန်းအားသည် ဖျက်ဆီးတတ်သော 'ဒေါသမီး' လုံးဝ မဖြစ်စေရပေ။ မတရားမှုကို ဆန့်ကျင်ရာတွင် မိမိ၏စိတ်ကို ဒေါသဖြင့် ညစ်နွမ်းမခံဘဲ 'ကရုဏာ' နှင့် 'ပညာ' ကိုသာ အခြေခံရမည်ဖြစ်သည်။

ဝိနည်းပိဋကတ်တော်လာ ပတ္တနိက္ကုဇ္ဇနကံ (သပိတ်မှောက်ခြင်း) သည် ဤအချက်ကို အထင်ရှားဆုံး သက်သေပြနေသည်။ သံဃာတော်များကို စော်ကားနှိပ်စက်သော လူပုဂ္ဂိုလ်များကို သံဃာ့အဖွဲ့အစည်းက အဆက်အသွယ် ဖြတ်တောက်ခြင်း (သပိတ်မှောက်ခြင်း) သည် မတရားမှုကို ခေါင်းငုံ့မခံဘဲ ပြတ်ပြတ်သားသား၊ စနစ်တကျနှင့် အကြမ်းမဖက်သောနည်းဖြင့် ဆန့်ကျင်သည့် အရေးယူဆောင်ရွက်မှု ဖြစ်သည်။ ဤသည်မှာ ခန္ဓိကို တက်ကြွထက်မြက်သော မဟာဗျူဟာမြောက် ရင်ဆိုင်တုံ့ပြန်မှု ယန္တရား (Proactive Coping Strategy) အဖြစ် အတည်ပြုပေးနေခြင်း ဖြစ်သည်။

အမှန်တရားနှင့် စည်းကမ်းအတွက် နှုတ်ဆိတ်မနေခြင်း

မြတ်စွာဘုရားသည် မိမိတစ်ဦးတည်းအပေါ် ဆဲရေးတိုင်းထွာမှု၊ စွပ်စွဲပုတ်ခတ်မှုများ (ဥပမာ - စိဉ္စာမာဏဝိကာ၊ သုန္ဒရီပရိဗိုဇ်မ တို့၏ လုပ်ကြံစွပ်စွဲမှုများ) တွင် ရင်ဆိုင်ငြိမ်သက်ခြင်းဖြင့် သည်းခံတော်မူခဲ့သည်။ သို့သော် အမှန်တရား ကွယ်ပျောက်မည့်အရေး၊ သာသနာတော် ညှိုးနွမ်းမည့်ကိစ္စများတွင်မူ ဘယ်သောအခါမှ နှုတ်ဆိတ်၍ ငြိမ်ခံမနေခဲ့ပါ။

မဟာတဏှာသန်ဃသုတ်တွင် ဝိညာဉ်ကောင် အမြဲတည်သည်ဟု အယူမှားနေသော သာတိရဟန်းကို "မောဃပုရိသ" (အချည်းနှီးသောယောကျ်ား) ဟု သံဃာ့အလယ်တွင် ပြင်းထန်စွာ ကြိမ်းမောင်းပယ်ချခဲ့သည်။ သံဃာ့အဖွဲ့အစည်းကို သိမ်းပိုက်ခွဲထွက်ရန် ကြိုးပမ်းသော ဒေဝဒတ်အား "ခေဠာသက" (သူတစ်ပါးတံတွေးကို မျိုရသလို သူတစ်ပါးလာဘ်လာဘကို ဗိုက်ဖြည့်နေသူ) ဟု ပြတ်သားစွာ သုံးနှုန်းကာ ဆန့်ကျင်ခဲ့သည်။ မေထုန်အမှု ကျူးလွန်ခဲ့သော သုဒိန်ရဟန်းအား ပြင်းထန်စွာ ကန့်ကွက်ဆုံးမပြီး၊ သာသနာတော် ရေရှည်တည်တံ့ရေးအတွက် 'ပါရာဇိက သိက္ခာပုဒ်' ကို ချက်ချင်း ပညတ်တော်မူခဲ့သည်။ ဤသာဓကများရှိ ဘုရားရှင်၏ ပြတ်သားမှုသည် လောကီသားတို့ကဲ့သို့ ဒေါသအလျောက် တုံ့ပြန်ခြင်းမျိုး မဟုတ်ဘဲ၊ ပညာနှင့် ကရုဏာကို အခြေခံ၍ အမှားကို အမှန်ပြင်ပေးရန် ဓမ္မနည်းအရ ပြတ်သားခြင်းသာ ဖြစ်သည်။

လူမှုရေးမတရားမှုနှင့် စစ်ပွဲများကို ထိပ်တိုက်ဆန့်ကျင်ခြင်း (Confronting Social Injustice and Wars)

မြတ်စွာဘုရားသည် လောကရေးရာများတွင် အမြဲတမ်း အေးအေးလူလူ နှုတ်ဆိတ်မနေဘဲ၊ လူမှုရေးမမျှတမှုများနှင့် အသက်ဘေးအန္တရာယ်များ ကြုံလာလျှင် ကိုယ်တိုင် ကြားဝင်ဖြေရှင်း တားဆီးလေ့ရှိသည်။ ထိုခေတ် အိန္ဒိယလူ့အဖွဲ့အစည်း၌ အမြစ်တွယ်နေသော 'ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုစနစ်' ကို ငြိမ်ခံမနေဘဲ အစဉ်တစိုက် တော်လှန်ခဲ့သည်။ အမွေဥသုတ်နှင့် ဝသလသုတ်တို့တွင် "မွေးဖွားခြင်းကြောင့် သူယုတ်၊ သူမြတ် မဖြစ်နိုင်၊ မိမိ၏ အပြုအမူ (ကံ) ကြောင့်သာ ဖြစ်သည်" ဟု လူမှုရေးမတရားမှုကို ပြတ်ပြတ်သားသား စိန်ခေါ်ဝေဖန်ခဲ့သည်။

ထို့ပြင် အသက်ပေါင်းများစွာ သေကြေပျက်စီးမည့် စစ်ပွဲများတွင်လည်း လက်တွေ့ကျကျ ကြားဝင်ခဲ့သည်။ သာကီဝင်နှင့် ကောလိယမင်းတို့

ရောဟိဏီမြစ်ရေလုရာမှ စစ်ပွဲကြီးဖြစ်လုနီးပါး အခြေအနေတွင် "ရေ၏တန်ဖိုးနှင့် သွေး၏တန်ဖိုး မည်သည်က ပိုမြတ်သနည်း" ဟု မေးခွန်းထုတ်ကာ စစ်ပွဲကို တားဆီးခဲ့သည်။

ကရုဏာဖြင့် ယှဉ်ပြိုင်ခြင်း

ဗုဒ္ဓ၏ ခန္တီတရားသည် အခြားသော ဘာသာရေးခေါင်းဆောင်များအပေါ် ဆက်ဆံရာတွင် အမြင့်မားဆုံးသော ကျင့်ဝတ်စံနှုန်းအဖြစ် ပေါ်လွင်ထင်ရှားသည်။ လောကီရေးရာ ခေါင်းဆောင်များကဲ့သို့ တစ်ဖက်လူကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်း၊ ရန်သူလို သဘောထားခြင်း လုံးဝမရှိဘဲ၊ "ပုဂ္ဂိုလ်ကို လေးစားမှုပေးခြင်း" နှင့် "ဝါဒကို ကျိုးကြောင်းပြ ဝေဖန်ခြင်း" ကို တိတိကျကျ ခွဲခြားကျင့်သုံးခဲ့သည်။

ဂျိန်းဘာသာဝင် (နိဂဏ္ဌ) ဥပါလိသူဋ္ဌေး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာချိန်တွင် ချက်ချင်းလက်မခံဘဲ သေချာစွာ စူးစမ်းဆင်ခြင်ရန် အချိန်ပေးခဲ့သည်။ လက်ခံပြီးနောက်တွင်လည်း ၎င်း၏ ဆရာဟောင်းများအား ယခင်အတိုင်း ဆက်လက်လှူဒါန်း ပံ့ပိုးရန် လမ်းညွှန်ခဲ့ခြင်းသည် ဘာသာခြားခေါင်းဆောင်များ၏ ရပ်တည်မှုကို ပုဂ္ဂိုလ်ရေးအရ မဖျက်ဆီးလိုသော မဟာကရုဏာပင် ဖြစ်သည်။ ကူဋဒန္တ၊ သောဏဒဏ္ဍ စသော ဗြာဟ္မဏဆရာကြီးများနှင့် တွေ့ဆုံရာတွင် ၎င်းတို့၏ ယဇ်ပူဇော်ခြင်း (Yajna) ကို အကုန်အစင်ငြင်းပယ်ခြင်း မပြုဘဲ၊ "တိရစ္ဆာန်များကို သတ်ဖြတ်ပူဇော်ခြင်းထက် သီလဆောက်တည်ခြင်း၊ စိတ်ကို ယဉ်ကျေးအောင် လေ့ကျင့်ခြင်းသည်သာ အမြတ်ဆုံး ယဇ်ပူဇော်ခြင်းဖြစ်သည်" ဟု အဓိပ္ပာယ်အသစ် ဖွင့်ဆို ပြောင်းလဲပေးခဲ့သည်။ သစ္စက၊ ဒီဃနခ စသော ပရိဗိုဇ်များ အငြင်းအခုံပြုရန် လာသောအခါ မိမိ၏ အရှိန်အဝါဖြင့် ဖိနှိပ်ခြင်းမပြုဘဲ၊ တစ်ဖက်လူ၏ စကားကို အဆုံးထိ နားထောင်ကာ မေးခွန်းများ ပြန်လည်မေးမြန်းခြင်းဖြင့် (Socratic Method ကဲ့သို့) တစ်ဖက်လူ ကိုယ်တိုင် အမှားကို သိမြင်သွားစေရန် ဆွေးနွေးခဲ့သည်။

နိဂုံး

အချုပ်အားဖြင့်ဆိုသော် 'ခန္တီ' သည် အနိုင်ကျင့် ဗိုလ်ကျမှုများကို ခေါင်းငုံ့ခံခြင်း သို့မဟုတ် လူမှုရေးတာဝန်များကို ရှောင်လွှဲခြင်း လုံးဝ (လုံးဝ) မဟုတ်ပေ။ မိမိကိုယ်ကျိုးနှင့် သက်ဆိုင်လာပါက သည်းခံခြင်းသည် အကောင်းဆုံးဖြစ်သော်လည်း၊ အမှန်တရား၊ တရားမျှတမှုနှင့် အများအကျိုးကို ထိခိုက်လာမည့် အခြေအနေများတွင်မူ ခန္တီသည် "ဒေါသကင်းစင်စွာဖြင့် မတရားမှုကို ပြတ်သားစွာ ရင်ဆိုင်ခြင်း" ဟူသော တက်ကြွသည့် အသွင်သို့ ကူးပြောင်းသွားသည်။ မြတ်စွာဘုရား၏ လက်တွေ့ဘဝ သာဓကများက သက်သေပြနေသည်မှာ ခန္တီဟူသည် ရန်သူကို ဒေါသဖြင့် ပြန်လည်မတုံ့ပြန်ခြင်းဖြင့် ရန်သူ၏ လက်နက်ကို အသုံးမဝင်အောင် ဖျက်ဆီးပစ်ခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၊ လူမှုတရားမျှတမှုများနှင့် ကရုဏာရှေ့ထားသည့် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ရန် စိတ်၏ ကြည်လင်ပြတ်သားမှုကို အပြည့်အဝ ထိန်းသိမ်းထားခြင်းပင် ဖြစ်ပါသည်။

References

[1] Dhammapada 184

[2] Sabbāsava Sutta (MN 2)

[3] Kakacūpama Sutta (MN 21)

[4] Akkosa Sutta (SN 7.2)

[5] Caṅkī Sutta (MN 95)

[6] Salla Sutta (SN 36.6)

[7] Madhupiṇḍika Sutta (MN 18)

[8] Vinaya Piṭaka (Pattanikkujjana Kamma)

[9] Mahātaṇhāsaṅkhaya Sutta

[10] Ambaṭṭha Sutta

[11] Vasettha Sutta

[12] Bodhicaryāvatāra by Śāntideva

[13] Prajñāpāramitā Sūtras

[14] Geshe Sonam Rinchen (Contemporary Tibetan scholar)

(၁၇) ပျော်ရွှင်မှု (သုခ) သည် ကျင့်ဝတ်ဆိုင်ရာ အယူအဆတစ်ခုလား။

"ပျော်ရွှင်မှုသည် ကျင့်ဝတ်ဆိုင်ရာ အယူအဆတစ်ခုလား" ဟူသော မေးခွန်းသည် အနောက်တိုင်း ဒဿနိကဗေဒနှင့် အရှေ့တိုင်း ဗုဒ္ဓဘာသာကျင့်ဝတ်စနစ်တို့၏ အခြေခံကျသော မေးခွန်းများထဲမှ တစ်ခုဖြစ်သည်။ ဤမေးခွန်းအတွက် အဖြေသည် မည်သည့် ကျင့်ဝတ်စနစ်ကို လက်ခံသည်ဆိုသည့်အပေါ် မူတည်၍ ကွဲပြားသည်။ အချို့သော အတွေးအခေါ်ပညာရှင်များက ပျော်ရွှင်မှုသည် ကျင့်ဝတ်၏ အဓိကရည်မှန်းချက်ဖြစ်သည်ဟု ယူဆကြပြီး၊ အချို့ကမူ ၎င်းသည် ကျင့်ဝတ်၏ အခြေခံမဖြစ်နိုင်ဟု ဆန့်ကျင်ကြသည်။

ပျော်ရွှင်မှုသည် ကျင့်ဝတ်ဆိုင်ရာ အယူအဆတစ်ခုဟုတ်မဟုတ် မေးခွန်းကို ဖြေဆိုရာတွင် "ကျင့်ဝတ်ဆိုင်ရာ အယူအဆ" ဟူသော ဝေါဟာရကို ရှေးဦးစွာ ပိုင်းခြားသတ်မှတ်ရန် လိုအပ်သည်။ ဤ၌ ယင်းအယူအဆကို (က) ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် စံသတ်မှတ်ချက် (Normative Criterion) နှင့် (ခ) ကျင့်ဝတ်၏

အဆုံးစွန်သော ရည်မှန်းချက် (Teleological End) ဟူ၍ နှစ်မျိုးခွဲခြားသုံးသပ်ပါမည်။ အနောက်တိုင်း ဒဿနိကဗေဒနှင့် ဗုဒ္ဓဘာသာကျင့်ဝတ်တို့ကို နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် ပျော်ရွှင်မှုသည် ကျင့်ဝတ်၏ စံသတ်မှတ်ချက် (Criterion) မဖြစ်နိုင်သော်လည်း၊ အန္တိမရည်မှန်းချက် (End) အဖြစ်မူ မရှိမဖြစ် တည်ရှိသည် ဟူသော အဆိုကို ရှေ့တန်းတင်ပါမည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ၏ 'သုခ' အယူအဆသည် အနတ္တသဘောတရားနှင့် ဆက်စပ်နေသောကြောင့် ပုဂ္ဂလဒိဋ္ဌိခံစားချက်ထက်မြင့်သော ဗုဒ္ဓကျင့်ဝတ်၏ ထူးခြားချက်ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

အပိုင်း (က) - အနောက်တိုင်း ဒဿနိကဗေဒ ရှုထောင့်များ

၁။ အရစ္စတိုတယ်၏ ရှုထောင့် (ပျော်ရွှင်မှုသည် အဆုံးစွန်သော ကောင်းကျိုး)

အရစ္စတိုတယ်သည် Nicomachean Ethics တွင် ပျော်ရွှင်မှု (Eudaimonia) ကို လူဘဝ၏ အန္တိမပန်းတိုင်အဖြစ် သတ်မှတ်သည်။ သူ့အတွက် ပျော်ရွှင်မှုသည် ခံစားမှုသက်သက်မဟုတ်ဘဲ "ဝိညာဉ်၏ ဂုဏ်သတ္တိနှင့်အညီ ဆောင်ရွက်မှု (Activity of the soul in accordance with virtue)" ဖြစ်သည်။ ဤနေရာတွင် အရစ္စတိုတယ်၏ အယူအဆသည် ကျင့်ဝတ်၏ စံနှုန်းနှင့် ရည်မှန်းချက်ကို ပေါင်းစပ်လိုက်သောကြောင့်၊ သီလရှိခြင်းနှင့် ပျော်ရွှင်ခြင်းသည် အဓိပ္ပာယ်တူညီသွားသည့် သံသရာဆန်သော ငြင်းခုံချက် (Tautological argument) ဖြစ်သွားနိုင်သည်။ ဆိုလိုသည်မှာ သီလရှိမှသာ ပျော်ရွှင်နိုင်ပြီး၊ ပျော်ရွှင်သည်ဟု ဆိုရာတွင် သီလရှိမှသာ ဖြစ်သည်ဟု ဆိုသောအခါ လွတ်လပ်သော တိုင်းတာမှုစံနှုန်း (Independent criterion) မရှိတော့ပေ။ ဤအချက်သည် ပျော်ရွှင်မှုကို ကျင့်ဝတ်၏ အခြေခံအဖြစ် သတ်မှတ်ရန် အားနည်းချက်တစ်ရပ် ဖြစ်စေသည်။

၂။ အီမန်နျူရယ် ကန့်၏ ကတိကျမှုဝါဒ (Deontology)

ဤအချက်နှင့် ဆန့်ကျင်ဘက်အားဖြင့် ကန့်က Groundwork of the Metaphysics of Morals တွင် “ကောင်းသောဆန္ဒ (Good Will)” ကိုသာ ကန့်သတ်ချက်မရှိ ကောင်းမြတ်သည့် တစ်ခုတည်းသော အရာအဖြစ် သတ်မှတ်ပြီး ပျော်ရွှင်မှုကို ငြင်းပယ်သည်။ ကန့်၏ အဆိုအရ ပျော်ရွှင်မှုကို အခြေခံသော ကျင့်ဝတ်သည် အတွေ့အကြုံအပေါ်မူတည်သော (Empirical) သဘောရှိသဖြင့် စကြဝဠာကျင့်ဝတ်ဥပဒေ (Categorical Imperative) ဖြစ်မြောက်ရန် ပျက်ကွက်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ကန့်သည် မိမိကိုယ်ကို ပျော်ရွှင်အောင်ထားရန် “သွယ်ဝိုက်သောတာဝန် (Indirect duty)” ရှိသည်ဟု ဝန်ခံထားသည်။ ဤအချက်သည် အလွန်အရေးကြီးသော ကွက်လပ်တစ်ခုကို ဖော်ထုတ်ပေးသည်။ ကန့်သည် ပျော်ရွှင်မှုကို ကျင့်ဝတ်၏ လှုံ့ဆော်မှု (Motive) အဖြစ် ပယ်ချသော်လည်း ကျင့်ဝတ်ကျင့်သုံးပြီးနောက် ရရှိလာသော အကျိုးဆက် (Consequence) အဖြစ်မူ လက်ခံထားသည်။ ထို့ကြောင့် ကန့်၏ စနစ်တွင်ပင် ပျော်ရွှင်မှုသည် ကျင့်ဝတ်၏ အရံအယူအဆ (Peripheral concept) အဖြစ် ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။

၃။ အများအကျိုးပြုဝါဒ (Utilitarianism) ၏ စံသတ်မှတ်ချက်

ဂျရယ်မီ ဘန်သမ်နှင့် ဂျွန်စတွာ့ မီးလ်တို့၏ အများအကျိုးပြုဝါဒသည် ပျော်ရွှင်မှုကို ကျင့်ဝတ်၏ အခြေခံအုတ်မြစ် (Foundation) အဖြစ် အပြည့်အဝ လက်ခံသည်။ “အများဆုံးသော လူအများအတွက် အများဆုံးသော ပျော်ရွှင်မှု” သည် ကောင်းမှုကို တိုင်းတာသည့် စံနှုန်းဖြစ်သည်။ သို့သော် ဤစံနှုန်း၏ အဓိကကျသော ပြဿနာမှာ တိုင်းတာနိုင်မှု (Measurability) နှင့် အရည်အသွေး နှိုင်းယှဉ်မှု (Qualitative comparison) ဖြစ်သည်။ မီးလ်က အရည်အသွေးမြင့် ပျော်ရွှင်မှု (ဥပမာ- အနုပညာခံစားမှု) သည် အနိမ့်အရည်အသွေးထက် သာလွန်သည်ဟု ဆိုသော်လည်း၊ ဤသာလွန်မှုကို အတိအကျ

တွက်ချက်နိုင်သည့် သင်္ချာနည်းလမ်း (Felicific Calculus) မရှိသဖြင့် ယင်းသည် လက်တွေ့ကျင့်ဝတ်အတွက် ခိုင်မာသော စံနှုန်းမဖြစ်နိုင်တော့ပေ။

အပိုင်း (ခ) – ဗုဒ္ဓဘာသာကျင့်ဝတ်ရှိ 'သုခ' ၏ ထူးခြားချက်နှင့် အနတ္တဆိုင်ရာ ဆက်စပ်မှု

၁။ သုခ၏ ကျင့်ဝတ်ဆိုင်ရာ သဘောသဘာဝ (Ethical Nature of Sukha)

Damien Keown က Buddhist Ethics: Reconciling Virtue and Happiness တွင် ရှင်းလင်းထားသည်မှာ ဗုဒ္ဓဘာသာ၌ သုခ သည် တစ်ပုံစံတည်းသော ခံစားချက်မဟုတ်ဘဲ ၎င်း၏ ရင်းမြစ် (Source) အပေါ်မူတည်၍ ကျင့်ဝတ်အရ အဆင့်သတ်မှတ်ခြင်း (Ethical stratification) ခံရသည်။ ကာမဂုဏ်မှ ရရှိသော ကာမသုခကို စွဲလမ်းစေတတ်သော ဘေးအန္တရာယ်ကြောင့် သတိပေးခံရပြီး၊ စျာန်ကျင့်စဉ်မှ ရရှိသော နေက္ခမ္မသုခကိုမူ အားပေးချီးမြှောက်ခံရသည်။ ဤနေရာတွင် Charles Goodman ၏ အဆိုပြုချက်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။ Goodman က Consequences of Compassion တွင် လောကီသုခ၌ ကိုယ်ပိုင်တန်ဖိုး (Intrinsic value) ရှိသည်ဟု ဆိုသော်လည်း၊ Keown ၏ ပြန်လည်ဝေဖန်ချက်က ပို၍ ခိုင်လုံသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ပြုပြင်ထားသော သုခ (Conditioned happiness) ကို သိမ်းယူခြင်းမဟုတ်ဘဲ၊ ထိုသုခကိုပင် လွန်မြောက်သော နိဗ္ဗာန (Nibbana) ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သုခသည် ကိုယ်ပိုင်တန်ဖိုးထက် ဆင်းသက်လာသော တန်ဖိုး (Derivative value) သာရှိပြီး၊ ကုသိုလ်ကောင်းမှု (Kusala) ၏ သဘာဝအလျောက် ထွက်ပေါ်လာသော အကျိုးဆက်အဖြစ်သာ ရပ်တည်သည်။

၂။ ကံ၊ ပုညနှင့် သုခ၏ ဆက်နွယ်မှု (Kamma, Puñña, and Sukha)

ဘုရားရှင်က "ရဟန်းတို့... ပုညကို မကြောက်ကြလင့်၊ ပုညဟူသည် သုခ၏ အခြားအမည်တစ်ခုသာ ဖြစ်သည်" ဟု ဟောကြားခဲ့သည်။ P.D. Premasiri က Moral

Evaluation in Early Buddhism တွင် ဤအချက်ကို ဆန်းစစ်ရာဝယ် 'ပုည' သည် သံသရာဝဋ်အတွင်း ချမ်းသာသုခကို ဖြစ်စေသော လုပ်ရပ်များအတွက် သုံးပြီး၊ 'ကုသလ' သည် နိဗ္ဗာန်ဆီသို့ ဦးတည်သော လုပ်ရပ်များအတွက် သုံးကြောင်း ခွဲခြားထားသည်။ ဤအချက်သည် အလွန်အရေးပါသည်။ ဗုဒ္ဓဘာသာသည် သုခကို ငြင်းပယ်သည်မဟုတ်ဘဲ၊ သုခကို လွန်မြောက်သော သုခ (Supramundane happiness) ဟူ၍ အဆင့်နှစ်ဆင့် ခွဲခြားထားသည်။ ဤနှစ်ဆင့်ခွဲခြားမှုသည် အနောက်တိုင်း Utilitarianism တွင် မတွေ့ရသော ထူးခြားသော ကျင့်ဝတ်ရှုထောင့်ကို ပေးအပ်သည်။

၃။ 'အနတ္တ' (Anatta) နှင့် ဆက်စပ်သော အတွေးအခေါ် (The Anatta Dimension)

ဗုဒ္ဓဘာသာ၌ သုခအား ကျင့်ဝတ်ဆိုင်ရာ အယူအဆအဖြစ် နက်ရှိုင်းစွာ နားလည်ရန် 'အနတ္တ' (မည်သည့်အရာမှ ထာဝရတည်မြဲသော အတ္တမရှိ) သဘောတရားကို ထည့်သွင်းစဉ်းစားရမည်။ စိတ်ပညာ (Psychology) အရ ပျော်ရွှင်မှုဆိုသည်မှာ "ငါ" ခံစားရသော အရာဖြစ်သည်။ သို့သော် ဗုဒ္ဓဒဿနအရ ဤ "ငါ" ဟူသော ခံစားမှုသည်ပင် ပဥ္စက္ခန္ဓာ (အစုအပေါင်း) ၏ သဘောသဘာဝကြောင့် ဖြစ်ပေါ်လာသော အထင်အမြင်မှားတစ်ခုမျှသာ ဖြစ်သည်။ ထို့ကြောင့် အာရုံ၌ စွဲလမ်းတွယ်တာမှု ရှိသရွေ့ ထိုသုခသည် ဒုက္ခ၏ အစေ့အဆန်ကို သယ်ဆောင်လျက်ရှိသည်။ စစ်မှန်သော ဗုဒ္ဓဘာသာဆိုင်ရာ သုခ (ဥပမာ- နိဗ္ဗာနသုခ) သည် "ငါ ပျော်ရွှင်သည်" ဟူသော အတ္တဗဟိုပြု (Ego-centric) ခံစားချက်ကို ဖြိုဖျက်ပြီး၊ တွယ်တာမှု ကင်းမဲ့ခြင်း (ဝိရာဂ) ၏ ငြိမ်းချမ်းမှုကို ရည်ညွှန်းသည်။ ဤအချက်ကြောင့်ပင် ဗုဒ္ဓဘာသာ၏ သုခသည် ရိုးရှင်းသော စိတ်ပိုင်းဆိုင်ရာ အခြေအနေမဟုတ်တော့ဘဲ၊ ဖြစ်တည်မှုဆိုင်ရာ ပြောင်းလဲခြင်း (Ontological shift)

တစ်ခုအဖြစ်သို့ ရောက်ရှိသွားသည်။ ဤရှုထောင့်မှကြည့်ပါက သုခသည် ကျင့်ဝတ်၏ စံနှုန်းမျှသာမဟုတ်ဘဲ၊ ကျင့်ဝတ်ကျင့်စဉ်၏ အဆုံးစွန်ဆုံးသော အတည်ပြုချက် (Ultimate validation) ဖြစ်လာသည်။

၄။ လူမှုဗဟိုပြု သုခ (Social Dimension)

ပါမောက္ခ K. N. Jayatilleke က Ethics in Buddhist Perspective တွင် သုခသည် မိမိနှင့် သူတစ်ပါး နှစ်ဦးစလုံး၏ အကျိုးအတွက် ဖြစ်ရမည်ဟု ထောက်ပြထားသည်။ “ဗဟုဇနသုခါယ” (လူအများတို့၏ ချမ်းသာသုခအတွက်) ဟူသော အဆိုသည် ဗုဒ္ဓဘာသာ၏ အရေးပါသော လူမှုကျင့်ဝတ်ဆိုင်ရာ မူတစ်ခုဖြစ်သည်။

၅။ အနောက်တိုင်း ကိုယ်ကျင့်တရား သီအိုရီများနှင့် နှိုင်းယှဉ်ချက်

Jason McLeod Monson က ၎င်း၏ ပါရဂူကျမ်းဖြစ်သော Hunger is the worst disease: conceptions of poverty and poverty relief in Buddhist social ethics တွင် ရေးသားထားသည်မှာ ဗုဒ္ဓဘာသာ၏ သုခ (Sukha) အယူအဆသည် အရစ္စတိုတယ်၏ ယူဒိုင်းမိုးနီးယား (Eudaimonia) အယူအဆနှင့် အလွန်နီးစပ်မှု ရှိသည်ဟူ၍ ဖြစ်ပါသည်။ ၎င်းသုခသည် ရိုးရှင်းသော အာရုံခံစားမှု အပျော်အပါး (Hedonistic pleasure) ထက် သာလွန်ပြီး၊ ကောင်းမွန်စွာ နေထိုင်ခြင်းနှင့် သီလစရိုက်များကို ဖြည့်ဆည်းခြင်းအားဖြင့် ရရှိလာသော အလုံးစုံပြည့်စုံစည်ပင်သည့် ဘဝအခြေအနေ (Full well-being or flourishing) ကို ရည်ညွှန်းပါသည်။

ထို့ပြင် Damien Keown က Buddhist Ethics: Reconciling Virtue and Happiness စာအုပ် တွင် အရစ္စတိုတယ်၏ Nicomachean Ethics အယူအဆကို ကိုးကား၍ ဗုဒ္ဓဘာသာ၏ နိဗ္ဗာန်ဆိုင်ရာ သုခသည် သီလစရိုက်ကို အဓိက အခြေခံသော်လည်း၊ ၎င်းသီလစရိုက်သည်

ကျန်းမာရေး၊ မိတ်ဆွေကောင်းရှိခြင်း စသည့် လောကီကောင်းကျိုးချမ်းသာများနှင့် ဒွန်တွဲနေသောကြောင့်၊ ဗုဒ္ဓဘာသာ၏ သုခသည် သီလနှင့် ချမ်းသာသုခကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းပေးထားသော မြင့်မြတ်သည့် ကျင့်ဝတ်စနစ်တစ်ခု ဖြစ်ကြောင်း အခိုင်အမာ ကောက်ချက်ချထားပါသည်။

နိဂုံးချုပ်

အထက်ပါ ဆန်းစစ်ချက်များကို ခြုံငုံသုံးသပ်ကြည့်ပါက၊ ပျော်ရွှင်မှုသည် ကျင့်ဝတ်ဆိုင်ရာ အယူအဆတစ်ခုဟု ဆိုနိုင်သော်လည်း ၎င်း၏ အခန်းကဏ္ဍမှာ အလွန်ရှုပ်ထွေးသည်။ အများအကျိုးပြုဝါဒ Utilitarianism ကဲ့သို့သော စနစ်များက ယင်းကို စံသတ်မှတ်ချက် (Criterion) အဖြစ် သတ်မှတ်ရန် ကြိုးပမ်းသော်လည်း တိုင်းတာနိုင်မှုဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ရသည်။ Kant က ယင်းကို လှုံ့ဆော်မှု (Motive) အဖြစ် ငြင်းပယ်သော်လည်း အကျိုးဆက် (Consequence) အနေဖြင့် လက်ခံကာ ကွက်လပ်တစ်ခု ချန်ထားခဲ့သည်။ ဗုဒ္ဓဘာသာကျင့်ဝတ်သည် အဆိုပါ ကွက်လပ်ကို ဖြည့်ဆည်းပေးသည်။ 'အနတ္တ' သဘောတရားဖြင့် ဗုဒ္ဓဘာသာသည် ပျော်ရွှင်မှုကို ပုဂ္ဂလဒိဋ္ဌိအဆင့်မှ ဖယ်ထုတ်ပြီး၊ ကျင့်ဝတ်ဆိုင်ရာ အန္တိမတန်ဖိုး(နိဗ္ဗာနသုခ) အဖြစ် တည်ဆောက်သည်။

ထို့ကြောင့် "ပျော်ရွှင်မှုသည် ကျင့်ဝတ်၏ အခြေခံစံနှုန်းမဟုတ်သော်လည်း၊ ကျင့်ဝတ်၏ မရှိမဖြစ်လိုအပ်သော အန္တိမရည်မှန်းချက်ဖြစ်သည်" ဟု အခိုင်အမာ ဆိုလိုသည်။ ပျော်ရွှင်မှုသည် ကိုယ်ကျင့်တရားကောင်းမွန်မှု၏ ညွှန်းကိန်း (Index) ဖြစ်သော်လည်း၊ ထိုကောင်းမွန်မှုကို မောင်းနှင်သော အင်ဂျင် (Engine) မဟုတ်ပေ။ ကျင့်ဝတ်သည် ပျော်ရွှင်မှုကို ရရှိရန် မဟုတ်ဘဲ၊ ပျော်ရွှင်မှုသည် ကျင့်ဝတ်ကို ပြည့်စုံစွာ ကျင့်သုံးခြင်း၏ သဘာဝအလျောက် ဖြစ်ပေါ်လာသော အသီးအပွင့် (Natural fruition)

ဖြစ်သည်။ ဤအချက်သည် ပျော်ရွှင်မှုအား ကျင့်ဝတ်၏ အယူအဆတစ်ခုအဖြစ် အသိအမှတ်ပြုရန် အားကောင်းသည့် အကြောင်းပြချက်ဖြစ်သည်။

ကိုးကားချက်များ

[1] Aristotle. Nicomachean Ethics.

[2] Kant, Immanuel. Groundwork of the Metaphysics of Morals.

[3] Mill, John Stuart. Utilitarianism.

[4] Keown, Damien. Buddhist Ethics: Reconciling Virtue and Happiness.

[5] Goodman, Charles. Consequences of Compassion: An Interpretation and Defense of Buddhist Ethics.

[6] Premasiri, P.D. Moral Evaluation in Early Buddhism.

[7] Jayatilleke, K. N. Ethics in Buddhist Perspective.

[8] Monson, Jason McLeod. Hunger is the worst disease: conceptions of poverty and poverty relief in Buddhist social ethics (PhD dissertation).

ဤဘာသာရပ်နှင့်ပတ်သက်၍ ဖတ်ရန်ညွှန်းဆိုသော စာအုပ်နှင့်ဆောင်းပါးများမှာ

1. McDermott, P., 2003, Development in the Early Buddhist Concept of Kamma/Karma.

2. Mill, John Stuart, 1985, Utilitarianism.

3. Misra, G.S.P., 1984, Development of Buddhist Ethics.

4. Prasad, Hari Sankar, 2007, The Centrality of Ethics in Buddhism: Exploratory Essays, Delhi: Motilal Banarsidass Publishers.

5. Premasiri, P. D., 1991, Ethics Encyclopaedia of Buddhism Offprint No. 1. Colombo: Department of Buddhist Affairs.

6. Premasiri, P. D., 1975, “Moral Evaluation in Early Buddhism,” Sri Lanka Journal of the Humanities 2, pp. 63–74.

7. Premasiri, P. D., 1976, “Interpretation of Two Principle Ethical Terms in Early Buddhism,” Sri Lanka Journal of the Humanities 2:2, pp. 63–74

8. Rorty, Amelie Oksenberg (ed.), 1980, Essays on Aristotle’s Ethics, Berkeley, Los Angeles, London: University of California Press.

9. Saddhatissa, Hammalawa, 1997(1970), Buddhist Ethics, Boston: Wisdom Publications.

10. Swanton, Christine, 2003, Virtue Ethics: A Pluralistic View, New York: Oxford University Press.

11. Wood, Allen W., 1999, Kant’s Ethical Thought, Cambridge, New York: Cambridge University Press.

12. Goodman, Charles, 2009, Consequences of Compassion: An Interpretation and Defense of Buddhist Ethics, New York: Oxford University Press.

13. Kalupahana, D.J., 1995, Ethics in Early Buddhism, University of Hawaii Press.

14. Keown, Damien, 1996, Buddhism: A Very Short Introduction, Oxford: Oxford University Press.

15. Keown, Damien, 1992 (2001 rep.), The Nature of Buddhist Ethics, Hampshire: Palgrave.

16. King, Winston L., 1964, In the Hope of Nibbana: An Essay on Theravada Buddhist Ethics, La Salle, Ill.: Open Court.

17. Macintyre, Alisdair, 1996, A Short History of Ethics, New York: Touchstone.

"MABS 71: BUDDHIST ETHICS: CONCEPTS AND PHILOSOPHICAL INTERPRETATIONS (မဒ္ဓဘာသာကျင့်ဝတ်: အယူအဆများနှင့် ဒဿနရှုထောင့်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်များ)"

ဘာသာရပ်သည် မြန်မာသံဃာတော်များ လက်မလွှတ်သင့်သော ဘာသာရပ်တစ်ခု ဖြစ်ကြောင်း မိမိအနေနှင့် ယူဆမိပါသည်။ ခေတ်သစ် အနောက်တိုင်း ဒဿနိကမေဒ ရှုထောင့်မှ မဒ္ဓဘာသာ ကျင့်ဝတ်ကို အဓိပ္ပာယ် ဖွင့်ဆိုပုံများနှင့်လည်း ရင်းနှီး ကျွမ်းဝင်စေသည်ဟု မိမိအနေနှင့် ယူဆမိပါသည်။